အရှိတရားမှန်ရှာနိုးကျင်း

၁၃၂၂/၇၃

နိကာယသင်္ဂြဟပကာ
ပဌမရွှေကျင်ဆရာတော်ဘုရားကြီး
စီရင်ရေးသားတော်မူအပ်သော
အဋ္ဌက ကမ္မဋ္ဌာန်းကျမ်း



ရွှေကျင်နိကာယစာပေထိန်းသိမ်းရေးအဖွဲ့၏
ခွင့်ပြုချက်အရ

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

သာသနာ ၂၅၂၂ ကောဇာ ၁၃၇၀ ဇူလိုင် ၁၉၇၈

ရန်ကုန်မြို့ ကမ္ဘာအေး သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒုတိယညွှန်ကြားရေးမှူး ဦးချစ်တင် (မှတ်ပုံတင်အမှတ် ၀၂၂၆၂/၀၁၈၀၃) က
ပုံနှိပ်ထုတ်ဝေသည်။

အဋ္ဌက ကမ္မဋ္ဌာန်းကျမ်း

မူလ နိဒါန်း

တည်ထွန်းကမ္ဘာ ကျွန်းလကျ်ာတွင် မြန်ချာဘူမိ မန်းသီရိ၌ ဇနိန္ဒိရာဇာ ရတနာဆဒ္ဒန်ဆင်မင်းသခင် လက်နက် စကြာသခင် ပဉ္စမသင်္ဂါယနာတင် ဘုရင်မင်းတုန်းဘုရားသည် ရှေး ဘိုးတော် ဘီတော် ဖြစ်တော်မူသော သီရိဝမ္မာသောက ဗလဝစကြာမင်းကဲ့သို့ သာသနာတော်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း ရှိသဖြင့် ပိဋကတ်တော်သုံးပုံကို ပါဠိ, အဋ္ဌကထာ, ဋီကာ, အနု, မဓု, ယောဇနာတို့နှင့်တကွ ပေရေး, မင်ရေး, ကျောက်ထက်၌ရေးပြီးလျှင် တည်ထားဖန်ဆင်းတော်မူခြင်း၊ သမ္မုတိ သံဃာတော်မြတ်တို့အား ကြီးကျယ်စွာသော ကျောင်းတိုက်ကြီး ကျောင်းတော်ကြီးတို့ကို ဆောက်လုပ် လှူဒါန်း ဆွမ်းစသော ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့ ချီးမြှင့်ခြင်း၊ ဟောကြားတော်မူအပ်သော တရားတော်ကို နာခံကျင့်ဆောင်ခြင်း အစရှိသော သာသနာ့ဒါယကာ မဟာမင်းမြတ်ကြီးအား ရာဇ, ဓမ္မ အစရှိသော ကျင့်ဝတ်တရား ဆယ်ပါးနှင့်တကွ ပစ္စုပ္ပန်, သံသရာ၌ အကျိုးရှိသည် မရှိသည်ကို ဟောပြော ဆုံးမလေ့ရှိသော လဇီပေသလ သိက္ခာကာမ သီလဝန္တဖြစ်သော ရှေကျင်ဆရာတော်ဘုရား သည် အလွန်ကြီးကျယ် မျှားပြားလှစွာ သံသရာဒုက္ခ သမုဒ္ဒရာ ပင်လယ်အဝှမ်းကို ကူးသန်းဖြတ်တောက်လိုသော သူတော်ကောင်းတို့၏ အကျိုးငှါ ပါဠိ,အဋ္ဌကထာနည်း, လဒ္ဓေါပဒေသနည်းတို့ကို အစဉ်မှီး၍ ကမ္မဋ္ဌာနုဂ္ဂဟဝါရ၌ သမထနည်း, ဝိပဿနာနည်း ၂-ပါးတို့ဖြင့် အရဟတ္တဖိုလ် နိဗ္ဗာန်တိုင် ရောက်အောင် ပြအပ်သော **အဋ္ဌကကမ္မဋ္ဌာန်း** ဤသည့်ကျမ်းကို ယခင် ပုံနှိပ်ရိုက်ပြီးရှိသော်လည်း အကွာရာ, ပဒ, ပါကျမသင့် ဂိုဏ်းနှင့်မဆက်ဆံ တဖန်သတ်ညွှန်း အစဉ်နှိုးယှင်းကွက်

အနက်အဓိပ္ပါယ် ပျက်ပြယ်မှားယွင်းခြင်း မျှားသည်နှင့် ၎င်းဆရာတော်ဘုရား ကိုယ်တိုင် ပေမူတွင် တည်းဖြတ်ပြင်ဆင်ပြီးမှ အလွန် စာလုံးမင်ကျကောင်းခြင်း, စာပြင်-စာရေးကောင်းခြင်း, အထားအသို အလုပ်အကိုင် ကျနသေသပ်ခြင်း အစရှိသော ဂုဏ်အထူးတို့နှင့် ပြည့်စုံသော ဟံသာဝတီတိုက်တွင် စက်တင်ပုံနှိပ်ခြင်းကို တဖန် ပြုစေပါသည်။ ကုသိုလ်ကောင်းမှု အရာမျှားစွာ လိုလားသော သပ္ပုရိသအပေါင်း သူတော်ကောင်းတို့သည် မညောင်းမညာ ရှုကြည့် ဖတ်ရှုတ်ခြင်းကို ပြုကြပါစေကုန်သတည်း။

အဋ္ဌက ကမ္မဋ္ဌာန်းကျမ်း

နိဒါန်း

ရှေကျင်ဆရာတော် စာပေပြုစုခြင်း

ရှေကျင်ဆရာတော်သည် ဓမ္မဝိနယခေါ် သာသနာတော် စင်ကြယ်တိုးတက်ရေး, သာသနာတော်၏ သဘောမှန် ပေါ်လွင်ရေးအတွက် စာပေကို မျှားစွာ အားပြုခဲ့သည်၊ စာပေဖြင့် ဝိနည်းတော်နှင့် မလျော်သော အလင်္ဂီဓမ္မတို့ကို ဖော်ထုတ်အသိပေးခဲ့သည်၊ လင်္ဂီသူမှန် သီလဝန်တို့ကို စည်းရုံးသိမ်းသွင်းခဲ့သည်၊ အယူအဆ ရှုပ်ထွေးမှုကို ဖြေရှင်းခဲ့သည်၊ ဘာသာ၏ အခြေပါဒကို ပြခဲ့သည်၊ ကျင့်စဉ်လမ်းမှန်ကို ညွှန်ခဲ့သည်၊ ဗုဒ္ဓဘာသာ၏ နောက်ဆုံးရည်မှန်းချက်ဖြစ်သော နိဗ္ဗာနဓာတ်သဘောကို ရှင်းလင်းခဲ့သည်။

ခဲ့ညီးအုံ—

> မင်းတုန်းမင်းကြီးသည် ၁၂၁၇-ခုနှစ် ဝါဆိုလတွင် ရတနာသိဃ်မြို့ စီရင်စု ခေါ်တောရွာအနောက်ဖက် ကောင်းပင်ကုန်းတောကျောင်း၌ သီတင်းသုံးလျက်ရှိသော[1] ဆရာတော်ဦးနန္ဒ[2]ကို ပင့်၍[3] "ဝိနည်းပါဠိတော်, အဋ္ဌကထာ, ဋီကာနှင့် အညီ အလင်္ဂီဓမ္မတို့ကို တင်သွင်းတော်မူပါ"[4] ဟု လျှောက်ထားရာ ဆရာတော် ဦးနန္ဒက တဆင့် ရှေကျင်ဆရာတော်ကို စေခိုင်းပြန်သဖြင့် ရှေကျင်ဆရာတော်က ရေးသားပေးရလေသည်[5]။ (ထိုစဉ်က ရှေကျင်ဆရာတော်သည် ခေါ်တောရွာ

၁။ ခေါ်တောရွာ ကောင်းပင်ကုန်းတောကျောင်း သိမ်ကျောက်စာ။

၂။ နောင်အခါ "ရှမ်းကလေးကျွန်း ဆရာတော်"ဟု ထင်ရှားသည်။

၃။ ကုန်းဘောင်ဆက် (တ) နှာ-၂၁၈။ (ဝိုင် အမ် ဘီ အေထုတ် နှာ ၁၈။)

၄။ ဓမ္မဝိနယ အမိန့်တော်ပြန်တမ်း။

၅။ ရှေကျင်ဝံသာနုရက္ခကျမ်း နှာ ၁ နှင့် စံကင်းဆရာတော်။

ကောင်းပင်ကုန်းတောကျောင်း၌ သီတင်းသုံးဆဲဖြစ်သည်။) ရှေ့ကျင် ဆရာတော်၏ စာတမ်းကို ဆရာတော်ဦးနန္ဒ က တင်သွင်းရာ ယင်းနှစ် တပို့တဲ့လဆန်း ၁၀-ရက်နေ့တွင် ဓမ္မဝိနယအမိန့်တော်ပြန်တမ်းအဖြစ်ဖြင့် ထုတ်ပြန်လေသည်။

ဤသည်မှာ ဝိနည်းတော်နှင့် မလျော်သော အလင်္ဂီဓမ္မတို့ကို ရှေ့ကျင်ဆရာတော် စာပေဖြင့် ဖော်ထုတ် အသိပေးခဲ့ခြင်းဖြစ်သည်။

ထိုအတူ ဝိနည်းဟော်နှင့် အလျော် နေထိုင်ကျင့်သုံးကြစေရန် ဓမ္မဝိနယစာတမ်း စသော ဥပဒေစာတမ်း အမျိုးမျိုးကို ပြုစုတော်မူခဲ့သည်။

ကုလဒူသနအမှု, အနေသနအမှုတို့ကို သိရှိနားလည်ပြီးသူတို့ ထိုအမှုတို့ကြောင့် ရအပ်သော အဓမ္မိယပစ္စည်းတို့ကို ကျမ်းဂန်နှင့်အညီစွန့်လွှတ် တတ်စေရန် ဝိနယဂရုဒီပနီ ဆင့်စာကို ပြုစုတော်မူခဲ့သည်။

သံသရာ အပြစ်ကို မြင်သည့် တကယ့် သံသာရဘီရုက လင်္ဂီသူမှန် သီလဝန်ပုဂ္ဂိုလ်တို့ ပေါ်ထွက်စုစည်းမိစေရန် ဩဝါဒစာတမ်းအမျိုးမျိုး ကို ပြုစုတော်မူခဲ့လေသည်။ နိုင်ငံတွင်း, နိုင်ငံပ အယူအဆ ရှုပ်ထွေးမှု အမျိုးမျိုးအတွက် နိဿယဂ်ဝိနိစ္ဆယ, ဒသသီလဝိနိစ္ဆယ, ဉာဏ်ခန္ဓာ အဆုံးအဖြတ်, သီဟဠသီဟ သက်ရဝိနိစ္ဆယ စသော ကျမ်းစာတို့ကို ပြုစုတော်မူခဲ့သည်။

ဗုဒ္ဓဘာသာ၏ အခြေခံ လုပ်ငန်းများ နားလည်စေရန် ကန်တော့ပုံ ကန်တော့နည်းကအစ ရေးသား ညွှန်ပြတော်မူခဲ့သည်။

နိဗ္ဗာန်တိုင်ရောက် မျက်မှောက်ပြုသည့်အဆင့်အထိ ကျင့်သုံးလိုသူတို့ အတွက် ဝိသုဒ္ဓိမဂ္ဂဒီပနီ, နိက္ခေပတ္ထဒီပနီ, နိဂုဟောဝါဒ စသော လက်တွေ့ ပါသော ကျင့်စဉ်ကျမ်းတို့ကို ပြုစုတော်မူခဲ့လေသည်။

ဗုဒ္ဓဘာသာဝင်တို့၏ နောက်ဆုံးရည်မှန်းချက်ဖြစ်သော နိဗ္ဗာနဝတ်သဘောကို ရှင်းလင်းပြတ်သားစွာ နားလည် သဘောပေါက်စေရန် ဂမ္ဘီရာဂမ္ဘီရ မဟာနိဗ္ဗုတဒီပနီ[1]ကို ပြုစုတော်မူခဲ့သည်။

ထိုပြင် မျှားစွာသော သန္ဒေသကထာမေတ္တာစာ တို့ကိုလည်း ပြုစုတော်မူခဲ့လေသည်။

ဤသို့ စသည်ဖြင့် ဓမ္မဝိနယခေါ် သာသနာတော် စင်ကြယ်တိုးတက်ရေး, သာသနာတော်၏ သဘောမှန် ပေါ်လွင်ရေးအတွက် မျှားစွာသော စာပေတို့ကို ပြုစုတော်မူခဲ့သည်။ ယခု (၁၃၃၉-ခု၊ ဝါဆိုလ) အထိ စုဆောင်းရရှိပြီးသော ရှေ့ကျင် ဆရာတော်ကြီး၏ စာပေစာရင်းမှာ ၁၃၆-စောင် ဖြစ်သည်။ ဤစာရင်းမှာ ပြည့်စုံပြီဟု မဆိုသာ၊ ကျန်ရှိနိုင်ပေသေးသည်။

ရှေ့ကျင်ဆရာတော်သည် ဤမျှ မျှားပြားသော စာပေကို အပတ်တကုတ် ပြုစုတော်မူခဲ့ခြင်းဖြင့် မြန်မာနိုင်ငံတော်၌ သာသနာတခေတ် ဆန်းသစ်စေခဲ့သည့် ရှေ့ကျင်ဂိုဏ်းဟု နိကာယ သီးခြား ထင်ရှားတည်ရှိစေခဲ့သည်။

စာပေထိန်းသိမ်းရေးအဖွဲ့

သာသနာတော်အတွက် ဤမျှ တန်ဘိုးကြီးသော စာပေတို့သည် ခေတ်ကာလ မြင့်ရှည်လာသည်နှင့်အမျှ တစတစ တိမ်ကောလာခဲ့သည်၊ အချို့ကျမ်းစာမျှားမှာ အမည်သာကြားဘူး၍ အချို့ ကျမ်းစာမျှားမှာ အမည်ပင် ရှာမရအောင် ပျောက်ကွယ်ခဲ့သည်။

ဤသို့ ရှေ့ကျင်ဆရာတော်၏ စာပေမျှား တစတစ တိမ်ကောလာသည်မှာ ဓမ္မဝိနယခေါ် သာသနာတော် ညှိုးမှိန်အားနည်းလာသည့် လက္ခဏာပင် ဖြစ်ပေသည်။

ဤသဘောကို ရိပ်မိကြသော စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံ ဝိပဿနာဝိနည်းပြန်ဌာနမှ ဆရာတော်တို့သည် မိမိတို့ လက်လှမ်းမှီသမျှ စုဆောင်း

၁။ ဤကျမ်းကို ဗုဒ္ဓသာသနာအဖွဲ့က ၁၃၂၆-ခုနှစ်တွင် ထပ်မံ ပုံနှိပ်ခဲ့သည်။

ထိန်းသိမ်းရုံမက နိကာယအသွင်ဖြင့် စုပေါင်းထိန်းသိမ်းရန် ၁၃၃၇-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၅-၆-၇- ရက်(၁၉၇၅-ခုနှစ် နိုဝင်ဘာလ ၂၂-၂၃-၂၄-ရက်) တို့၌ ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်တွင် ကျင်းပသော ကော-ဒသမ သာသနာတော်လုံးဆိုင်ရာ ရှေ့ကျင်နိကာယ သံဃာ့အစည်းအဝေး ကြီးသို့ အဆိုတင်သွင်းရာ အစည်းအဝေးကြီးက အဆိုကို လက်ခံပြီး ပြဋ္ဌာန်း ချက်အမှတ် (၂)ဖြင့် "ရှေ့ကျင်နိကာယ စာပေထိန်းသိမ်းရေးအဖွဲ့"ကို ဖွဲ့စည်း ခဲ့ပေသည်။

ယင်း ရှေ့ကျင်နိကာယ စာပေထိန်းသိမ်းရေးအဖွဲ့ကို နိကာယ ဥပဇ္ဈာယ ဥပဇ္ဈာဋ္ဌ တပါးဖြစ်သော ပိုက်ကျုံးဆရာတော်က ဥက္ကဋ္ဌအဖြစ် ဦးဆောင်တော်မူသည်။

စာပေဖြန့်ချိရေး

စာပေထိန်းသိမ်းရေးအဖွဲ့၏ ပဓာန ရည်ရွယ်ချက်မှာ ရှေ့ကျင်ဆရာတော်ကြီး၏ စာပေများကို စုဆောင်းထိန်းသိမ်းရန်နှင့် စုဆောင်းရရှိပြီးသော စာပေများကို အခွင့်သင့်သလို ပုံနှိပ်ဖြန့်ဝေရန် ဖြစ်သည်။

မဟာဝိသုဒ္ဓါရုံ ဆရာတော်အစရှိသော ရှေ့ကျင်နိကာယ ဥက္ကဋ္ဌ မဟာနာ-ယက ဆရာတော်များ, ဥပဇ္ဈာယ ဆရာတော်များ၏ ကျမ်းစာများ, လက်ရေး မူများ, ဓာတ်ပုံများ, အဋ္ဌုပ္ပတ္တိ အကျဉ်းချုပ်များကို ရှာဖွေစုဆောင်းရန် ရှေ့ကျင်နိကာယကျမ်းပြု ပုဂ္ဂိုလ်များနှင့် ကျမ်းစာများကို စာရင်းဇယား ပြုလုပ်မှတ်တမ်းတင်ရန်ကိုလည်း အဖွဲ့က ဆုံးဖြတ်ထားပေသည်။

စာပေထိန်းသိမ်းရေး အဖွဲ့သည် ရှေ့ကျင်ဆရာတော်ကြီး ပြုစုခဲ့သော စာပေများ၏ အမည်စာရင်း ပြုစုခြင်း, ရရှိပြီးသော အမည်စာရင်းကို ဝိနည်း ပြန် ဌာနများမှ အဖွဲ့ဝင်များထံ ဖြန့်ဝေပြီး ကျမ်းစာ ရှာဖွေခြင်းများကို ပြုလုပ် ခဲ့ရာ ပေ, ပုရပိုက်, လက်ရေး, ပုံနှိပ် စာမူပေါင်း ၇၆-မူကို ရရှိထိန်းသိမ်းနိုင် ခဲ့သည်။

စုဆောင်းရရှိပြီးသော စာမူများမှာ—

၁။ ဒသဓမ္မသုတ္တာလင်္ကာရဝဏ္ဏနာကျမ်း၊

၂။ လင်္ကာသာသနဝိသုဒ္ဓိကထာကျမ်း၊

၃။ သီဟဠောဝါဒသန္ဒေသကထာ၊

၄။ သီဟဠမဟာသန္ဒေသကထာ၊

၅။ ရှေကျင်ဆရာတော်၏ မေတ္တာစာ—

များကို ဦးစားပေး စနစ်ဖြင့် ပုံနှိပ်ထုတ်ဝေရန် အကြမ်းဖျဉ်း ရာထားသတ်မှတ်ခဲ့ကြသည်။ သို့သော် ထိုဦးစားပေး ကျမ်းစာများတွင် ၁–မှ ၄–အထိ ကျမ်းစာများသည် ပါဠိဘာသာဖြင့် ပြုစုခဲ့သော ကျမ်းစာများဖြစ်ရာ မြန်မာဘာသာပြန်ဆိုရန် လိုအပ်နေပြန်သည်၊ ထို့ပြင် မေတ္တာစာများမှာလည်း စုဆောင်းရဆဲအခြေအနေတွင်သာ ရှိနေသည်။ ထို့ကြောင့် ထိုကျမ်းစာများ အစီအစဉ်အတိုင်း ပုံနှိပ်ထုတ်ဝေရေး နှောင့်နှေးလျက် ရှိနေရပေသည်။

ထိုအခြေအနေတွင် အဖွဲ့ဝင်ဆရာတော်များက ခေတ်ကာလနှင့်လည်း ပိုမိုသင့်လျော်, စာမူဟင်ရန်လည်း အဆင်သင့် ဖြစ်နိုင်သော ကျမ်းစာတစောင်ကို ပြင်ဆင်သတ်မှတ်၍ ဆောင်ရွက်ကြရန် အကြံပြု တိုက်တွန်းကြသဖြင့် အမှုဆောင်အဖွဲ့က ဤ အဋ္ဌကကမ္မဋ္ဌာန်းကျမ်းကို ပဲဦးထွက် ပုံနှိပ်ထုတ်ဝေနိုင်ရန် ပြင်ဆင်သတ်မှတ် ဆောင်ရွက်ရခြင်း ဖြစ်ပေသည်။

အဋ္ဌကကမ္မဋ္ဌာန်းကျမ်း

ဤကျမ်းသည် စင်စစ် ဝိသုဒ္ဓိမဂ္ဂဒီပနီ မည်သော အမတပါနရှုဘွယ် ကျမ်းကြီး၏ အခန်း တခန်းတွင် ပါဝင်သော ဝါရတ္တရုပ်မျှသာ ဖြစ်သည်။ ထို ဝိသုဒ္ဓိမဂ္ဂဒီပနီ မည်သော အမတပါန ရှုဘွယ်ကျမ်း၌—

စဘုဘာဝဏဝါရကထာ၊

ပရိကဏနကထာ၊

အနုမောဒနကထာ၊

နာမရူပပရိစ္ဆေဒကထာ၊
ကမ္မာကမ္မဝိနိစ္ဆယကထာ၊
ကမၽဌာနဋ္ဌကထာ—

ဟု အခဏ်းကြီး ၇-ခဏ်းရှိရာ၁ နောက်ဆုံးအခဏ်းဖြစ်သော ကမၽဌာနဋ္ဌကထာ ၌— "အင္ဒိုကကမၽဌာနဝါရ, အန္တကမၽဌာနဝါရ,မတ္ထလုင်္ဂကမၽဌာနဝါရ" ဟု ဝါရသုံးရပ် ပါဝင်သည်။ ဤအင္ဒိုက ကမၽဌာန်းကျမ်းသည် အရိုးစုကမၽဌာန်းကို ဖွင့်ဆိုသော အင္ဒိုကကမၽဌာနဝါရဖြစ်သည်။

ထိုကြောင့်—

"ဤသို့လျှင် ဝိသုဒ္ဓိမဂ္ဂဒီပနီ မည်သော အမတပါနရှုဘွယ်ကျမ်း ကမၽဌာနဋ္ဌဟဝါရ၌ သမထနည်း, ဝိပဿနာနည်း နှစ်ပါးတို့ဖြင့် အရဟတ္တဖိုလ်နိဗ္ဗာန်တိုင်ရောက် ပြအပ်သော အင္ဒိုကကမၽဌာနဝါရကား ဤတွင်ရှေ့ အပြီးသတ်လတ်ပြီ" —

ဟု ဤကျမ်း၏အဆုံး နာ-(၁၅၈)၌ နိဂုံးအုပ်ထားပေသည်။

ထိုသို့ ကျမ်းကြီးတကျမ်း၏ အခဏ်းတခဏ်းတွင် ပါဝင်သော ဝါရတခုသာ ဖြစ်သော်လည်း အရိုးစုကမၽဌာန်းကို သမထနည်း, ဝိပဿနာနည်း နှစ်ပါးတို့ဖြင့် အရဟတ္တဖိုလ်နိဗ္ဗာန်တိုင် ရောက်အောင် အကျယ်ဖွင့်ဆိုသော ဝါရဖြစ်သော ကြောင့် ၁၂-ကြောင်းပေဖြင့် ၄-အင်္ဂါကျော်, ၈ရိတ်ပရိုင်မာစာလုံး ရှိုင်ရယ် ရှစ်ချိုးဆိုက်ဖြင့် စာမျက်နှာ ၁၇၄-တိတိ ရှိလေသည်။

ဤသို့ ပမာဏအားဖြင့် ကျမ်းတကျမ်းစာမျှ ရှိသောကြောင့် ကျမ်းပြုဆရာတော်ကြီး ကိုယ်တော်တိုင် "ဇာဂရာဘိဓာနယတိနာ စိတော၊ ကမၽဌာနဋ္ဌဟ ဂန္ထောယံ"ဟု "ဂန္ထ" အမည်တပ်၍ အသုံးပြုခဲ့ပေသည်။

၁။ ကထာ ၇—ခုရှိသော်လည်း ၆-ခု အမည်သာ တွေ့ရပါသေးသည်။

ရေးသားရခြင်းအကြောင်း

ရှေကျင်ဆရာတော်သည် အင်္ဂါကကမ္မဋ္ဌာန်းကျမ်း အပါအဝင်ဖြစ်သော ဝိသုဒ္ဓိမဂ္ဂဒီပနီ မည်သော အမတပါနရှေးဘွယ်ကျမ်းကြီးကို ရေးသားရခြင်းမှာ—ကေစာရ ကျင့်သုံးလိုကုန်သော မဇ္ဈိမတို့၏ တောင်းပန်ခြင်းကြောင့်ဖြစ်သည်။ မှန်၏၊ ကေစာရ ကျင့်သုံးလိုပါက နိဿယ မုစ္စကအင်္ဂါ ၇-ပါးနှင့် ပြည့်စုံ၍ ဆရာလွတ် နေနိုင်သော အရည်အချင်း ရှိရပေသည်။ ယင်း နိဿယမုစ္စက=ဆရာလွတ် နေနိုင်သော အင်္ဂါ ၇-ပါးတွင် "ရဟန်းတရားအားထုတ်ရန် သမာဓိနှင့် စပ်သဖြင့်ရင်း, ဝိပဿနာနှင့် စပ်သဖြင့်ရင်း အရဟတ္တဖိုလ် အဆုံးရှိသော ကမ္မဋ္ဌာန်းတခုကို သင်ယူထားရမည်" ဟူသော အင်္ဂါတရပ် ပါရှိရာ ကေစာရ ကျင့်သုံးလိုသော အရှင်မြတ်တို့ အရဟတ္တဖိုလ်အထိ ပေါက်ရောက်နိုင်သည့် ကမ္မဋ္ဌာန်း တမျိုးမျိုးကို လေ့လာသင်ယူထားရန် လိုအပ်လျက်ရှိပေသည်။

"ထိုကြောင့် နိဗ္ဗာန်တိုင်ရောက် အရဟတ္တဖိုလ်အဆုံးရှိသော တခုသော ကမ္မဋ္ဌာန်းဟူသည်ကို သိလိုပါကြောင်း" တောင်းပန်လျှောက်ထားကြသဖြင့် ဝိသုဒ္ဓိမဂ္ဂဒီပနီ မည်သော အမတပါနရှေးဘွယ်ကျမ်းကြီးကို ပြုစုတော်မူခြင်းဖြစ်သည်။

ထိုအကြောင်းကို ယင်းကျမ်းကြီး၏ ပဌမဆုံးအခန်းဖြစ်သည့် စတုဘာဏဝါရကထာကို ဖွင့်ဆိုသည့် ဗောဇ္ဈင်ဒီပနီကျမ်း၌—"သမန္တပါသာဒိကအဋ္ဌကထာ ဝိနည်းအရာ နိဿယမုစ္စကအင်္ဂါတွင် လာရှိသော "အရဟတ္တဖလပရိယောသာနံ ကေ ကမ္မဋ္ဌာနံ ဥဂ္ဂဟေတဗ္ဗံ"" ဟူသော ပါဠိ၏အရ နိဗ္ဗာန်တိုင်ရောက် အရဟတ္တဖိုလ်အဆုံးရှိသော တခုသော ကမ္မဋ္ဌာန်းဟူသည်ကို နားလည် သိသာသေချာအောင် ရေးသားစိုရင်ပါမည့် အကြောင်းနှင့် "ဝိဝေကာဘိရတ သံသာရဘီရုက အာစာရကုလပုတ္တဖြစ်သော အနုထေရ, မဇ္ဈိမထေရ, မဟာထေရ ပုဂ္ဂိုလ်မြတ်တို့ အထပ်ထပ် တောင်းပန်ခြင်းကို အရင်းပြုသဖြင့် ခပ်သိမ်းသော သံသာရဘီရုက အာစာရကုလပုတ္တ အမျိုးကောင်းသားတို့အား

၁။ ဝိ၊ ဋ္ဌ၊ ၃၊ ၅။

ချီးမြှောက်ခြင်းငှါ ဝိသုဒ္ဓိမဂ္ဂဒီပနီအမည်ရှိသော အမတပါနရှုဘွယ်ကျမ်းကို ညွှန်ပြထုတ်ဖော်၊ စိရင်ခွင့်ရောက်လတ်သော ငါသည်" ဟု အစချီထားပေသည်။

အဌိကကမ္ဋ္ဌာန်း

ကေစာရ ကျင့်သုံးလိုသော အရှင်မြတ်တို့အတွက် အရဟတ္တဖိုလ်တိုင် ပေါက်ရောက်သော ကမ္မဋ္ဌာန်းကို ညွှန်ပြရန် ဆရာတော်သည် သက္ကာယဒိဋ္ဌိ၏ တည်ရာ, စွဲလမ်းရာ, ပုန်းအောင်းရာ ဤကိုယ်ခန္ဓာ အသုဘအစုဋ္ဌ ဟုတ်မှန်တိုင်းသောအဖြစ်ကို မြင်စေနိုင်သော ဒွတ္တိံသကာယဂတာသတိကမ္ဋ္ဌာန်းကို ရွေးချယ်တော်မူခဲ့သည်။

"ဒွတ္တိံသ ကာယဂတာသတိကမ္ဋ္ဌာန်းသည် အခြားသော ကမ္ဋ္ဌာန်းတို့ထက် ခပ်သိမ်းသော ပုဂ္ဂိုလ်အား သင့်လျော်သည်" ဟု ဆရာတော် ယူဆခဲ့သည်။ ထို့ပြင် ဆရာတော်၏ ဓမ္မာစရိယကြီး ဖြစ်တော်မူသော သီးလုံးဆရာတော်ကြီးကိုယ်တိုင် ငယ်စဉ်ကစ၍ လက်ကိုင်ပြုခဲ့သဖြင့် အာစရိယ လဒ္ဓေါပဒေသ နည်းကောင်းရပြီးဖြစ်သော ကမ္ဋ္ဌာန်းလည်း ဖြစ်ပေသည်။ ထို့ကြောင့် ဤဝိသုဒ္ဓိမဂ္ဂဒီပနီမည်သော အမတပါနရှုဘွယ်ကျမ်း၏ ကမ္ဋ္ဌာ-နုဂ္ဂဟကထာ၌ သာမက နိဂ္ဂဟောဝါဒစာတမ်း, ဥပါသကောဝါဒရှုဘွယ်ကျမ်း, နိဿယဂ်ဝိနိစ္ဆယ (ပါဠိ) ကျမ်း[1] စသည်တို့၌လည်း ဒွတ္တိံသကာယဂတာသတိ ကမ္ဋ္ဌာန်းကိုပင် ရေးသားတော်မူခဲ့သည်။

ထို့ ဒွတ္တိံသကာယဂတာသတိကမ္ဋ္ဌာန်း၌လည်း ကေသကောဋ္ဌာသမှ စ၍ အလုံးစုံသော ကောဋ္ဌာသတို့၌ အကျယ်ဆင်ခြင်ပုံကို ဆိုပါက မန္ဒဗုဒ္ဓိပုဂ္ဂိုလ်တို့မှတ်နိုင်ရန် ခဲယဉ်းမည်ကြောင့်ဌင်း, သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသပြည့်စုံအောင် ပွါးများနိုင်မှ အပ္ပနာဈာန်သို့ ရောက်သည်မဟုတ်၊ တစုံတခုသော ကောဋ္ဌာသကို ပွါးများလျှင်ပင် အပ္ပနာဈာန်သို့ ရောက်နိုင်သောကြောင့်ဌင်း

---

[1] နိဿယဂ် ဝိနစ္ဆယပါဋ္ဌနှင့် ဝိသုဒ္ဓိမဂ္ဂဒီပနီမည်သော အမတပါန ရှုဘွယ်ကျမ်းတို့သည် အကြောင်းအရာနှင့် ကျမ်းစာ စီစဉ်ပုံ တူသည်။ အကျဉ်းအကျယ်နှင့် ပါဠိရေး မြန်မာရေးသာ ကွာခြားသည်။

ပုဂ္ဂိုလ်တိုင်းအား ထင်လွယ်မည့် အခြင်းအရာရှိသော အဋ္ဌကောဋ္ဌာသ၊ အန္တ-ကောဋ္ဌာသ၊ မတ္ထလုဂ်ကောဋ္ဌာသတို့ကိုသာ ဝိသုဒ္ဓိမဂ္ဂဒီပနီမည်သော အမတပါန ရှုဘွယ်ကျမ်း၏ ကမ္မဋ္ဌာနုဂ္ဂဟကထာ၌ ဥပလက္ခဏနည်းဖြင့် ဖွင့်ဆိုတော်မူသည်။

ဤ အဋ္ဌကကမ္မဋ္ဌာန်းကျမ်းသည် ဆိုခဲ့ပြီးသော ကောဋ္ဌာသသုံးပါးတို့တွင် အဋ္ဌကောဋ္ဌာသကို ဖွင့်ဆိုသောကျမ်း ဖြစ်ပေသည်။

အရိုးစုကမ္မဋ္ဌာန်း၌ အလေ့အလာမျှားပုံ

ရှေကျင်ဆရာတော် အရိုးစုကမ္မဋ္ဌာန်း၌ အလေ့အလာမျှားခြင်းအကြောင်းကို ကျောက်ဆည်မြို့ ရှေဆောလျောင်း တောင် မြောက်ဖက် ဂူကြီးတိုက်အနီး တရားစာရေးကြီးကျောင်း၌ သီတင်းသုံးတော်မူသော ဆရာတော် အရှင်စန္ဒိမဓ က ဆက္ကပဠာကျမ်း၌ ၁၇-၀၂ရ အရှယ်က ရှေကျင်ဆရာတော်ကြီး၏ ကျောက်ဂူ အတွင်းတွင် တွေ့မြင်ခဲ့ရသော အရိုးစုကြီး အကြောင်းကို ရေးသားထားလေသည်။

"သဘော်သား ကုလားလူမျိုးတို့သည် လူရိုက်၍သေသော တရုပ်ကြီး၏ အလောင်းကို ခေါင်းစားကျင်း၌ထည့်၍ အသေကောင် တကောင်လုံးကို မျိုချ၍ သွားနိုင်သော ငါးကြီး လိပ်ကြီးတို့ မရောက်ရာ ချောင်းငယ် မြောင်းငယ်၌ မြှုပ်၍ထားသဖြင့် ငါး လိပ် စသော ရေပိုး ရေမွှားတို့သည် အသား အသွေး အရေ အကြောတို့ကို ကိုက်ခဲစားသောက်ကြလျက် အရိုးချည်းမျှ ကြွင်းကျန်သည်ရှိသော် ထိုအရိုးတို့ကို ခေါင်းနှင့်တကွ ဆယ်ယူပြီးလျှင် အနံ့အစော် မရှိရအောင် ဆေးတို့ဖြင့် ပက်၍ နေလှန်းပြီးမှ အနံ့အစော်ကုန်သည်ကာလ လက်ဖျား, ခြေဖျား, သွားတို့ကိုမျှ မပျောက်မပျက်ရအောင် နန်းချည်ဖြင့် သေချာမြဲမြံစွာခက်၍ ဘုရင်မင်းတုန်းအား ဆက်သပို့လာလေ၏။ ဘုရင်မင်းတုန်းသည် လည်း မဟာဓမ္မိကာရုမ ရှေကျင်တိုက် ရှေကျင်ဆရာတော်ထံ ပို့သလျှ၊ ဒါန်းလေ၏။ ထို နန်းချည်ဖြင့် ခက်၍ခက်၍ထားသော လူရိုးကြီးကို ကိုယ်တော်မြတ် သီတင်းသုံးတော်မူသော ကျောက်ဂူအတွင်း သွင်းထားပြီးလျှင် နေ့ညဉ့်မဆို အလိုရှိတိုင်း ရှုကြည့်စီးဖြန်းတော်မူလေသည်။

ဤ ဆိုပြီးသော စကားအစဉ်ဖြင့် ရှေ့ကျင်ဆရာတော်သည် အရိုးစု ကမ္မဋ္ဌာန်း၌ အာစရိယလဒ္ဓေါပဒေသ ရရှိရုံမျှမက အလေ့အလ့ာမျှားပြီး ဖြစ်ကြောင်းကိုလည်း သိအပ်ပေသည်။

သမထ ဘာဝနာ လုပ်အပုံ

နိဿယမုစ္စကအင်္ဂါ ၇-ပါးတွင် နောက်ဆုံးအင်္ဂါကို ပြဆိုသည့် "သမထ-ဓမ္မကရဏတ္ထံ သမထဝဿနဝါ ဝိပဿနာဝဿနဝါ အရဟတ္တပရိယောသာနမေကံ ကမ္မဋ္ဌာနံ" ဟူသော အဋ္ဌကထာ စကားကို ဖွင့်ဆိုရာ၌ ဝါ-သဒ္ဒါ ဝိကပ်အနက်ယူခြင်းထက် သမုစ္စည်းအနက်ယူခြင်းကို ဆရာတော် နှစ်သက်တော်မူသည်။

အဘယ်ကြောင့်နည်း? ဝိကပ်အနက်ယူသော် "ရဟန်းတရားကို ပွါးများအားထုတ်ရန် သမထနည်း ရှေသွားရှိသော ဝိပဿနာနည်းဖြင့် မှတ်သားအပ် (ပွါးများအပ်)သော် အရဟတ္တဖိုလ် အဆုံးရှိသော ကမ္မဋ္ဌာန်းတမျိုးကိုဖြစ်စေ၊ ဝိပဿနာနည်းသက်သက်ဖြင့် မှတ်သားအပ်(ပွါးများအပ်)သော အရဟတ္တဖိုလ် အဆုံးရှိသော ကမ္မဋ္ဌာန်းတမျိုးကိုဖြစ်စေ သင်ယူရမည်"ဟု အဓိပ္ပါယ်ရ၍ သမုစ္စည်းအနက်ယူသော် "သမထနည်း, ဝိပဿနာနည်း ၂-ပါးတို့ဖြင့် မှတ်သားအပ် (ပွါးများအပ်) သော အရဟတ္တဖိုလ်အဆုံးရှိသော ကမ္မဋ္ဌာန်းတမျိုးကို သင်ယူရမည်"ဟု အဓိပ္ပါယ်ရသည်။ ထို နှစ်ပါးတို့တွင် ယခုကာလ၌ သမုစ္စည်းအနက်ဖြင့် ပြဆိုအပ်သည့်အတိုင်း သမထနည်း, ဝိပဿနာနည်း နှစ်ပါးစုံဖြင့် ပွါးများမှသာ အလိုရှိအပ်သောအတိုင်း အရဟတ္တဖိုလ်တိုင် ရောက်အောင် သစ္စာလေးပါးကို သိမြင်နိုင်သောကြောင့် ဖြစ်ပေသည်။ ဤအကြောင်းကို—

"သက်သက်ဖြစ်သော ဝိပဿနာ၏ အစွမ်းဖြင့် သစ္စာလေးပါးကို သိမြင်နိုင်သော်လည်း ထို ဝိပဿနာသက်သက်ဖြင့် သစ္စာလေးပါးကို သိမြင်နိုင်သူတို့မှာ ဥဂ္ဃဋိတညူ, ဝိပဉ္စိတညူတို့သာ ဖြစ်ကြသည်။ ကမ္မဋ္ဌာန်းနည်းကို သင်ယူ၍ အားထုတ်ကြရသူတို့မှာလည်း နေယျပုဂ္ဂိုလ်တို့သာ များသည်။ ထို နေယျပုဂ္ဂိုလ်တို့သည်လည်း (သမထ, ဝိပဿနာ) နည်း နှစ်ပါး၏ အစွမ်းဖြင့်သာ သစ္စာလေးပါးကို သိမြင်

နိုင်ကုန်သောကြောင့် နည်းနှစ်ပါး၏ အစွမ်းဖြင့် အဋ္ဌကထာဆရာ တိုက်တွန်းတော်မူသည်”—

ဟု နိဿယဂ်ဝိနိစ္ဆယကျမ်းဌ ဆရာတော် ရှင်းလင်းဖော်ပြထားပေသည်။

ဆက်လက်၍ အရှင်အာနန္ဒာ အထက်မဂ်သုံးပါးအတွက် အားထုတ်ရာ၌ ညဉ့်သုံးယာမ်ပတ်လုံး ဒွတ္တိံသ သမထဘာဝနာဖြင့်သာ ကုန်လွန်စေခဲ့ပုံ၊ သမထ ဘာဝနာကို ဖယ်ထားက ဝိပဿနာ စေ့စပ်ထင်မြင်ရန် ခက်ခဲပုံတို့ကို ညွှန်ပြပြီး—

“ထို့ကြောင့် သမထစျာန်ကို ရသောပုဂ္ဂိုလ်သည်၎င်း, မရသော ပုဂ္ဂိုလ်သည်၎င်း, သမထစျာန်ကို အလိုရှိသောပုဂ္ဂိုလ်သည်၎င်း, အလို မရှိသော ပုဂ္ဂိုလ်သည်၎င်း ရှေးဦးစွာ ထို (သမထ) ဘာဝနာကို ပွါး များ၍ ကိုယ်ကောင်ပုပ်၌ အရိုးဆက် (အရိုးစု) အမှတ်၌တည်၍ သတ္တဝါစသော အမှတ်ကို ခွါသော်သာလျှင် ဝိပဿနာ စေ့စပ် ထင် မြင်ရန် လွယ်ကူသည်”—

ဟု ဆုံးဖြတ်ချက် ချထားပေသည်။

ဖော်ပြအပ်ပြီးသော အယူအဆအတိုင်းပင် အဋ္ဌိကကမ္မဋ္ဌာန်းကျမ်းကို ပြုစု ရာ၌ ပါဠိတော် အဋ္ဌကထာ ဋီကာနည်း, အာစရိယလဒ္ဓေါပဒေသနည်းမှ ရအပ် ပြီးသော သုတမယဉာဏ်, စိန္တာမယဉာဏ်, ဘာဝနာမယဉာဏ် သက်သည့် အတိုင်း သမထလမ်း, ဝိပဿနာလမ်းကို ဖြောင့်တန်းစွာပြလျက် အရဟတ္တ ဖိုလ်တိုင် ရောက်အောင် ပဋိပတ္တိကျင့်စဉ်, ဘာဝနာပွါးစဉ်ကို ပဓာနပြု၍ ပြဆို ထားပေသည်။

ရှင်းလင်းတိကျသည့် ရေးဟန်

ဆရာတော်သည် စာပေရေးသားရာ၌ သဒ္ဒါနည်း, ဆန်းနည်း, အလင်္ကာ နည်း တို့ကို အသုံးပြု၍ ဝေဝေဆာဆာ သွယ်သွယ်ဝိုက်ဝိုက် တင်စားရေးသား လေ့ရှိသည်။ ဝိသုဒ္ဓိမဂ္ဂဒီပနီမည်သော အမတပါနရှေဘွယ်ကျမ်း၏ ပထမကဏ္ဍ ဖြစ်သော စတုဘာဏဝါရကထာကို ဖွင့်ဆိုသည့် ဗေဒဂ္ဂ်ဒီပနီကျမ်း၏ ပဏာမ စကားဌ၌ပင်—

"လောကုတ္တရာ တည်းဟူသော အထက်နတ်ရှာ တာဝတိံသာနန်းမြို့၌ သတိသမ္မောဇ္ဈင် ဟူသော နိဗ္ဗာန်တံတိုင်း၊ ပီတိသမ္မောဇ္ဈင် ဟူသော နိဗ္ဗာန်နန်းညျှာ၌၊ ဓမ္မဝိစယသမ္မောဇ္ဈင် ဟူသော သုဓမ္မာနန်းသာင်၊ ပဿဒ္ဓိသမ္မောဇ္ဈင် ဟူသော ဝေဇယန္တာနန်းပြာသာဒ်၊ ဝီရိယသမ္မောဇ္ဈင်ဟူသော သိုကြားမင်း၊ သမာဓိသမ္မောဇ္ဈင် ဟူသော ပဏ္ဍုကမ္မလာ၊ ဥပေက္ခာသမ္မောဇ္ဈင်ဟူသော ပင်လယ်ကသစ်ပင်"—စသည်ဖြင့် တင်စား ရေးသားတော်မူပေသေးသည်။

ဤအဋ္ဌကကမ္မဋ္ဌာန်းကျမ်းဌ်ကား ထိုသို့ တင်စား၍ သွယ်ဝိုက်မရေးသားရုံမျှမက စကားဆက်ဝေး၍ ရှုပ်ထွေးပွယှက် အဓိပ္ပါယ် အယူခက်စေတတ်သော ကမ္မဋ္ဌာန်း အပြားများ၊ အနုသန္ဓေစကားများ၊ သာဓကပါဠိများကိုပင် ထည့်သွင်းရေးသားခြင်း မပြုတော့ပဲ သမထလမ်း ဘာဝနာပွါးစဉ်များ, ဝိပဿနာလမ်း ဘာဝနာပွါးစဉ်များကိုသာ လိုရာလိုရာ ကောက်ကာငင်ကာ ရေးသားထားပေသည်။

ဖော်ပြခဲ့ပြီးသော ရေးဟန်နှင့် ကွာခြားပုံ ထင်ရှားစေရန် အနည်းငယ် ဖော်ပြလိုပါသည်။ ဤကျမ်း သမထလမ်း ဘာဝနာပွါးစဉ် (စာမျက်နှာ ၂)၌–

"ဤအတိုင်း နှုတ်တက်အာဂုံရအောင်ပြု၍ နှုတ်ဖြင့်လည်း ဖြည်းဖြည်း သက်သာရှတ်၊ နှုတ်ဖြင့်ရှတ်သည့်အတိုင်း စိတ်ဖြင့်လည်း အစဉ်လျှောက်၍ အောက်မေ့လေ။ တနည်းလည်း ရှေးဦးစွာ ဆံပင်အုံခြင်းအရာကို စိတ်ဖြင့်အောက်မေ့ပြီးလျှင် ဆံပင်ထင်လာသည့်အခါ ဆံပင်ဟူ၍ နှုတ်ဖြင့်ရှတ်။ ထို့နောက် မွေးညှင်း အခြင်းအရာကို စိတ်ဖြင့် အောက်မေ့၍ မွေးညှင်းထင်လာသည့်အခါ မွေးညှင်းဟု နှုတ်ဖြင့်ရှတ်။"

ထို့အတူ ဝိပဿနာဘာဝနာပွါးစဉ် (စာမျက်နှာ ၁၉)၌—

"ဤအရိုးစု ဟူသည်လည်း ပရမတ္ထအားဖြင့် အရိုးစုဟူ၍ ထင်ရှားမရှိ၊ ရူပ်ကလာပ် အစုမျှသာတည်း။ ဤအရိုးစု ဟူသည်၌ ကြမ်းတမ်းခက်မာခြင်း ထဒွလက္ခဏာရှိသော ပထဝီဓာတ်၊ ပျော်ပျော့ခြင်း, ပွါးခြင်း အာပဇ္ဇန လက္ခဏာရှိသော အာပေါဓာတ်"—

စသည်ဖြင့် ဘာဝနာပွါးပုံ ထင်ရှားပေါ်လွင်စေရန် လိုရာလိုရာ ကောက်ကာ ငင်ကာ ရေးသားထားပေသည်။

သူတော်ကောင်းတို့ အတွက်သာ

"အတ္တုက္ကံသန ပရဝမ္ဘန စသည်ကင်းစင် အလွန် ကြည်လင်သန့်ရှင်းသော သဒ္ဓါစိတ်ဖြင့် အကြင်ကြောင့် ရေးသားအပ်လတ္တံ့"[1]

ဤကား ကျမ်းပြုရာ၌ မိမိ၏ စိတ်ထားကို ဖော်ပြသည့် ဆရာတော်၏ စကားတည်း။

မှန်၏။ ဆရာတော်သည် ဤကျမ်းကို ပြုစုရာ၌ ပါဠိတော်, အဋ္ဌကထာ, ဋီကာ ကျမ်းဂန်တို့ အပေါ်၌ရင်း၊ မိမိအား ညွှန်ကြားပို့ချ နည်းလမ်းပြခဲ့သော သီးလုံးဆရာတော် စသော ဆရာများအပေါ်၌ရင်း အားကိုးယုံကြည်သော စိတ်ထား, ကြည့်ရှုလေ့လာ ကျင့်သုံး လတ္တံ့ ကုန်သော သူတော်ကောင်းတို့ အပေါ်၌ ထားအပ်သော မေတ္တာတရား, ကရုဏာတရားဖြင့် ပြုစုတော်မူခဲ့သည်။ သူတော်ကောင်းတို့၏ လုပ်ရိုးလုပ်စဉ် မဟုတ်သော မိမိဂုဏ်ကို ဖော်ထုတ်ပင့်မြှောက်သည့် အတ္တုက္ကံသန အမှုမျိုး, သူတပါးတို့ကို ပြစ်တင်ရှုတ်ချသည့် ပရဝမ္ဘန အမှုမျိုးတို့မှ ရှောင်ရှားခဲ့သည်။

ထို့ကြောင့် မိမိအကြောင်း မိမိဂုဏ်ကို တခမ်းတနား ဖော်ပြသည့် အတ္တုက္ကံသန စကားများ ဤကျမ်း၌ မပါဝင်သလို သူတပါးတို့ကို ထိခိုက်စေတတ်သည့် ပရဝမ္ဘန စကားများကိုလည်း တလုံးတပါဒမျှ တွေ့ရမည် မဟုတ်ပေ။ ဗုဒ္ဓ၏ ကျင့်စဉ်လမ်းမှန်တို့ကိုသာ မကွေ့မထောင့် ဖြောင့်မတ်စွာ ပြဆိုထားသည်ကို တွေ့ရပေလိမ့်မည်။

ထို့ကြောင့်ပင် ဆရာတော်သည် စတုမဓု လူ့အစာကို လူတို့သာ မြိန်နိုးခုံမင်စွာ သုံးဆောင်သည့်ပမာ အတ္တုက္ကံသန ပရဝမ္ဘန အယုတ်တရားများ ကင်းစင်သည့် သူတော်ကောင်း လူရှင်ရဟန်း တို့ကသာ ဤကျမ်းကို မြိန်နိုးခုံမင်စွာ အသုံးပြု လေ့လာကျင့်သုံးကြလိမ့်မည် ဖြစ်ကြောင်းကို

၁။ ၁၂၆၈-ခုရှိက်၊ သာယာဝတီ ဒေဝစက္ကုပုံနှိပ်မှု ဗေဒင်ဂျင်္ဂဏိတ်ဒီပနီ နှာ-၅၄။

တနည်းအားဖြင့် ဤကျမ်းသည် အတ္တကြံ့သန ပရဝမ္ဘန ကင်းစင်သည့် သူတော်ကောင်း လူရှင်ရဟန်းတို့၏ အတွက်သာ ဖြစ်ကြောင်းကို—

"အတ္တကြံ့သန စသည် ကင်းစင် သူတော်ကောင်း အရှင်မြတ်တို့၏ အလယ် အလွန်ထင်ရှား ကျေးဇူးမျှားခြင်းသည် ဖြစ်လတ္တံ့."—

ဟု မိန့်ဆိုထားပေသည်။

ကျမ်းပြုဆရာတော်၏ အာသီသ

"သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ" ပဋိညာဏ် အာဂမသုဒ္ဓိ ရှိကြသည့်အလျောက် အလွန်ကြီးကျယ်မျှားပြားလှစွာသော သံသာရဝဋ္ဋဒုက္ခ ဟူသော သမုဒ္ဒရာမှ ကူးမြောက်လိုကြကုန်သော သူတော်ကောင်းဖြစ်ကြသည့် အနုထေရ, ဗဇ္ဈိမထေရ, မဟာထေရ အရှင်မြတ်တို့က တောင်းပန်ခဲ့ကြသည်။

ရှေကျင် ဆရာတော်ကြီး ပြုစုသဖြင့် သံသာရဝဋ္ဋဒုက္ခမှ လွတ်မြောက် နိဗ္ဗာန်တိုင် ခရီးပေါက်စေနိုင်သည့် ဤ ပဋိပတ္တိကျင့်စဉ်ကျမ်းသည် ဆုံးခန်းတိုင်ခဲ့ပေပြီ။

အလွန်ကြီးကျယ် မျှားပြားလှစွာသော သံသာရဝဋ္ဋဒုက္ခဟူသော သမုဒ္ဒရာမှ ကူးမြောက်လိုကြကုန်သော သူတော်ကောင်းအပေါင်းတို့က ရှေကျင် ဆရာတော်ကြီး ရေးသားညွှန်ပြထားသည့် ဤပဋိပတ္တိကျင့်စဉ်ကျမ်းအတိုင်း ကျင့်ကြံ ကြိုးကုတ် အားထုတ်ကြဘိုသာ လိုတော့၏။

ထို့ကြောင့် ကျမ်းပြုဆရာတော်ကြီးက ကျမ်း၏အဆုံး၌ ဤဆိုလတ္တံ့သော အတိုင်း အာသီသပြု၍ နိဂုံးချုပ်ထားပေသည်။

"ပါဠိ အဋ္ဌကထာနည်း, လဒ္ဓေါပဒေသနည်းတို့ကို အစဉ် မှီး၍ အတ္တကြံ့သန စသည် မယှဉ် ကြည်လင်သော သဒ္ဓါမေတ္တာစိတ်ဖြင့် ရေးသား ညွှန်ပြအပ်သော လှေ, သင်္ဘော, တောင်ယာဉ်ပမာ လွန်စွာ

၁။ ဗောဓိပက္ခိယ ၃၇ ပါး။

အကျိုးမျှားလတ္တံ့ သော ဤအဋ္ဌကကမ္မဋ္ဌာန်းကို အဖန်ဖန် အထပ်ထပ် သုံးသပ် လေ့လာ နာယူ မှတ်သား ပွါးမျှားအားထုတ်တော်မူနိုင်ကြပါစေကုန်သတည်း"။

ပြန်လည်ပုံနှိပ်ခြင်း

စာပြီးနှစ်ကို အတိအကျ မသိရ။ သို့သော် ဝိသုဒ္ဓိမဂ္ဂဒီပနီမည်သော အမတပါန ရှုဘွယ်ကျမ်းကြီး၏ ပထမကဏ္ဍဖြစ်သော စတုဘာဏဝါရကထာကို ဖွင့်ဆိုသည့် ဗောဇ္ဈင်ဒီပနီကျမ်း ပေကူးနှစ်မှာ ၁၂၂၇-ခုနှစ် ကဆုန်လဆန်း ၁၅-ရက်ဟု သိရသဖြင့် ထိုကျမ်းကြီး၏ သတ္တမကဏ္ဍဖြစ်သော ကမ္မဋ္ဌာနုဂ္ဂဟ-ကထာ အဋ္ဌကကမ္မဋ္ဌာနဝါရကို ဖွင့်ဆိုသည့် ဤအဋ္ဌကကမ္မဋ္ဌာန်းကျမ်းကိုလည်း ထိုသက္ကရာဇ်ဝန်းကျင်မှာ ရေးသားပြီးဆုံးမည်ဟု ခန့်မှန်းရပါသည်။

ပုံနှိပ်သည့်အကြိမ်မှာ စာပေထိန်းသိမ်းရေးအဖွဲ့က စုဆောင်းရရှိထားသမျှ သက္ကရာဇ် ၁၂၃၉-ခုနှစ် ပြာသိုလ ရန်ကုန်မြို့ ရတနာပုံ သတင်းစာပုံနှိပ်တိုက်တွင် ဆရာဝုပ် ကြီးကြပ်ပုံနှိပ်သည့်မူ၊ သက္ကရာဇ် ၁၂၅၀-ပြည့်နှစ် ရန်ကုန်မြို့ ဟံသာဝတီ သတင်းစာပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည့်မူဟု နှစ်ကြိမ်ပုံနှိပ်ပြီးကြောင်းသာ သိရသည်။ (ဟံသာဝတီသတင်းစာပုံနှိပ်တိုက်က ရိုက်နှိပ်သည့်အခါ ကျွမ်းပြို့ ဆရာတော်ကြီးကိုယ်တိုင် ပေမူတွင် တည်းဖြတ်ပေးကြောင်း နိဒါန်း၌ ဖော်ပြထားသည်)။

ထို့ကြောင့် ကျမ်းဂန်လာနည်း၊ ဆရာတို့အထံမှ ရအပ်သော လဒ္ဓေါပဒေသနည်းတို့အပြင် ကိုယ်တိုင်ကိုယ်ကျ လက်တွေ့ကျင့်သုံး တွေ့သိချက်တို့ဖြင့် ရေးသားအပ်သော ဤအဋ္ဌကကမ္မဋ္ဌာန်းကျမ်းသည် နှစ်ပေါင်းမျှားစွာ တိမ်မြုပ်လျက် ပျောက်ကွယ်လုနီးနီး ဖြစ်နေရသည်။

ဗုဒ္ဓ၏အလိုကျ ပဋိပတ္တိကျင့်စဉ်မှန် လွန်စွာ လိုအပ်လျက်ရှိသော ယခုခေတ်တွင် ဤကျမ်းစာသည် တိမ်မြုပ်ပျောက်ကွယ်၍ မနေသင့်။ ပြန်လည်ပေါ်ထုတ်ရန် သင့်လျော်ရုံမျှမက နောက်ကျ၍ပင် နေပေပြီ။

ထို့ကြောင့်ပင် သာသနာတော်အတွက် ဤမျှ လိုအပ်လျက်ရှိသော ဤအင်္ဂီကကမ္မဋ္ဌာန်းကျမ်းကို ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဦးစီးဌာနက ပြန်လည်ရိုက်နှိပ် ထုတ်ဝေနိုင်ရန် စီစဉ်ရခြင်းဖြစ်ပေသည်။

ဤသို့ ပြန်လည်ရိုက်နှိပ်ရာ၌ ရှေ့ကျင်နိုကာယ စာပေထိန်းသိမ်းရေးအဖွဲ့၏ ဂန္ထဝိသောဓကအဖွဲ့တွင် ပါဝင်ကြသော—

၁။ မန္တလေးမြို့ ပတ္တမြားတိုက် နာယကဆရာတော် ဦးဝေပုလ္လာဘိဝံသ၊
၂။ စိန်ပန်း အဘယာရုမရှေ့ဂူတိုက် ဒုတိယ နာယကဆရာတော် ဦးသီလာနန္ဒာဘိဝံသ—

တို့က ဆရာတော်ကြီး၏ မူမပျက်စေရန် ပုံနှိပ်မှု ပေမှု လက်ရေးမှုတို့ဖြင့် အထပ်ထပ် တိုက်ဆိုင်ညှိနှိုင်း တည်းဖြတ်တော်မူကြသည်။ ထိုဆရာတော် နှစ်ပါး တည်းဖြတ်ပြီး မူကိုမှ ပုံနှိပ်ရန် သာသနာရေးဦးစီးဌာနအား ပေးအပ်ခဲ့ရပေသည်။

ကျေးဇူးတင်ခြင်း

ဤကျမ်းစာ ပြန်လည်ပုံနှိပ် ထုတ်ဝေနိုင်ရန်နှင့် ညှိနှိုင်း တည်းဖြတ်ရန် အင်္ဂီကကမ္မဋ္ဌာန်းကျမ်း, ဗောဇ္ဈင်္ဂဒီပနီကျမ်း, နိဿယဂ်ဝိနိစ္ဆယပါဠိနိဿယ စာမူမျှား လှူဒါန်းကြသော—

၁။ ရှိမ်းမကား ချမ်းသာကြီးဆရာတော် ဦးကောဝိဒ၊
၂။ ရေစကြိုမြို့နယ် ကျောက်ခတ်ရွာ ကမ္မဋ္ဌာန်းကျောင်း ဆရာတော် ဦးဣန္ဒာဝရ၊
၃။ မင်းကွန်း ဝင်ဒေတောင်တောရ ဆရာတော် ဦးဝိသုဒ္ဓ၊
၄။ ဆားလင်းကြီးမြို့ တောင်ပေါ်ကျောင်းဆရာတော် ဦးအာဒိစ္စဝံသ၊
၅။ ပုသိမ်ကြီးမြို့ ဗဟိုမြို့မကျောင်း ဆရာတော် ဦးအရိယဝံသ၊
၆။ စစ်ကိုင်းမြို့ မဟာသုဗောဓရုံတိုက် စာချဘုန်းကြီး ဦးနန္ဒမာလာဘိဝံသ၊

၃။ ရန်ကုန်မြို့ စိန်ဂျန်းလမ်း အမှတ်-၁၀၇ ဦးထိန်ဝင်းတို့အားလုံး၊

၈။ စာမူတည်းဖြတ်ပေးသည့် ဆရာတော် နှစ်ပါးအားလုံး၊

၉။ ကျမ်းစာ ပုံနှိပ်ထုတ်ဝေသည့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် သာသနာရေးဦးစီးဌာနအားလုံး—

ရှေကျင်နိကာယ စာပေထိန်းသိမ်းရေးအဖွဲ့က ကျေးဇူးတင် အနုမောဒနာ ပြုကြောင်း ဖော်ပြအပ်ပါသည်။

ဦးမာနိတသိရီ (အကျိုးဆောင်)

ရှေကျင်နိကာယ စာပေထိန်းသိမ်းရေးအဖွဲ့

၁၃၇၉-ခု၊ နယုန်လပြည့်ကျော် ၂-ရက်။

အမှားအမှန် ပြင်ဆင်ရန်

အမှား	အမှန်	စာမျက်နှာ ကြောင်းရေ
ပညတ္တိသမတိက္ကမ	ပညတ္တိသမတိက္ကမ။	၁၅....၅
အပြိုင်းပြိုင်း	အပြိုင်းအပြိုင်း	၄၃....၂၆
(ဥတုတာ)	(ဥတုစတာ)	၅၄....၁၂
ဆိတ်သောအနက်	ဆိတ်သော သုညအနက်	၅၆....၁၈
အနက် မြန်မာပြန်ကား	အနက် မြန်မာကား	၆၂....၁၉
အသီးအသီးတို့	အသီးအသီးဘို့	၆၃....၂၁
ဥပက္ကိုလေဿ မည်၏	ဥပက္ကိုလေသဝင်းမည်၏	၇၇....၂၇
ဒီဋ္ဌလည်း ပျောက်၏	ဒီဋ္ဌိလည်း ပျောက်၏	၈၀....၁၂
ဤကျမ်း နှာ ၇၅ (အောက်ခြေ)	ဤကျမ်း နှာ-၁၁၁	၁၀၈....၂၇
သဗ္ဗေ၊ ခပ်သိမ်းကုန်ဝေသာ။ သခ်ါရာ၊ ရူပ်နာမ်ခန္ဓာ သခ်ါရတရားတို့သည်။	ဣမေ သခ်ါရာ၊ ဤရူပ်နာမ်ခန္ဓာ သခ်ါရတရားတို့သည်	၁၃၉-၁၁....၁၆
ဇင်းဥာဏ် ကိုးပါးတို့ဌလည်း	ဇင်းဥာဏ် ၄-ပါးတို့ဌလည်း	၁၅၆-၄....၅

အဋ္ဌကကမ္မဋ္ဌာန်းကျမ်း

မာတိကာ

အကြောင်းအရာ			စာမျက်နှာ
သမထနည်းကို ပြခြင်း	....	....	၁
ပဋ္ဌိညာဉ်	....	....	၁
ပဋ္ဌိပတ္တိကျင့်စဉ်, ဘာဝနာပွါးစဉ်ကို ပြခြင်း	....	....	၁
ကောဋ္ဌာသအစုကို အနုလောမ, ပဋ္ဌိလောမ ပွါးမျှားပုံ		....	၃
ပဋ္ဌိဘာဂ, ဥဂ္ဂဟ-နိမိတ်ထင်ရန် ပွါးမျှားပုံ	....	....	၅
အဋ္ဌကောဋ္ဌာသ ကမ္မဋ္ဌာန်း ပွါးမျှားပုံ	....	....	၃
အရိုးတို့ကို ဥပမာသဏ္ဌာန်အားဖြင့် ပြခြင်း	....	....	၈
သဏ္ဌာနဝဝတ္ထာန	....	....	၈
ဒိသာဝဝတ္ထာန စသည်ကို ပြဆိုခြင်း	—	....	၁၂
ဒိသာဝဝတ္ထာန	....	....	၁၂
သြကာသဝဝတ္ထာန	—	....	၁၂
ပရိစ္ဆေဒဝဝတ္ထာန	—	....	၁၃
ပညတ္တိသမတိက္ကမ	—	—	၁၃

အကြောင်းအရာ		စာမျက်နှာ
ပဋိဘာဂနိမိတ်ထင်ရန် ကမ္မဋ္ဌာန်းကို တနည်းပွါးများပုံ	....	၁၅
ဝိပဿနာနည်းကို ပြဆိုခြင်း	....	၁၉
နာမရူပ ပရိစ္ဆေဒဉာဏ်ထင်အောင် ပွါးများပုံ	....	၂၁
နာမရူပ ပရိစ္ဆေဒဉာဏ်သင်အောင် ပွါးများခြင်း၌ ဆင်ခြင်ရာသောနည်း		၂၁
ကိုယ်ခန္ဓာ ရူပကာယ၌ ဥပမာထင်ပုံ	....	၂၂
ဓမ္မဋ္ဌိတိဉာဏ် ကခ်ေါပိတရဏ ဝိသုဒ္ဓိဉာဏ်ဖြစ်ရန် ဆင်ခြင်ပုံ	....	၂၃
ဓမ္မဋ္ဌိတိဉာဏ်ကို တနည်းပွါးများပုံ	....	၂၅
ပဋိစ္စသမုပ္ပါဒ် ပဋိလောမနည်းကို မှီ၍ ဓမ္မဋ္ဌိတိဉာဏ်ကိုတနည်း ပွါးများပုံ		၂၇
"အဝိဇ္ဇာသမုဒယာ ကာယသမုဒယော" အစရှိသော ပါဠိတော်ကို စဲ၍ အကြောင်းရှာပုံ	....	၂၈
သမ္မသနဉာဏ်ဖြစ်စေရန် ပွါးများပုံ	....	၃၁
ခန္ဓာငါးပါးလုံးကို ပေါင်း၍ ဆင်ခြင်ပုံ	....	၃၄
နာမ်ရုပ်တို့ကို အချိန်ကာလနှင့် တွက်စပ်၍ အဒ္ဓါနည်း သန္တတိနည်း တို့ဖြင့် နှုလုံးသွင်းပုံ	....	၃၆
စိန္တာမယဉာဏ်ဖြင့် အဖန်ဖန် ကြံစည်အောက်မေ့ ပွါးများပုံ	....	၃၉
အဂ္ဂိရတ်သမား၏ စိတ်မပျက်သော လုံ့လကို ဥပမာတင်ပြ၍ တိုက်တွန်းတောင်မူခြင်း	....	၄၄
သမ္မသနဉာဏ် အလွန် သန့်ရှင်းခြင်းသို့ရောက်ရန် တနည်း သုံးသပ်ပုံ	....	၄၅
ပဋိစ္စသမုပ္ပါဒ်နည်း, ပဋ္ဌာန်းနည်းကို မှီး၍ သမ္မသနဉာဏ် အလွန် သန့်ရှင်းရန် သုံးသပ်ပုံ	....	၄၈
ပဋိသန္ဓေတည်သည်မှ ကောဒသမသတ္တာဟ စသည်သို့ ရောက်သောအခါ၌ သုံးသပ်ပုံ	....	၅၀

အကြောင်းအရာ			စာမျက်နှာ
အာဒါနနိဿေပ အစရှိသော ဂါထာကို နှုလုံးထား၍ သတ္တိကနည်းဖြင့်ပွါးပုံ			၅၂
သမ္မသနဉာဏ် ဖြစ်စေရန် ပွါးနည်း အကျဉ်း	....	....	၁၃
ဥပဒ္ဒဝနှာကာရနည်းအားဖြင့် ပွါးမျှားပုံ	....	....	၁၈
ဥဒယဗ္ဗယဉာဏ် ဖြစ်စေခြင်းငှါ ပွါးမျှားပုံ	....	....	၁၉
ဥဒယဗ္ဗယဉာဏ်ကို အကြောင်းအားဖြင့် ရှုခြင်း	—	....	၆၀
အကျယ်အားဖြင့် ရှုပုံ	....	....	၆၀
ခဏအားဖြင့် ဥဒယဗ္ဗယဉာဏ် ထင်သည်ကို ပြပုံ	....	....	၆၅
သစ္စာလေးပါးနှင့်တကွ ဥဒယဗ္ဗယ ထင်ရန် ပွါးမျှားပုံ....		....	၆၆
ကေတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဝေါဓမ္မတာနည်းအားဖြင့် ထင်ပုံ	....	....	၆ဂ
ဝိပဿနုပက္ကိလေသ နည်းအားဖြင့် ပွါးမျှားပုံ	....	....	၇၂
သြဘာသ-အရောင် အလင်း	....	....	၇၂
ငါးပါးသော ပီတိနှင့်တကွ ဥဒယဗ္ဗယာနုပဿနာမယဉာဏ် ဖြစ်ပုံ		....	၇၃
ပီတိ-နှစ်သက်ခြင်း	....	....	၇၃
ပဿဒ္ဓိ-ငြိမ်းအေးခြင်း	....	....	၇၄
သုခ-ချမ်းမြေ့ခြင်း	....	....	၇၄
အဓိမောက္ခ-သဒ္ဓါဘရုး	....	....	၇၅
ပဂ္ဂဟ-ဝီရိယ	....	....	၇၅
သတိ-ထင်မြင်မှတ်သားမှု	....	....	၇၅
ဥပေက္ခာ-လျစ်လျူရှုခြင်း	....	....	၇၆

အကြောင်းအရာ			စာမျက်နှာ
နိုကန္ဓိ-နှစ်သက်ခြင်း	....	....	၃၃
ဝိပဿနုပက္ကိလေသအမည် ရကြပုံ	....	....	၃၃
ဝိပဿနုပက္ကိလေသတို့ကို ဖျောက်ဖျက်ရပုံ	....	....	၃၉
မှတ်သားရန် အကျဉ်းသံပေါက်လက်ဝ	....	....	၈၁
ဘင်္ဂါနုပဿနာ၌ ဘာဝနာကာရနည်းကို ပြခြင်း	....	....	၈၁
ဘင်္ဂါနုပဿနာ၌ ထင်ပုံ ဥပဒ္ဒဝနာကာရကို ပြပုံ	....	....	၈၃
ဘင်္ဂါနုပဿနာဉာဏ်ကို ရခြင်း အကျိုးထူးရှစ်ပါး	....	....	၉၀
အကျဉ်းမှတ်ရန်လက်ဝ	....	....	၉၄
ဘာဝနာကာရ ဥပဒ္ဒဝနာကာရ အာနိသံသပရိပါရတို့ဖြင့် မှတ်အပ်သော ဘင်္ဂါနုပဿနာဉာဏ်နိဂုံး	....	....	၉၄
ဘယတုပဋ္ဌာနဉာဏ်၌ ဘာဝနာကာရနည်း	....	....	၉၅
ဥပဒ္ဒဝနာကာရနည်းကို ပြခြင်း	....	....	၉၃
အာဒီနဝဉာဏ်ကို ဆိုခြင်း	....	....	၁၀၁
နိဗ္ဗိဒဉာဏ်ကို ဆိုခြင်း	....	....	၁၀၄
နိဗ္ဗိဒအားဖြင့် ထင်ဟန် ဥပဒ္ဒဝနာကာရကို ပြခြင်း	....	....	၁၀၅
မုစ္စိတုကမျတာဉာဏ် ဖြစ်ပုံကို ပြခြင်း	....	....	၁၀၇
ပဋိသင်္ခါနုပဿနာဉာဏ်၌ ပွါးပုံ ဘာဝနာကာရနည်းကို ပြခြင်း	....		၁၁၄
ပဋိသင်္ခါနုပဿနာ၌ ထင်ပုံ ဥပဒ္ဒဝနာကာရကို ပြခြင်း	....		၁၂၁
သင်္ခါရုပေက္ခာဉာဏ်၌ ဘာဝနာကာရနည်း	....	....	၁၂၃
သင်္ခါရုပေက္ခာဉာဏ်၌ ဥပဒ္ဒဝနာကာရနည်း	....	....	၁၂၄

အကြောင်းအရာ			စာမျက်နှာ
အနုဒလာမဉ္ဇာဏ် စသည် ဖြစ်ပုံကို ပြဆိုခြင်း	....	....	၁၂၉
သောတာပတ္တိ ဖလသမာပတ္တိဉာဏ်ကို ပြဆိုခြင်း	....	....	၁၃၆
သကဒါဂါမိမဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ပြဆိုခြင်း	....	....	၁၄၂
အနာဂါမိမဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ပြဆိုခြင်း	....	....	၁၄၃
အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ပြဆိုခြင်း	....	....	၁၄၃
မဂ်လေးပါးကို အစဉ်အတိုင်း ရရှာ၌ ထင်စေခြင်းငှါ ပြအပ်သော ဥပမာမျှား	....	....	၁၄၄
နာမရူပပရိစ္ဆေဒဉာဏ်မှစ၍ အစဉ်အတိုင်း မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖြစ်ဟန်ကို ထင်လွယ်စေခြင်းငှါ ဝတ္ထုသာဂေါဖြင့် ပြခြင်း	....		၁၄၆
ဥပမာဝတ္ထု	....	....	၁၄၆
ဥပမာ ဥပမေယျ စပ်ဟပ်ပြပုံ	....	....	၁၄၇
ပကိဏ္ဏကဂဏ္ဌိပဒီပနီစ္ဆယနည်းအမြောက်	....	....	၁၅၃
ကျမ်းပြီးနိဂုံး	....	....	၁၅၉

အာဠာဝက ကမ္ဘာခန်းကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သဖထနည်းကို ပြခြင်း

ပဋိညာဉ်

ကမ္မဋ္ဌာနုဂ္ဂဟဝါရ၌ ကမ္မဋ္ဌာနဘေဒအပြား၊ အနုသန္ဓေစကားအမျိုး, သာဓကပါဠိစကားအမျိုးတို့နှင့်တကွ အကျယ်ဆိုက အလွန် ကျယ်ဝန်းမည်စိုးသောကြောင့်ရင်း၊ ကမ္မဋ္ဌာန်းပွါးပုံ ဘာဝနာကာရနည်း၌ စကားဆက်ဝေး၍ စကားထွေးယှက် အဓိပ္ပါယ်အယူ ခဲခက်မည်စိုးသောကြောင့်ရင်း၊ ကျမ်းတပါးတို့၌ ထင်ရှားလှပြီး ဖြစ်သောကြောင့်ရင်း ထိုကမ္မဋ္ဌာနဘေဒအပြား၊ အနုသန္ဓေစကားအမျိုး၊ ပါဠိသာဓကအမျိုးတို့ကို မထုတ်ဆောင်မူ၍ လိုရာ လိုရာ ကမ္မဋ္ဌာန်းကိုသာ ထုတ်နုတ်၍ ပါဠိ, အဋ္ဌကထာ, ဋီကာနည်း၊ အာစရိယလဒ္ဓါ ပဒေသနည်းမှရအပ်ပြီးသော သုတမယဉာဏ်, စိန္တာမယဉာဏ်, ဘာဝနာမယဉာဏ် သက်သည့်အတိုင်း တခုတခုသော ကမ္မဋ္ဌာန်း၌ သမထလမ်း, ဝိပဿနာလမ်းကို ဖြောင့်တန်းစွာပြလျက် အရဟတ္တဖိုလ်တိုင်ရောက်အောင် ပဋိပတ္တိကျင့်စဉ်, ဘာဝနာပွါးစဉ်ကိုသာ ပဓာနပြု၍ ပြပေအံ့။

ပဋိပတ္တိကျင့်စဉ်, ဘာဝနာပွါးစဉ်ကို ပြခြင်း

သဒ္ဓါတရားနှင့်ပြည့်စုံသော အမျိုးကောင်းသားတို့သည် ဤသို့ပြလတ္တံ့သော ဘာဝနာပွါးစဉ်ကို နှုတ်တက်အာဂုံ ရအောင်ပြု၍ အလွန်မြတ်လှစွာသော မဂ်, ဖိုလ်, နိဗ္ဗာန်တရား၌ အလွန်အလိုရှိခြင်း, ကိုင်းရှိုင်းခြင်း အဓိမတ္တဆန္ဒ, အဓိမတ္တ ဿတိ, ဝီရိယတို့ကို ပြုပ်စေလျက် သားရဲမျိုးရှိ နောက်မှတစ်ကိုယ်စီက် လိုက်ရှာ

လာသည်ကို မြင်ရသော ယောဂျီး၏ ဝိရိယကဲ့သို့ ကိစ္စတပါး လပ်လျားမရှိ ထိုထိုသို့သော အာရုံ၌ ပျံ့လွင့်ခြင်း မရှိ, အလုံ့ဝိရိယဖြင့် မဆုတ်မနှစ် အားသစ်ကြိုးပမ်းတော်မူနိုင်ကြပါစေကုန်သတည်း။

ဒုတ္ထိသကာယဂတာသတိ ကမ္မဋ္ဌာန်း၌ သမထနည်း, ဝိပဿနာနည်း နှစ်ပါးတို့တွင် သမတနည်းကို ဤဆိုလတ္တံ့သော အစဉ်ဖြင့် ပွါးအပ်၏။

ဆံပင်၊ မွေးညှင်း၊ ခြေသည်း-လက်သည်း၊ သွား၊ အရေ။
အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို့။
နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်။
အူမ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်။
သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ။
မျက်ရည်၊ ဆီကြည်၊ ဝဲတွေး၊ နှပ်၊ အဓေး၊ ကျင်ငယ်။

ဤသို့ စက်ဆုပ်ရှုရှာဖွယ်သော သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသအစုတို့သည်သာလျှင် ဤကိုယ်ခန္ဓာဟောယ၌ ရှိကုန်၏[၂]။ ဤသုံးဆယ့်နှစ်ပါးသော အစုတို့သည် အဆင်းအားဖြင့်ရင်း၊ အနံ့အားဖြင့်ရင်း၊ သဏ္ဌာန်အားဖြင့်ရင်း၊ တည်ရာဖြစ်ရာအားဖြင့်ရင်း အလွန်လျှင် စက်ဆုပ် ရှုရှာဘွယ် ရှိကုန်၏။

ဤအတိုင်း နှုတ်ဖျား အာဂုံရအောင်ပြု၍ နှုတ်ဖြင့်လည်း ဖြည်းဖြည်းသက်သာရှတ်၊ နှုတ်ဖြင့်ရှတ်သည့်အတိုင်း စိတ်ဖြင့်လည်း အစဉ်လျှောက်၍ အောက်မေ့။

တနည်းလည်း ရှေးဦးစွာ ဆံပင်အခြင်းအရာကို စိတ်ဖြင့် အောက်မေ့ပြီးလျှင် ဆံပင်ထင်လာသည့်အခါ ဆံပင်ဟူ၍ နှုတ်ဖြင့်ရှတ်၊ ထို့နောင် မွေးညှင်းအခြင်းအရာကို စိတ်ဖြင့် အောက်မေ့၍ မွေးညှင်းထင်လာသည့်အခါ မွေးညှင်းဟူ၍ နှုတ်ဖြင့်ရှတ်၊ ဤသို့သောနည်းဖြင့် မုတ္တကောဋ္ဌာသတိုင်အောင် နှလုံးဖြင့် မျှော်ဦးစွာ အောက်မေ့၍ အောက်မေ့သည့်အတိုင်း ထင်လာသောအခါ နှုတ်ဖြင့်ရှတ်၍ လေးငါးခေါက် စသည်ပွါး။ တနည်းလည်း လေးရက် ငါးရက် စသည်ပွါး။

၁။ လပ်လျားခြင်းတာရှည်သည်၊ ကိစ္စတမါးဖြင့် မင်္ဂဇူတာရှည်မနေးဟု ဟူလို။
၂။ ၆-၁၊ နှ၁-၇၂။ ၆-၇၊ ရှ၁-၁၃၂။

ဤသို့ ဆိုအပ်ခဲ့ပြီးသည့်အတိုင်း နှလုံးဖြင့် ရှေးဦးစွာ အောက်မေ့ပြီးမှ နှုတ်ဖြင့် ရွတ်သော်သာလျှင် စိတ်ပ္ပါလွင့်ခြင်းမှ ကင်းနိုင်ကုသည်၊ နှလုံးဖြင့် မအောက်မေ့မီဘဲ နှုတ်ဖြင့် ရှေးဦးစွာ ရွတ်၍ ရွတ်၍ သွားလျှင် သတိမထင် နှလုံးမထား၊ နှုတ်ထက်သည့်အတိုင်းသာ ရွတ်မိဖန်မျှား၍ ကမ္မဋ္ဌာန်းမထင်နိုင်ဘဲ ရှိတတ်သည်။

ဤသို့ ဆိုခဲ့ပြီးသည့်အတိုင်း ကောင္မာသအစဉ်ကိုမျှ အတန်ဟန် အပြန်ပြန် ရွတ်ကာမျှဖြင့်လည်း ဥဿဒ္ဓိကသူ အတိ ဘိက္ခုပညာ ပ္ပါလ်ဖြစ်လျှင် ထိုဆံအစ ရှိသည်တို့၏ အဆင်း, အနံ့, သဏ္ဌာန်, ဖြစ်ရာတည်ရာတို့နှင့်တကွ ပဋိကူလသညာ ထင်သဖြင့် စျာန်, မဂ်, ဖိုလ်သို့ ရောက်သည်လည်း ရှိ၏။ ထိုသို့ ဥဿဒ္ဓိတညူပဂ္ဂိုလ် မဟုတ်သည်ဖြစ်၍ စျာန် မဂ် ဖိုလ်သို့ မရောက်တည့်သော်လည်း နောက်အကျယ် ဝိတ္ထာရဆင်ခြင်သောအခါ အခြေပကတူပဖြစ်စေခြင်းငှါ ၎င်းဆိုအပ်ခဲ့ပြီးသော သခ်ေပအစဉ်ကိုလည်း ရှေးဦးစွာ နှုတ်တက်အောင် ပ္ပါးမ္ပားအပ်သည်သာ လျှင်တည်း[၂]။

ကောင္မာသအစုကို အနုလောမ, ပဋိုလောမ ပ္ပါးမ္ပားပုံ

ထိုနောင် ဤဆိုလတ္တံ့သောနည်းဖြင့် ပ္ပါးအပ်၏။ အဘယ်ကဲ့သို့ ပ္ပါးအပ်သနည်းဟူမူကား—

ဆံပင်၊မွေးညှင်း၊ခြေသည်း-လက်သည်း၊ သွား၊ အရေပါး-အရေထူ။
အရေထူ-အရေပါး၊သွား၊ လက်သည်း-ခြေသည်း၊ မွေးညှင်း၊ ဆံပင်။
ဆံပင်၊မွေးညှင်း၊ ခြေသည်း-လက်သည်း၊ သွား၊ အရေပါး-အရေထူ၊
အသား၊အကြော၊အရိုး၊ရိုးတွင်း ခြင်ဆီ၊အညို့။
အညို့၊ရိုးတွင်း၊ခြင်ဆီ၊ အရိုး၊ အကြော၊ အသား၊အရေထူ-အရေပါး၊
သွား၊လက်သည်း-ခြေသည်း၊မွေးညှင်း၊ဆံပင်။

၁။ အကျဉ်းဟောကာမျှဖြင့် သစ္စာတရားတို့ကို ထိုးထွင်းသိမြင်နိုင်သည့် အလွန်ထက်သော ပညာရှိပုဂ္ဂိုလ်။

၂။ ဝိသုဒ္ဓိ၊ ၁၊ ၂၃၃။ အဘိ၊ဋီ၊ ၂၊ ၃၁၅။

ဆံပင်၊ မွေးညှင်း၊ ခြေသည်း-လက်သည်း၊ သွား၊အရေပါး-အရေထူ၊ အသား၊ အကြော၊ အရိုး၊ ခြင်ဆီ၊ အညှိ၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊အဆုတ်။

အဆုတ်၊ အဖျဉ်း၊ အမြှေး၊ အသည်း၊ နှလုံး၊ အညှိ၊ ခြင်ဆီ၊ အရိုး၊ အကြော၊ အသား၊ အရေထူ-အရေပါး၊ သွား၊ လက်သည်း-ခြေသည်း၊ မွေးညှင်း၊ဆံပင်။

ဆံပင်၊ မွေးညှင်း၊ ခြေသည်း-လက်သည်း၊ သွား၊ အရေပါး-အရေထူ၊ အသား၊အကြော၊ အရိုး၊ ခြင်ဆီ၊ အညှိ၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်။

ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ၊ အဆုတ်၊ အဖျဉ်း၊ အမြှေး၊ အသည်း၊ နှလုံး၊ အညှိ၊ ခြင်ဆီ၊ အရိုး၊ အကြော၊ အသား၊ အရေထူ အရေပါး၊ သွား၊ လက်သည်း-ခြေသည်း၊ မွေးညှင်း၊ ဆံပင်။

ဆံပင်၊ မွေးညှင်း၊ခြေသည်း-လက်သည်း၊ သွား၊ အရေပါး-အရေထူ၊ အသား၊ အကြော၊ အရိုး၊ ခြင်ဆီ၊ အညှိ၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ။

အဆီခဲ၊ ချွေး၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ၊ ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ၊ အဆုတ်၊ အဖျဉ်း၊ အမြှေး၊ အသည်း၊ နှလုံး၊ အညှိ၊ ခြင်ဆီ၊ အရိုး၊ အကြော၊ အသား၊ အရေထူ-အရေပါး၊ သွား၊ လက်သည်း-ခြေသည်း၊ မွေးညှင်း၊ ဆံပင်။

ဆံပင်၊ မွေးညှင်း၊ ခြေသည်း-လက်သည်း၊ သွား၊ အရေပါး-အရေထူ၊ အသား၊အကြော၊ အရိုး၊ ခြင်ဆီ၊ အညှိ၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အဝေး၊ ကျင်ယော်။

ကျွင်ယယ်၊ အစေး၊ နှပ်၊ တံတွေး၊ ဆီကြည်၊ မျက်ရည်၊ အဆီခဲ၊ ချွဲ၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ၊ ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ၊ အဆုတ်၊ အဖျဉ်း၊ အမြွေး၊ အသည်း၊ နှလုံး၊ အညှို့၊ ခြင်ဆီ၊ အရိုး၊ အကြောဝ၊ အသား၊ အရေထူ-အရေပါး၊ သွား၊ လက်သည်း-ခြေသည်း၊ မွေးညှင်း၊ ဆံပင်။

ဤ စက်ဆုပ်ဖွယ် ရှုံ့ရှာဖွယ် သုံးဆယ့်နှစ်ပါးသော ကောင်ဌာသ အစုတို့သည်သာလျှင် ဤကိုယ်ခန္ဓာကာယ၌ ရှိသည်ဖြစ်ကုန်၏။ ဤ သုံးဆယ့်နှစ်ပါးသော အစုကောင်ဌာသမှတပါး တစုံတခု ခန္ဓာကိုယ်ကာယ ဟူသည်မရှိ။ ဤသုံးဆယ့်နှစ်ပါးသော ကောင်ဌာသအစုတို့သည်လည်း တစုံတခု အဏုမြူမျှ တစုံတခုသော အခြင်းအရာမျှဖြင့် နှစ်သက်ဖွယ် မရှိကုန်။ အဆင်းအားဖြင့်ရင်း၊ အနံ့အားဖြင့်ရင်း၊ သဏ္ဌာန်အားဖြင့် ရင်း၊ ဖြစ်ကြောင်းဖြစ်ရာ အာသယအားဖြင့်ရင်း၊ တည်ရာ ဩကာသ အားဖြင့်ရင်း အလွန် စက်ဆုပ်ဖွယ် ရှုံ့ရှာဖွယ်သော ဤသုံးဆယ့်နှစ်ပါး သော ကောင်ဌာသအစုတို့သည်သာလျှင် ရှိသည်ဖြစ်ကုန်၏။

ဤအတိုင်း နှုတ်တက်အာဂုံပြု၍ အကြိမ်ကြိမ် အဖန်ဖန် နှုတ်ဖြင့်လည်း ရွတ်။ စိတ်ဖြင့်လည်း အောက်မေ့ဆင်ခြင်၍ ပွါးများအပ်ကုန်၏။

ဤအရာ၌လည်း ရှေးဆိုခဲ့ပြီးသည့်အတိုင်း စိတ်ဖြင့် ရေးရေးထင်အောင် အောက်မေ့ပြီးမှ နှုတ်ဖြင့်လိုက်၍ လိုက်၍ ရွတ်။ နှုတ်ဖြင့်ရွတ်သည့်အတိုင်းလည်း စိတ်ဖြင့် ရေးရေးထင်အောင် လိုက်၍ လိုက်၍ အောက်မေ့လေကုန်။

ပဋ္ဌိဘာဝ, ဥဂ္ဂဟ-နိမိတ်ထင်ရန် ပွါးများပုံ

ဤသို့ ဆိုခဲ့ပြီးသည့်အတိုင်း ကောင်ဌာသအစဉ်တို့ကို အနုလောမ ပဋ္ဌိလောမ အောက်မေ့ဖန်များသဖြင့်လည်း ထို ကောင်ဌာသအစုတို့၏ အဆင်း၊ အနံ့၊ သဏ္ဌာန်၊ ဖြစ်ကြောင်းဖြစ်ရာ၊ ဟည်ရာအားဖြင့် ပဋ္ဌိကူလသညာဟုဆိုအပ်သော

၁။ အဘိ၊ ၆ ၂၊ ၂၁၄-၅။ ဝိသုဒ္ဓိ ၁.၂၃၄-၅။

ပဋ္ဌိဘာဂနိမိတ်ထင်ခြင်းသို့ ရောက်၍ ထိုပဋ္ဌိဘာဂနိမိတ်ကို အာရုံပြု၍ ဆိုခဲ့ပြီး သောနည်းအတိုင်း အကြိမ်ကြိမ် အဖန်ဖန် ပွါးများသည်ရှိသော် အချို့သော တိက္ခပညာပုဂ္ဂိုလ်တို့အား စျာန်, မဂ်သို့ ရောက်သည်လည်း ရှိ၏။ ထိုသို့ပင် တရား အထူးသို့ မရောက်သော်လည်း ရှေးဆိုခဲ့ပြီးသည့်အပေါ်၌ နောင်အကျယ် နှလုံးသွင်းရာ ပွါးများရာ၌ တင်လွယ်စေခြင်းငှါ အခြေပကတူ ဖြစ်၏။ ထို့ကြောင့် တခုတခုချင်း ခွဲ၍ အကျယ်ဝိတ္ထာရ နှလုံးမသွင်းမီ ဤဆိုခဲ့ပြီးသည့်အတိုင်း အနုလောမ ပဋ္ဌိလောမနည်းကိုလည်း အတန်ငယ်ကာလကြာအောင် နှုတ်ဖြင့်လည်း ရွတ်အပ်၏။ စိတ်ဖြင့်လည်း ကောဌာသအစဉ် ရေးရေးထင်အောင် ဆင်ခြင်အပ် အောက်မေ့အပ် ပွါးများအပ်၏။ ဤသို့ ပွါးများအပ်သော အာရုံသည် ပရိကမ္မနိမိတ် မည်၏။

ထို့နောင်မှ ဤသို့ဆိုအပ်ခဲ့သည့်အတိုင်း အောက်မေ့ဖန်များသဖြင့် အကြင် ကောဌာသသည် ဥဂ္ဂဟနိမိတ် ပဋ္ဌိဘာဂနိမိတ်အားဖြင့် ထင်လွယ်မည့် အခြင်း အရာ အရိပ်ထင်၏။ ထိုထင်လွယ်မည့် အမြင်းအရာဒေါရိပ်ထင်သော ကောဌာသ ကို မှတ်၍ ရှေးဦးစွာ ဥဂ္ဂဟနိမိတ်တင်စေခြင်းငှါ ထိုကောဌာသ၏ အဆင်း၊ သဏ္ဌာန်၊ ဖြစ်ရာအရပ်ဌာန၊ တည်ရာ သြကာသ၊ ပိုင်းခြားရာ ပရိစ္ဆေဒတို့ကို မှတ်အပ်ကုန်၏။

ထိုငါးပါးသော အခြင်းအရာတို့ကို မှတ်၍ နှုတ်ဖြင့်ရွတ်ဆိုခြင်း စိတ်ဖြင့်နှလုံး သွင်းခြင်းကိုပြု၍ အကြိမ်ကြိမ် အဖန်ဖန် ပွါးများအပ်သည်ရှိသော် ထိုကော-ဌာသသည် ငါးပါးသော အခြင်းအရာတို့ဖြင့် သဘောအတိုင်း ထင်ခြင်းသို့ ရောက်၏။ ထိုအခါ ဥဂ္ဂဟနိမိတ်ထင်သည် မည်၏။ ထိုနိမိတ်ကို အဖန်ဖန် ဆင်ခြင်၍ အဆင်း၊ အနံ့၊ သဏ္ဌာန်၊ ဖြစ်ကြောင်း အာသယ၊ ဖြစ်ရာကည်ရာ သြကာသဟုဆိုအပ်သော ငါးပါးသောအခြင်းအရာတို့ဖြင့် ပဋ္ဌိကူလသညာထင် အောင် အဖန်ဖန်ပွါးများ၍ ပဋ္ဌိကူလသညာထင်သဖြင့် "ဤအရိုးစုဟူသည် လည်း သတ္တမဟုတ်၊ ဇီဝမဟုတ်၊ ရှုရှာဖွယ် စက်ဆုပ်ဖွယ် အစုသာလျှင် တည်း"ဟု သတ္တဇီဝါကာရပညတ်ကို လွန်သည်ရှိသော် ပဋ္ဌိဘာဂနိမိတ်ထင်သည် မည်၏။

ဤကဲ့သို့ပြု၍ ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ် မထင်နိုင်သည်ရှိသော် မထင်နိုင်လှသော် ၎င်းကောဌာသကိုလွှတ်၍ အစဉ်အတိုင်း အထက်ကောဌာသကို ရှေ့ပြောင်း၍ ဆိုခဲ့ပြီးသော နည်းအတိုင်း ဆင်ခြင်အပ်၏။ ဤသို့သော နည်းဖြင့် မထင်သည်ကိုလွှတ်၍ အထက် အထက်၌ အစဉ်အတိုင်းလိုက်၍ ဆင်ခြင်ရသည်ရှိသော် အကြင်ကောဌာသသည် တပါးသော ကောဌာသတို့ထက် ထင်ခြင်းသွေ့ရောက်၏။ ထိုကောဌာသကို မှတ်၍ မဲ့၍ မီးပွတ်သမား၏ အခိုးထရုံမျှနှင့် မရုပ်မဆိုင်း, မီးမရမချင်း ဓာတ်ဘည်းမဲ့သဖြင့် တခဲတည်းခဲသော ဝိရိယကဲ့သို့ အပွနာစျာန်သို့ မရောက်မချင်း ကိစ္စတပါး လပ်လျားဆိုင်းနေ မရှိစေဘဲ အမြဲအားထုတ်အပ်၏။ သို့မှ အပွနာစျာန်သို့ ရောက်နိုင်မည် မှတ်လေကုန်။

"မထင်သည်ကို လွှတ်၍ ထင်မည့် အခြင်းအရာရှိသော ကောဌာသကို မှတ်၍ အစဉ်အတိုင်း ဆင်ခြင်အပ်သည်"ဟူရာ၌ ကေသ ကောဌာသကစ၍ အလုံးစုံသော ကောဌာသတို့၌ အကျယ်ဝိတ္ထာရ ဆင်ခြင်ပုံ ဘာဝနာကရကို ဆိုခဲ့သော မန္ဒဗုဒ္ဓိတို့ မှတ်နိုင်ခဲမည်စိုးသောကြောင့်ရင်း၊ တစုံတခုသော ကောဌာသတွင် ပင်လျှင် အပွနာစျာန်သို့ ရောက်နိုင်သောကြောင့်ရင်း မျှားသောအားဖြင့် ခပ်သိမ်းသော ပုဂ္ဂိုလ်တို့အား ထင်လွယ်မည့် အခြင်းအရာရှိသော အဋ္ဌိကောဌာသ, အဋ္ဌိကောဌာသ, မတ္ထလုင်္ဂ်ကောဌာသကိုသာ ဤအရာ၌ ဥပလက္ခဏနည်းအားဖြင့် ပြပေအုံ့။

အဋ္ဌိကောဌာသ ကမ္မဋ္ဌာန်း ပွါးများပုံ

ထိုသုံးပါ.တို့တွင် အဋ္ဌိ ကောဌာသကမ္မဋ္ဌာန်းကို ပွါးများလိုသော သဒ္ဓါသမ္ပန္နကုလသုတ္တ[1] အမျိုးကောင်းသားသည် ရှေးဆိုခဲ့ပြီးသည့်အတိုင်း သုံးဆယ့်နှစ်ပါးသော ကောဌာသ အစဉ်ကို နှုတ်ဖွဲ့အာဂုံအရ ရှုရှုကြည့်အောင် ကောဌာသ အစဉ် ရေးရေးထင်အောင် လေးရက်၊ ငါးရက် စသည် ရှေးဦးစွာ ဝစသာ၊ မနသာ[2]၏ အစွမ်းအားဖြင့် အကြိမ်ကြိမ် အဖန်ဖန် သရဇ္ဈာယ် ပွါးများပြီးမှ

၁။ ၁။ အဘိ၊ဌ၊ ၂။ ၂၁၇။ ဝိသုဒ္ဓိ၊ ၁။ ၂၃၇။

၂။ သဒ္ဓါနှင့်ပြည့်စုံသော အမျိုးကောင်းသား။

၃။ ဝစသာ=နှုတ်ဖြင့် ရွတ်ဆိုခြင်း၊ မနသာ=စိတ်ဖြင့် အောက်မေ့ခြင်း။

အင်္ဂါ ကောင်္ဘာသ၏ ဥဂ္ဂဟနိမိတ် ထင်စေခြင်းငှါ ဤ ဆိုလတ္တံ့သောနည်းဖြင့် ပွါးအပ်၏။

ဤ ငါ၏ ခန္ဓာကိုယ် ရူပကာယဌာ် တစုံတခု အကုန်ပြုမျှ နှစ်သက်ဖွယ်ပြု၍ ရှုစကောင်းသော ဝတ္ထုသည် မရှိ။ ဤသို့ စက်ဆုပ်ဖွယ်သော အရိုးစုတို့သည် သာလျှင် ရှိသည် ဖြစ်ကုန်၏။ ဤခန္ဓာကိုယ်ကာယဌာ် ခြေဖမိုး၏ အတွင်းဌာ်ဝင်၍ တည်သော အရင်းအဆစ် အရိုးတို့နှင့်တကွ ခြေသန်းရိုး-၅၊ ခြေမရိုး-၆၊ အလယ်ခြေချောင်း သုံးခုရိုး ၇-ခုစီအားဖြင့် လက်ဝဲခြေရိုး-၃၂၊ လက္ခဏာခြေရိုး ၃၂၊ ပေါင်ခြေရိုး-၆၄-ခုတို့သည်လည်း ရှိသည်ဖြစ်ကုန်၏။ လက်ဝဲဗမ္ပက်ရိုး-၂၊ လက္ခဏာဗမ္ပက်ရိုး-၂၊ လက်ဝဲမြင်းခေါင်းရိုး-၂၊ လက္ခဏာမြင်းခေါင်းရိုး-၂၊ လက်ဝဲပုဆစ်ရိုး-၁၊ လက္ခဏာပုဆစ်ရိုး-၁၊ လက်ဝဲပေါင်ရိုး-၁၊ လက္ခဏာပေါင်ရိုး-၁၊ လက်ဝဲတင်သားရိုး-၁၊ လက္ခဏာတင်သားရိုး-၁ ၁။ ဤသို့သော စက်ဆုပ်ရွံ့ရှာဖွယ်သော အရိုးတို့သည်လည်း ရှိသည်ဖြစ်ကုန်၏။ လက်ဝဲလက္ခဏာ–ခါးရိုး-၂၊ ကျောက်ဆစ်ရိုး-၁၈၊ လက်ဝဲလက္ခဏာနံပါးရိုး-၂၄၊ လက်ဝဲလက္ခဏာရင်ရိုး-၁၄၊ နှလုံးရိုး-၁၊ လက်ဝဲလက္ခဏာညှပ်ရိုး-၂၊ ကျောက်ကပ်ရိုး-၂၊ လက်ဝဲလက္ခဏာ မောင်းရင်းရိုး-၂၊ လက်ဝဲလက္ခဏာမောင်းဖျားရိုး-၄၊ လက်ဝဲလက္ခဏာ လက်ဝဖျောင်းရိုး-၆၄၊ လည်ရိုး-၇၊ အောက်မေးရိုး, အထက်မေးရိုးအားဖြင့် မေးရိုး-၂၊ နှာခေါင်းရိုး-၁၊ မျက်ကွင်းရိုး-၁၊ နှားရိုး-၂၊ နဖူးရိုး-၁၊ ထိပ်ရိုး-၁၊ ၎င်းနဖူးရိုး, ထိပ်ရိုးတို့အထက် ဦးခွံဟု ဆိုအပ်သော ခေါင်းခွံရိုး-၉။ အလုံးစုံသော ကိုယ်၏ အတွင်းသားဌာ်တည်သော အရိုးနှ-၆၄။ဤသို့သော (၃၀၀)သော အရိုးစုတို့သည် ရှိသည် ဖြစ်ကုန်၏၂။

အရိုးတို့ကို ဥပမာသဏ္ဌာန်အားဖြင့် ပြခြင်း

သဏ္ဌာနဝဝတ္ထာန။ ။ ဤသို့သော ၃၀၀- သော အရိုးတို့သည် ခရုသင်း အဆင်းကဲ့သို့ အလွန်ဖြူလွန်းသော အဆင်း ရှိကုန်၏။ သဏ္ဌာန်အားဖြင့်ကား

၁။ အဘိ၊ ဌ၊ ၂။ ၂၂၆။ ဝိသုဒ္ဓိ၊ ပ။ ၂၄၅-တို့ဌ် တင်သားရိုးမပါ။ ဖနောင့်ရိုးသာ ပါ၏။ ဤစာရင်းဌ် ဖနောင့်ရိုးမပါ။

၂။ ပရမတ္ထသရူပဒဘ်ဒနီ၊ ဒု၊ ၃၀၇-ကြည့်။

ခြေချောင်းတို့၏ အဖျားအဆုံး အဆစ်ရိုးတို့သည် အရင်းအဖျား စဉ်းငယ် ကြီးကြီး အလယ် စဉ်းငယ် ခွက်ခွက် ခပေါင်းရေကြည်စေ့သဏ္ဌာန် ရှိကုန်၏။

ဒုတိယခြေချောင်း အဆစ်ရိုးတို့သည် ပိန်ခဲ့စေ့သဏ္ဌာန် ရှိကုန်၏။

တတိယအဆစ်ရိုးတို့သည် ထက်စည်သဏ္ဌာန် ရှိကုန်၏။

စတုတ္ထအဆစ်ရိုးတို့သည် ပတိုင်းခတ္တာဝုံကို အဝုံအဖျားခ၌ ခေါင်းငယ်ဖြင့် လှိုးမ၍ ထားအပ်သော အဖျားပြတ်သဏ္ဌာန် ရှိကုန်၏။

ပဉ္စမအဆစ်ရိုးတို့သည် ပတိုင်းခတ္တာဝုံကို အရင်းဝုံးခ၌ တချက်, အဖျားဆုံးခ၌ တချက် ခေါင်းငယ်ဖြင့် လှိုးဖြတ်မ၍ ထားအပ်သော အလယ်အပြတ်သဏ္ဌာန် ရှိကုန်၏။

ဆဋ္ဌအဆစ်ရိုးတို့သည် ပတိုင်း ခတ္တာဝုံ၏ အညွှာရင်းခ၌ ခေါင်းငယ်ဖြင့် လှိုးဖြတ်အပ်သော အရင်းအပြတ်သဏ္ဌာန် ရှိကုန်၏။

သတ္တမအဆစ်ရိုးတို့သည်လည်း ဆဋ္ဌအဆစ်ရိုးနှင့် အလားတူ သဏ္ဌာန် ရှိကုန်၏။

ဖနောင့်ရိုး[1]တို့သည် တစေ့သာရှိသော ထန်းသီးစေ့ကောက်၏ ထန်းသီးမှုတ် သဏ္ဌာန် ရှိကုန်၏။

ဖမျက်ရိုးတို့သည် သူငယ်တို့ ကစားသော ကျင်လုံး နှစ်လုံးပြွတ်သဏ္ဌာန် ရှိကုန်၏။

မြင်းခေါင်းရိုးတို့၏ အမျက်ရိုးတို့၌ တည်ရာအရပ်သည် အလယ်ခွက်ခွက် တဖက်တချက် အဖျားရှည်ရှည် အခွံသင်၍ ထားအပ်သော သင်ပေါင်းညှောက် သဏ္ဌာန် ရှိကုန်၏။

ငယ်သော မြင်းခေါင်းရိုးတို့သည် လေးကိုင်းသဏ္ဌာန်ရှိကုန်၏။

ကြီးသော မြင်းခေါင်းရိုးတို့သည် ပိန်ချုံးသောမြွေ၏ ကျောက်ကုန်းသဏ္ဌာန် ရှိကုန်၏။

၁။ ဤကျမ်း နှာ-၇၊ အရိုးသုံးရာ ရေတွက်ချက်၌ ဖနောင့်ရိုးမပါ။

ပုဆစ်ရိုးတို့သည် အပေါ်မောက်မောက် အောက်ခွက်ခွက် တဖက်တပိုင်း ကုန်ခန်းသော အပေါက်ပေါက် အတွင်းတွင်းရှိသော ချေမြုပ်သဏ္ဌာန်ရှိကုန်၏။

မြင်းခေါင်းရိုးတို့၏ ပုဆစ်မှိုးတို့၌ တည်ရာအရပ်သည် အလယ်ခွက်ခွက် နံပါး နှစ်ပက်စွန်းရှည်ရှည် နှားဦးချိုနှစ်ခုသဏ္ဌာန် ရှိကုန်၏။

ပေါင်ရိုးတို့သည် တ စာင်း လိမ်ရှည်ရှည် ထားအပ်သော ပုဆိန်ရိုးတို့ သဏ္ဌာန်ရှိကုန်၏။

ထိုပေါင်ရိုးတို့၏ ခါးရိုး၌ တည်ရာအရပ်သည် သူငယ်တို့ ကစားအပ်သော ခုံညင်းသဏ္ဌာန် လုံးလုံးဝန်းဝန်းရှိ၏။

ထိုခါးရိုးတို့၏ ထိုပေါင်ရိုးတို့၌ တည်ရာ အရပ်သည် မျက်နှာဝကို ဖြတ်၍ ထားအပ်သော ပုန်းညက်သီးကြီး သဏ္ဌာန်ရှိ၏။

ထိုခါးရိုးဟို့၏ နှစ်ခုပေါင်းသော သဏ္ဌာန်သည် အိုးထိန်းသည်တို့၏ ခုံ လောက်သဏ္ဌာန်ရှိ၏။ တခုချင်း တည်သည်ရှိသော် ပန်းပဲသူကြီးတို့၏ တူ၌ ဖွဲ့သော သားရေလွန်ကြီး သဏ္ဌာန်ရှိ၏။

အစွန်း၌တည်သော ဝင်သား ရိုးတို့သည် အောက်သို့ ရှေ့ရှုတည်သော မြွေ၏ ပါးပျဉ်းသဏ္ဌာန်ရှိကုန်၏။

ကျောက်ကုန်းရိုး အတွင်းသဏ္ဌာန်သည် ဦးရစ်ခေါင်းပေါင်းကို အဆင့်ဆင့် အခွေခွေချစ်၍ ထားအပ်သော သဏ္ဌာန်ရှိ၏။

ပြင်ဖက်နံပါး နှစ်ခုတို့ တဖက်တချက်သည် ပုတီးရှဲလုံးကို စီ၍ ထားသကဲ့ သို့သော သဏ္ဌာန်ရှိကုန်၏။

ထိုကျောက်ဆစ်ရိုးတို့၏ အကြားအကြား၌လည်း လွှသွားကဲ့သို့သော အရိုး ဆူးတို့သည်လည်း ရှိကုန်၏။

နှစ်ဆယ့်လေးခုသော နံပါးရိုးတို့သည် တချောင်းစီ တချောင်းစီ တည့်သည် ရှိသော် သန်လျက်သဏ္ဌာန်ရှိကုန်၏။ အပေါင်းအလုံးစုံတို့၏ သဏ္ဌာန်သည် အတောင်ကို ဖြန့်၍တည်သော ကြက်ဖြူ၏ အတောင်နှစ်ဖက်သဏ္ဌာန်ရှိကုန်၏။

ရင်ရိုးတို့သည် လှည်းအိုရုံတိုင်သဏ္ဌာန်ရှိကုန်၏။

နှလုံးရိုးသည် ယောင်းမရှက်သဏ္ဌာန် ရှိ၏။

ညှပ်ရိုးတို့သည် ပဲခွပ်ငယ်ရိုးကဲ့သို့ ရှည်ရှည်ကော့ကော့သဏ္ဌာန်ရှိကုန်၏။

ကျောက်ကပ်ရိုးတို့သည် တဆောင်းတခြမ်းတို၍ ခွက်ရှိသွားသော တူရွင်းဖျားသဏ္ဌာန်ရှိကုန်၏။

မောင်းရင်းရိုးတို့သည် ကြေးမုံရိုးကဲ့သို့ အရင်းကြီးကြီး အဖျားစဉ်းငယ် သေးသေး အလယ်ညွှတ်ညွှတ် သဏ္ဌာန်ရှိကုန်၏။

မောင်းဖျားရိုးနှစ်မြှောတို့သည် ထန်းမြစ်နှစ်မြှောသဏ္ဌာန်ရှိကုန်၏။

လက်ကောက်ဝတ်ရိုးတို့သည် တဖက်မှတယ်စေ၍ တဖက်မှမြှောက်၍ထားအပ်သော ဦးရစ်ခေါင်းပေါင်းခွေ သဏ္ဌာန် ရှိကုန်၏။

လက်ဆစ်ရိုးတို့သည် ခြေဆစ်ရိုးတို့ထက် စဉ်းငယ်ရှည်ရှည် ခြေဆစ်ရိုးတို့အောက် စဉ်းငယ်သေးသေးအသွင်ရှိသည်ဖြစ်၍ ခြေဆစ်ရိုးတို့နှင့် စဉ်းငယ် တူသော သဏ္ဌာန်ရှိကုန်၏။

လည်ဆစ်ရိုး ခုနစ်ခုတို့သည် ဝါးခြမ်းစိတ် လုံတံဖြင့် အစဉ်အတိုင်း ထိုး၍ သီထားအပ်သော ဝါးမျှစ်ကွင်း ခုနစ်လွှာသဏ္ဌာန်ရှိကုန်၏။

အောက်မေးရိုးသည် ပန်းပဲသူကြီးတို့၏ တူဥမ္ဇဲသော လွန်ကြိုးသဏ္ဌာန်ရှိ၏။

အထက်မေးရိုးသည် လက်သည်းလိုးဓားငယ်ကဲ့သို့ ကုန်းညွှတ်သောသဏ္ဌာန် ရှိ၏။

နှာခေါင်းရိုးသည် ထန်းသီးငယ်၌ အတွင်းအဆန်ကို ယူ၍ထားအပ်သော ထန်းသီးဆန်အိမ် သဏ္ဌာန်ရှိ၏။

မျက်ကွင်းရိုးတို့သည် ထန်းသီးကြီး၌ အတွင်းအဆန်ကို ယူ၍ထားအပ်သော ထန်းသီးဆန်အိမ် သဏ္ဌာန်ရှိကုန်၏။

နဖူးရိုးသည် အောက်သို့မှောက်၍ ထားအပ်သော ခရုသင်းခွက်သဏ္ဌာန် ရှိ၏။

နားပန်စွန်းရိုးတို့သည် ဆတ္တာသည်တို့၏ သင်တုန်းအိမ်ကဲ့သို့ ပြားပြားခုံးခုံး သဏ္ဌာန်ရှိကုန်၏။

နဖူးရိုး၏ပြင်ဘက် နားပန်စွန်းရိုးတို့၏ အထက်ဌာတည်သော နားထင်ရိုးတို့သည် ညောင်ရေအိုးငယ် ထက်ခြမ်းခဲသဏ္ဌာန်ရှိကုန်၏။

ရင်း နားထင်ရိုးနှင့်တကွ တစပ်ထည်းတည်သော ထိပ်ရိုးသည် မျက်နှာဝကို ဖြတ်၍ထားအပ်သော အုန်းသီးသဏ္ဌာန်ရှိ၏။

ဆံပင်တို့၏ ပေါက်ရာတည်ရာ ဦးခေါင်းခုံဟုဆိုအပ်သော တခေါင်းလုံး၏ အထက်ခေါင်းခုံရိုးတို့သည် ရှစ်စိတ် ကိုးစိတ်ကဲ့သဖြင့် ချုပ်စပ်၍ထားအပ်သော အက်ရာ အရေးအကြောင်းထင်သော ဗူးအုန်းသဏ္ဌာန်ရှိကုန်၏[1]။

ဤအလုံးစုံကို ပေါင်းသော အရိုးကောင်သည် ကြိမ်နှယ်တို့ဖြင့် ရစ်ဆိုင်းမ်ထားအပ်သော နှားချေးစိုတို့ဖြင့် မွမ်းမံအပ်သော ကောက်ရိုးရုပ် သစ်သားရုပ်သဏ္ဌာန်ရှိ၏။

ဒီသာဝဝတ္ထာန စသည်ကိုပြဆိုခြင်း

၁။ ဒီသာဝဝတ္ထာန။ ။ဤ ၃၀၀-သော အရိုးတို့သည် အထက်ကိုယ်အရပ် အောက်ကိုယ်အရပ်ဟု ဆိုအပ်သော အလုံးစုံသော ကိုယ်အရပ်ဌဖြစ်၏။

၂။ ဩကာသဝဝတ္ထာန။ ။ဦးခေါင်းရိုးတို့သည် လည်ရိုးဌ တည်ကုန်၏။ လည်ရိုးတို့သည် ကျောက်ကုန်းရိုးတို့ဌ တည်ကုန်၏။ ကျောက်ကုန်းရိုးတို့သည် ခါးရိုးဌ တည်ကုန်၏။ ခါးရိုးသည် ပေါင်ရိုးဌ တည်ကုန်၏။ ပေါင်ရိုးတို့သည် မြင်းခေါင်းရိုးတို့ဌတည်ကုန်၏။ မြင်းခေါင်းရိုးတို့သည် ဖမျက်ရိုးတို့ဌတည်ကုန်၏။ ကြွင်းသော အရိုးတို့သည် အချင်းချင်း သဘောတူရာ အရိုးအသားတို့ကိုမှီ၍ တည်ကုန်၏[2]။

---

[1] အဘိ၊ဌ၊ ၂-၂၂၇။ ဝိသုဒ္ဓိ၊ ၁-၂၄၇။ ပရမတ္ထသရูပဘေဒနီ၊ ဒု၊၃၀၈-၉။

[2] အဘို၊ဌ၊ ၂။ ၂၂၇။ ဝိသုဒ္ဓိ၊ ၁၊ ၂၄၇။

၃။ ပရိစ္ဆေဒဝဝတ္ထာန။ ။အောက်အတွင်းဌ ဦးနှောက်၊ အထက်ပြင်ဘက်အရပ်ဌ အသားအသွေးတို့ဖြင့် ထုံမှုမ်းအပ်သော အလယ်အတွင်းဌ ခြင်ဆီအစေးတို့ဖြင့် သွန်းလုပ်အပ်သောဦးခေါင်းရိုးတို့သည် ထိုဦးနှောက်အစရှိသော ကောဋ္ဌာသတို့နှင့်ရောနှောပေါင်းယှက်ခြင်းမရှိ။ မိမိဦးခေါင်းရိုးချင်းတို့သည်လည်း တခုသည် တခုနှင့်ပေါင်းယှက်ရောနှောခြင်းမရှိ၊ အစိတ်စိတ် အမြှာမြှာ တခုစီတခြားစီဖြစ်၍ တည်ကုန်၏။ အောက်အတွင်းဌ သလိပ်ပုပ်၊ အပေါ်ပြင်ပအရပ်ဌ အသွေးပုပ်၊ အသားပုပ် အစရှိသည်တို့ဖြင့် မှုမ်းမံအပ်သောအလယ်ဌ ခြင်ဆီပုပ်၊ အစေးပုပ်တို့ဖြင့်ပြည့်သော နံရိုး၊ ရင်ရိုး၊ ကျောရိုးတို့သည် ထိုသလိပ်ပုပ် အစရှိသည်တို့နှင့် ရင်း၊ မိမိတို့ချင်းရင်း တပါးသည် တပါးနှင့် ရောနှောပေါင်းယှက်ခြင်းမရှိ၊ တလုံးတခဲတည်းမဟုတ်၊အသီးအသီး အစုတ်စုတ် အပြတ်ပြက် အစပ်စပ် အဖာဖာ မျှားစွာသော အရိုးဆက်တစုဖြစ်၍ တည်ကုန်၏။ အတွင်းအရပ်ဌ ခြင်ဆီပုပ်၊ အစေးပုပ်၊ ပြင်ပအရပ်ဌ အသားပုပ်၊ အသွေးပုပ် အစရှိသည်တို့ဖြင့် မှုမ်းမံအပ်သော အလုံးစုံသော ပေါင်ရိုး၊ ခြေရိုး၊ လက်ရိုး အစရှိသည်တို့သည် ထိုအသား၊ အသွေး အစရှိသည်တို့နှင့်ရင်း၊ မိမိတို့ချင်းရင်း တလုံးတခဲတည်း တည်သောမည်သည် မရှိ။ အသီးအသီး အစိတ်အစိတ်အမြှာမြှာ မျှားစွာသော အရိုးဆက်အစုံဖြစ်၍သာ တည်ကုန်၏။ ဤအလုံးစုံသော ၃၀၀-သောအရိုးတို့သည် ဆံပင်၊ မွေးညှင်း၊ ခြေသည်း - လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ ရိုးတွင်းခြင်ဆီ၊ အညှို အစရှိသော ၃၁ ပါးသော ကောဋ္ဌာသအစုတို့၏ အတွင်းဌ တည်လျက် ထိုဆံအစရှိသော ၃၁ ပါးသောကောဋ္ဌာသ အစုတို့၏ အတွင်းဌ တည်လျက် ထိုဆံ အစရှိသော ၃၁-ပါးသော ကောဋ္ဌာသတို့နှင့် မရောမယှက် အခွံအခေါက်တို့ဖြင့် ဖုံးအုပ်သော သစ်သားစိုက်သို့ ထိုဆံအစရှိသည်တို့မှ အသီးအခြား တခုသော ကောဋ္ဌာသအစုဖြစ်၍ တည်ကုန်၏[1]။

၄။ ပညတ္တိသမတိက္ကမ။ ။ဤအတိုင်းနှုတ်တက်အာဂုံရအောင်ပြု၍ နှုတ်ဖြင့်လည်းရွတ်, စိတ်ဖြင့်လည်းမှတ်၊ နှုတ်ဖြင့် ရွတ်ခြင်းသည် စိတ်ဖြင့် မှတ်သားခြင်း အားထင်လှုယ်စေခြင်း စိတ်ဖြင့်မှတ်ခြင်းသည် ဥဂ္ဂဟနိမိတ်ထင်ခြင်းအကျိုးရှိ၏။ ဤသို့ ဆိုခဲ့ပြီးသည်အဘိုင်း စိတ်ဖြင့်မှတ်၍ နှုတ်ဖြင့်ရွတ်၍ ပွါးအပ်သော

---

[1] အဘိ၊ ၆၊ ၂။ ၂၂၇။ ဝိသုဒ္ဓိ၊ ၁၊ ၂၄၇-တို့၌ အကျဉ်းသာပြသည်။

ဘာဝနာသည် ပရိကမ္မဘာဝနာ မည်၏။ ဤသို့ ပွါးဖန်များသဖြင့် အရိုးစု၏ အဆင်း သဏ္ဌာန်အစရှိသော ဆိုအပ်ခဲ့ပြီးသော ငါးပါးသောအခြင်းအရာတို့ဖြင့် ယထာသဘာဝ အတိုင်း စက္ခုဝိညာဏ်ဖြင့်မြင်သကဲ့သို့ မနောဒ္ဒါရဒ္ဒါ ရေးရေး ဇာပ်ဘပ် ထင်၏။ သို့အခါ ဥဂ္ဂဟနိမိတ်ထင်ပြီမှတ်။ ထိုဥဂ္ဂဟနိမိတ်ထင်သည်မှစ၍ ပဋ္ဌိဘာဂ နိမိတ်ထင်စေခြင်းငှါ ဤဆိုလတ္တံ့သောနည်းဖြင့် ပွါးအပ်၏။

ဆိုအပ်ခဲ့ပြီးသည်အတိုင်း အဆင်းသဏ္ဌာန်၊ အနံ့ ဖြစ်ကြောင်း အာသယ၊ ဖြစ်ရာ ဩကာသအားဖြင့် စက်ဆုပ် ခံ့ရှာဖွယ်ရှိသော ဤ ၃၁ ပုံသော အရိုးတို့၏ အခြင်းအရာတို့ကို စိတ်ဖြင့်မှတ်၍ "ဣမသ္မိं ကာယေ ဣမံ အဋ္ဌိ နာမ ဝဏ္ဏတောပိ ဂန္ဓတောပိ သဏ္ဌာနတောပိ အာသယတောပိ ဩကာသတောပိ အသုဘံ ဇေဂုစ္ဆံ ပဋိကူလံ" ဤအတိုင်းနှုတ်ဖြင့်လည်းရွတ်၊ စိတ်ဖြင့်လည်း နှလုံးထားလေကုန်။ နာတိသီဃ နာတိသဏိက-မလျင်လွန်း မနှေးလွန်း ရွတ်ဖတ်သရဇ္ဈာယ် ဆင်ခြင်အောက်မေ့သည်ရှိသော် ထိုအဋ္ဌိကောဋ္ဌာသ၏ ဝဏ္ဏ၊ ဂန္ဓ အစရှိသော ငါးပါးသော အခြင်းအရာတို့ဖြင့် ပဋိကူလသညာထင်လတ္တံ့။ ထိုသို့ထင်သည်မှစ၍ ဤဆိုလတ္တံ့သောနည်းဖြင့် ဆင်ခြင်အောက်မေ့အပ်၏။

ဣမသ္မိं ကာယေ ဣမံ အဋ္ဌိ နာမ ပါဠိယေဏ္ဏော ကောဋ္ဌာသော နိဿတ္တော နိဗ္ဗိဒေါ သုညော အစေတနော ပဋိကူလောယေဝ[1]။

ဤအတိုင်းနှုတ်ဖြင့်လည်းရွတ်၊ စိတ်ဖြင့်လည်းအဓိပ္ပါယ်နှင့်တကွ အောက်မေ့လေကုန်။

ဤသည်အတိုင်း မနှေးမလျင် ဆင်ခြင် အောက်မေ့ဖန် များသည် ရှိသော် ထိုအဋ္ဌိကောဋ္ဌာသ၏ ဆံအစရှိသော ကြွင်းသော သုံးဆယ့် တပါးသော

၁။ မိမိသဘောအတိုင်း။

၂။ ဤ ကိုယ်ဌ ဤအရိုးမည်သည် အဆင်းအားဖြင့်ရင်း၊ အနံ့အားဖြင့်ရင်း၊ သဏ္ဌာန်အားဖြင့်ရင်း၊ ဖြစ်ကြောင်းအားဖြင့်ရင်း၊ တည်ရာအားဖြင့်ရင်း မတင့်တယ်၊ စက်ဆုပ်ခံ့ရှာဖွယ်တည်း။ အဘိ၊ ဌ၊ ၂။ ၂၃၆။ ဝိသုဒ္ဓိ၊ ၁၊ ၂၅၆။ ပရမတ္ထသရူပဘေဒနီ ဒု၊ ၃၁၅-ကြည့်။

၃။ ငါ၏ ဤကိုယ်ဌ ဤ အရိုးမည်သည် သီးခြားတစုတည်း၊ သတ္တဝါမဟုတ်သော ဗာသက်မဟုတ်သော အနှစ်သုဉ်းမသော ဗာသီဇိတ်မရှိသော ခံ့ရှာဖွယ်သာတည်း။

ကောင္ဘာသမ္ဘာပါး အသီးအခြား၏အဖြစ် တလုံးတခဲတည်း မဟုတ်သည်၏ အဖြစ်၊သတ္တဝီဝ မဟုတ်သည်၏အဖြစ်၊အရိုးဟူ၍ပင် ထင်ရှားမရှိ,စင်စစ်ဖမ်းဖြင့် အလွန်ဆက်ဆုပ်ရှုံ့ရှာဘွယ်သော ဝတ္ထုသည်သာလျှင်တည်းဟု နှလုံးသွင်းဆင်ခြင်မိသော အဖြစ်သည် ဖြစ်၏။ ပညတ္တိသမတိက္ကမ ထိုအခါ ပဋ္ဌိဘာဂနိမိတ် သန့်ရှင်းခြင်းသို့ရောက်၏။

ဤသို့ အထပ်ထပ်ဆင်ခြင်သဖြင့် အပ္ပနာစျာန်သို့ ရောက်လေ၏။ ထိုအပ္ပနာစျာန်သို့ရောက်သည်ရှိသော် ထိုသို့ရောက်အပ်သောစျာန်ကိုရင်း၊ထိုမှတပါးသော ဘဝဘုမ္မကသခါရတရား၂ကိုရင်း လက္ခဏာရေးသုံးပါးသို့ဝင်၍ ဆင်ခြင်ပွါးများအပ်၏။ ထိုနောင်မှ ဝိပဿနာဆယ်ပါး အစဉ်အတိုင်းဖြစ်၍ လောကုတ္တရာ အပ္ပနာသို့ ရောက်လတ္တံ့၊ ဤပဋ္ဌိဘာဂနိမိတ်ထင်သည်မှစ၍ အထက်လောကီ လောကုတ္တရာအပ္ပနာ ၂တက်ရာသောနည်းကို နောက်၌ အကျယ်ဆိုဦးလတ္တံ့။

ပဋ္ဌိဘာဂနိမိတ်ထင်ရန် ကမ္မဋ္ဌာန်းကို တနည်းပွါးများပုံ

တနည်းလည်း ပဋ္ဌိဘာဂနိမိတ်ထင်စေခြင်းငှါ ဤဆိုလတ္တံ့သောနည်းဖြင့် အကျယ်ပွါးများအပ်၏။

ဤကိုယ်ခန္ဓာရူပကာယ၌ ဤ ၃၀၀·သော အရိုးဆက်တို့သည် အဆင်းအားဖြင့် ခရုသင်းစွဲသောသူကဲ့သို့ အလွန်ဖြူလွန်းသော သုသာန်တစပြင်၌ ပစ်ထားအပ်သော အသား အကြော ကုန်ခန်းပြီးသော လူသေကောင်၏ အရိုးနှင့် မထူးမခြားအလားတူ မြင်ကာမတ္တဖြင့်ပင် အလွန်ကြောက်မက်ဖွယ် ရှုံ့ရှာဘွယ် စက်ဆုပ်ဘွယ်သော အဆင်းရှိကုန်၏။

အနံ့အားဖြင့်လည်း အလွန်နံစော်သော အမိုဝမ်းတွင်း၌ ကိုးလ ဆယ်လ ပတ်လုံး အလွန်နံစော်သော အပုပ်နံ့တို့ဖြင့် ထုံလျက် အလွန်နံစော်သော အသားအသွေး ကျင်ကြီး ကျင်ငယ် အစရှိသည်တို့ဖြင့် အခါခပ်သိမ်း ထုံမှုမ်း

၁။ သတ္တဝါ၊ အသက်၊ အရိုး ဟူသော ပညတ်ကိုလွန်ခြင်း။

၂။ ဘုံသုံးပါးနှင့်ပြစ်သော အပြုပြင်စံမှုများ (လေးကိုခန္ဓာငါးပါး)

လျက် အမိဝမ်းတွင်းမှစ၍ ယနေ့ထက်တိုင် တရံတဆစ် မဆေးမကြော မသုတ် သင်ရသူးသည်ဖြစ်၍ အလွန်နံစော်သော ညှီဟောင်သော့အနံ့ရှိကုန်၏။

သဏ္ဌာန်အားဖြင့်လည်း ခွေး မြေခွေး ကျီး လင်းတတို့သည် ကိုက်ခဲ၍ ကုန်ပြီးသော အသားအကြောရှိသော အသွေးပုပ် ကျင်ကြီး ကျင်ငယ်တို့၏ အတွင်းဌာ် စက်ဆုပ်ဖွယ်နှစ်၍ တည်သော လူသေကောင်၏အရိုးနှင့် မထူး မခြား အလားတူ အလွန်စက်ဆုပ်ဖွယ်သော သဏ္ဌာန် ရှိကုန်၏။

အာသယ အားဖြင့်လည်း စက်ဆုပ်ဖွယ်သော အသားအသွေး အစာ ဟောင်း အစာသစ်အစရှိသော ကောဋ္ဌာသတို့၏ အဒ္ဓတ္တာဟာရ[1] ဗဟိဒ္ဓ အာဟာရ[2] တို့ကို စွဲမှီ၍ဖြစ်ရာသောကြောင့် တစီးတွင်း တစီးပွက်ဌာ် ပေါက် ရောက်သော သစ်ပင်နွယ်ကဲ့သို့ စက်ဆုပ်ဖွယ် ရှုံ့ရှာဖွယ်ဖြစ်သော ဖြစ်ကြောင်း အာသယ ရှိကုန်၏။

ဖြစ်ရာ သြကာသ အားဖြင့်လည်း ဆံအစရှိသော သုံးဆယ့်တပါးသော ကောဋ္ဌာသတို့၏ စုဝေးရာအရပ်ဌာ် ထိုသုံးဆယ့်တပါးသော ကောဋ္ဌာသတို့ဖြင့် အထက် အောက် အတွင်းဒေ သြင် ,မှမ်းပံ့အပ်သည်ဖြစ်၍ ဒွန်းစက္ကားတို့၏ ရှာ တံခါး၀ တစီးပွက်၏ အတွင်းဌာ် နစ်ရှိတည်သော သစ်သားလှံတံကဲ့သို့ စက်ဆုပ် ရှုံ့ရှာဖွယ်သော ဖြစ်ရာ သြကာသ ရှိကုန်၏။

ဤသို့သောနည်းဖြင့် ဤ ၃၀၀-သောအရိုးစုတို့သည် အဆင်းအားဖြင့်ရင်း၊ အနံ့အားဖြင့်ရင်း၊ သဏ္ဌာန်အားဖြင့်ရင်း၊ ဖြစ်ကြောင်းအာသယအားဖြင့်ရင်း၊ တည်ရာသြကာသအားဖြင့်လည်းကောင်း အလွန်စက်ဆုပ်ဖွယ် ရှုံ့ရှာဖွယ်ရှိကုန်၏။

ဤအရိုးစုတို့သည်လည်း စားတတ် သွားတတ် စကားဆိုတတ်သော ပုဂ္ဂိုလ် သတ္တ၀ါမဟုတ်၊ အသေကောင်အရိုးနှင့်ရင်း၊ သစ်သားရုပ် အရိုးရုပ်တို့နှင့်ရင်း မထူးမခြား အလားတူစွာသာ ဖြစ်၏။ စင်စစ်အားဖြင့် အရိုးစုဟူ၍ပင် ထင်

၁။ အတွင်းအာဟာရ။ ၂။ ပြင်ပအာဟာရ။

၃။ မစင်တွင်း မစင်ပွက် ဆေးရေတွင်း ဆေးရေပွက် (၀စ္စကုဋိ)ကို တစီးတွင်းဟု ဆိုလတ္တံ့။

ရှားခြင်း မရှိ၊ နိဿတ္တ နိဗ္ဗိုဝ ဇေဂုစ္ဆ ပဋိကူလဖြစ်သော သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသတို့၏ အတွင်း၌ နိဿတ္တ နိဗ္ဗိုဝ ဇေဂုစ္ဆ ပဋိကူလဖြစ်သော တခုသော အသီးသော ကောဋ္ဌာသအစုမျှသာလျှင်တည်း။ အသီးသော စက်ဆုပ်ဖွယ်သော ကောဋ္ဌာသအစုမျှသာလျှင်တည်း။

ဤအတိုင်း နှုတ်တက်အာဂုံပြု၍ နှလုံးသွင်းအပ် ဆင်ခြင်အပ်၏။ ဤသို့ ဆင်ခြင်ဖန်များသဖြင့် အကြင်အခါ သုသာန်တစ သင်းချိုင်းစဉ် ပစ်ထားအပ်သော အရိုးစုနှင့် မထူးမခြား ရှုံ့ရှာဖွယ်ထင်လာ၏၊ ထိုအခါ ပဋိဘာဂနိမိတ် ထင်သည်ဟူ၍မှတ်။

ထိုနောင်မှ ၎င်းလူသေကောင်တို့၏အရိုးကို မိမိကိုယ်ထည်း၌ သွင်းမှတ်ရသကဲ့သို့ဝင်း၊ လူသေတို့၏ ဦးခေါင်းရိုးကို မိမိဦးခေါင်းရေအတွင်း၌ သွင်းမှတ်ရသကဲ့သို့ဝင်း၊ ဗဟိဒ္ဓသန္ဓာန်၌ သူတပါးတို့ကို အောက်မေ့ဆင်ခြင်မိလျှင်ဝင်း၊ သုသာန်ပြင်တို့၌ ပစ်ထားအပ်သော လူသေကောင်ရိုးကဲ့သို့ဝင်း ကွင်းကွင်းကွက်ကွက် ရှုံ့ရှာဖွယ်၊ စက်ဆုပ်ဖွယ်၊ ကြောက်လန့်ဖွယ်၊ ငြီးငွေ့ဖွယ်နှင့် တကွ ထင်လာ၏။ ခရီးမဋ္ဌသွားသော်သူတို့ကို မြင်သောအခါ၌လည်း ထိုသွားသောသူ၏ ကိုယ်ကောင်ကို လူသေကောင်ရိုးကဲ့သို့ထင်၍ သွားစေတတ်သော စိတ်ဝိညာဉ်ကို လူသေကောင်ရိုး၏ အတွင်း၌ဝင်၍ အောင်းသော ဖုတ်ပြုတ္တာ စသည်ကဲ့သို့ ထင်၏။ ဦးခေါင်းရိုးမှစ၍ ခြေရိုးတိုင်အောင် ခြေရိုးမှစ၍ ဦးခေါင်းရိုးတိုင်အောင် အရိုးစဉ်အတိုင်း နှလုံးသွင်းသဖြင့် မိမိကိုယ် သူတပါးတို့ကိုယ် အလုံး၌ အရိုးစုသာလျှင် ထင်၏။ ထိုအခါ ပဋိဘာဂနိမိတ် အလွန်သန့်ရှင်းခြင်းသို့ ရောက်ပြီမှတ်။

ဤအခါမှစ၍ ထိုသို့ထင်လာသောပဋိဘာဂနိမိတ်ကို အာရုံပြု၍(အဋ္ဌ၊အဋ္ဌ)[1] ဤသို့သာလျှင် အဖန်ဖန်နှလုံးသွင်းအပ် ပွါးများစေအပ်၏။ ဥပမာကား အခိုးထသည်ကို မြင်လျှင် ဝမ်းမြောက်ဝမ်းသာ လျှင်စွာသောအဟုန်ဖြင့် မီးမရမချင်း မတန့်မရပ် တပ္ပတ်တည်းပ္ပတ်မှ မီးစဲနိုင်သကဲ့သို့ ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်အခြင်းအရာ ထင်လာလျှင် ကိစ္စတပါး လပ်လျှားဆိုင်းနေ မရှိစေဘဲ အပ္ပနာ

၁။ အရိုး အရိုး။

သို့ မရောက်မချင်း တခဲတည်းခဲ၍ တမဲတည်းမဲသဖြင့် နှလုံးသွင်းအပ် ဆင်ခြင်အပ်၏။ ထိုသို့ ဆင်ခြင်သည်ရှိသော် အပွနာစျာန်သို့ ရောက်၏။

ဤ အဋ္ဌိကောဌာသ၌ ပဋိဘာဂနိမိတ်ထင်အောင် အကျယ်ပွါးရာသောနည်းကို အဌကထာ ၁ ၌ တိုက်ရိုက်မပြသော်လည်း ကေသကောဌာသ ၌ အကျယ်ပြအပ်သော အဌကထာ ၂ နည်းကို မှီ၍ ဆိုအပ်သတည်း။

အဌကထာ၌ ကေသ ကောဌာသတခု၌သာလျှင် ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ် အလိုဂျါ ပွါးရာသောနည်း အမြှက်ရှိသည်။ လောမ ကောဌာသမှစ၍ ဥဂ္ဂဟနိမိတ် အလိုဂျါ ပွါးရာသော နည်းကိုသာ အကျယ်ပြလျက်ရှိသည်။ ပဋိ-ဘာဂနိမိတ်အလိုဂျါ ပွါးရာသောနည်း အကျယ်မရှိ၊ အကျယ်မဆို၊ ထိုသို့မဆိုခြင်းသည်လည်း ကေသ ကောဌာသ၌ ပြအပ်ပြီးသော နည်းကို အစဉ်မှီးသဖြင့် နည်းယူနိုင်လောက်ပြီဟု နှလုံးသွင်း၍ ဆိုတော်မမူသည်မှတ်။

အဋ္ဌိကောဌာသ၌ သမထအားဖြင့် ပွါးနည်း

ဤတွင် အပြီးသတ်ပြီ။

၁။ ဤကျမ်း၌ အဌကထာဆိုသောစကားသည် ဝိသုဒ္ဓိမဂ္ဂအဌကထာကို ရည်ညွှန်းသောစကားဖြစ်သည်။

၂။ ဝိသုဒ္ဓိ၊ ၁။ ၂၄၁-၂။

ဝိပဿနာနည်းကို ပြခြင်း

ဝိပဿနာ `နည်းကိုကား ဤ ဆိုလတ္တံ့သော နည်းဖြင့် မှတ်သားအပ်၏။ ဤ အဋ္ဌကောဋ္ဌာသ၌ ဆိုအပ်ခဲ့ပြီးသည်အတိုင်း ပွါးများဖန်များ၍ ပဋ္ဌိဘာဂ နိမိတ် ထင်သဖြင့် အပ္ပနာစျာန်သို့ ရောက်သော ပုဂ္ဂိုလ်ဖြစ်အံ့၊ ထိုသို့ရောက်အပ်သော စျာန်ကို ဝင်စားပြီး၍ ထိုပဌမစျာန်မှ ထပြီးသည်ရှိသော်၎င်း, အပ္ပနာစျာန်သို့ မရောက်သေးမီ ဝိပဿနာ တင်လိုသော ပုဂ္ဂိုလ်ဖြစ်အံ့၊ ထိုသို့ ထင်လာသော ပဋ္ဌိဘာဂနိမိတ်ကို အာရုံပြု၍ "အဋ္ဌိ အဋ္ဌိ"ဟု စီးဖြန်းဖန်များသဖြင့် အလွန် စိတ်၏ ကြည်လင်ဖြူစင် သန့်ရှင်းခြင်း စိတ္တဝိသုဒ္ဓိ ကို ရပြီးသည် ရှိသော်၎င်း ဤဆိုလတ္တံ့သောနည်းဖြင့် နှလုံးသွင်းအပ်၏။

ဤအရိုးစု ဟူသည်လည်း ပရမတ္ထအားဖြင့် "အရိုးစု"ဟု ထင်ရှားမရှိ၊ ရူပ်ကလာပ်အစုမျှသာတည်း။ ဤအရိုးစုဟူသည် ကြမ်းတမ်းခက်မာခြင်း ထဒ္ဓ-လက္ခဏာရှိသော ပထဝီဓာတ်၊ ပျော့ပျောင်းဖွဲ့ခြင်း, ပွါးခြင်း အာပေါဓာတုနလက္ခဏာ ရှိသော အာပေါဓာတ်၊ ခြေခြင်း, ပူခြင်း, အခိုးအရှိန်ဟု ဆိုအပ်သော ပူပြင်းခြင်း ဥဏှတေဇနလက္ခဏာရှိသော တေဇောဓာတ်၊ ထိုမှ ဤမှ ပြောင်းရွှေ့ပျံ့လွှင့်ခြင်း ဝိတ္ထမ္ဘနလက္ခဏာ ရှိသော ဝါယောဓာတ်၊ ဤဓာတ်လေးပါး၌ မှီသောမြင်အပ်ခြင်း လက္ခဏာရှိသော အဆင်းဟူသော ဝဏ္ဏ၊ နံစော်သောအနံ့ ဟူသော ဂန္ဓ၊ ဇီဝှါဖြင့် သာယာအပ်သော အရသာဟူသော ရသ၊ စားသောက်ကုန်သော သူတို့၏ ကိုယ်အလုံး၌ ပျံ့၍ အာဟာရရူပ်ကို ဖြစ်ပွါးစေနိုင်ခြင်း သတ္တိ လက္ခဏာ ရှိသော ဩဇာ၊ ဤသို့ အဋ္ဌကလာပ်ရူပ် ရှစ်ခုသည်၎င်း, ဤရှစ်ခုသော ရူပ်ဟု ဆိုအပ်သော သဟဇာတ် ရူပ်တို့ကို စောင့်ခြင်းလက္ခဏာရှိသော ရူပ်ဇီဝိတနှင့် တကွ ဇီဝိတ နဝက ကလာပ်ရူပ်သည်၎င်း, ထိခိုက်ခြင်း အစရှိသည်တို့ဖြင့် ကျင်နာရာ အရိုးစုအရပ် မဟာဘုတ်တို့ကို ကြည်စေခြင်း လက္ခဏာရှိသော ကာယပသာဒနှင့်တကွ ကာယဒသက ရူပ်ကလာပ်အပေါင်းသည်၎င်း, ပုရိသလိင်ကို ဖြစ်စေတတ်သော ပုရိသဟူ၍ ခေါ်ဝေါ်ရကြောင်း ဖြစ်သော ပုမ္ဘာနှင့်တကွ ဘာဝဒသကရူပ်သည်၎င်း ဤသို့သော ရူပ်တရား အစုမျှသာလျှင်

ဖြစ်၏။ ပရမာဏုမြူ အတိုင်း အရှည်ရှိသော အရိုးစုမှန်တခုဟု ပင်လျှင် ဤ မျှားစ္ဓာသော ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရား လေးပါး ကြောင့်ဖြစ်သော ရူပ်တရားအပေါင်းတို့သည် ရှိသည် ဖြစ်ကုန်၏။

ဤအရိုးစု၏ မှိုရာခန္ဓာကိုယ်အလုံးဌ်လည်း ဤသို့သော လက္ခဏာရှိသော ရူပ်တရားအစုတို့သည်သာလျှင် ထိုက်သည်အားလျှော်စွာ ရှိသည်ဖြစ်ကုန်၏။ "ဤခန္ဓာကိုယ်ဘကောင်လုံးဌ် ဤရှေ့ ဤမျှ ရူပ်အစုရှိကုန်၏" ဟူ၍ ဂဏန်း သင်္ချာသဘောဖြင့် ရေတွက်ပြောဟောခြင်းငှါ မတတ်ကောင်း၊ ဤရူပ်တရား အပေါင်းတို့သည် ပဋ္ဌသန္ဓေစိတ် ဥပါဒ်သည်မှစ၍ သေခါနီး စုတိ အထက် တဆယ့်ခုနှစ်ချက်မြောက်သော စိတ္တက္ခဏတိုင်အောင် အဖန်တလဲလဲ ဖြစ်၍ နေကြကုန်၏။ တကြိမ်တကြိမ်ဖြစ်သော ရူပ်တို့သည် စိတ္တက္ခဏ တဆယ့်ခုနှစ် ချက်မျှသာ အသက်ရှည်ကုန်၏။ ဤ ရူပ်တရားတို့သည် အချမ်း, အပူဟူသော ဝိရောဓိပစ္စည်း[1] အကြောင်းတို့ကြောင့် အဖြူ,အမည်း အစရှိသည်ဖြင့် ဖောက်ပြန် ပျက်စီးခြင်း ရုပ္ပနလက္ခဏာ ရှိကုန်၏။

ဤရူပ်တရားအစုဌ် မှိုသော ဤရူပ်အစုတို့ကို ထိုမှ ဤမှ သွားသော အခြင်း အရာ, စားသောက်သော အခြင်းအရာတို့ကို ဖြစ်စေတတ်သော ထိုထို သို့သော အာရုံဌ် ကြုံစည်အောက်မေ့ခြင်း လက္ခဏာရှိသော စိတ်၊ ထိုစိတ်နှင့် တကွဖြစ်၍ အာရုံဌ် အောက်မေ့ခြင်း နှလုံးသွင်းခြင်း ခံစားခြင်း လက္ခဏာ ရှိသော ဝေဒနာ စေတသိက်၊ ထိုအာရုံကို အမှတ်ပြု၍ သိခြင်း မှတ်သားခြင်း လက္ခဏာရှိသော သညာ စေတသိက်၊ ဤသို့အစရှိသော စေတသိက်တို့နှင့် တကွ ဖြစ်သော မျှားစ္ဓာသောနာမ်တရားတို့သည်လည်း ဖြစ်ကုန်၏။ ၎င်းနာမ် တရားတို့သည်လည်း အာရုံဌ် ညွှတ်ခြင်း နမန လက္ခဏာမျှသာ ရှိသည် ဖြစ်ကုန် ၏။ ဤခန္ဓာကိုယ်ဌ် တစုံတခု စားတတ် သွားတတ်သော သတ္တဝါမည်သည် မရှိ။ "သွားမည် စားမည်"ဟူ၍ ဗျာဝါရ[2] ပြုတတ်သော သတ္တဝါမည်သည်မရှိ။ စင်စစ်အားဖြင့် ဤသို့သဘောရှိသော မျက်စိတမှိတ် လျှပ်တပြက်အတွင်းဌ်

---

[1] ဆန့်ကျင်ဘက်အကြောင်း။ [2] ဗျာဝါရ= ကြောင့်ကြစိုက်ခြင်း၊ ကြောင့်ကြ စိုက်ခြင်းကို ပြုတတ်သောဟူလို။

အရာအထောင်မက အသစ်အသစ်လဲ၍ ဖြစ်ခြင်းလက္ခဏာ ရှိကုန်သော ရုပ်နာမ် တရား အစုမျှသာလျှင်တည်း၊ နာမ်ရုပ်အစုမျှသာလျှင်တည်း။

ဤသို့ နှုတ်တက်အာဂုံရအောင်ပြု၍ နှုတ်ဖြင့်လည်း ရွတ်၊ စိတ်ဖြင့်လည်း အဖန်ဖန် ကြံစည်အောက်မေ့ ပွါးများစေအပ်၏။

နာမရူပပရိစ္ဆေဒဉာဏ် ထင်အောင် ပွါးများပုံ

ဤသို့ အဖန်ဖန် ဆင်ခြင်အောက်မေ့သဖြင့် သတ္တသညာ[၁] ဇီဝသညာ[၂] မပျောက်သည်ရှိသော် ဤဆိုလတ္တံ့သော အကျဉ်းမျှဖြင့် ပွါးများအပ်၏။ “ဤ အတ္တဘာဝဟူသည် သတ္တဇီဝမဟုတ်၊ ရုပ်နာမ် အစုမျှသာလျှင်တည်း။ ဣတ္ထိ ပုရိသ သတ္တ ဇီဝါ သူငါတပါး အခြားမရှိသည်သာလျှင်တည်း” ဤသို့ပွါး။ ဤကား နှုတ်အာဂုံပြု၍ နာမရူပပရိစ္ဆေဒဉာဏ်ထင်အောင် ပွါးများရာသော နည်းတည်း။

၎င်း၌ ဆင်ခြင်ရာသောနည်း

ဤဆိုလတ္တံ့ သည်ကား ဆင်ခြင်ရာသောနည်းတည်း။

ဒွန်းစဏ္ဍာလတို့၏ ရွာတံခါးဝ၌ လူယောကျ်ား၊ လူမိန်းမ၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ခွေး၊ ဝက်အစရှိသည်တို့၏ မစင်၊ ကျင်ကြီး၊ ကျင်ငယ် အစရှိသော အညစ်အကြေးတို့ဖြင့် ပြည့်သော တစီးပွက်၌ တစီးရည်တို့သည် အစဉ်အတိုင်း ခန်းခြောက်၍ ထက်ထက်မာမာရှိလတ်သော် ၎င်းတစီးပွက်မှ တဆယ်သား, ငါးတင်းသားရှိပွက်တို့ကို စုပုံပြီးလျှင် ယောကျ်ားသဏ္ဌာန်၊ မိန်းမသဏ္ဌာန်၊ လူသဏ္ဌာန်၊ ဆင်၊ မြင်း၊ ကျွဲ၊ နွားသဏ္ဌာန် အစရှိသည်တို့ကိုပြုလုပ်၍ အချို့အရုပ်၌ အပေါ်ယံတွင် ဆေးနီလိမ်းကျံခြင်း, အချို့အရုပ်၌ ဆေးဝါလိမ်းကျံခြင်း, အချို့အရုပ်၌ တင့်တယ်သောသဏ္ဌာန်, အချို့အရုပ်၌ ဆိုးရွားသော မတင့်တယ်သောသဏ္ဌာန် အစရှိသည် ပြုလုပ်၍ ထားပြီးသည်ရှိသော် ဤကား ယောကျ်ား ဤကား မိန်းမ, ဤကား ဆင်,မြင်း အစရှိသည်ဖြင့် အမှတ်အသား ခေါ်ဝေါ်ကြရာ၏။

၁။ သတ္တဝါဟူသော အမှတ်။ ၂။ အသက်ဟူသောအမှတ်။

ထိုအရုပ်တို့သည် အဆင်းသဏ္ဌာန်အားဖြင့် ဆိုးကောင်း ယုတ်မြတ် ကဲ့ပြားလေသော်လည်း ဝတ္ထုအထည်ခြုံအားဖြင့် မျှားစ္ဓာသော အညစ်အကြေးတို့နှင့် ရောပြွမ်းသော တစ်ပုဂ္ဂိုလ် တစ်ညွှန်၏ အဖြစ်ကိုဂင်း၊ စက်ဆုပ်ရွံရှာဖွယ်သော အဖြစ်ကိုဂင်း၊ပရမာဒအဏုမြူ အမှုန့်စုအပေါင်း၏အဖြစ်ကိုဂင်း မလွန်နိုင်။စက်ဆုပ်ဖွယ်သော တစ်ညွှန်အမှုန့်အစုအဖြစ်ဖြင့် အတူတူချည်းသာလျှင် ဖြစ်၏သို့၊ ဤနည်းအတူ ဤအရိုးစုကိုဂင်း၊ ဤအရိုးစု၏ ဖြစ်ကြောင်းဖြစ်ရာ ကြောင်းသော သုံးဆယ့်တပါးသော ကောဋ္ဌာသ အစုကိုဂင်း စဲ့၍ ယောကျ်ား!မိန်းမ၊ လူ၊ ဆင်၊ မြင်းအစရှိသည် သမုတ်အပ်သော်လည်း ထိုအရိုးစု အစရှိသော စက်ဆုပ်ဖွယ်သောသဟောကိုဂင်း, မျှားစ္ဓာသောရုပ်ကလာပ်အမှုန့်အစုအပေါင်းကိုဂင်း မလွန်နိုင်။ စင်စစ်အားဖြင့် ဤအရိုးစု အစရှိသော စက်ဆုပ်ဖွယ်ဝတ္ထုဖြစ်၍ တည်သော မဟာဘုတ်, ဥပါဒါရုပ်ဟု ဆိုအပ်သော ရုပ်ကလာပ် အမှုန့်စု အပေါင်းသာလျှင်တည်း။ ဤသို့ရှု။

ကိုယ်ခန္ဓာရူပကာယ၌ ဥပမာထင်ပုံ

ဤသို့ ရှုဖန်မျှားသည်ရှိသော် ဤသို့ထင်လတ္တံ့—

ဤအရိုးစုတို့ဖြင့် စိုက်ထောင်အပ်သော အသား၊အသွေး၊ကျင်ကြီး၊ကျင်ငယ် အစရှိသည်တို့ဖြင့် မွမ်းမံအပ်သော ဤကိုယ်အကောင်ပုပ် ရုပ်တရားတို့ကို သူသေကောင်ပုပ်ကဲ့သို့ ထင်၏။

နာမ်ကို သူသေ၌ ဝင်အောင်းသော သူသေကောင်ကို ထိုမှ ဤမှ ရွှေ့ရှားစေတတ်သော ဖုတ်ပြိတ္တာကဲ့သို့ ထင်၏။

ဤခန္ဓာကိုယ်ရူပကာယကို မီးသင်္ဘောကိုယ်ကဲ့သို့ ထင်၏။ စိတ္တဇဝါယော ဓာတ်တို့ကို မီးသင်္ဘောကို ပြေးစေတတ်သော မီးခိုးကဲ့သို့ထင်၏။ နာမ်ကို မီးကဲ့သို့ ထင်၏။

ဤကိုယ်ခန္ဓာရူပကာယကို ယန္တရားစက်ရုပ်ကဲ့သို့ထင်၏။ နာမ်ကို ယန္တရားစက်ကဲ့သို့ ထင်၏။

အရိုးစုအစရှိသော ကောဋ္ဌာသတို့ဖြင့်ဖြစ်သော ဤရုပ်တို့ကို ရထားအဆောက်အဦ သစ်သား လုံတံကဲ့သို့ ထင်၏။

ဤ ကိုယ်အလုံး ရူပကာယကို လှည်း ရထားကိုကဲ့သို့ ထင်၏။ နာမ်ကို ဝန်ဆောင်နွားလားကဲ့သို့ ထင်၏။

ဤကိုယ်ခန္ဓာ ရူပကာယကို လေ့ကိုကဲ့သို့ ထင်၏။ နာမ်ကို လေအဟုန်ကဲ့သို့ ထင်၏။

လေသည် "ပြင်းစွာသောအဟုန်ကိုဖြစ်စေ၍ ဤလေ့ကို ငါတိုက်မည်" ဟူသော ဗျာပါရ မရှိ။ "ငါတိုက်သည် သွားစေသည်" ဟူ၍ သိတတ်သောသဘော မရှိသကဲ့သို့ နာမ်တရားတို့သည်လည်း "ဤရူပ်တရားတို့ကို ငါရှေ့စေ သွားစေမည်" ဟူသောဗျာပါရ မရှိ၊ "သွားစေသည်" ဟူ၍ သိတတ်သော သတ္တဇီဝမဟုတ်၊ လေ့သည်လည်း "လေအဟုန်ဆောင်သောကြောင့် ငါသွားရတော့မည်" ဟု ဗျာပါရမရှိ၊ "ငါသွားရသည်" ဟုသိတတ်သောသဘော မရှိသကဲ့သို့ ဤအရိုးစု ဖြင့်ပြီးသော ရူပကာယသည်လည်း "နာမ်တရားကြောင့် ထိုမှ ဤမှ ငါရှေ့သွား ရတော့မည်" ဟူသော ဗျာပါရ မရှိ၊ "ရှေ့သွားရလေသည်" ဟု သိတတ်သော သတ္တဇီဝမဟုတ်၊ စင်စစ်အားဖြင့် အရိုးစု အစရှိသော ကောင်ဘသ ဇေဂုဏ်ဆို ပဋ္ဌိ-ကူလ ဖြစ်၍တည်သောမဟာဘုတ်, ဥပါဒါရူပ်အစု၊ ဝိညာဏ်, ဖဿ, ဝေဒနာ အစရှိသော မျိုးစွာသော နာမ်တရား အစုတို့သည်သာလျှင် ဖြစ်ကုန်၏။ "အညတိတ္ထိယ[1]တို့သည် ကြုံဆအပ်သော ဣတ္ထိ, ပုရိသ, သတ္တ, ဇီဝဟူသည့်, ကိုယ် ဟူသည် စင်စစ် ထင်ရှားမရှိသည်သာလျှင်တည်း" ဟု မနောဒ္ဓါရ၌ တပ်တပ် ထင်၏၊ ထိုအခါ နာမရူပ ပရိစ္ဆေဒဉာဏ် သန့်ရှင်းခြင်းသို့ ရောက်ပြီမှတ်။

ဤကား နာမရူပပရိစ္ဆေဒဉာဏ် ထင်ဟန် ဥပဒ္ဒဟနာကာရတည်း၊ ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်ဟန်လည်းဟူ။

ဓမ္မဋ္ဌိတိဉာဏ် ကခ်ေါဝိတရဏဝိသုဒ္ဓိဉာဏ်ဖြစ်ရန် ဆင်ခြင်ပုံ

ဤသို့ အောက်၌ဆိုအပ်ခဲ့ပြီးသော နည်းအားဖြင့် အဖန်တလဲလဲ ဆင်ခြင်ပွါးများဖန်များ၍ နာမရူပပရိစ္ဆေဒဉာဏ် သန့်ရှင်းခြင်းသို့ ရောက်လတ်ပြီးသော် ပစ္စယပရိဂ္ဂဟဉာဏ်ဟု ဆိုအပ်သော ဓမ္မဋ္ဌိတိဉာဏ် ကခ်ေါဝိတရဏဝိသုဒ္ဓိ-ဉာဏ်ဖြစ်စေခြင်းငှါ ဤဆိုလတ္တံ့သောနည်းဖြင့် ဆင်ခြင်ပွါးများအပ်ကုန်၏။

၁။ သာသနာတော်မှ အခြားတပါးသော အယူရှိသော တိတ္ထိ။

ထိုအရုပ်တို့သည် အဆင်းသဏ္ဌာန်အားဖြင့် ဆိုးကောင်း ယုတ်မြတ် ကဲ့ပြားလေသော်လည်း ဝတ္ထုအထည်ခြုပ်အားဖြင့် မျှားစ္ဌာသော အညစ်အကြေးတို့နှင့် ရောပြွမ်းသော တစိုးပ္ပက် တစိုးညှန်၏ အဖြစ်ကိုဝင်း၊ စက်ဆုပ်ရွံရှာဖွယ်သော အဖြစ်ကိုဝင်း၊ပရမာဒအဏုမြူ အမှုန့်စုအပေါင်း၏အဖြစ်ကိုဝင်း မလွန်နိုင်။စက်ဆုပ်ဖွယ်သော တစိုးညှန်အမှုန့်အစုအဖြစ်ဖြင့် အတူတူချည်းသာလျှင် ဖြစ်၏သို့၊ ဤနည်းအတူ ဤအရိုးစုကိုဝင်း၊ ဤအရိုးစု၏ ဖြစ်ကြောင်းဖြစ်ရာ ကြောင်းသော သုံးဆယ့်တပါးသော ကောဋ္ဌာသ အစုကိုဝင်း စဲ့၍ ယောကျ်ား!မိန်းမ၊ လူ၊ ဆင်၊ မြင်းအစရှိသည် သမုတ်အပ်သော်လည်း ထိုအရိုးစု အစရှိသော စက်ဆုပ်ဖွယ်သောသဟောကိုဝင်း, မျှားစ္ဌာသောရုပ်ကလာပ်အမှုန့်အစုအပေါင်းကိုဝင်း မလွန်နိုင်။ စင်စစ်အားဖြင့် ဤအရိုးစု အစရှိသော စက်ဆုပ်ဖွယ်ဝတ္ထုဖြစ်၍ တည်သော မဟာဘုတ်, ဥပါဒါရုပ်ဟု ဆိုအပ်သော ရုပ်ကလာပ် အမှုန့်စု အပေါင်းသာလျှင်တည်း။ ဤသို့ရှု။

ကိုယ်ခန္ဓာရူပကာယ၌ ဥပမာထင်ပုံ

ဤသို့ ရှုဖန်မျှားသည်ရှိသော် ဤသို့ထင်လတ္တံ့—

ဤအရိုးစုတို့ဖြင့် စိုက်ထောင်အပ်သော အသား၊အသွေး၊ကျင်ကြီး၊ကျင်ငယ် အစရှိသည်တို့ဖြင့် မွမ်းမံအပ်သော ဤကိုယ်အကောင်ပုပ် ရုပ်တရားတို့ကို သူသေကောင်ပုပ်ကဲ့သို့ ထင်၏။

နာမ်ကို သူသေ၌ ဝင်အောင်းသော သူသေကောင်ကို ထိုမှ ဤမှ ရွှေ့ရှားစေတတ်သော ဖုတ်ပြိတ္တာကဲ့သို့ ထင်၏။

ဤခန္ဓာကိုယ်ရူပကာယကို မီးသင်္ဘောကိုယ်ကဲ့သို့ ထင်၏။ စိတ္တဇဝါယော ဝတ်တို့ကို မီးသင်္ဘောကို ပြေးစေတတ်သော မီးခိုးကဲ့သို့ထင်၏။ နာမ်ကို မီးကဲသို့ ထင်၏။

ဤကိုယ်ခန္ဓာရူပကာယကို ယန္တရားစက်ရုပ်ကဲ့သို့ထင်၏။ နာမ်ကို ယန္တရားစက်ကဲ့သို့ ထင်၏။

အရိုးစုအစရှိသော ကောဋ္ဌာသတို့ဖြင့်ဖြစ်သော ဤရုပ်တို့ကို ရထားအဆောက်အဦ သစ်သား လုံတံကဲ့သို့ ထင်၏။

ဤ ကိုယ်အလုံး ရူပကာယကို လှည်း ရထားကိုကဲ့သို့ ထင်၏။ နာမ်ကို ဝန်ဆောင်နွားလားကဲ့သို့ ထင်၏။

ဤကိုယ်ခန္ဓာ ရူပကာယကို လှေကိုကဲ့သို့ ထင်၏။ နာမ်ကို လေအဟုန်ကဲ့သို့ ထင်၏။

လေသည် "ပြင်းစွာသောအဟုန်ကိုဖြစ်စေ၍ ဤလှေကို ငါတိုက်မည်" ဟူသော ဗျာပါရ မရှိ။ "ငါတိုက်သည် သွားစေသည်" ဟူ၍ သိတတ်သောသဘော မရှိသကဲ့သို့ နာမ်တရားတို့သည်လည်း "ဤရူပ်တရားတို့ကို ငါရွှေ့စေ သွားစေမည်" ဟူသောဗျာပါရ မရှိ၊ "သွားစေသည်" ဟူ၍ သိတတ်သော သတ္တဇီဝမဟုတ်၊ လှေသည်လည်း "လေအဟုန်ဆောင်သောကြောင့် ငါသွားရတော့မည်" ဟု ဗျာပါရမရှိ၊ "ငါသွားရသည်" ဟုသိတတ်သောသဘော မရှိသကဲ့သို့ ဤအရိုးစု ဖြင့်ပြီးသော ရူပကာယသည်လည်း "နာမ်တရားကြောင့် ထိုမှ ဤမှ ငါရွှေ့သွားရတော့မည်" ဟူသော ဗျာပါရ မရှိ၊ "ရွှေ့သွားရလေသည်" ဟု သိတတ်သော သတ္တဇီဝမဟုတ်၊ စင်စစ်အားဖြင့် အရိုးစု အစရှိသော ကောင်ဘသ ဇေဂုဏ်ဆ ပဋ္ဌိ-ကူလ ဖြစ်၍တည်သောမဟာဘုတ်, ဥပါဒါရူပ်အစု၊ ဝိညာဏ်, ဖဿ, ဝေဒနာ အစရှိသော မျိုးစွာသော နာမ်တရား အစုတို့သည်သာလျှင် ဖြစ်ကုန်၏။ "အညတိတ္ထိယ[1]တို့သည် ကြုံဆအပ်သော ဣတ္ထိ, ပုရိသ, သတ္တ, ဇီဝဟူသည်, ကိုယ်ဟူသည် စင်စစ် ထင်ရှားမရှိသည်သာလျှင်တည်း" ဟု မနောဒ္ဓါရ၌ တပ်တပ် ထင်၏၊ ထိုအခါ နာမရူပ ပရိစ္ဆေဒဉာဏ် သန့်ရှင်းခြင်းသို့ ရောက်ပြီမှတ်။

ဤကား နာမရူပပရိစ္ဆေဒဉာဏ် ထင်ဟန် ဥပဒ္ဒဟနာကာရတည်း၊ ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်ဟန်လည်းဟူ။

ဓမ္မဌိတိဉာဏ် ကခ်ါဝိတရဏဝိသုဒ္ဓိဉာဏ်ဖြစ်ရန် ဆင်ခြင်ပုံ

ဤသို့ အောက်၌ဆိုအပ်ခဲ့ပြီးသော နည်းအားဖြင့် အဖန်တလဲလဲ ဆင်ခြင်ပွါးများဖန်များ၍ နာမရူပပရိစ္ဆေဒဉာဏ် သန့်ရှင်းခြင်းသို့ ရောက်လတ်ပြီးသော် ပစ္စယပရိဂ္ဂဟဉာဏ်ဟု ဆိုအပ်သော ဓမ္မဌိတိဉာဏ် ကခ်ါဝိတရဏဝိသုဒ္ဓိ-ဉာဏ်ဖြစ်စေခြင်းငှါ ဤဆိုလတ္တံ့သောနည်းဖြင့် ဆင်ခြင်ပွါးများအပ်ကုန်၏။

၁။ သာသနာတော်မှ အခြားတပါးသော အယူရှိသော တိတ္ထိ။

ဤအရိုးစု အစရှိသည်ဖြင့် ဖြစ်၍တည်သော အလုံးစုံသော ရူပကာယသည်၎င်း, ဤ ရူပကာယကို ထိုမှ ဤမှ လှုပ်ရှားသော အခြင်းအရာ သွားသော အခြင်းအရာတို့ကို ဖြစ်စေတတ်သော စိတ္တုပ္ပါဒ်ဟု ဆိုအပ်သော နာမကာယသည်၎င်း ဤအလုံးစုံသော ကိုယ်ခန္ဓာသည် ထင်ရှားဖြစ်၍နေခဲ့၏။ ထိုသို့ဖြစ်ခြင်းသည် တယောက်နှင့်တယောက် မတူ၊ အမျိုးအနွယ်၊ အဆင်း၊ သဏ္ဌာန် အစရှိသည်တို့ဖြင့် ထူးခြား ကဲပြားဖြစ်ခဲ့၏။ ထိုသို့ ဖြစ်ရခြင်းသည် အကြောင်းမရှိသော် မဖြစ်ရာ၊ အကယ်၍ အကြောင်းမဲ့ဖြစ်သည်ရှိသော် အလုံးစုံသော သတ္တဝါဟူသမျှ အမျိုးဇာတ်၊ အဆင်း၊ သဏ္ဌာန် မထူးမခြား အတူတူချည်း သာလျှင် ဖြစ်ရာ၏။ ယင်းသို့လည်း မဖြစ်ခဲ့။

ပရမိသ္ဓာ, ဗြဟ္မာ, ပိသာစိုး[1] အစရှိသောသူတို့သည် ဖန်ဆင်းသောကြောင့် ဖြစ်သည်ဟူ၍ အညတိတ္ထိယတို့ ဆိုသည့်အတိုင်း ယူရမည်မှာလည်း ထိုပရမိသ္ဓာ, ဗြဟ္မာ, ပိသာစိုး အစရှိသောသူတို့၏ ရုပ်နာမ်ကို အသူဖန်ဆင်းသနည်းဆိုသော် ဆိုရာအကြောင်းမဲ့သောကြောင့် ထိုအညတိတ္ထိယတို့ စကားလည်း ယုတ္တိမရှိရာ။ ထိုသို့ဖြစ်၍ ၎င်းရုပ်နာမ်၏အကြောင်းကို ဟုတ်တိုင်းထင်အောင် ဆင်ခြင်စူးစမ်းရှာဖွေအပ်၏။ ထိုသို့ရှာသည်ရှိသော် ပဋိစ္စသမုပ္ပါဒ်နည်း, ပဋ္ဌာန်းနည်းတို့ဖြင့် ရှာအပ်၏။ ဤကား စိန္တာမယဉာဏ်၏ အရာတည်း။

ဤ ဆိုလတ္တံ့သည်ကား နှုတ်တက်အာဂုံပြု၍ နာမ်ရုပ်တို့၏ အကြောင်းကို ရှာရာ ပွါးမျှားရာသောနည်းတည်း။

ဤကိုယ်ခန္ဓာဟူသည်ကား သတ္တ ဇီဝ မဟုတ်၊ ဝိညာဏ်, နာမ်ရုပ်, သဋ္ဌာယတန, ဖဿ, ဝေဒနာဟူသော အကျိုးငါးပါး တရားသဘောအစုသာလျှင်တည်း။

ဤ အကျိုးငါးပါး၏အကြောင်းကား အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, သင်္ခါရဟူသော တရားငါးပါးအပေါင်းသာလျှင်တည်း။ ဤအဝိဇ္ဇာစသော ငါးပါးသော အကြောင်းကြောင့် ဤ ဝိညာဏ်စသော ငါးပါးသော အကျိုးတရားတို့သည် ရှေးအခါကလည်း မပြတ်စပ်ကာ ဖြစ်ရလှလေပြီ၊ ဤ ယခုဘဝလည်း မပြတ်မစဲ

---

[1] ဟိန္ဒူဘုရား သုံးဆူ။

ဖြစ်ရဆဲ၊ နောင်သံသရာရဟတ် မပြတ်သဖ္ရေ ကာလပတ်လုံးလည်း ဆုံလည်နွားကဲ့သို့ တပတ်လည်လည် အတည်မရ ဖြစ်ရဦးလတ္တံ့။

ဤသို့ နှုတ်တက်အာဂုံပြု၍ အထပ်ထပ် ဆင်ခြင်ပွါးမျှားအပ်၏။ ဤသို့ပွါးမျှားခြင်းသည် ဓမ္မဝိစယသမ္မောဇ္ဈင်ကို ပွါးစေသည် မည်၏။ ၎င်း ပညာဟူသော ဓမ္မဝိစယသမ္မောဇ္ဈင်နှင့် သမ္မယုတ်ဖြစ်သော သတိ, ဝီရိယအစရှိသည်တို့သည်လည်း သတိသမ္မောဇ္ဈင်, ဝီရိယသမ္မောဇ္ဈင်စသည်တို့ မည်ကုန်၏။ နတ်သုဒ္ဓါကို အခါခါသုံး၍ မမုန်းနိုင်သကဲ့သို့ ပစ္စယပရိဂ္ဂဟဓမ္မဒ္ဒီတိဘုဏ် ဟူသော နတ်သုဒ္ဓါ၌ ကောင်းစွာမငြီးမငွေ့ သုံးဆောင်လေ့ရှိတော်မူကြပါစေသတည်း။

ဤကား တိကွပည ပုဂ္ဂိုလ်တို့ သတိထားရန် ဆင်ခြင်ပွါးမျှားရန် နည်းအကျဉ်းတည်း။

ဓမ္မဒ္ဒီတိဘုဏ်ကို တနည်း ပွါးမျှားပုံ

၎င်းနည်းဖြင့် မထင်မြင်နိုင်သော အမျိုးသားအရှင်တို့သည် ဤဆိုလတ္တံ့ သောနည်းဖြင့် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာဝိညာဏံ" ဤသို့အစရှိသော ပါဠိတော်ကို နှလုံးပိုက်၍ အကျိတ်အခဲ စွဲစွဲမြဲမြဲ ဆင်ခြင်ပါကုန်ဦး။

အဘယ်သို့ ဆင်ခြင်အပ်သနည်းဟူမူကား—

ဤအရိုးစု အစရှိသည်ဖြင့်ပြီးသော နာမ်ရုပ်သဘောတရားမျှသာဖြစ်သော ဤကိုယ်၏ ထင်ရှားဖြစ်လာခြင်းသည် အကြောင်းမဲ့ မဖြစ်ရာ၊ အကြောင်းရှိသော်သာလျှင်ဖြစ်ရာ၏။ ဤကိုယ်ခန္ဓာ၏အကြောင်းရင်းကား အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ မပယ်မဖြတ်ရသော ပညာဟူသောမျက်စိကို ဖောက်ဖျက်တတ်သော အဝိဇ္ဇာဟူသော မာရ်မင်း စစ်မှူးပင်တည်း။

ရန်သူ မျက်လုံးကိုဖောက်၍ မျက်စိမရှိသော သူကန်းသည် ဝါဋဋဗျဏ္ဍ[1]ရှိရာ တောအုပ်လမ်းသို့ကူးသန်းသွားလာခြင်းငှါ ပြင်ဆင်အားထုတ်မိသကဲ့သို့ အဝိဇ္ဇာဖြင့် ဇတ္တဝေသောကြောင့် ဇာတိ ဇရာစသော ဘေးဒုက္ခတို့ဖြင့် ထူထဲသော

၁။ ကြမ်းကြုတ်သောကျွေးရဲ့။

သံသရာတည်းဟူသော တောအုပ်လမ်းသို့ ဝင်ခြင်းငှါ ပုညာဘိသင်္ခါရကို ငါပြုမိလေခဲ့၏။ ဝဋ္ဋနိဿိတကုသိုလ် သင်္ခါရဟူသော အကြောင်းကြောင့်လည်း ယခင် သူကန်းသည် ဝါဋ္ဌဗျဟ္ဟ ပုန်းအောင်းရာ ဂူချုံ ဥမင်ဝသို့ ဝင်မိသည်နှင့်အတူ ဤဘဝ၌ ရှေးဦးအစ ပဋိသန္ဓေ ဝိညာဏ်ဖြစ်လာရလေ၏။

ထိုနောင်မှ သားရဲဗျဟ္ဟရှိသော ဥမင်ဝသို့ ရောက်သော သူကန်းသည် ဘေးဘျမ်းကင်းရာခေမာနဂရသို့ ပြန်လည်နိုင်ခြင်းမရှိသကဲ့သို့ ပဋိသန္ဓေဝိညာဏ်ဖြစ်၍ ဇာတိ,ဇရာစသော ဘေးကင်းရာ နိဗ္ဗာနဂရသို့ မရောက်နိုင်ရှိသည်တွင် ယခင် ဥမင်ဝ၌ ကြုံမိုင်မရ နေသည်အခိုက် ကျားရဲဗျဟ္ဟ ကိုက်ခဲယူသွားလေသကဲ့သို့ ထိုပဋိသန္ဓေစိတ်ဝိညာဏ်လျှင် မှီရာရှိသော ဖဿ,ဝေဒနာ,သညာ,စေတနာ အစရှိသော နာမ်တရား၊ ကမ္မဇရူပ်ဟူသော ရူပ်တရားတို့သည် ဝန်းဝိုင်းယူလာ ထင်ရှား ဖြစ်လာကြကုန်၏။

ထိုသို့ နာမ်ရူပ်တရားများစွာ ဖြစ်ပွါးလေခြင်းကြောင့် ကျားရဲဗျဟ္ဟလက်ဆို့ ရောက်သောသူသည် ကျားရဲ၏ခံတွင်း၌ သေရခြင်းဒုက္ခ မြဲသကဲ့သို့ နာမ်ရူပ်.ဟူသောအကြောင်း ဖြစ်သည်ရှိသော် ထိုနာမ်ရူပ်လျှင် မှီရာအာရုံရှိသော အာဒိတ္တဝိပရိဏာမ သဘောရှိသော ၁ စက္ခုပသာဒ အစရှိသော အဆင့်ဆင့်သော အာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်,ဇာတိ, ဇရာအစရှိသော ဒုက္ခအစုဖြစ်၍ ဘေးသင့်ရောက်ကြလေကုန်၏။

ဤသို့သောနည်းဖြင့် အဝိဇ္ဇာ အစရှိသော အကြောင်းတရားတို့ကြောင့် သင်္ခါရအစရှိသော အကျိုးတရားထင်ရှားဖြစ်၍ ဤကိုယ်ခန္ဓာသည် ရှေးရှေးသောဘဝတို့၌လည်း အနမတဂ္ဂကာလ ၂ ပတ်လုံး ဖြစ်ရလှလေပြီ၊ ယခုလည်း ဖြစ်ရဆဲ၊ နောင်လည်း ဖြစ်ရကုန်ဦးလတ္တံ့။

ဤအတိုင်း နှုတ်တက် အာဂုံပြု၍ ဓမ္မဋ္ဌိတိဉာဏ်ကို ပွါးစေရာ၏။

၁။ တပြောင်ပြောင် တောက်လောင်သော ဖောက်ပြန်သော သဘောရှိသော။

၂။ အစမထင်သောကာလ။

ပဋ္ဌိစ္စသမုပ္ပါဒ်ပဋ္ဌိလောမနည်းကို မှီ၍ ဓမ္မဋ္ဌိတိဉာဏ်ကို တနည်းပွါးပုံ

တနည်းလည်း ဤဆိုလတ္တံ့သော ပဋ္ဌိစ္စသမုပ္ပါဒ် ပဋ္ဌိလောမနည်းကို အစဉ်မှီး၍ ဓမ္မဋ္ဌိတိဉာဏ်ကို ပွါးစေရာ၏။ အဘယ်ကဲ့သို့ ပွါးစေရာသနည်း ဟူမူကား–

ဤအရိုးစုဖြင့် စိုက်ထောင်အပ်သော အသားပုပ် အစေးပုပ် ကျင်ကြီး ကျင်ငယ်အစရှိသည်တို့ဖြင့် ထက်ဝန်းကျင် မွမ်းမံအပ်သည်ဖြစ်၍ အမောက်တင်းကြမ်းပြည့်လျှမ်းသော ဇစ္စကုဋ္ဌီ တစီးတွင်းကဲ့သို့ စက်ဆုပ်ဖွယ် အကောင်ပုပ်ဖြစ်၍ တည်သောမဟာဘုတ်, ဥပါဒါရူပ်, ဤရူပ်လျှင် မှီရာ အာရုံရှိသော စိတ္တဇပ္ပါဒ်ဟုဆိုအပ်သော ဤကိုယ်ခန္ဓာသည် ရှေးယခင်ကဲ့သို့မဟုတ်၊ ဆံဖြူခြင်း သွားကျိုးခြင်း, အရေအသား ကြမ်းတမ်းရှတ်ယို အိုမင်း ဆိုးရွားခြင်းဖြစ်၍ တည်၏။

ဤသို့ ဆိုးရွားခြင်း ဇရာ၏အကြောင်းရင်းကား စက်ဆုပ်ဖွယ်သော အမိဝမ်းခေါင်းတွင် ပဋ္ဌိသန္ဓေ စွဲနေရခြင်းတည်းဟူသော ဇာတိတည်း။

ယင်းဇာတိ၏ အကြောင်းကား ရှေးရှေးသောဘဝတို့၌ ပြုခဲ့ဘူးသော ကုသိုလ်ကံတည်း။

ဤကုသိုလ်ကံ၏ အကြောင်းကား ဤအရိုးစု အတ္တဘာဝကို တပ်စွန်းစွဲလမ်းခဲ့ခြင်း ဥပါဒါန်တည်း။

ဥပါဒါန်၏အကြောင်းကား ရှေးဦးအစ ဤအရိုးစုဖြင့်ပြီးသော ဤကိုယ်မနုဿတ္တအတ္တဘောဌ် အလိုရှိခြင်း တောင့်တခြင်း နိကန္တိတဏှာတည်း။

ဌင်းတဏှာ၏ အကြောင်းကား အာရုံကိုခံစားရသော ဝေဒနာတည်း။

ယင်းဝေဒနာ၏ အကြောင်းကား စက္ခုဝိညာဏ် အစရှိသည်တို့နှင့် ထိခြင်း တွေ့ခြင်း ဖဿလျှင်တည်း။

ယင်းဖဿ၏ အကြောင်းကား ဖဿကိုဖြစ်စေတတ်သော စက္ခုဝိညာဏ် အစရှိသည်တို့၏ မှီရာ စက္ခာယတန အစရှိသည်တည်း။

ဌင်းအာယတန၏ အကြောင်းကား စက္ခုပသာဒ အစရှိသည်တို့၏ မှီရာ မဟာဘုတ်, ထိုမှဟာဘုတ်တို့၌မှီသော ဥပါဒါရူပ်, ထိုရူပ်တို့နှင့် အတူတကွဖြစ်သော စေတသိက် နာမ် ခန္ဓာတို့တည်း။

ထိုနာမ်ရုပ်တို့၏ အကြောင်းကား "မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောဝေ့မယာ" ဟု ဟောတော်မူသည်အတိုင်း သမ္မယုတ် သဟဇာတ် နာမ်ရုပ်တရားတို့၏ တည်ရာဖြစ်၍ ပြဋ္ဌာန်းသော ပဋ္ဌာန်းဝေ့ဝိညာဏ်တည်း။

ထိုပဋ္ဌာန်းဝေ့ဝိညာဏ်၏ အကြောင်းကား ရှေးလွန်လေပြီးသော ဘဝတို့၌ ပြုခဲ့ဘူးသော ကုသိုလ်သင်္ခါရတည်း။

ရင်းသင်္ခါရ၏ အကြောင်းကား အရဟတ္တမဂ်ဖြင့် မပယ် မသတ်အပ်သေးသော ကိုယ်သန္တာန်၌ အမြဲကိန်းသော အဝိဇ္ဇာ၊ ဤ အရိုးစု လူ၏အဖြစ်၌ အဖြစ်ကိုဖုံးလွှမ်းခြင်း အဝိဇ္ဇာတို့နှင့်တကွ အရိုးစုလူ၏ အဖြစ်၌ တွယ်တာခြင်း တဏှာ, စွဲလမ်းခြင်း ဥပါဒါန်တရားတို့ဆာလျှင်တည်း။

ဤသို့ အရိုးစု အတ္တဘာဝ၏ အကြောင်းရင်းကို ရှာသည်ရှိသော် ရှေးဦး အစ အဝိဇ္ဇာသည် ဖြစ်၏။ အဝိဇ္ဇာကြောင့် တဏှာဖြစ်၏။ တဏှာကြောင့် ဥပါဒါန် ဖြစ်၏။ ယင်းကြောင့် သင်္ခါရဖြစ်၏။ ယင်းကြောင့် ဝိညာဏ်ဖြစ်၏။ ဝိညာဏ် အစရှိသည်ကြောင့် နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ,တဏှာ,ဥပါဒါန်,ဘဝတို, ဇာတ,ဗျာဓိ,မရဏ,သောက,ပရိဒေဝ အစရှိသည်ဖြစ်၍ ခြားရဟတ်ကဲ့သို့ သံသရာစက်ရဟတ် မပြတ်နိုင်ကုန်။

ဤနည်းအတိုင်း အဝိဇ္ဇာစသော အကြောင်းကြောင့် ရှေးရှေးဘဝတို့၌ လည်း ဖြစ်ဘူးလှလေကုန်ပြီ၊ ယခုလည်းဖြစ်ဆဲ၊ နောင်လည်း ဖြစ်ကုန်ဘိတ်တော့။ အလုံးစုံသော သတ္တဝါဟူသမျှတို့သည်လည်း ဤနည်းတူ ဖြစ်ကြလှလေကုန်ပြီ, ဖြစ်ကြကုန်ဆဲ, ဖြစ်ကြကုန်လတ္တံ့။

ဤအတိုင်း နှုတ်တက်အာဂုံပြု၍ အတပ်ထပ် ဆင်ခြင်ပွါးများ အပ်ကုန်၏။

"အဝိဇ္ဇာသမုဒယာ ကာယသမုဒယော" အစရှိသော ပါဠိတော်ကို စွဲ၍ အကြောင်းရှာပုံ

တနည်းလည်း "အဝိဇ္ဇာသမုဒယာ ကာယသမုဒယော" အစရှိသော ပါဠိတော်ကိုစွဲ၍ အကြောင်းကို ရှာအပ်၏။ ဤသို့ရှာ—

ဤအရိုးစု အတ္တဘာဝ၏ အကြောင်းကို ဆင်ခြင်သည်ရှိသော် ဤအတ္တဘာဝ၌ ပဋိသန္ဓေ-ပဝတ္တိ-ဝိပါက်ဝိညာဏ်တို့သည်ရင်း၊ ကမ္မဇရုပ်တို့သည်ရင်း ရှေးဘဝ၌ အဝိဇ္ဇာ,တဏှာ,ဥပါဒါန်,ကံ,သင်္ခါရဟူသော မူလဟေတုအကြောင်း၊ ဤဘဝ၌ စားအပ်သော အာဟာရဟူသော အထောက်အပံ့ ပစ္စယအကြောင်းတို့ကြောင့် ဖြစ်ကုန်၏။

ကုသိုလ်စိတ်တို့သည် သပ္ပုရိသူပနိဿယ, သဒ္ဓမ္မသဝန, ယောနိသောမနသိကာရဟူသော အကြောင်းကြောင့် ဖြစ်ကုန်၏။

အကုသိုလ်စိတ်တို့သည် အသပ္ပုရိသူပနိဿယ, အသဒ္ဓမ္မသဝန, အယောနိသော မနသိကာရဟူသော အကြောင်းကြောင့် ဖြစ်ကုန်၏။

ကိရိယာစိတ်တို့သည် အနုသယကင်းသော ရဟန္တာအရှင်တို့ သန္တာန်၌ ရောက်သောကြောင့် ကိရိယာဟူသော အမည်ဖြင့် ဖြစ်ကုန်၏။

အာဝဇ္ဇန်း ကိရိယာတို့သည် ဘဝင်စိတ်တို့၏ ပြတ်ခြင်းကြောင့် ဖြစ်ကုန်၏။

အလုံးစုံသော ရူပ်တရားတို့သည် ကံ,စိတ်,ဥတု,အာဟာရဟူသော မူလဟေတုအကြောင်း၊ ပစ္စယ အထောက်အပံ့ အကြောင်းတို့ကြောင့် ဖြစ်ကုန်၏။

အလုံးစုံသော နာမ် ရူပ်တရားတို့သည် ထိုက်သည့်အားလျော်စွာ ဟေတု, အာရမ္မဏ, အဓိပတိ, အနန္တရ, သမနန္တရ, သဟဇာတ, အညမည, နိဿယ, ဥပနိဿယ,ပုရေဇာတ,ပစ္ဆာဇာတ,အာသေဝန,ကမ္မ,ဝိပါက,အာဟာရ,ဣန္ဒြိယ,ဈာန, မဂ္ဂ,သမ္ပယုတ္တ,ဝိပ္ပယုတ္တ,အတ္ထိ,နတ္ထိ,ဝိဂတ,အဝိဂတ ဟူဆိုအပ်သော ပစ္စယသတ္တိတို့ကိုစွဲ၍ ဖြစ်ကုန်၏။

ဤအတိုင်း နှုတ်ဖြင့်အရ ရွရွကျက်၍ ကြံစည်အောက်မေ့ ဆင်ခြင်အပ်၏။

ဤဆိုအပ်ခဲ့ပြီးသော နည်းတို့တွင် တပါးပါး၌ နှစ်သက်ရာကို နှုတ်၌ အရ ဆောင်၍ ကြင်းသောနည်းတို့ကို မှတ်သားမိအောင် အလေ့အလာပြု၍ နှုတ်တက်သည့်အတိုင်း အဖန်ဖန် အောက်မေ့ပွါးများသည်ရှိသော် ဓမ္မဋ္ဌိတ်ဉာဏ် အလွန်သန့်ရှင်းခြင်းသို့ ရောက်လတ္တံ့။ ၎င်းဉာဏ်သည် အကြောင်းတရားတို့ကို သိမ်းဆည်းတတ်သောကြောင့် ပစ္စယပရိဂ္ဂဟဉာဏ် မည်၏။ အကျိုးတရားတို့၏ တည်ရာအကြောင်းကို သိတတ်သောကြောင့် ဓမ္မဋ္ဌိတိဉာဏ်လည်း မည်၏။

"အကြောင်းမရှိသည် မဟုတ်၊ အကြောင်းစင်စစ် ရှိ၏။ ပရမိသ္ဓာ, ဗြဟ္မာ, ပိဿဏိုး အစရှိသည်တို့ ဖန်ဆင်းခြင်းအကြောင်း ရှိသည်လည်းမဟုတ်၊ ဤ အဝိဇ္ဇာ အစရှိသော အကြောင်းရှိသည်သာလျှင်တည်း"ဟု မနောဝိညာဏ်ဝယ် ဟုတ်တိုင်း တပ်တပ်ထင်ခြင်းကြောင့် ယထာဘူတဉာဏ်လည်း မည်၏။ သမ္မာ-ဒဿနဉာဏ်လည်း မည်၏။

ယခင် ဆိုအပ်ခဲ့ပြီးသော နာမရူပပရိစ္ဆေဒဉာဏ်[1]သည်ရင်း၊ ဓမ္မဋ္ဌိတိဉာဏ်တို့ကို ရင့်စေခြင်းငှါ ပွါးအပ်သော ဘာဝနာသည်ရင်း ပညာဘာဝနာ မည်၏။ ရှေးဆိုခဲ့ပြီးသော နည်း[2]အတိုင်း ဣန္ဒြိယဘာဝနာ၊ ဗောဇ္ဈင်္ဘာဝနာ၊ မဂ္ဂင်္ဂ ဘာဝနာ စသည်လည်း မည်၏။

သမထဘာဝနာ, ဝိပဿနာဘာဝနာ နှစ်ပါးတို့တွင် ဝိပဿနာဘာဝနာ၌ သက်ဝင်၏။ သမထဘာဝနာအရာ၌ ကသိုဏ်းဝန်း စသည်ကို အာရုံပြု၍ ပွါးမျှားအပ်သော ဘာဝနာသည် ပရိကမ္မဘာဝနာမည်သကဲ့သို့ ဤ၌လည်း ဥဒယဗ္ဗယာ-နုပဿနာစသော ဝိပဿနာဉာဏ်တို့၏ အခြေပကတူပ ဖြစ်သောကြောင့် ပရိကမ္မဘာဝနာအရာ၌ တည်၏။ နာမ်ရူပ်တို့ကိုရင်း၊ နာမ်ရူပ်တို့၏အကြောင်းကိုရင်း တပ်တပ်ထင်ထင်မြင်သဖြင့် စိတ်၏ အလွန်တည်ကြည် ငြိမ်သက်ဝမ်းမြောက်ခြင်းနှင့်တကွ အထပ်ထပ် သုံးသပ်အပ်သည်ရှိသော် ဥပစာရဘာဝနာ အရာ၌ တည်၏။ ၎င်းဉာဏ်တို့၏ အာရုံဖြစ်သော နာမ်ရူပ်တို့သည် ဥဂ္ဂဟနိမိတ် အရာ၌ တည်ကုန်၏။ ၎င်းနိမိတ်ကို အာရုံပြု၍ ပွါးအပ်သော ဘာဝနာမယ ကုသိုလ်တို့သည် ပတ္တာမြား ကျောက်မျက်ရွဲကို ဝရဇိန်ကျောက်ဖြင့် ခွဲသကဲ့သို့ အလွန်သိမ်မွေ့နက်နဲသော နာမ်ရူပ်တို့ကို ခွဲနိုင်သော ဘာဝနာမယဉာဏ်ဖြင့်ပြီးသောကြောင့် ဒါနမယ, သီလမယကုသိုလ်တို့ထက် ထက်ထက်သန်သန် လူတယောက်, နတ်တယောက် ဆိုစလောက်အောင်သော လောကီအကျိုးကိုလည်း ပေးစွမ်းနိုင်သောသတ္တိ ရှိ၏။ လောကုတ္တရာမဂ်ဖိုလ်တို့၏ အခြေပကတူပလည်း အလွန်စင်စစ် ဖြစ်၏။ ပစ္စက္ခ၌လည်း ရာဂစသော နိဝရဏ်ခေါင်းပါး၍ အရတိ၊ ရတိ[2]စသော ဘေးတို့ကိုလည်း လွန်နိုင်၏။ သတ္တာဝကာရ, ဇီဝါကာရ, ဣတ္ထာကာရ,

---

၁။ ဤကျမ်း၊ နှာ-၂၃။ ၂။ ဤကျမ်း၊ နှာ-၂၄။
၃။ အရတိ=သာသနာ၌ မမွေ့လျော်ခြင်း။ ရတိ=ကာမဂုဏ်၌ မွေ့လျော်ခြင်း။

ပုရိသကာရ, အဟက်ာရ တို့ကို လွန်သောကြောင့် ဝါဋ္ဌ ဗျဋ္ဌ ယက္ခ ရက္ခသ[၂] အစရှိသော ဘေရဝါရမ္ဘာ[၃] တို့၌လည်း တုန်လှုပ်ခြင်း, ကြောက်ခြင်း, လန့်ခြင်း ကင်း၏။ ဌသ မကသ ဝါတာတပ[၄] အစရှိသည်တို့ကိုလည်း သည်းခံနိုင်၏။ နှလုံး၏ နူးညံ့သိမ်မွေ့ခြင်း, သည်းခံခြင်း ခန္တီသောရစ္ဆ စသော ဂုဏ်တို့သည်လည်း အထူးရောက်လာကုန်၏။

ဤသို့လျှင် ပစ္စက္ခ, သံသရာနှစ်ပါးတို့၌ အလွန် အကျိုးများသောကြောင့် ဂင်းနှာမရှုပပရိစ္ဆေဒဉာဏ် ဓမ္မဋ္ဌိတိဉာဏ်တို့ကို ရင့်စေ ပွါးစေခြင်း ဘာဝနာ၌ ဆီပေါ်ဝယ် မနှားနိုင်သည့် ယင်ရိုင်းကဲ့သို့ မရှိစေရ၊ စတုမဟာဘူတ ပိုးပြုက် ပျားပိတုံးတို့ကဲ့သို့ အလွန်အလိုရှိခြင်း, ကိုင်းရှိုင်းခြင်းနှင့်တကွ လုံလကြိုးပမ်း တတ်စွမ်း အားထုတ်ဟော်မူနိုင်ကြပါစေကုန်သတည်း။ (ဥယျောဇဉ်)

သမ္မသနဉာဏ် ဖြစ်စေရန် ပွါးများပုံ

ဤသို့ ဆိုအပ်ခဲ့ပြီးသည့်အတိုင်း ပွါးများဖန်များ၍ ဓမ္မဋ္ဌိတိဉာဏ် သန့်ရှင်းခြင်းသို့ ရောက်သည်ရှိသော် သမ္မသနဉာဏ်ဖြစ်စေခြင်းငှါ ပွါးများအပ်၏။ ထို သမ္မသနဉာဏ်ကို ပြည့်စုံစေလိုသော ပုဂ္ဂိုလ်သည် ခန္ဓာငါးပါးကို အစိတ်စိတ် တပါးစီ တပါးစီအားဖြင့်ဂင်း၊ ငါးပါးလုံးအပေါင်းအားဖြင့်ဂင်း ပေါင်းခြောက်ပါးကိုတည်၍ အတိတ်, ပစ္စုပ္ပန်, အနာဂတ်,အဇ္ဈတ္တ,ဗဟိဒ္ဓ,ဒူရ,သန္တိက, သုခုမ, သြဠာရိက, ဟီန, မဇ္ဈိတ ဟု ဆိုအပ်သော တဆယ့်တပါးသော အပြားတို့ဖြင့် မြှောက်။ ခြောက်ဆယ့်ခြောက် ရှိ၏။ ဂင်းကို လက္ခဏာရေးသုံးပါးနှင့် မြှောက်။ တရာ့ကိုးဆယ့်ရှစ် အတိုင်းအရှည် ရှိ၏။ ဂင်းခန္ဓာငါးပါး၌ ရအပ်သော လက္ခဏာ အပြားကို မှတ်ပြီးလျှင် ဤဆိုလတ္တံ့သောနည်းဖြင့် ပွါးများအပ်၏။

၁။ သတ္တဝါဟူသော အခြင်းအရာ၊ အသက်ဟူသော အခြင်းအရာ၊ မိန်းမဟူသော အခြင်းအရာ၊ ယောကျ်ားဟူသော အခြင်းအရာ၊ ငါဟု မာန်ထောင်မှု။

၂။ ဝါဋ္ဌဗျဋ္ဌ=ကျားရဲ၊ ယက္ခ=ဘီလူး၊ ရက္ခသ=ရက္ခိုဏ်။

၃။ ကြောက်မက်ဖွယ်အာရုံ။

၄။ မှက်၊ ခြင်၊ လေ၊ နေပူ။

ပ္ဌါးဟန်ကား—

အတီတံ ရူပံ ခယဋ္ဌေန အနိစ္စံ၊ ဘယဋ္ဌေန ဒုက္ခံ၊ အသာရကဋ္ဌေန အနတ္တာ။

ပစ္စုပ္ပန္နံ ရူပံ ခယဋ္ဌေန အနိစ္စံ၊ ဘယဋ္ဌေန ဒုက္ခံ၊ အသာရကဋ္ဌေန အနတ္တာ။

အနာဂတံ ရူပံ ခယဋ္ဌေန အနိစ္စံ၊ ဘယဋ္ဌေန ဒုက္ခံ၊ အသာရကဋ္ဌေန အနတ္တာ။

အဇ္ဈတ္တံ ရူပံ ခယဋ္ဌေန အနိစ္စံ၊ ဘယဋ္ဌေန ဒုက္ခံ၊ အသာရကဋ္ဌေန အနတ္တာ။

ဗဟိဒ္ဓါ ရူပံ ခယဋ္ဌေန အနိစ္စံ၊ ဘယဋ္ဌေန ဒုက္ခံ၊ အသာရကဋ္ဌေန အနတ္တာ။

ဒူရေ ရူပံ ခယဋ္ဌေန အနိစ္စံ၊ ဘယဋ္ဌေန ဒုက္ခံ၊ အသာရကဋ္ဌေန အနတ္တာ။

သန္တိကေ ရူပံ။ပ။ အနတ္တာ။ သုခုမံ ရူပံ။ပ။ အနတ္တာ။ ဩဠာ-ရိကံ ရူပံ။ပ။ အနတ္တာ။ ဟီနံ ရူပံ။ပ။ အနတ္တာ။

ပဏီတံ ရူပံ ခယဋ္ဌေန အနိစ္စံ၊ ဘယဋ္ဌေန ဒုက္ခံ၊ အသာရကဋ္ဌေန အနတ္တာ။

အတီတာ ဝေဒနာ ခယဋ္ဌေန အနိစ္စံ၊ ဘယဋ္ဌေန ဒုက္ခံ၊ အသာရကဋ္ဌေန အနတ္တာ။

ပစ္စုပ္ပန္နာ ဝေဒနာ။ပ။ အနတ္တာ။

အနာဂတာ ဝေဒနာ။ပ။ အနတ္တာ။

အဇ္ဈတ္တံ ဝေဒနာ။ပ။ အနတ္တာ။

ဗဟိဒ္ဓါ ဝေဒနာ။ပ။ အနတ္တာ။

ဒူရေ ဝေဒနာ။ပ။ အနတ္တာ။

သန္တိကေ ဝေဒနာ။ပ။ အနတ္တာ။

သုခုမာ ဝေဒနာ။ပ။ အနတ္တာ။

သြဠာရိကာ ဝေဒနာ။ပ။ အနတ္တာ။

ဟီနာ ဝေဒနာ။ပ။ အနတ္တာ။ ပဏီတာ ဝေဒနာ ခယဋ္ဌေန အနိစ္စံ၊ ဘယဋ္ဌေန ဒုက္ခံ၊ အသာရကဋ္ဌေန အနတ္တာ။

အတီတာ သညာ။ပ။ အနုတ္တာ။ ပစ္စုပ္ပန္နာ သညာ။ပ။ အနတ္တာ။ အနာဂတာ သညာ။ပ။ အနတ္တာ။ အဇ္ဈတ္တံ သညာ။ပ။ အနတ္တာ။ ဗဟိဒ္ဓါ သညာ။ပ။ အနတ္တာ။ ဒူရေ သညာ။ပ။ အနတ္တာ။ သန္တိကေ သညာ။ပ။ အနတ္တာ။ သုခုမာ သညာ။ပ။ အနတ္တာ။ သြဠာရိကာ သညာ ခယဋ္ဌေန အနိစ္စံ၊ ဘယဋ္ဌေန ဒုက္ခံ၊ အသာရကဋ္ဌေန [1] အနတ္တာ [1]။

အတီတာ သခ်ါရာ။ပ။ အနတ္တာ။ ပစ္စုပ္ပန္နာ သခ်ါရာ။ပ။ အနတ္တာ။ အနာဂတာ သခ်ါရာ။ပ။ အနတ္တာ။ အဇ္ဈတ္တံ သခ်ါရာ။ပ။ အနတ္တာ။ ဗဟိဒ္ဓါ သခ်ါရာ။ပ။ အနတ္တာ။ ဒူရေ သခ်ါရာ။ပ။ အနတ္တာ။ သန္တိကေ သခ်ါရာ။ပ။ အနတ္တာ။ သုခုမာ သခ်ါရာ။ပ။ အနတ္တာ။ သြဠာရိကာ သခ်ါရာ။ပ။ အနတ္တာ။ ဟီနာ သခ်ါရာ။ပ။ အနတ္တာ။ ပဏီတာ သခ်ါရာ ခယဋ္ဌေန အနိစ္စံ၊ ဘယဋ္ဌေန ဒုက္ခံ၊ အသာရကဋ္ဌေန အနတ္တာ။

အတီတံ ဝိညာဏံ။ပ။ အနတ္တာ။ ပစ္စုပ္ပန္နံ ဝိညာဏံ။ပ။ အနတ္တာ။ အနာဂတံ ဝိညာဏံ။ပ။ အနတ္တာ။ အဇ္ဈတ္တံ ဝိညာဏံ။ပ။ အနတ္တာ။ ဗဟိဒ္ဓါ ဝိညာဏံ။ပ။ အနတ္တာ။ ဒူရေ ဝိညာဏံ။ပ။ အနတ္တာ။ သန္တိကေ ဝိညာဏံ။ပ။ အနတ္တာ။ သုခုမံ ဝိညာဏံ။ပ။ အနတ္တာ။ သြဠာရိကံ ဝိညာဏံ။ပ။ အနတ္တာ။ ဟီနံ ဝိညာဏံ။ပ။ အနတ္တာ။ ပဏီတံ ဝိညာဏံ ခယဋ္ဌေန အနိစ္စံ၊ ဘယဋ္ဌေန ဒုက္ခံ၊ အသာရကဋ္ဌေန [2] အနတ္တာ [2]။

ဤအတိုင်း နှုတ်တက်အာဂုံပြု၍ အဖန်ဖန်တလဲလဲ ဆင်ခြင်၍ ထင်မြင်စွာ ပွါးများအပ်၏။

၁။ ဟီန, ပဏီတ နှစ်ပါးလုံး ၂။ ပဋိသံ၊ နာ-၅၁-၂။ ဝိသုဒ္ဓိ၊ ၂-၂၄၄၊၅။

အနက်မြန်မာကား—

အတိတ်၊ လွန်လေပြီးသော။ ရူပ်၊ ရူပကွန္ဓာသည်။ ပစ္စုပ္ပန်၊ ဖြစ်ဆဲသော။ အနာဂတ်၊ ဖြစ်လတ္တံ့ ဖြစ်သော။ အဋ္ဌတ္တံ၊ ကိုယ်တွင်းဌာ်ဖြစ်သော။ ဝါ၊ အသက်ရှိသောသူ၏ သန္တာန်ဌာ်ဖြစ်သော။ ဗဟိဒ္ဓါ၊ကိုယ်ပဌာ်ဖြစ်သော။ ဝါ၊ အသက်မရှိသောသူ၏ သန္တာန်ဌာ်ဖြစ်သော။ ဒူရေ၊ ဝေးသော။ သန္တိကေ၊ နီးသော။ သုခုမံ၊ သိမ်မွေ့သော။ သြဠာရိကံ၊ ရှုန့်ရင်းသော။ ဟီနံ၊ ယုတ်သော။ ပဏီတံ၊ မြတ်သော။ ဇဝဒနာ၊ ဝေဒနာကွန္ဓာသည်။ သညာ၊ သညာကွန္ဓာသည်။ သင်္ခါရာ၊တို့သည်။ ဝိညာဏံ၊ ဝိညာဏကွန္ဓာသည်။

ဤသို့သော အနက်မြန်မာကို ထင်မြင်အောင် နှလုံးဌာ် မှတ်သားမှ ရှေးပါဠိတော် အစဉ်အတိုင်း အနက်ပေးကြပါကုန်။ ဤကား အနက်ဌာ် ရိပ်မိရန် အနည်းငယ် အမြွက်မျှ ပြလိုက်ပါသည်။ ဤနည်းကိုမှီး၍ ပါဠိတော် အစဉ်မပျက် အနက်ကို ဆင်ခြင်သော် မခဲမခက် အလွယ်တကူနှင့်ပင် ၎င်းအနက်ကို ထင်မြင်စွာ တတ်မြောက်နိုင်ကြပါသည်။

ခန္ဓာငါးပါးလုံးကို ပေါင်း၍ ဆင်ခြင်ပုံ

၎င်းပါဠိတော်အစဉ်ကို ပွါး၍ မထင်နိုင်သည်ရှိသော် ဤဆိုလတ္တံ့သော အနက်အစဉ်ဖြင့် ငါးပါးလုံးကို ပေါင်း၍ ပွါးသော်လည်း သင့်လျော်၏[1]။

ပွါးဟန်ကား—

အတိတာ ပဋ္ဌကွန္ဓာ ခယဋ္ဌေန အနိစ္စာ၊ ဘယဋ္ဌေန ဒုက္ခာ၊ အသာရကဋ္ဌေန အနတ္တာ။

ပစ္စုပ္ပန္နာ ပဋ္ဌကွန္ဓာ ။၄။ အနတ္တာ။

အနာဂတာ ပဋ္ဌကွန္ဓာ ။၁။ အနတ္တာ။

အဋ္ဌတ္တံ ပဋ္ဌကွန္ဓာ ။၁။ အနတ္တာ။

ဗဟိဒ္ဓါ ပဋ္ဌကွန္ဓာ ။၁။ အနတ္တာ။

၁။ ဤနည်းမှာ ဆရာတော်ကြီး၏နည်း ဖြစ်သည်။ ပရမတ္ထသဗ္ဗပ ဒု၊ နှာ-၅၂၊-ရ။

ဒုဇရေ ပဠုက္ခန္ဓာ ။ပ။ အနတ္တာ။
သန္တိကေ ပဠုက္ခန္ဓာ ။ပ။ အနတ္တာ။
သုခုမာ ပဠုက္ခန္ဓာ ။ပ။ အနတ္တာ။
ဩဠာရိကာ ပဠုက္ခန္ဓာ ။ပ။ အနတ္တာ။
ဟီနာ ပဠုက္ခန္ဓာ ။ပ။ အနတ္တာ။
ပဏီတာ ပဠုက္ခန္ဓာ ဃယဋ္ဌေန အနိစ္စာ၊ ဘယဋ္ဌေန ဒုက္ခာ၊ အသာ-ရကဋ္ဌေန အနတ္တာ။

အတီတာ၊ ရှေးဘဝ ဤဘဝတို့၌ ပဌမအရွယ်စသော ကာလ အားဖြင့်ရင်း, သွားစဉ် ရပ်စဉ် အစရှိသော အစဉ်အားဖြင့်ရင်း, ဥပါဒ် အစရှိသော ခဏအားဖြင့်ရင်း လွန်လေကုန်ပြီးသော။ ပဠုက္ခန္ဓာ၊ ကိုယ်တွင်း, ကိုယ်ပ, သက်ရှိ, သက်မဲ့, အဝေး, အနီး, အကြီး, အငယ်, အယုတ်, အမြတ်-ဟု သမုတ်အပ်သော အလုံးစုံသော လူ, နတ်, ဗြဟ္မာ သတ္တဝါသခါရတို့၏ ခန္ဓာငါးပါး တရားအပေါင်းတို့သည်။ ဃယဋ္ဌေန၊ အတိတ်ဘဝ အစရှိသော ဘဝ, ပဌမအရွယ်အစရှိသော ကာလ, သွားစဉ် ရပ်စဉ် နေပူဦးနေစဉ် အစရှိသော သန္ဓတိ, ဥပါဒ်စသော ခဏတို့ဦး ဖြစ်ပြီး၍ ကုန်ခန်းတတ်သောအနက်ကြောင့်။ အနိစ္စာ၊ အမြဲမရှိကုန်သည် သာလျှင်တည်း။ ဘယဋ္ဌေန၊ ဖြစ်ခြင်း ပျက်ခြင်းဖြင့် နှိပ်စက်အပ်သည် ဖြစ်၍ ဘေးဟူသောအနက်ကြောင့်။ ဒုက္ခာ၊ စင်စစ် ဆင်းရဲအတိချည်း သာလျှင်တည်း။ အသာရကဋ္ဌေန၊ အညတိတ္ထိယတို့ ကြံဆအပ်သော ကိုယ်ဟူသည်, အစိုးရသောသူ ဟူသည်, ခံစားတတ်သောသူ ဟူသည်မှ ဆိတ်သည်ဖြစ်၍ အနှစ်မရှိသောအနက်ကြောင့်။ အနတ္တာ၊ အညတိတ္ထိယ တို့ ကြံဆအပ်သော ကိုယ်မဟုတ်သည်သာလျှင်တည်း။ အနတ္တသာ လျှင်တည်း။

ပစ္စုပ္ပန္နာ၊ ဤဘဝ ပဌမအရွယ် အစရှိသော ကာလအားဖြင့်ရင်း, သွားစဉ်ရပ်စဉ် အစရှိသော အစဉ်အားဖြင့်ရင်း,ဥပါဒ် အစရှိသော ခဏ အားဖြင့်ရင်း ပစ္စုပ္ပန်ဖြစ်ကုန်သော။ အနာဂတာဝစ၊ ဆိုအပ်ခဲ့ပြီးသော

အဒ္ဓါ, သန္ဓတိ, ခဏအားဖြင့် နောက်ဌ်လည်း ဖြစ်လတ္တံ့ကုန်သော။ ပဋ္ဌက္ခန္ဓာ၊ ကိုယ်တွင်း ကိုယ်ပ သက်ရှိ သက်မဲ့ အဝေး အနီး အကြီး အငယ် အယုတ် အမြတ် ဟူ၍ သမုတ်အပ်သော အလုံးစုံသော လူနတ် ဗြဟ္မာ သတ္တဝါ သင်္ခါရ ဟူသမျှတို့၏ ခန္ဓာငါးပါး ရူပ်နာမ်တရား အပေါင်းတို့သည်။ ခယဌေန၊ မိမိတို့ ဖြစ်ရာ ဖြစ်ရာ အရပ်ဌ ကုန်ခြင်း ပျက်စီးခြင်း အနက်ကြောင့်။ အနိစ္စာ၊ မြဲသည် မဟုတ်ကုန်။ ဘယဌေန၊ ဖြစ်ခြင်း ပျက်ခြင်းဖြင့်နှိပ်စက်အပ်သည်ဖြစ်၍ ဘေးဟူသော အနက်ကြောင့်။ ဒုက္ခာ၊ ဆင်းရဲအတိချည်းသာလျှင်တည်း။ **အသာရကဌေန**၊ **အညတိတ္ထိယတို့** ကြံဆအပ်သော ကိုယ်ဟူသည်, **အစိုးရသောသူ** ဟူသည်, ပြုပြင်တတ်သောသူဟူသည်, ခံစားတတ်သောသူ ဟူသည်မှ ဆိတ်သည်ဖြစ်၍ အနှစ်မရှိသောအနက်ကြောင့်။ **အနတ္တာ**၊ **တိတ္ထိတို့** ကြံဆအပ်သည့်အတိုင်း ကိုယ်ဟူသည် မဟုတ်ကုန်။

ဤအတိုင်း နှုတ်တက်အာဂုံပြု၍သော်လည်း ပွါးမျှားအပ်၏။

ခန္ဓာငါးပါးအပေါင်းကို ဆင်ခြင်၍ သုံးသပ်နည်းကိုလည်း အဋ္ဌကထာ၌ လာရကား ငါးပါးလုံးကို ပေါင်း၍ရင်း၊ တပါးပါးချင်းရင်း၊ ယခင် ပါဠိဘာသာ အားဖြင့်ရင်း၊ အနက်မြန်မာအားဖြင့်ရင်း နှစ်သက်ရာ စရိုက်အားလျော်စွာ ပွါးသင့်သည်ချည်း မှတ်လေကုန်။

ဤဆိုအပ်ခဲ့ပြီးသည်ကား နှုတ်တက်အာဂုံပြု၍ ပွါးရာသောနည်းတည်း။

ဤဆိုလတ္တံ့သည်ကား ထိုသို့ ပွါးရာ၌ တပ်တပ်ထင်ထင် မြင်လွယ်စေခြင်း, သမ္မသနဉာဏ် အလွန်သန့်ရှင်းစေခြင်းအကျိုးငှါ အဖန်တလဲလဲ နှလုံးသွင်းရာ ကြံစည်အောက်မေ့ရာသောနည်းတည်း။

နာမ်ရူပ်တို့ကို အချိန်ကာလနှင့် တွက်စစ်၍
အဒ္ဓါနည်း သန္ဓတိနည်းတို့ဖြင့် နှလုံးသွင်းပုံ

ဤခန္ဓာငါးပါးရူပ်နာမ်တရားဟူသည် မြဲသောသောဘောတရားမဟုတ်၊ ရှေးရှေးဘဝ၌ ဖြစ်လေဘူးသော ဆင် မြင်း ကျွဲ နွား အစရှိသော အတ္တဘောတို့မှ

အနည်းငယ်မျှသော ရူပ်နာမ်ခန္ဓာတို့သည် ဤလူ၏ ဘဝသို့ တစုံတခု တရံတဆစ် လိုက်လာသောမည်သည် မရှိ။ ဤဘဝ၌ ဖြစ်သော ခန္ဓာငါးပါး ရူပ်နာမ်တရား တို့သည်လည်း နောင်ဘဝသို့မလိုက်လတ္တံ့၊ထိုဘဝမှလည်း ထိုပြင်နောင်တဘဝသို့ မလိုက်လတ္တံ့။

ပဌမအရွယ်ကဖြစ်သော ခန္ဓာတို့သည် ဒုတိယအရွယ်သို့ မရောက်၊ ဒုတိယ အရွယ်မှလည်း တတိယအရွယ်သို့မရောက်၊ ပဌမဒသကမှ သည်ဒုတိယဒသကသို့ မရောက်၊ ဒုတိယဒသကစသည်မှ သည်တတိယဒသကစသည်သို့မရောက်။

ပဌမငါးနှစ်ရွယ် အစရှိသည်မှ သည်ဒုတိယငါးနှစ်ရွယ် အစရှိသည်သို့မရောက်၊ ဤနည်းအတူ လေးနှစ်, သုံးနှစ်, နှစ်နှစ်, ယမန်နှစ်က ဖြစ်သော ခန္ဓာတို့သည် ဤနှစ်သို့မရောက်၊ ဤနည်းအတူ နေ့ဦးတုစသည်မှ မိုးဦးတုစသည်သို့မရောက်၊ ဤယခုလစသည်မှ နောက်လစသည်သို့မရောက်၊ လဆန်းပက္ခမှ လဆုတ်ပက္ခသို့ မရောက်၊ အဋ္ဌမီဥပုသ်ရက်မှ ပဉ္စဒသီဥပုသ်ရက်သို့မရောက်၊ရှေးရှေးသောရက်တို့မှ ဖြစ်သော ရူပ်နာမ်တရားတို့သည် နောက်နောက်သော ရက်တို့သို့ မရောက်၊ ပုရေဘတ္တကာလ[1]မှ ပစ္ဆာဘတ္တကာလ[2]သို့ မရောက်၊ တပဟိုရ်ကာလ[3]မှ နှစ် ပဟိုရ်ကာလ[4]သို့ မရောက်၊ တနာရီကာလမှ နှစ်နာရီကာလသို့ မရောက်။

ဆွမ်းခံသွားသောကာလမှ သည်ဆွမ်းခံပြန်တိုင်အောင်မရှိ၊ ဆွမ်းစားသော သူသည် ဆွမ်းစားပြီးတိုင်အောင် မနေရ၊ နေပူမှ လာသောသူသည် နေရိပ် တွင်းသို့ရောက်သော် မရှိ၊ သွားဆဲဖြစ်သောသူသည် ရပ်သည်တိုင်အောင် မရှိ၊ ရပ်သောသူသည် သွားသည်တိုင်အောင် မရှိ၊ သွားသောသူသည် ထိုင်သည် တိုင်အောင်, အိပ်သည်တိုင်အောင်, စားသည်တိုင်အောင် မရှိ၊ ပဌမဆွမ်းလုပ် စသည်မှ သည်ဒုတိယဆွမ်းလုပ်စသည်တိုင်အောင် အသက်မရှည်။ ထွက်သက် မှ သည်ဝင်သက်တိုင်အောင်နေရသော လူနတ်မည်သည် မရှိ။

၁။ ဆွမ်းမစားမီ ကာလ၊ နံနက်။ ၂။ ဆွမ်းစားပြီးကာလ၊ ညနေ။

၃။ နံနက်စက် ၆-နာရီမှ ၉-နာရီအထိကာလ။

၄။ နံနက်စက် ၉-နာရီမှ ၁၂-နာရီအထိကာလ။

ထွက်သက် ဟူသော ဝါယောဓာတ် ဖြစ်သည် ရှိသော် ထိုဝါယောဓာတ်နှင့် မဟာဘုတ်ဥပါဒါရူပ် ကလာပ်တူ ကလာပ်ပြား ရူပ်တရား ဟူသမျှတို့သည် နောင် ဝင်သက်သို့ မရောက်မီအတွင်း ပျက်ကြ သေကြလေကုန်၏။

ရူပ်တရား တကြိမ်ပျက်သည် သေသည်ရှိသော် နာမ်တရားတို့သည် တဆယ့် ခုနစ်ကြိမ် ပျက်ကြ သေကြလေကုန်၏။ ထို့ကြောင့် ထွက်သက်ကာလမှ သည် ဝင်သက်ကာလသို့ရောက်အောင် ၎င်းအတွင်း၌ အသောင်းအသိန်းမက ရူပ်သစ် နာမ်သစ်လည်း ပျက်၍နေကြလေကုန်၏။

စက္ခုဒ္ဒါရဝီထိအခိုက်ဖြစ်သောလူသည် သောတဒ္ဒါရဝီထိသို့ မရောက်မီ သေရ လေ၏။ ရှေးရှေးသော စိတ္တက္ခဏတို့၌ဖြစ်သော လူနတ်ဟု သမုတ်အပ်သော နာမ်တရားတို့သည် အနန္တရဖြစ်သော နောက်နောက်သော စိတ္တက္ခဏ တို့သို့ မရောက်မီ သေရ ပျက်စီးကြရကုန်၏။

ထို့ကြောင့် "ဤအလုံးစုံသော ခန္ဓာငါးပါး ရူပ်နာမ်တရား ဟူသမျှတို့သည် ဖြစ်ပြီး၍အလျင်းကွယ်ပျောက်ခြင်း, ဖြစ်ချည်ပျက်ချည် တည်ရာမရ နေရခြင်း, အစိုးမရခြင်းဟူသော အကြောင်းကြောင့် အနိစ္စသဘော, ဒုက္ခသဘော,အနတ္တ သဘောတရားသာလျှင်တည်း။ ကြောက်မက်ဘွယ်, ငြီးငွေ့ဘွယ်, စက်ဆုပ်ရွံရှာ ဘွယ်သဘောတရားသာလျှင်တည်း။ ရောဂါ၏သဖွယ်, ကြောင့်၏သဖွယ်, အိုင်း အမာကြီးသဖွယ်, အလွန်ကျင်နာတတ် ပျက်စီးတက် ဖောက်ပြန်တတ်သော သဘောတရား အစုမျှသာလျှင်တည်း"ဟု အဖန်တလဲလဲ နှလုံးသွင်းအပ် ကြံစည် အောက်မေ့အပ်၏။

ဤသို့ ထင်မြင်လွယ်သော အတိတ်ဘဝ အစရှိသောအဒ္ဓါနည်း, သွားသော အစဉ် ရပ်သောအစဉ် နေပူ၌နေစဉ် နေရိပ်၌နေစဉ် အစရှိသော သန္တတိနည်း တို့ဖြင့် အစဉ်အတိုင်းသုံးသပ်ပြီးမှ ခဏအားဖြင့် သုံးသပ်သည်ရှိသော် ထိတ်လန့် ခြင်း သံဝေဂစိတ်နှင့်တကွ အလွန်ယုံကြည်ခြင်း အဓိမောက္ခနှင့်တကွ အနိစ္စ လက္ခဏာစသည်တို့၌ အလွန်ထင်မြင်သော သတိပညာတရား ထင်ရှားဖြစ်လတ္တံ့။ ထိုသို့ဖြစ်သည်ရှိသော် သမ္မသနဉာဏ် သန့်ရှင်းခြင်းသို့ ရောက်ပြီဟုမှတ်။

စိန္ဓာဝမယဉာဏ်ဖြင့် အဖန်ဖန် ကြံစည်အောက်မေ့ ပွါးများပုံ

ဤသို့ ဆင်ခြင်သုံးသပ်ပါသော်လည်း သမ္မာသနဉာဏ်သန့်ရှင်းခြင်းသို့ မရောက်ခဲ့သည်ရှိ၊သော် ဤဆိုလတ္တံ့သောနည်းဖြင့် ဆင်ခြင်အပ်၏၊ ဆင်ခြင်ပါလေဦး။

နေပူတွင် တနေ့လုံး သွေ့ခြောက် ဟောင်းမြင်းသောကျွဲရေကို တမဟုတ်, တကြိမ် စိမ်ကာ နှစ်ကာမတ္တနှင့် "မနှုးတည့် ရလေ"ဟု စိတ်မပျက်သာတမင့်၊ ဆင်ခြင်သော် ဤဆိုလတ္တံ့သောနည်းဖြင့် ဆင်ခြင်အပ်၏။

ဤလူနတ်ဗြဟ္မာ သတ္တဝါဟူ၍ သမုတ်အပ်သော ရုပ်နာမ်တရားအပေါင်းတို့သည် အဝိဇ္ဇာ, တဏှာ, ကံ, သခ်ါရတို့သည် ပစ်ချအပ်ခြင်း တည်းဟူသော အကြောင်းကြောင့် ရှေးဦးအစ ပဋိသန္ဓေ ဝိညာဏ်စိတ်, ထိုစိတ်နှင့်တကွ နာမကွန္ဓာ သုံးပါးတို့နှင့်တကွ ကာယ, ဘာဝ, ဝတ္ထု ဒသကအားဖြင့် ကမ္မဇရုပ်သုံးဆယ်တို့သည် ဖြစ်ကုန်၏။ ထိုကမ္မဇရုပ်တို့၌ အကျုံးဝင်သော တေဇောဓာတ် သုံးခုတို့ကလည်း ကမ္မပစ္စယဥတုသမုဋ္ဌာန် အဋ္ဌကလာပ်တို့ကို ၄၉-ကြိမ်စီ ဖြစ်စေကြကုန်၏။ ထို ဒုတိယအဆက်တို့၌ အကျုံးဝင်သော လေးဆယ့်ကိုးခု သုံးလီအတိုင်းအရှည်ရှိသော တေဇောဓာတ်တို့ကလည်း ရှေးနည်းအတိုင်း တခု တခုမျှ လျှင် ၄၉-ကြိမ်စီ ဥတုဇရုပ်တို့ကို ဖြစ်စေကုန်၏။ ဤနည်းအတူ လေးဆက်ငါးဆက်တိုင်ရောက်မှ ပဌမကမ္မဇရုပ်သုံးဆယ်တွင် ပါရှိသော တေဇောဓာတ်တို့၏ အရှိန်အစော်သတ္တိအာနုဘော်ကုန်ခဲ့၏။

ထိုပဋိသန္ဓေစိတ်၏နောက် ပဌမဘဝင်မှစ၍ စုတိစိတ်တိုင်အောင် ခဏတိုင်း ခဏတိုင်း စိတ္တဇရုပ်တို့သည်လည်း ဖြစ်ကြကုန်၏။ ထိုစိတ္တဇရုပ်တို့၌ အကျုံးဝင်သော တေဇောဓာတ်တို့ကလည်း ရှေးနည်းအတိုင်း ဥတုဇရုပ်တို့ကို ဖြစ်စေပွါးစေကြကုန်၏။

ထိုစိတ္တဇရုပ်တို့၌ တေဇောဓာတ်တို့ကလည်း ဥဘုသမုဋ္ဌာန် ရုပ်တို့ကို ရှေးနည်းအတိုင်း ၄၉-ကြိမ်စီ ဖြစ်စေကုန်၏။ ထိုသို့ဖြစ်သော ၄၉-ကြိမ်စီသော ဥတုဇရုပ်တို့၌ ၄-ခုသော တေဇောဓာတ်တို့သည်လည်း ရှေးနည်းအတိုင်း ၄၉-ကြိမ်စီ ဥတုဇရုပ်တို့ကို ဖြစ်စေကုန်၏။ ဤသို့သောနည်းဖြင့် သုံးဆက်ငင်း, လေးဆက်ငင်း ဖြစ်စေကုန်ပြီးမှ ပဌမတေဇောဓာတ်တို့၏ သတ္တိကုန်သတည်း။

ဤနည်းအတူ ဒုတိယအကြိမ်၌ တေဇောဓာတ်တို့ကလည်း တခုတခုကလျှင် ၄၉-ကြိမ် သုံးဆက်, လေးဆက်စီ ဥတုဇရုပ်တို့ကို ဖြစ်စေကုန်၏။

တတိယအစရှိသော အကြိမ်တို့၌ရှိသော တေဇောဓာတ်ဟူသမျှတို့ကလည်း ဤနည်းအတူ ဖြစ်စေကြသည်ဖြစ်၍ ဥတုဇရုပ်အဆက်ဆက် အစဉ်မပြတ်ကာလ အရှည် သားအစဉ် မြေးအဆက် မြစ်အညွှန့်ဟူ၏သို့ အဓွန့်ရှည်စွာဖြစ်၍ ကြီးပွါးကြလေကုန်၏။

အောက်၌ ဆိုအပ်ခဲ့ပြီးသော ကမ္မဇရုပ်တို့၌လည်း ဤနည်းအတူပင်တည်း။ ထိုစိတ္တဇရုပ်တို့၌ အဗ္ဗတ္တသြဇာတို့ကလည်း အာဟာရ ရုပ်ကလာပ်တို့ကို ၄၉-ကြိမ်ပေါင်း သုံးဆက်, လေးဆက်စီချည်း ဖြစ်စေကုန်၏။ တခုတခုသော သြဇာ၏ သတ္တိသည် ၄၉-ကြိမ် သုံးလို, လေးလိုစီချည်းဖြစ်၍ ရှေးနည်းအတိုင်း စိတ္တပစ္စယ အာဟာရသမုဋ္ဌာန်ရုပ် အဆက်ဆက် အစဉ်မပြတ်ဖြစ်၍ ကြီးပွါးကုန်၏။

ဗဟိဒ္ဓာ၌ဖြစ်သော သီတဥတု ဥဏှဥတုတို့ကလည်း သတ္တဝါတို့သန္တာန်၌ ပကတူပအကြောင်းဖြင့် ရှေးဦးအစ ဥတုဇအဌကလာပ် ရုပ်တို့ကိုဦးစား ဖြစ်စေကုန်၏။ ထို ဥတုဇရုပ်တို့၌ တေဇောဓာတ်တို့ကလည်း ရှေးနည်းအတိုင်း တခုတခုကလျှင် ၄၉-ကြိမ်စီ အရာအထောင်မက အဆက်ဆက်ဥတုဇရုပ်တို့ကို ဖြစ်စေပြန်ကုန်၏။ ၎င်းတို့၌ ပါရှိသော တေဇောဓာတ်တို့ကလည်း ဤနည်းအတူ အဆက်ဆက် ဖြစ်ပွါးစေကုန်၏။

၎င်း ဥတုဇရုပ်တို့၌ သြဇာတို့ကလည်း ရှေးနည်းအတိုင်း အာဟာရဇရုပ်တို့ကို ၄၉-ကြိမ်ပေါင်းဆယ်ပြန် ဆယ့်နှစ်ပြန်စီ ဖြစ်စေကုန်သည်ဖြစ်၍ ဥတုပစ္စယအာဟာရသမုဋ္ဌာန် ရုပ်အဆက်ဆက် မပြတ်ဖြစ်၍ ကြီးပွါးကုန်၏။ ဆုမ်းခဲဖွယ်စသည်၌တည်သော ကဗဠိကာရ အာဟာရသြဇာဟု ဆိုအပ်သော ဗဟိဒ္ဓသြဇာတို့သည်လည်း ခံတွင်းဝ လည်မျိုတဖက်သို့ ရောက်လျှင် ရောက်ခြင်း ကံတည်းဟူသော အဖော်ရသည်ဖြစ်၍ ၄၉-ကြိမ်စီချည်း အာဟာရရုပ်တို့ကို ဖြစ်စေကုန်၏။

ထိုအာဟာရ ရုပ်တို့၌ အဗ္ဗတ္တသြဇာတို့ကလည်း တခုတခုကလျှင် ၄၉-ကြိမ်စီ အာဟာရရုပ်တို့ကို ဖြစ်စေပြန်ကုန်၏။ ထိုဒုတိယအဆက် ၄၉-ကြိမ်စီသော အာ

ဟာရရုပ်တို့၌ ၄၉-ကြိမ်စီသော သြဇာတို့ကလည်း တခုတခုကလျှင် ၄၉-ကြိမ်စီ ချည်း အာဟာရရုပ်တို့ကို ဖြစ်စေပြန်ကုန်၏။

ဤသို့သောနည်းဖြင့် ဆယ်ပြန် ဆယ့်နှစ်ပြန်တိုင်အောင်ဖြစ်ဖေကုန်ပြီးမှ ပဌမ သြဇာ၏ သတ္တိတခုသာလျှင် ကုန်သေးသည်၊ ဒုတိယသြဇာ အစရှိသောသြဇာ ဟူသမျှ သြဇာဖြစ်ပေါ် လာသမျှတို့ကပင် တခုတခုကလျှင် ဆယ်ဆက် ဆယ့်နှစ် ဆက်စီချည်း၊ တဆက်တဆက်လျှင် ၄၉-ကြိမ်စီချည်း ဖြစ်စေကုန်သည်ဖြစ်၍ တကြိမ်တခါ စားအပ် သောက်အပ်သော အာဟာရတို့မှ ခုနစ်ရက်ပတ်လုံး အာဟာရရုပ်အဆက်ဆက် မပြတ်ဖြစ်လေကုန်၏။

ထိုအာဟာရရုပ်တို့၌ အကျုံးဝင်သော ဝေဒနာဓာတ် ဟူသမျှတို့ကလည်း တခုတခုကလျှင် ဆယ်ဆက်, ဆယ့်နှစ်ဆက်စီချည်း၊ တဆက်စီဆက်လျှင် ၄၉-ကြိမ် စီချည်း ဥတုဇရုပ်တို့ကို ဖြစ်စေပြန်ကုန်သည်ဖြစ်၍ အာဟာရပစ္စယ အာဟာရ-သမုဋ္ဌာန်ရုပ် တည်သန္ဓေရှိကာလပတ်လုံး ဤ အာဟာရပစ္စယ ဥတုသမုဋ္ဌာန်တို့ သည်လည်း အစဉ်မပြတ် အဆက်ဆက် ဖြစ်ကြလေကုန်၏။

ဆိုအပ်ခဲ့ပြီးသော ကမ္မဇရုပ်တို့မှ အဇ္ဈတ္တိက သြဇာတို့သည်လည်း ရှေးနည်း အတိုင်း တခုတခုက လေးဆက်ငါးဆက်စီ တဆက် တဆက်မှ သည် ၄၉-ကြိမ်စီ ချည်း အာဟာရရုပ်တို့ကို ဖြစ်စေကြကုန်၏။ ၎င်းကမ္မပစ္စယ အာဟာရသမုဋ္ဌာန် ရုပ်တို့သည်လည်း ဆိုခဲ့ပြီးသောနည်းအတိုင်း ကမ္မဇရုပ် မချုပ်သေးသရွေ့ မသေ သေးသရွေ့ ကာလပတ်လုံး အဆက်ဆက် အစဉ်မပြတ် ဖြစ်စေလေကုန်၏။

ပဋ္ဌိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ဖြစ်သော ကမ္မဇရုပ်တို့သည် ကမ္မပစ္စယ ဥတု-သမုဋ္ဌာန်ရုပ်, ကမ္မပစ္စယ အာဟာရသမုဋ္ဌာန်ရုပ် အဆက်ဆက်တို့ကို ဖြစ်စေသကဲ့ သို့ ပဋ္ဌိသန္ဓေစိတ်၏ ဌိတိခဏမှစ၍ စုတိ၏ အဝဏ်တ် တဆယ့်ခုနစ်ချက်မြောက်တိုင် အောင်ဖြစ်သော ကမ္မဇရုပ်တို့ကလည်း ကမ္မပစ္စယ ဥတုသမုဋ္ဌာန်ရုပ်, ကမ္မပစ္စယ အာဟာရသမုဋ္ဌာန်ရုပ်တို့ကို အစဉ်မပြတ် ဖြစ်စေကုန်၏။

ဤသို့ဖြစ်ကြသော နာမ်ရုပ်အပေါင်းတို့တွင် ပဋ္ဌိသန္ဓေစိတ် အစရှိသော နာမ်တရားတို့သည် ဥပါဒ်အားဖြင့် တခဏမျှဖြစ်၍ ဌိအားဖြင့် တခဏမျှတည်၍ ဘင်ခဏသို့ရောက်သဖြင့် လျှပ်စစ်တပြက် အခါ၌ပင်လျှင် အသောင်းအသိန်းမျှ မက နာမ်သစ်လဲ၍ ပျက်၍ ပျက်၍ သေ၍ သေ၍ နေကြလေကုန်၏။

ထို့ကြောင့် ထိုနာမ်တရားတို့၏ ဖြစ်ပြီး၍ အလျင်းကွယ်ပျောက်ရကား အနိစ္စ၊ ဖြစ်ခြင်း ပျက်ခြင်းဖြင့် နှိပ်စက်ရကား ဒုက္ခ၊ ၎င်းဒုက္ခသဘောကို မဖြစ်စေရ အောင် အစိုးမရရကား အနတ္တ၊ ဥပါဒ်သည် ဌီသို့ ရောက်ရသည်ဖြစ်၍ မမြဲ အနိစ္စ၊ ဌီသည် ဘင်သို့ ရောက်ရသည်ဖြစ်၍ အနိစ္စ၊ ဘင်သည်အကြင်းမဲ့ကုန်ခြင်းသို့ ရောက် ရသည်ဖြစ်၍ မမြဲအနိစ္စ၊ ဥပါဒ်ကို ဌီခဏဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ ဥပါဒ်၏ ကျင်နာရကား ဒုက္ခ၊ ဘင်ဖြင့်နှိပ်စက်အပ်သည်ဖြစ်၍ ဌီ၏ ကျင်နာရကား ဒုက္ခ၊ အကြင်းမဲ့ကုန်ခြင်းဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ ဘင်၏ ကျင်နာရကား ဒုက္ခ၊ ဥပါဒ်ခဏမှ ဌီခဏသို့ မရောက်ရဟောင် အစိုးမရ အနတ္တ၊ ဌီခဏမှ ဘင်ခဏသို့ မရောက်ရအောင် ဘင်ခဏမှ အကြင်းမဲ့ ချုပ်ခြင်းကုန်ခြင်းသို့ မရောက်ရအောင် အစိုးမရ အနတ္တ၊ အနတ္တသာလျှင်တည်း။

"ဤအလုံးစုံသော နာမ်တရားဟူသမျှ ဤနည်းအတိုင်း ဥပါဒ်၊ ဌီ၊ ဘင် ခဏတိုင်း ခဏတိုင်း အနိစ္စ ဒုက္ခ အနတ္တ သဘောတရားသာလျှင်တည်း" ဟု နှလုံး သွင်းအပ် ဆင်ခြင်အပ်၏။

ရူပ်တရားတို့သည်လည်း ကျေးဇူးအစ ပဋိသန္ဓေစိတ် ဥပါဒ်နှင့်တကွ ဖြစ်ကြ ကုန်သော ကမ္မဇရူပ်တို့သည် ပဋိသန္ဓေစိတ်မှ နောက်တဆယ့်ခြောက်ချက်မြောက် သော ဘဝင်စိတ်နှင့်ပြိုင်၍ ချုပ်ကုန် ပျောက်ကုန် သေကြလေကုန်၏။ ဤနည်း အတူ ပဋိသန္ဓေဝိတ် ဌီနှင့်တကွ ဖြစ်ကြကုန်သော ကမ္မဇရူပ် ဥတုဇရူပ်တို့သည် ပဋိသန္ဓေစိတ်မှ နောက်တဆယ့်ခုနစ်ချက်မြောက်သော ဘဝင်စိတ် ဥပါဒ်သည့် အခါ၌ တပေါင်းတည်း ပျက်ကြ သေကြရလေကုန်၏။

ပဋိသန္ဓေစိတ်၏ ဘင်ခဏအခါ၌ ဖြစ်ကုန်သော ကမ္မဇရူပ်, ဥတုဇရူပ်, ကမ္မ-ပစ္စယဥတုဇရူပ်, ဥတုပစ္စယ ဥတုသမုဋ္ဌာန် ရူပ်အပေါင်းတို့သည် ထိုပဋိသန္ဓေ စိတ်မှနောက် တဆယ့်ခုနစ်ချက်မြောက်သော စိတ်၏ ဌီခဏနှင့်ပြိုင်၍ မီးလောင် တိုက်၏အတွင်း ဆေမျိုး လူဘသင်းလုံး သေကြရသည်အခါကဲ့သို့ တပေါင်းတည်း ပျက်စီးကြ သေကြကုန်၏။

ပဋိသန္ဓေနောင် ပဌမဘဝင်စိတ်၏ ဥပါဒ်မှဖြစ်ကုန်သော ကမ္မဇရူပ်ကမ္မပစ္စယ ဥတုသမုဋ္ဌာနရူပ်, ကမ္မပစ္စယ အာဟာရသမုဋ္ဌာနရူပ်, ဥတုဇရူပ်, ဥတုပစ္စယ ဥတု-

သမုဒ္ဒရာနရုပ်, စိတ္တဇရုပ်အပေါင်းတို့သည် ဘဝနိကန္တိ ပဌမဇော၏ ဥပါဒ်သည့် အခါ တပေါင်းတစုတည်း သေဘေးဆုံး၍ တွေ့ကြုံလေကုန်၏။

ထိုပဌမဘဝင်စိတ်၏ ဌိခဏာ၌ အတူတကွ ပေါက်ဖွားလာကြကုန်သော ကမ္မဇရုပ်, ကမ္မပစ္စယ ဥတုသမုဋ္ဌာနရုပ်, ကမ္မပစ္စယ အာဟာရသမုဋ္ဌာနရုပ်၊ ဥတုဇရုပ်, ဥတုပစ္စယ ဥတုသမုဋ္ဌာနရုပ်, ဥတုပစ္စယ အာဟာရသမုဋ္ဌာနရုပ်၊ စိတ္တဇရုပ်, စိတ္တပစ္စယ ဥတုသမုဋ္ဌာနရုပ်, ၎င်းစိတ္တပစ္စယ အာဟာရသမုဋ္ဌာနရုပ် အပေါင်းတို့သည် ဘဝနိကန္တိ ပဌမဇော၏ ဌိခဏာသို့ ရောက်လျှင်ရောက်ခြင်း မိုးကြိုးတထောင် လောင်မီးတရာ စု၍ ကျသကဲ့သို့ မျှားစွာသော ရုပ်ကလာပ် ဘင်အပေါင်းတို့ တပေါင်းတည်း သေဆုံး၍ ပျက်စီးကြလေကုန်၏။

ဤနည်းအတူ ပဌမဘဝင်၏ ဘင်ကာလမှစ၍ အစဉ်အတိုင်း ဖြစ်ကြကုန်သော ရုပ်တရားအပေါင်းတို့ဘည် ဘဝနိကန္တိ ပဌမဇော၏ ဘင်ကာလစသည်သို့ ရောက်ကြတိုင်း ရောက်ကြတိုင်း အပြိုင်းအပြိုင်[1] အဆိုင်းဆိုင်း သေပွဲခံကြ သေဘေးရောက်ကြကုန်၏။

အကြင်အခါ မိမိ၏တံတွေးစသည်မှလင်း အမိစားအပ်သော အာဟာရမှလင်း ထောက်ပံ့အပ်သည်ဖြစ်၍ ဗဟိဒ္ဓအာဟာရဇရုပ် ဖြစ်၏၊ ထိုအခါမှစ၍ ဖြစ်ကြကုန်သော ဆိုအပ်ခဲ့ပြီးသော ရုပ်အပေါင်းတို့သည်လင်း၊ အာဟာရဇရုပ်, အာဟာရပစ္စယ ဥတုသမုဋ္ဌာနရုပ်အပေါင်းတို့သည်လင်း၊ စိတ္တက္ခဏတဆယ်ခုနစ်ချက်ခန့်ကာလသို့ ရောက်လျှင်ရောက်ခြင်း အသူတရာ[2]နက်သော နရက်ခြောက်သို့ ဦးစောက်ပြောင်းပြန် ကျရကုန်သော သားအပေါင်းတို့ကဲ့သို့ တဖန် ပြန်လည်၍ ဖြစ်ပေါ်လာ ရှင်လာခြင်းမရှိ တပေါင်းတည်းကုန်ခြင်း ပျောက်ခြင်းသို့ ရောက်ကြလေကုန်၏။

ဤသို့ ဘေးဆုံ၍ ဆုံ၍ တပေါင်းတည်း တပေါင်းတည်း ကြွက်ကြွက်ဆူ ပျက်၍ ပျက်၍ ဘေးသင့်၍ သင့်၍ နေကြကုန်သော ရုပ်တရား နာမ်တရားတို့မှ အခြားသတ္တဝါမည်သည် တစုံတခု ရှိတော့သည်မဟုတ်၊ ထိုသို့ အမြင်

၁။ အပြိုင်းပြိုင်း=ထင်ထင်ရှားရှား။

၂။ လက်ခုပ်တဘောင်=ဘသူ၊ ဓာန်၊ ၂ဖ၉-ဂါထာ။

မကောင်း ကြောက်မက်ဖွယ်ဘေး ဆုံ၍ ထိုကြ ရောက်ကြကုန်သော သေ၍ သေ၍ နေကြကုန်သော သေသည်ကိုသာ ထင်လိုက်မြင်လိုက်ရ၍ တဖန် ဖြစ်ပေါ်လာခြင်း မရှိကုန်သော ထိုရုပ်နာမ်တရားအပေါင်းတို့ကိုသာလျှင် "ဣတ္ထိ, ပုရိသ, သတ္တ, ဇီဝ" ဟူ၍ ခေါ်ဝေါ်ပညတ်အပ်သည်၊ ထိုဘရားတို့သည် ဆိုအပ်ခဲ့ပြီးသည့်အတိုင်း တခဏခြင်း ပျက်စီးဖောက်ပြန်ခြင်း, ဆင်းရဲခြင်း, အစိုးမရ အနှစ်သာရမရှိခြင်း တိတ္ထိတို့ ရမ်းဆကြံဆိုအပ်သော "နိဝါသီ, ကာရက, ဝေဒက, အတ္တ" ဟုဆိုအပ်သော အမြဲ အစိုးတရ နေရသောသူ, အကြောင်းကိုပြု၍ နေရသောသူ, အကျိုးကိုခံစား၍ အမြဲနေရသောသူ, အစိုးရသော ကိုယ်ကောင် ဟူသည်တို့မှ ဆိတ်သောကြောင့် အနိစ္စ, ဒုက္ခ, အနတ္တသဘောတရားအစုမျှ သာလျှင်တည်း၊ အစုမျှသာလျှင်တည်း။

ဤအတိုင်း မှတ်သားမိအောင်ပြု၍ စိန္တာမယဉာဏ်ဖြင့် အဖန်ဖန် ကြံစည် အောက်မေ့ပွါးများအပ်၏။

အဂ္ဂိရတ်သမား၏ စိတ်မပျက်သော လုံ့လကို ဥပမာတင်ပြ၍ တိုက်တွန်းတော်မူခြင်း

"ပြဒါးသေလျှင် တဆေးသည်၊ သံသေလျှင် တပြေးသည်" ဟူသော ဥဒါန်းစကား ဝိုးဝါးအရိပ်ဖြင့်ပင်လျှင် ပြဒါးမသေမချင်း အောက်ပြည်ရန်ကုန်, ဗန်းမော်, ကောင်းတုံ စုန်ဆန်မနား သတင်းကြား ဆေးပင်ကို အတွင်သာ စုဆောင်းလျက် အရိုးကျေကျေ အရေခြောက်ခြောက် ခါးတောင်းကျိုက် မဖြုတ်သော ဌေလုပ် အဂ္ဂိရတ်သမား၏ စွမ်းအင်ကို ထောက်သဖြင့် သဲသောင်ပြင်ဝယ် ဆင်းသွားသော လမ်းမ၏သို့ အရိယာသခင် အရှင်ဟိုအတွင်း သွားလာကြရာ ဝိပဿနာလမ်း အာသင်အရှား ပိဋ္ဌကတ် ပါဠိတော်, အဋ္ဌကထာနည်း၊ လဒ္ဓေါပဒေသနည်း အထင်အရှားရှိလျက် စိတ်ပျက်လက်လျှော့ မပေါ့သင့်ရာ ပေဟု နှလုံးပြုတော်မူနိုင်ကြပါစေကုန်သတည်း။

သမုဒ္ဒရာပင်လယ်ဝ လိုင်းမအတွင်း မုန်တိုင်းမိသော သင်္ဘောသားတို့၏ ညို့ညို့မှိုင်းမှိုင်း မင်းနေပြည်ကြီးကို တပိုင်းတခြမ်း ရောက်ရမ်းမိသောအခါ လွန်စွာ ဝမ်းမြောက်ဝမ်းသာ အားထုတ်အပ်သော ဝီရိယကဲ့သို့ "ကာမစ္ဆန္ဒလိုင်း

အဝိဇ္ဇာမုန်တိုင်း ကြီးလှသေးသည်၊ ပါရမီ နုလှသေးသည်”ဟု လက်လျှော့ဝန်ချ မရှိရဘဲ ဤမျှကလောက် ရအပ်ပြီးသော မနုဿတို့, ပဗ္ဗဇိတ ဒုလ္လဘကို လှလှ ရခြင်းတည်းဟူသော နိဗ္ဗာန်နန်းမြို့ရိုး၊ ပြအပ်ခဲ့ပြီးသော ဝိပဿနာနည်း တည်း ဟူသော နိဗ္ဗာန်နန်းတံခါးမုခ်တို့ကို စိတ်ရည်ရော်မှန်းတမ်း ရမ်းမိကြပြီး ရှိသည် အတိုင်း ဆုတ်ဆိုင်းမရှိ အလီနဝိရိယ[1] စတုရင်္ဂ ဗလဝါယာမ[2]ဖြင့် ကြိုးပမ်း တတ်စွမ်းတော်မူနိုင်ကြပါစေကုန်သတည်း။

သမ္မသနဉာဏ် အလွန်သန့်ရှင်းခြင်းသို့ရောက်ရန် တနည်းသုံးသပ်ပုံ

တနည်းလည်း— သမ္မသနဉာဏ်၏ အလွန်သန့်ရှင်းခြင်းသို့ ရောက်စေ ခြင်းငှါ—

> **စက္ခု ဘိက္ခဝေ** အာဒိတ္တံ၊ ရူပါ **အာ**ဒိတ္တာ၊ **စ**က္ခုဝိညာဏံ **အာ**ဒိတ္တံ၊ **စ**က္ခုသမ္ဖဿော **အာ**ဒိတ္တော၊ ယမ္ပိဒံ **စ**က္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ တမ္ပိ **အာ**ဒိတ္တံ[2]။

ဤသို့အစရှိသော ပါဠိတော်ကိုမှီ၍ ဒုါရဝိထိအားဖြင့်လည်း သုံးသပ်အပ်၏။ သုံးသပ်ဟန်ကား—

> အကြင်အခါ ဗဟိဒ္ဓ မာတုဂါမ ဝိသဘာဂစသော ရူပါရုံကို အာရုံပြု၍ ကိုယ်တွင်းသန္တာန်၌ ထိုရူပါရုံနှင့် ကာလပြိုင်၍ဖြစ်သော စက္ခုပသာဒကို မှီ၍ စက္ခုသမ္ဖဿ အစရှိသော သမ္ပယုတ်တရားတို့နှင့်တကွ စက္ခုဝိညာဏ်ဝိထိစိတ္တုပ္ပါဒ် ဖြစ်လုလတ်သည်ရှိသော်—
>
> ထိုအာဂန္တုကရူပါရုံ၏ ဝင်လာခြင်းကြောင့် ကြုပတော့သော ဘဝင်စိတ်တို့ တုန်လှုပ်ပြတ်သွားလေခဲ့သော်—

၁။ မတွန့်သော ဝီရိယ။

၂။ “ကိုယ်၌ အရေသည်ရင်း အကြောသည်ရင်း အရိုးသည်ရင်း အကယ်၍ ကြွင်းကျန်စေကာမူ အသားအသွေးသည် ခန်းခြောက်စေကာမူ အရဟတ္တဖိုလ် မရောက်သမျှ ဝီရိယမလျှော့” ဟု ဖြစ်သော ဝီရိယ။ သံ ၁-၄၆၄-စသည်။

၃။ ၀ ၃-၄၄။ သံ-၂-၂၅၁- ၂။

ထိုအာဝဏ္ဏကရူပါရုံကို ဆင်ခြင်သကဲ့သို့သော ပဋ္ဌဒ္ဓါဟာဝဇ္ဇန်းစိတ်,
မြင်သကဲ့သို့သော စက္ခုဝိညာဏ်စိတ်,
ခံသားသကဲ့သို့သော သမ္ပဋိစ္ဆိန်းစိတ်,
စုံဂမ်းသကဲ့သို့သော သန္တီရဏစိတ်,
မှတ်လင့်သကဲ့သို့သော ဝုဋ္ဌေါစိတ်,
ခံစားရသကဲ့သို့သော ဇောစိတ်,

ထိုအာရုံကြောင်းကို ဇောဏ်အတုလိုက်၍ ဝေးနုတ်စားပေါက်ကောက်ရသကဲ့သို့သော တဒါရုံစိုက်ဖြစ်၍ ချုပ်ကြလေကုန်၏။

ထိုနောင်မှ ထိုရူပါရုံအာသကောင်းကို အာရုံပြု၍ မနောဒ္ဓါဟာဝဇ္ဇန်း ဇောခုနစ်ကြိမ်အားဖြင့် တဒနုဝတ္တကမနောဒ္ဓါရဝိထိ ဖြစ်လေ၏။

ထိုနောင်မှ "ဤအာရုံသည် အဘယ်နည်း"ဟု အမည်နာမ ဝတ္ထုသဘောကို ကြံဆင်ခြင်သောအားဖြင့် မနောဒ္ဓါဟာဝဇ္ဇန်း, ဇောခုနစ်ကြိမ်ဖြစ်၍ ချုပ်လေ၏။ ထိုနောင်မှ ဤကား ပေမည်းတည်း, ငပြာတည်း အစရှိသည်ဖြင့် သိတတ်, ဆင်ခြင်တတ်, နှလုံးသွင်းဘက်သကဲ့သို့သော မနောဒ္ဓါဟာဝဇ္ဇန်းစိတ္တုပ္ပါဒ် ဇောခုနစ်ကြိမ်စိတ္တုပ္ပါဒ်တို့ အစဉ်အတိုင်းဖြစ်၍ ဖြစ်၍ ချုပ်ပြန်ကြလေကုန်၏။

ဤနည်းအတု ရင်းအတိတ်အာရုံကိုပင် အသပ်သပ် ကြံစည်အောက်မေ့ခြင်းနှင့်တကွ ထိုခဏ၌ပင် မျှားစွာ မရေမတွက်နိုင်သော ဝိထိဇောဝါရတို့သည်လည်း ဖြစ်၍ ဖြစ်၍ ပျက်ကြလေကုန်၏။ ထိုသို့ သေးလ ပျက်လေပြီးသော ရူပါရုံကို အာရုံပြုသော မရေမတွက်နိုင်သော ဇောဝါရတို့ကိုပင် တလုံးကည်း တခဲကည်း ယူ၍ "ငါယောကျ်ားသည် ဤမိန်းမကို မြင်၏"ဟု အနုပုထုဇဉ်တို့ ထင်မှားကြကုန်၏။ ထိုဝိထိစိတ်တို့၌ ရှေးဦးအာ ရူပါရုံသည် ပဌမဝိထိ၏ ဒုတိယတဒါရုံနှင့် ပြိုင်၍ သေလေ ပျက်လေရကား အနိစ္စ ဒုက္ခ အနတ္တ သဘောသာလျှင်တည်း။ ထိုရူပါရုံနှင့် ကာလပြိုင်၍ဖြစ်သော စက္ခုပသာဒသည်လည်း ထိုရူပါရုံနှင့်အတူတူ ကပေါင်းတည်း သေရ ပျက်ရလေ၏။ ထိုစက္ခုပသာဒကို မှီ၍ ထိုရူပါရုံကို အာရုံပြု၍ဖြစ်သော စက္ခုဝိညာဏ်စိတ်သည်လည်း လျှပ်စစ်တုန်ကို အရာအထောင်စိတ်ရှိ ထစိတ်လောက်မျှ မကြာမတင် ပျက်စီးခြင်းသို့ ရောက်လေ၏။

ထိုစက္ခုဝိညာဏ်နှင့်တကွဖြစ်သော စက္ခုသမ္ဖဿ, စက္ခုသမ္ဖဿဇာ ဝေဒနာ, သညာ, စေတနာ အစရှိသော သမ္ပယုတ်တရားတို့သည်လည်း ရာဇဝတ်သင့်ရောက်သော မိဘတို့နှင့်အတူ မီးလောင်တိုက်တခုတည်း၌ တပြိုင်နက်သေရလေသော သားသမီးဘို့ကဲ့သို့ မှီရာစက္ခုဝိညာဏ်နှင့်အတူတကွ ထိုခဏခြင်းပင် ပျက်စီးရ သေရကြလေကုန်၏။ ထို့ကြောင့် ဤစက္ခုပသာဒ, စက္ခုဝိညာဏ်စိတ္တုပ္ပါဒ်တို့သည်လည်း အနိစ္စ ဒုက္ခ အနတ္တ အာဒီတ္တ ရဲရဲတောက် ကြောက်မက်ဖွယ်သော သဘောဘရားအစုသာလျှင်တည်း။

ဤနည်းအတူ သမ္ဘဝိဆိုန်း အစရှိသော မျှားစွာသော စိတ္တုပ္ပါဒ်တို့သည်လည်း အစိတ်အစိတ် အမှုန့်အမှုန့် အပြုတ်ပြုတ် အသတ်သတ် ဖရိုဖရဲ ကကွဲတခြားစီ ချည်းသာဖြစ်၍ မိမိတို့ ဖြစ်ရာ ဖြစ်ရာ၌ပင် ခြစ်ခြစ်ပူသော အိုးကင်း၌ ကျသော ရေစက်တို့ကဲ့သို့ပင်း၊ ပြင်းစွာသော နေရှိန်ကျောက်သော ဆီးနှင်းပေါက်ကဲ့သို့ ၎င်း ဖြစ်ပြီး၍ ဖြစ်ပြီး၍ အလျင်းကုန်ပျောက်ခြင်းကြောင့် အနိစ္စ၊ ထိုသို့ ပျက်စီးခြင်းသည်ပင်လျှင် ဆင်းရဲရကား ဒုက္ခ၊ ထိုဒုက္ခတရားလျှင် အစိုးမရ ရကား အနတ္တသာလျှင်တည်း။

ထိုမှတပါး မျှားစွာသော ရူပ်နာမ် ခန္ဓာငါးပါးတရားတို့၏ ဥပါဒ်-ဌီ-ဘင်-ဟူသော ဇာတိ-ဇရာ-ဗျာဓိ-မရဏမီးတို့ဖြင့် ခဏတိုင်း ခဏတိုင်း အမြဲလောင်သော ဤဘေးခဲ ဘေးအစုကိုပင် ကာမဂုဏ်ကို ခံစားရသောလူဟူ၍, နတ်ဟူ၍, ဣတ္ထိဟူ၍, ပုရိသ ဟူ၍ အထင်အမှတ်မှားစေတတ်သော သက္ကာယဒိဋ္ဌိ၊ ထိုဒိဋ္ဌိနှင့် သမ္ပယုတ်ဖြစ်သော လောဘမူစိတ္တုပ္ပါဒ်တို့သည်လည်း ထိုပျက်လေ သေလေပြီးသော အတိတ်အာရုံကို အာရုံပြု၍ မိမိတို့လည်း သေရ ပျောက်ရကြလေကုန်၏။

အသေကောင်ပုပ်ကို မှီ၍ နေသော ပိုးလောက်တို့သည် မီးဖုတ်သည်နှင့် တပြိုင်နက် လူသေကောင်နှင့်တကွ ထပေါင်းတည်း ကျမ်းရကြလေကုန်သကဲ့သို့ ဤအလုံးစုံသော နာမ်တရားတို့သည်လည်း မှီရာအလုံးစုံသော ရူပ်တရားတို့နှင့် မရှေးမနှောင်း တပေါင်းတည်းကဲ့သို့ဖြစ်၍ ပျက်ကြ ပျောက်ကြလေကုန်သော

ကြောင့် အနိစ္စသဘော, ဒုက္ခသဘော, အနတ္တသဘော တရားသာလျှင်တည်း ဟူ၍ အာဝဇ္ဇန်ထပ် သုံးသပ်ဆင်ခြင်အပ်၏။

သောတဒ္ဓါရုဝိထိ စသည်ဌာလည်း ဤနည်းအတူ ဆင်ခြင်အပ်၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းကို အစဉ်မှီးသဖြင့် ပဋ္ဌိသန္ဓေအခါမှစ၍ စုတိတိုင်အောင် ဝိထိအစဉ်တို့ကို အောက်မေ့၍ အောက်မေ့၍ ဆင်ခြင်ဖန်များသည် ရှိသော် အနိစ္စ ဒုက္ခ၏အဖြစ် ဖရိုဖရဲ တက္ခဲတခြားစီ၏အဖြစ်, အမှန်စုဟူသော အနတ္တ လက္ခဏာ၏အဖြစ်သည် ဘာဝနာမယဉာဏ်တွင် အလွန်ထင်ရှားခြင်း ဖြစ်လတ္တံ့။

ပဋ္ဌိစ္စသမုပ္ပါဒ်နည်း, ပဋ္ဌာန်းနည်းကိုမှီး၍ သမ္မသနဉာဏ် အလွန်သန့်ရှင်းရန် သုံးသပ်ပုံ

တနည်းလည်း ပဋ္ဌိစ္စသမုပ္ပါဒ်နည်း, ပဋ္ဌာန်းနည်းတို့ဌ ဥဂ္ဂဟ, ပရိပုစ္ဆာ၏ အစွမ်းအားဖြင့် ပေလွလာကျမ်းကျင် သိမြင်နိုင်သော သုတရေပုဂ္ဂိုလ်တို့သည် ဤဆိုလတ္တံ့သော ပဋ္ဌိစ္စသမုပ္ပါဒ်နည်း, ပဋ္ဌာန်းနည်းတို့ကိုမှီး၍ သုံးသပ်သည် ရှိသော် သမ္မသနဉာဏ် အလွန်သန့်ရှင်းခြင်းသို့ ရောက်လတ္တံ့။ သုံးသပ်ဟန်ကား –

ဤဘဝ ရှေးဦးအစ ပဋ္ဌိသန္ဓေဝိညာဏ်ဖြစ်ရခြင်းသည် ရှေးဘဝ၌ အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံတည်းဟူသော ပကတူပအကြောင်း, ကံ ကမ္မနိမိတ် ဂတိ နိမိတ်သုံးပါးတို့တွင် တပါးပါးသော အာရုံဟူသော အာရမ္မဏပစ္စယ စသော အကြောင်း, သမ္ပယုတ် အလောဘ အဒေါသတို့၏ ဟေတုပစ္စယ စသော အကြောင်း,သမ္ပယုတ် အမောဟ၏ အဝိပတိ ဣန္ဒြိယ မဂ္ဂ စသော အကြောင်း, ဖဿဝေဒနာအစရှိသည်တို့၏ သဟဇာတစသော အကြောင်း,ဟဒယဝတ္ထုရုပ်၏ နိဿယစသော အကြောင်း, ရှေးဘဝစုတိစိတ်၏ အနန္တရ စသော အကြောင်း၊ ဤသို့အစရှိသော မျိုးစုံသော အကြောင်းကြောင့် ထိုပဋ္ဌိသန္ဓေဝိညာဏ်စိတ် ဖြစ်လာ၏။

ထိုအကြောင်းတရားတို့တွင် အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ ဟူသော ရှေးဘာ အကြောင်းတရားတို့သည်လည်း ထိုရှေးဘဝ၌ပင်လျှင် တခဏခြင်း ဖြစ်၍ ထိုတခဏခြင်း ပျက်စီးကြလေကုန်ရကား အနိစ္စ အနိစ္စ၊ ဖြစ်ခြင်း

ပျက်ခြင်းဖြင့် ဆင်းရဲရကား ဒုက္ခ ဒုက္ခ၊ နောင်ဘဝဝိညာဏ်ဟူသော အကျိုးဖြစ်အောင် ဆိုင်းငံ့ဦးမည်ဟူ၍ မရပ်တန့်နိုင် မတည်ဟုံ့နိုင်၊ ထိုဝိညာဏ်ဟူသော အကျိုးမဖြစ်မီက ပျက်စီးနှင့်လေရကား အစိုးမရ အနတ္တ အနတ္တ၊ ပဋ္ဌိသန္ဓေဝိညာဏ်ကို ငါတို့ဖြစ်အောင်ပြုမည်ဟု ဗျာပါရ မပြုတတ်ရကား အ့ကာရက အနတ္တ အနတ္တ၊ ဝိညာဏ်ဟူသော အကျိုးမဖြစ်မီ ပျက်စီးရကုန်သည်ဖြစ်၍ ဝိညာဏ်ဟူသော အကျိုးကို မခံစားရသည်ဖြစ်ရကား အဝေဒက အနတ္တ အနတ္တ၊ ဝိညာဏ်ဟူသော မိမိအကျိုးကို မပျောက်မပျက်ရအောင် စောင့်ရှောက်နိုင်မည် မဆိုထားဘိ၊ မိမိပင်လျှင် ရှေးဦးတင်၍ ပျက်နှင့်လေရကား အစိုးတရ ပြုလိုဖြစ်လိုတိုင်း မပြုမဖြစ်ရ အနိဝါသီ အသယံဝသီ အနတ္တ အနတ္တ၊ နိဿတ္တ, နိဇ္ဇီဝ, နိဗျာပါရသဘောတရားသာလျှင်တည်း။

ဤမှတပါး ကံ စသော အာရမ္မဏအကြောင်း, သမ္ပယုတ်ဟူရာတို့၏ ဟေတုသဟဇာတ စသော အကြောင်းတို့သည်လည်း မိမိတို့ဖြစ်ရာအရပ်၌ပင် ပျက်စီးရကုန်သည်ဖြစ်ရကား အနိစ္စ, ဒုက္ခ, အနတ္တသာလျှင်တည်း။

ပဋ္ဌိသန္ဓေဝိညာဏ်သည်လည်း မိမိ၏ မျှားစွာသော အကြောင်းတရားတို့သည် အနည်းငယ်မျှ မကယ်ဆယ်နိုင်၊ မထောက်ပံ့နိုင်၊ ထိုခဏခြင်း ပျက်စီးခြင်း၊ ဆင်းရဲခြင်း၊ ကိုယ်ရှင်ကိုယ်ကို အစိုးမရခြင်းကြောင့် ထိုခဏ၌ အကြွင်းမဲ့ ပျက်စီးရလေသည်ဖြစ်ရကား ဒုသယံဝသီ အဝေဒက အနတ္တ အနတ္တသာလျှင်တည်း။

ပဋ္ဌိသန္ဓေဝိညာဏ်နှင့်တကွ သဟဇာတသမ္ပယုတ်နာမကွန္ဓာသုံးပါး၊ ကမ္မဇရုပ်သုံးဆယ်, ခုနစ်ဆယ်အလွန်အားဖြင့် ဖြစ်လေကုန်သော ထိုတရားတို့သည်လည်း ရှေးဘဝ အဝိဇ္ဇာ, တဏှာ, ကံ ဟူသော ဝေးသော ပကတူပအကြောင်း၊ ဝိညာဏ်ဟူသော ပြဋ္ဌာန်းသော နီးသော သဟဇာတ်အကြောင်း၊ ဟဒယဝတ္ထု မဟာဘူတ်ဟူသော မှီရာ နိဿယ စသောအကြောင်း၊ နာမကွန္ဓာ သုံးပါးတို့၌ ကံ စသော အာရုံဟူသော အာရမ္မဏစသော အကြောင်း၊ ကမ္မဇရုပ်တို့၌ ပထမဘဝင်ဟူသော ပစ္ဆာဇာတအကြောင်း၊ ရုပ်ဇီဝိတိန္ဒြေဟူသော ဣန္ဒြိယစသော အကြောင်း ဤသို့ အစရှိသော မျှားစွာဖသာ အကြောင်းတို့ကြောင့် ဖြစ်ရလေကုန်၏။

ထိုနာမ်တွေနှာ ကမ္မဇရုပ် တရားတို့သည်လည်း မိမိတို့၏အကြောင်းများစွာမှ အနည်းငယ်မျှသော အမဇာတ်အရှောက်ကိုမရ၊ ထိုရှေနောက်အကြောင်း သဟဇာတ် အကြောင်းတရားတို့နှင့်တကွ မရှေးမနှောင်း တမဟုတ်ခြင်း ဖြုတ်ခြည်း ပျက်စီးရလေသည်ဖြစ်ရကား "ထိုရူပ်နာမ်ခန္ဓာ တရားအပေါင်းတို့သည်လည်း အနိစ္စ, ဒုက္ခ, အနတ္တ"ဟူ၍ အဖန်တလဲလဲသုံးသပ်အပ်၏။

ဤနည်းအတူ ပဋ္ဌမဘာဝင်စိတ်မှစ၍ အစဉ်အတိုင်း အကြောင်းအကျိုးနှင့်တကွ လက္ခဏာရေးသုံးပါးတင်၍ ဆင်ခြင်သုံးသပ်အပ်၏။

ပဋိသန္ဓေဟည်သည်မှ ကောဒသမသတ္တာဟ စသည်သို့ ရောက်သောအခါ၌ သုံးသပ်ပုံ

ပဋိသန္ဓေ ကလလရေကြည် တည်သည်မှ ကောဒသမသတ္တာဟ စသည်သို့ ရောက်သောအခါ၌ ဤဆိုလတ္တံ့သောနည်းဖြင့် သုံးသပ်အပ်၏။

ပဋိသန္ဓေနေသည်မှနောက် ကောဒသမသတ္တာဟ၌ စက္ခုဒသကနှင့်တကွ ကမ္မဇရုပ်လေးဆယ်တို့သည် တပြိုင်နက် ဥပါဒ်ကြကုန်၍ ဌိတိဆိုသို့ ရောက်သည်ရှိသော် ထိုကမ္မပစ္စယကမ္မသမုဋ္ဌာနရုပ်, ကမ္မပစ္စယဥတုသမုဋ္ဌာနရုပ်, အာဟာရသမုဋ္ဌာနရုပ်, စိတ္တပစ္စယ စိတ္တသမုဋ္ဌာနရုပ်, စိတ္တပစ္စယ ဥတုသမုဋ္ဌာန အာဟာရသမုဋ္ဌာနရုပ်, အာဟာရပစ္စယ အာဟာရသမုဋ္ဌာနရုပ်, အာဟာရပစ္စယဥတုသမုဋ္ဌာနရုပ်တို့သည် ကြီးစွာသော သဲပုံစုကဲ့သို့ ဂဏန်းသင်္ချာမရေတွက်နိုင်၊ အလွန်များစွာ ဖြစ်ကြလေကုန်၏။ ထိုရူပ်တရားတို့နှင့် ဥပါဒ်ပြိုင်လျက် များစွာသော နာမ်တရားတို့သည်လည်း ဖြစ်ကြလေကုန်၏။ ထိုရူပ်နာမ်တရားတို့သည် မိမိတို့၏ ကံ, စိတ်, ဥတု, အာဟာရ စသောအကြောင်းတို့နှင့်တကွ ထိုခဏခြင်း ပျက်စီးရကြလေကုန်၏။ ထိုများစွာသော အသုဘရုပ်မှန်အစုတို့၏ ပျက်စီးခြင်းသည် ညက်စွာအမှုန်ပြုပြီး များစွာစုပုံ၍ ထားအပ်သော နွားချေးမှုန့် ပုံကြီးကို ပြင်းစွာသော လေအဟုန်ခတ်လျက် ဟုန်းဟုန်းတောက် မီးလောင်၍ နေသည်နှင့် တူ၏။ များစွာသောနာမ်အမှုန်စုတရားတို့၏ ပျက်စီးခြင်းသည် ကြီးလှစွာသော ယမ်းပုံကြီးကို မီးလောင်၍နေသည်နှင့် တူ၏၊ ဤသို့ရှု။

ဤသို့ရှုရှု မျှားစ္ဆာသော ရုပ်နာမ်တရားတို့သည် ဤခဏခြင်းပင် ဖြစ်၍ ဖြစ်၍ အလျှင်းကွယ်ပျောက်ကြလေကုန်သည်ဟူ၍ မနောဝိညာဏ်၌ တပ်တပ်ထင်လာသည့်အခါ ထိုသို့ ထင်လာသော နာမ်ရုပ်တို့ကို အာရုံပြု၍ "ဣမေ ပဉ္စက္ခန္ဓာ အနိစ္စာ၊ ဒုက္ခာ၊ အနတ္တာ"ဟူ၍ အကျဉ်းမျှဖြင့် အဖန်တလဲလဲရှုအပ်၏။

ဤသို့ ယမ်းပုံကြီး၏အထက် ရှားမီးခဲအထောင်မကစု၍ ကျသကဲ့သို့ ဤဥပါဒ်၊ ဌီ၊ ဘင် တည်းဟူသော မီးတို့သည် ဤအတ္တဘာဝဟူသော ခန္ဓာငါးပါးတို့၏အထက် ဟုန်းဟုန်းတောက် ဝင်းဝင်းပြောင် အမြဲလောင်၍ ပျက်စီးကြလေကုန်၏။

ဤသို့ ယမ်းပုံမီးကျ ပျက်စီး၍ ကုန်ပျောက်ရသော ရုပ်နာမ်တို့မှ အခြားသတ္တ, ဇီဝဟူသည့် အကျုပ်မျှမရှိ၊ နိဿတ္တ နိဇ္ဇီဝသာလျှင်တည်းဟူ၍ အမြဲမကွာအခါမပြတ် တပါးကိုစွမ်းမချုပ် အထပ်ထပ် အဆက်ဆက် အရက်ရက် အလလ အနှစ်နှစ် သုံးသပ်ရသည်ရှိသော် သံတုံးကြီးကို ကျိုဖန်မျှားသဖြင့် အရည်သွက်သွက် ယိုး၍ ထွက်သကဲ့သို့ သခ်ါရတရားတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဝိပရိ-ဏာမသဘော၏အဖြစ် ဂဏ္ဍ၊ ရောဂ၊ သလ္လ၊ အဃ၊ အတာဏ၊ အလေဏ၊ အပရာယန-စသော လက္ခဏာ၏အဖြစ်သည် မယင်လို မနေသာ၊ ပညာဟူသော ဘာဝနာမယမီးဖြင့် ကျိုချက်၍ အရည်သွက်သွက် အမှုန့်ပျက်ပျက် ကျလတ္တံ့။

ထို့ကြောင့် ကြီးစ္ဆာသော သံမဏိသံတုံးကို တဇဉ်းနှင့် တိုက်ဖန်မျှားသဖြင့် ပျက်ပျက်ကျ၍ အမှုန့်စုဖြစ်ရသေးသည်ကိုရင်း၊ ကျောက်ညိုခ် သွေးဖန်မျှားသဖြင့် ထိုကြီးစ္ဆာသော သံတုံးကြီး၏ အရည်သွက်သွက်ဖြစ်၍ ပျောက်ပျက်ရသေးသည်မျှားကိုရင်း ခြင့်ထောက်သဖြင့် ဤ သန္တတိ, ဃနသညာဖုံး၍ တကိုယ်လုံး ဝန်ခဲတည်း, တစိုင်တည်း, ဣတ္ထိကောင်ကြီး, ပုရိသကောင်ကြီး, လူကောင်ကြီး, နတ်ကောင်ကြီး ဟူ၍ ထင်သော ဝိပလ္လာသ အတ္တဒိဋ္ဌိ ဟူသော သံတုံးကြီးကို ဘာဝနာမယဉာဏ်ဟူသော တဇဉ်းကြီး, မီးကြီးတို့ဖြင့် တိုက်ဖျက်၍ ယခုပင် အမှုန့်ဖြစ်၍ ပျောက်စေမည်။ ထောင်းထောင်းကြေမွ၍

လွှင့်စေမည်ဟု ဘုရားသားတော်ပီပီ "ဇီဝါယ တာလုံ အာဟစ္စ[1]" အကြိုတ်အခဲ စွဲစွဲမြဲမြဲ သူငါကစ ကြိုးပမ်းအားထုတ်သင့်လှတော့သည်။ အားထုတ်တော်မူကြရမည်။ သို့မှ နိဗ္ဗာန်သောင်ကမ်းခပ်နိုင်ကြမည်။

အကယ်စင်စစ် သမုဒ္ဒရာကို သဘော်ဖောင်ဖြင့် ကူးသန်းမှ လိုရာစခန်းရောက်နိုင်မည်။ လူငယ်တို့ ကစားသော ဌက်ပျောဖက်ဖောင် ပရိယာယ်လှေယောင်နှင့် လိုရာသောင်ကမ်း ခပ်နိုင်မည်မဟုတ်။ လေကြမ်းမုန်တိုင်းလည်း ထခိုက် သြဃသို့လည်းအဆိုက် ကျောက်ဆောင်နှင့်လည်းအတိုက် မိုးမှောင်လည်းအမှိုက် အရေးတကယ်ဆိုက်တုန်းကို လှည့်ဦးတွင် အိပ်မှုန်ကြီးနှင့် ပျင်းရိ၍ အမှတ်မဲ့နေရမည့် ကာလမဟုတ်။ ဤသည့်ပုံထုံးများကို နှလုံးထား၍ အကယ်စင်စစ် ဘေးအတ်ပြမ်းသော အကယ်စင်စစ် သံသရာကို အကယ်စင်စစ် အလိန ဝိရိယ သတိ သဒ္ဓါ ပညာတို့ဖြင့် မဆုတ်မနစ် အားသစ်ကြိုးပမ်း တတ်စွမ်းကူးမြောက်တော်မူနိုင်ကြပါစေကုန်သတည်း။

အာဒါနနိက္ခေပ အစရှိသော မာတိကာ ဂါထာကို
နှလုံးထား၍ သတ္တကနည်းဖြင့် ပွါးပုံ

တနည်းလည်း—

အာဒါနနိက္ခေပနတော၊ ဝယောဓုဒ္ဓတ္ထဂါမိတော။
အာဟာရတော စ ဥတုတော၊ ကမ္မတော စာပိ စိတ္တတော။
ဓမ္မတာ ရူပတော သတ္တ၊ ဝိတ္ထာရေန ဝိပဿတိ[2]။

၁။ တက်ခေါက်၍။ မ၊ ၁၊ နှာ-၁၇၀-၃၀၉။

၂။ အာဒါနနိက္ခေပနတော၊ ဘဝသစ်ကိုယူခြင်း ဘဝဟောင်းကိုစွန့်ပစ်ခြင်းအားဖြင့်ရင်း။ ဝယောဓုဒ္ဓတ္ထဂါမိတော၊ အရွယ်ကြီးရင့်ပြီးသော ရုပ်တို့၏ ချုပ်ခြင်းသို့ရောက်သောအားဖြင့်ရင်း။ အာဟာရတော စ၊ အကြောင်းဖြစ်သော အာဟာရအားဖြင့်ရင်း။ ဥတုတော၊ အကြောင်းဖြစ်သော ဥတုအားဖြင့်ရင်း။ ကမ္မတော စာပိ၊ အကြောင်းဖြစ်သော ကံအားဖြင့်ရင်း။ စိတ္တတော၊ အကြောင်းဖြစ်သော စိတ်အားဖြင့်ရင်း။ မမ္မတာ ရူပတော၊ ဓမ္မတာ ရုပ်အားဖြင့်ရင်း။ ဣတိ၊ ဤသို့။ သတ္တ=သတ္တဓာ၊ ခုနှစ်ပါးသော အခြင်းအရာကိုဖြင့်။ ဝိတ္ထာရေန၊ အကျယ်အားဖြင့်။ ဝိပဿတိ၊ ဆင်ခြင်သုံးသပ်အပ်၏။ ဝိသုဒ္ဓိ၊ ၂၅၃။

ဤမာတိကာ ဂါထာကို နှလုံးထားမှ ဤဆိုလတ္တံ့သော သဘ္ဘကနည်းဖြင့် ပွါးလေဦး။

ဤ အတ္တဘာဝ ရူပကာယဟူသည် အမြဲအတည် အရှည်မနေ ပဋိသန္ဓေ အခါမှသည် စုတေတိုင်အောင် ဤဘဝအတွင်းခ္ခ ဖြစ်ကုန်သော ရုပ်တရားတို့သည် နောက်နောက်သော ဘဝသို့မရောက် ဤဘဝ ခ္ခပင်လျှင် အကြွင်းမဲ့ ချုပ်ကုန် ပျောက်ကုန်လတ္တံ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တသာလျှင်တည်း။

ဤရုပ်တို့ကို အာရုံပြု၍ ယခု ဝိပဿနာရှုသော စိတ်တို့သည် ဤ ဝိပဿနာရှုရာ ယခု ခဏအတွင်းခ္ခပင်လျှင် ချုပ်ရလ ပျက်လေကုန်ရကား အနိစ္စ၊ ဒုက္ခ၊ အနတ္တသာလျှင်တည်း။ (အာဒါနနိဿေပ)

ဤဘဝ ပဌမအရွယ်ခ္ခ ဖြစ်လေပြီးသော ရုပ်တို့သည် ဒုတိယ အရွယ်သို့မရောက်၊ ဒုတိယအရွယ်ခ္ခ ဖြစ်ကုန်သော ဤရုပ်တရားတို့ သည် တတိယအရွယ်သို့ မရောက်၊ မန္ဒာဒသက[1] အရွယ်ခ္ခ ဖြစ်ကုန် သော ရုပ်တို့သည် ခိဋ္ဌာဒသက[2] အရွယ်သို့မရောက်။ ခိဋ္ဌာဒသက အရွယ် စသည်မှ ဖြစ်ကုန်သော ရုပ်တို့သည် ဝဏ္ဏဒသက[3] စသည့် အရွယ်သို့ မရောက်၊ ထို့ကြောင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တသာလျှင်တည်း။

ဤသို့ ယခု ဝိပဿနာရှုသော စိတ်တို့သည်လည်း ဤ ယခု ချက်ခြင်း ပင် သေခြင်း ပျောက်ခြင်းသို့ ရောက်ကြလေကုန်သောကြောင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တသာလျှင်တည်း။ (ဝေယာဝုစ္စတ္ထ)။

အစာ မစားမီ မွတ်သိပ်ဆာလောင်စဉ်ဖြစ်သော ရုပ်တို့သည် အစာ စားပြီး ဝပြီးသည်တိုင်အောင် မရောက်၊ စားသောက်ပြီး၍ ဝပြော ချမ်းသာစဉ်ဖြစ်သော ရုပ်တို့သည်လည်း ဆာမွတ်ကြုံလိုသော အခါသို့ မရောက်၊ ၎င်းအတွင်းခ္ခပင်လျှင် ချုပ်ခြင်း ပျောက်ခြင်းသို့ ရောက် လေရကား အနိစ္စ၊ ဒုက္ခ၊ အနတ္တ။

၁။ ပဌမဆယ်နှစ်။ ၂။ ဒုတိယဆယ်နှစ်။ ၃။ တတိယဆယ်နှစ်။ ဝိသုဒ္ဓိ ၂၊ ၂၅၄။

ဤသို့ ယခု ဝိပဿနာရှုသော စိတ္တုပ္ပါဒ်တို့သည်လည်း ဤ ယခု ခဏခြင်းပင် ပျက်စီးကြပြန်ရကား အနိစ္စ၊ ဒုက္ခ၊ အနတ္တသာလျှင်တည်း။ (အာဟာရတော)။

ချမ်းအေးသော နေရာအရပ်, ဥတု, အရိပ်ဌာနေစဉ် ဖြစ်ကုန်သော သိမ်မွေ့နူးညံ့သော ကြည်လင်သန့်ရှင်းသော သြဇာရှိသော ရုပ်တို့သည် ပူသောအရပ်, ဥတု, အရိပ်ဌာ ဖြစ်လာသော ကြမ်းတမ်းပိန်ခြောက် နွမ်းရိပေါက်ပြဲသော ရုပ်တို့သို့ မရောက်၊ ဤနည်းအတူ ပူသော ဥတုမှ ရုပ်သည် အေးသော ဥတုသို့မရောက်၊ ပျောက်ခြင်း ကုန်ခြင်းသို့ ရောက်လေရကား အနိစ္စ၊ ဒုက္ခ၊ အနတ္တ။

ဤသို့ ယခု ဝိပဿနာရှုသော စိတ်တို့သည်လည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တသာလျှင်တည်း။ (ဥတုတော)။

စက္ခုဒ္ဒါရ ဝိထိဌာဖြစ်သော အသောင်း အသိန်းမကသော မျှားစ္ဆာသော ရုပ်အပေါင်းတို့သည် သောတဒ္ဒါရဝိထိသို့ မရောက်မီ သေကြပျက်ကြလေကုန်၏။ သောတဒ္ဒါရဝိထိစသည်ဌာ ဖြစ်ကုန်သော အသောင်းအသိန်းမက မျှားစ္ဆာသော ရုပ်အပေါင်းတို့သည် ဃာနဒ္ဒါရဝိထိ စသည်သို့ မရောက်မီ ပျက်စီးကြလေကုန်ရကား အနိစ္စ၊ ဒုက္ခ၊ အနတ္တသာလျှင်တည်း။

ဤသို့ ယခု ဝိပဿနာရှုသော စိတ္တုပ္ပါဒ် နာမ်တရားတို့သည်လည်း ဤတခဏခြင်း အကုဋေမက ဖြစ်၍ ပျက်စီးကြလေရကား အနိစ္စ၊ ဒုက္ခ၊ အနတ္တသာလျှင်တည်း။ (ကမ္မတော)။

သောမနဿစိတ်ကြောင့် ဖြစ်သော ကြည်လင်သော မျှားစ္ဆာသော ရုပ်အပေါင်းတို့သည်လည်း ဒေါမနဿစိတ်ကြောင့် ဖြစ်သော မကြည်မလင်သော ရုပ်သို့ မရောက်၊ ဒေါမနဿစိတ်ကြောင့် ဖြစ်သော မကြည်မလင်သော ရုပ်တို့သည်လည်း သောမနဿကြောင့် ဖြစ်သော ကြည်လင်သော ရုပ်ထို့သို့ မရောက်၊ ကုသိုလ်စိတ်ကြောင့် ဖြစ်သော နူးညံ့သိမ်မွေ

သော ရူပ်တို့သည် အကုသိုလ်ကြောင့် ဖြစ်သော ရုန်ရင်ခေါင်းပါး သော ရူပ်တို့သို့ မရောက်၊ အကုသိုလ်စသည်ကြောင့်ဖြစ်သော ရူပ်တို့ သည် ကုသိုလ်စသည်ကြောင့်ဖြစ်သော ရူပ်တို့သို့ မရောက်၊ ဖောက်ပြန် ပျက်စီးကြလေရကား အနိစ္စ၊ ဒုက္ခ၊ အနတ္တသာလျှင်တည်း။

ဤသို့ ယခု ဝိပဿနာစီးဖြန်းသော စိတ်တို့သည်လည်း အနိစ္စ၊ဒုက္ခ၊ အနတ္တသာလျှင်တည်း။ (စိတ္တတော)။

မြက် သစ်ပင် စသည်တို့၌ အလွန်နုသော ပေါက်စဖြစ်သော ပလ္လဝ[1] အခါ၌ဖြစ်သော နိန်ုတွတ်တွတ် ရူပ်တို့သည် ပလာသ[2] အခါ၌ ဖြစ်သော စိမ်းသော အဆင်းရှိသော ရူပ်ကို့သို့ မရောက်၊ ဤနည်း အတူ ပလာသ အခါမှသည် ပဏ္ဍုပလာသ[3] ရွက်ရော် ဖျော့တော့ သော ရူပ်တို့သို့ မရောက်၊ ထိုမှသည် ကြွေကျသည် တိုင်အောင် မရောက်၊ အစိုမှသည် အခြောက်တိုင်အောင် မရောက်၊ ပျောက်ခြင်း, ပျက်ခြင်း စသော သဘောတရား အစုမျှသာ ဖြစ်သောကြောင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ။

ဤသို့ ယခင် ဝိပဿနာရှုသော စိတ်တို့သည်လည်း ယခုချက်ခြင်း ပျက်စီးကြလေရကား အနိစ္စ၊ ဒုက္ခ၊ အနတ္တသာလျှင်တည်း။ (ခမ္ဘကာ ရူပတော)။

ဤသို့သော နည်းဖြင့် ဤအလုံးစုံသော ရူပ်နာမ်ခန္ဓာငါးပါး တရား တို့သည် ကျည်တောက်သွန် ရေယဉ်စီးသော ဂင်္ဂါမြစ်ကြီးရေတို့၏သို့ တခဏမျှ မရပ်မဆိုင်း ခဏတိုင်း ခဏတိုင်း ဖရိုဖရဲ တက်ဆဲ တခြား အစုစု အဟည်ဟည် အစုတ်စုတ် အပြုတ်ပြုတ် အပေါက်ပေါက် အတွင်းတွင်း အမှုန့်စု အမှုန့်စု ဖြစ်၍ ဖြစ်၍ ပျက်စီးကြလေ သေကြ လေကုန်ရကား အနိစ္စ၊ ဒုက္ခ၊ အနတ္တသာလျှင်တည်း။

ဤသို့ ယခု ဝိပဿနာရှုသော ဤ စိတ်အပေါင်းတို့သည်လည်း ဤ ယခု တမဟုတ်ခြင်း ဖြုတ်ခြည်း ပျက်စီးကြလေကုန်၏။

၁။ ရွက်နုထွက်စ။ ၂။ ရွက်ရင့်။ ၃။ ရွက်ရော်။

ဤသို့ ယခု ဝိပဿနာရှုသော ဒုတိယဝါရစိတ္တုပ္ပါဒ်တို့သည်လည်း ဤ ယခု မရှိ အလျှင်းကုန်ပျောက်ရလေကုန်၏။

ဤသို့ ယခု ဝိပဿနာရှုသောတတိယဝါရ စိတ်တို့သည်လည်း ဤ ယခုပင် ပျက်စီးကြလေကုန်၏။

ဤနည်းအတူ ရှေးရှေးသေလေပြီးသော ရူပ်နာမ် တရားတို့ကို အာရုံပြု၍ ဝိပဿနာစီးဖြန်းသော နောက်နောက်သော ဝိပဿနာဇောတို့နှင့်တကွ အလုံးစုံသော ခန္ဓာငါးပါး သင်္ခါရတရားတို့သည်လည်း ခဏတိုင်း ခဏတိုင်း ပျက်စီးပျောက်ပြန်ခြင်း ဝိပရိဏာမ သဘောအခိုက်အတန့် တာဝကာလိကသဘော, အနိစ္စ၏ ဆန့်ကျင်ဘက်သဘော, ဥပါဒ်မှသည် ဌိသို့ ဌိမှသည် ဇရာဘင်သို့ ရောက်ရာသည်ဖြစ်၍ မပြဲသောသဘောတရား အနိစ္စသာဖြစ်သောကြောင့် အနိစ္စ၊ အနိစ္စ။

မပြက်ဖြစ်ခြင်း ပျက်ခြင်းဖြင့် နှိပ်စက်တတ်သောသဘော သည်းခံနိုင်ခဲသော သဘော ဒုက္ခ၏ဘည်ရာသဘော သုခ၏ဆန့်ကျင်ဘက်သဘောကြောင့် ဒုက္ခ၊ ဒုက္ခ။

ဥပါဒ်မှသည် ဌိသို့ မရောက်ရအောင် ဌိမှ သည် ဇရာသို့ မရောက်ရအောင် ဇရာမှသည် ဗျာဓိသို့ မရောက်ရအောင် ဗျာဓိမှသည် မရဏသို့ မရောက်ရအောင် မဆီးတားနိုင်၊ အစိုးရခြင်းမှ ဆိတ်သောအနက်, အစိုးမရကောင်းသော အသာမိုက အနက်, ကိုယ်ဟူသည်မှ ဆန့်ကျင်ဘက်ဖြစ်သော အတ္တပဋိပက္ခ အနက်ကြောင့် အနတ္တ၊ အနတ္တသာလျှင်တည်း။ အနတ္တ၊ အနတ္တသာလျှင်တည်းဟူ၍ အကြိတ် အခဲဆင်ခြင် သုံးသပ်အပ်၏။

ဥပမာကား–နတ်တို့သုဒ္ဓါ နတ်ဩဇာကို နတ်ဒေဝါတို့အခါခါသုံး၍ မမှန်းနိုင် သကဲ့သို့ ဘုရားသားတော်တို့ ဂုစ္ဆာ ရဟန်းတော်တို့ ဩဇာကို ခါခါမမှန်း သုံးဆောင်တော်မူနိုင်ကြပါစေကုန်သတည်း။

နတ်သုဒ္ဓါသည် လူတိရစ္ဆာန်တို့၌ အသုံးမကျ၊ စတုမဓု လူတို့ဩဇာသည် ကျွန်းတို့မှာ အသုံးမရသကဲ့သို့ သူတော်မှန် သူတော်မြတ်တို့ ဘာဝနာဩဇာသည်

အနွဗာလတို့၌ အသုံးမကျလေ။ စတုမဓုဆေးကို မသုံးဆောင်လိုသော သားငယ်လူနာအား အဘဆေးဆရာ စားစေလိုလျှ၍ မဲသက္ခဲသို့ သမ္မသနဉာဏ် ဩဇာကို နောင်လား သုံးစေလိုလျှ၍ ဆရာ့ဂျိတွင် မဲခဲ့သည်။

ဤဆိုအပ်ခဲ့ပြီးသော နည်းအပေါင်းတို့တွင် ဒုတိယအစရှိသော နည်းတို့ကို အထပ်ထပ် လေ့လာမှတ်သားပြီး၍ ရှေးဦး အစ ပဌမတနည်းကိုသော်၎င်း, နောက်ဆုံးတနည်းကိုသော်၎င်း နှုတ်တက်အာဂုံပြု၍ အထပ်ထပ်ပွါးသော်လည်း သင့်၏။

သမ္မသနဉာဏ် ဖြစ်စေရန် ပွါးနည်းအကျဉ်း

ဤနည်းကိုသော်လည်း ကျယ်လွန်း မျှဝ်းလွန်းအံ့ထင်လျှင် ဤဆိုအပ်ခဲ့ပြီးသော နည်းအပေါင်းတို့ကို နှလုံးသွင်းနိုင် ဆင်ခြင်နိုင်အောင် အထပ်ထပ် မှတ်သားပြီး၍ ၎င်းသုတမယဉာဏ်ဖြင့် မှတ်သားပြီးသည့်အတိုင်း ထိုရုပ်နာမ်တရားတို့၏ ဖြစ်ပုံပျက်ပုံကို မနောဒ္ဓါရ၌ ထင်အောင် နှလုံးထား၍ ရေးရေးထင်လာတုံး ထင်လာတုံး—

"သဗ္ဗေ သခါရာ အနိစ္စာ ဒုက္ခာ အနတ္တာ"။

ဤသို့ အကျဉ်းမျှ အထပ်ထပ်နှုတ်ဖြင့်ရွတ်၍ ပွါးသော်လည်း သင့်သလျှင်ကတည်း၊ ထင်သည်သာလျှင် ပမာဏ။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဤမေ သခါရာ၊ ဤဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့ကုန်သော ကိုယ်တွင်း ကိုယ်ပ သက်ရှိ သက်မဲ့ အဝေး အနီး အကြီး အငယ် အယုတ် အမြတ်မဆို ထိုထိုအလုံးစုံသော သခါရတရားဟူသမျှတို့သည်။ အနိစ္စာ၊ ဖြစ်ပြီး၍ ဖြစ်ပြီး၍ အလျှင်းကွယ်ပျောက်ခြင်း ကုန်ခြင်းကြောင့် အမြဲမရှိ အနိစ္စ အနိစ္စသာလျှင်တည်း။ ဒုက္ခာ၊ ဖြစ်ခြင်းပျက်ခြင်းဖြင့် နှိပ်စက်သောကြောင့် ဒုက္ခ ဒုက္ခသာလျှင်တည်း။ အနတ္တာ၊ အစိုးမရ ကိုယ်ဟူသည်မှ ဆိတ်သောကြောင့် အနတ္တ အနတ္တသာလျှင်တည်း။ (ဤကား အနက်။)

ဤအနက်အဘိုင်းလည်း အသပ်သပ်ပွါးသော် သင့်လှသလျှင်ကတည်း။

ဤသို့သောနည်းဖြင့် ခန္ဓာငါးပါးတို့ကို ပစ္စုပ္ပန်အစရှိသော အပေါင်းအား ဖြင့် လက္ခဏာရေးတင်၍ ကြည့်ရှုခြင်းသည် ကလာပသမ္မသနမည်၏ ဟူ၍မှတ်။

ဤဆိုအပ်ခဲ့ပြီးသည်ကား သမ္မသနဉာဏ် ဖြစ်စေခြင်းငှါ ပွါးများလိုကုန်သော အရှင်မြတ်တို့အား လိုရာစရိုက်အားလျော်စွာ ယူ၍ သုံးသပ်ဆင်ခြင်ရန် အနည်းနည်းပြအပ်သော ဘာဝနာကာရနည်းတည်း။

ဥပဋ္ဌာနာကာရနည်းအားဖြင့် ပွါးများပုံ

ဤ ဆိုလတ္တံ့ သည်ကား သမ္မသနဉာဏ်ထင်ဟန် ဥပဋ္ဌာနာကာရတည်း။ ဤ ဆိုအပ်ခဲ့ပြီးသောနည်းအတိုင်း သုံးသပ်ဖန်များသဖြင့် သမ္မသနဉာဏ် သန့်ရှင်းလာသည်ရှိသော် ချစ်ချစ်ပူသော အိုးကင်းဌ နှမ်းစေ့တို့ကို လျှော်သကဲ့သို့ ရေအပြင်၌ မိုးသီးမိုးပေါက်ကျသကဲ့သို့ သင်္ခါရတရားတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဝိပရိဏာမ လက္ခဏာ အလွန်ပြဲ့ပြဲ့ထင်၏။ အလွန် ကြည်လှစ္စာသောဖန်ပုလင်း၏အကွင်းဌ တည်ထားအပ်သော ဆပ်စေ့ သဲမှုန့်တို့ကိုကဲ့သို့ များစွာသော ရုပ်နာမ်တို့၏ အမှုန့်စု အမှုန့်ပုံ၏အဖြစ်သည် အလွန်ထင်လာ၏။ ထိုသို့ ထင်ခြင်းကြောင့် သတ္တသညာ ဇီဝသညာပျောက်၏။ သတ္တသညာကင်းသော စိတ်ဖြင့် အထပ်ထပ် ဆိုခဲ့ ပြီးသည့်အတိုင်း သုံးသပ်ရာ၌လည်း "ဝိပဿနာ ရှိသော ငါ"ဟူသည် မရှိ၊ ဝိပဿနာဇောမျှသာဖြစ်သည်ဟု တပ်တပ် သိခြင်းကြောင့် ဒိဋ္ဌိလည်း ပျောက်၏။ "ငါသည် ဝိပဿနာ စီးဖြန်း နိုင်သောသူ" တည်းဟူသော တဏှာ မာနကိုလည်း ခွါနိုင်၏။ "ငါ၏ဝိပဿနာ"ဟူသော သာယာခြင်း နိကန္တိတဏှာလည်း မဖြစ်။သင်္ခါရတရားတို့ချည်းသာလျှင် အချင်းချင်း ရှုကြကုန်၏။ ဝိပဿနာရှုတတ်သော ပုဂ္ဂိုလ်, သတ္တဝါဟူသည် အဏုမြူမျှ မရှိ။ ရှုတတ်သော သင်္ခါရတို့က ထိုရှုအပ်သော သင်္ခါရတို့ကို ရှုရှု၍ ရှုရှု၍ တခဏခြင်း ထိုအာရုံ, အာရုံမှတိုက်အလုံးစုံသော သင်္ခါရတရားတို့သည် ဖြစ်ပြီး၍ ဖြစ်ပြီး၍ အလျင်းကွယ်ပျောက်ကုန်၍ အနိစ္စ၊ဒုက္ခ၊အနတ္တသဘောတရားမျှသာလျှင်တည်းဟု မနောဝိညာဏ်၌ တပ်တပ်ထင်၏။ ထိုအခါ သမ္မသနဉာဏ် သန့်ရှင်းခြင်းသို့ ရောက်ပြီမှတ်။ (ဥပဋ္ဌာနာကာရ)။

ဤဆိုအပ်ခဲ့ပြီးသည့်အတိုင်း ပွါးဖန်များ၍ သမ္မသနဉာဏ်၏ ကမ်းသို့ ရောက်ပြီးသည်ရှိသော် ဥဒယဗ္ဗယဉာဏ်ဖြစ်စေခြင်းငှါ အားထုတ်အပ်၏။

ဥဒယဗ္ဗယဉာဏ် ဖြစ်စေခြင်းငှါ ပွားများပုံ

ရင်း ဥဒယဗ္ဗယဉာဏ်၌ ပွါးပုံ ဗဟာဝနာကာရနည်း, ထင်ပုံ ဥပဋ္ဌာနာကာရနည်း, ဝိပဿနာ၏ အညစ် အကြေး ဘေးရန်ဖြစ်ပုံ ဥပက္ကိလေသုပဋ္ဌာနာကာရနည်း, အညစ်အကြေးကို ဖျောက်ပုံ ဥပက္ကိလေသဝိဝေကနာကာရနည်း ဟူသည့် လေးပါးသော ဘူမိအရာတို့၌ လိမ်မာစေအပ်၏။

ထိုလေးပါးတို့တွင် ပဌမ၌ ဥဒယဗ္ဗယဉာဏ်ကို ဖြစ်စေခြင်းငှါ ပွါးသော ပုဂ္ဂိုလ်သည် ဥဒယ၌ လက္ခဏာငါး, ဝယ၌ လက္ခဏာ ၁၂ ပါး ပေါင်းဆယ်ပါး၊ ခန္ဓာငါးပါးလျှင် ငါးဆယ် လက္ခဏာရအောင် ပွါးအပ်၏။ ပွါးဟန်ကား—

ဤ ယခုဖြစ်ဆဲဖြစ်ကုန်သော အလုံးစုံသော ရုပ်တို့၏ ရှေးဦးအစ ဥပါဒ်ခဏ အားဖြင့် ဖြစ်ခြင်းသည် ဥဒယတည်း။ ထိုရုပ်တို့၏ စိတ္တက္ခဏ တဆယ့်ခုနစ်ချက်မြောက်သော ခဏငယ် ငါးဆယ့်တချက်မြောက်၌ ဘင်၏အဖြစ်သို့ ရောက်သဖြင့် ဖောက်ပြန်ခြင်းသို့ ရောက်ခြင်းသည် ဝယတည်း။ ဤသို့ ရုပ်တံများတို့၏ ယခုဖြစ်၍ ဖြစ်၍ ယခုချက်ခြင်း ပျက်၍ပျက်၍ ငြိမ်းကြခြင်းသည် ဥဒယဗ္ဗယ တည်း။

ဤနည်းအတူ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟု ဆိုအပ်သော နာမ်တရားတို့၏လည်း ဤယခု ဥပါဒ်အားဖြင့် ဖြစ်ခြင်းသည် ဥဒယတည်း။ ဤယခု ပျက်စီးကြခြင်းသည် ဝယတည်း။ ဤသို့ လျှပ်စစ်တပြက်အတွင်း၌ အသိန်းအသန်းမက ဖြစ်၍ဖြစ်၍ ပျက်၍ပျက်၍ ငြိမ်းကြခြင်းသည် ဥဒယဗ္ဗယ တည်း။ ဤသို့ ရှေးဦးစွာ ရှုအပ်၏။

ထိုနောင်မှ ဤသို့ နှလုံးသွင်းအပ်၏—

"ဣမေ နာမရူပိနော ဓမ္မာ အဟုတ္ဝာ သမ္ဘဝန္တိ ဟုတ္ဝာ ဝေန္တိ၊ တသ္မာ အနိစ္စာ ဒုက္ခာ အနတ္တာ"။

ဤသို့လျှင် ရှေးဦးမြင်ပြီးသော ဥပါဒ် ဘင်တို့ကို မှတ်၍ အတပ်ထပ် နှလုံးသွင်းအပ်, ဆင်ခြင်အပ်၏။ အနုက်ကား—

နာမရူပိနော၊ နာမ်ရုပ်ဖြစ်ကုန်သော။ ဣမေ ဓမ္မာ၊ ဤခန္ဓာငါးပါး တရားတို့သည်။ အဟုတ္တာ၊ ရှေးဦးတရံတဆစ်, မဖြစ်ဘူးသေးကုန်သည် ဖြစ်၍။ သမ္ဘဝန္တိ၊ ယခုဖြစ်ကုန်ဆဲ။ ဟုတ္ဝာ၊ ယခုဖြစ်လျှင် ဖြစ်ခြင်း။ ဝေန္တိ၊ ပျက်ကုန်ချုပ်ကုန်ဆဲ။ တသ္မာ၊ ထိုသို့ ဖြစ်ခြင်း ပျက်စီးခြင်း သဘောတရားမျှသာ ဖြစ်သောကြောင့်။ အနိစ္စာ၊ မမြဲကုန်။ ဒုက္ခာ၊ ဆင်းရဲအတိသာချည်းတည်း။ အနတ္တာ၊ အစိုးရသည့် မဟုတ်ကုန်။ ဤအနက်ကိုမှတ်၍ ရှေးပါဠိအစဉ်အတိုင်း အထပ်ထပ်ပွါးလေ။

ဥဒယဗ္ဗယဉာဏ်ကို အကြောင်းအားဖြင့် ရှုခြင်း

ထိုနောင်မှ အကြောင်းအားဖြင့် ဥဒယဗ္ဗယကို ရှုအပ်၏။ ရှုဟန်ကား ဤသို့တည်း—

ဤသို့ဖြစ်ကြကုန်သော ခန္ဓာငါးပါးတို့တွင် ရုပ်တရားတို့သည်ကား ရှေးဘဝတို့၌ အဝိဇ္ဇာ, တဏှာ, ကံတို့၏ အရဟတ္တမဂ်ဖြင့် မပယ်ရသေးသောကြောင့် ဤဘဝ၌လည်း အစာအာဟာရတို့၏ထောက်ပံ့ခြင်းကြောင့် ဖြစ်ကုန်၏။ ဝေဒနာ သညာ, သင်္ခါရတို့သည်လည်း ရှေးဘဝ အဝိဇ္ဇာ, တဏှာ, ကံတို့၏ အရဟတ္တမဂ်ဖြင့် မပယ်ရသေး ဖြစ်ခြင်းကြောင့် ဤဘဝ၌လည်း စက္ခုသမ္ဖဿ အစရှိသော အကြောင်းတရားတို့ကြောင့် ဖြစ်ရကုန်၏။ စိတ်ဝိညာဏ်တို့သည်လည်း ရှေးဘဝ အဝိဇ္ဇာ, တဏှာ, ကံတို့၏ အရဟတ္တမဂ်ဖြင့် မပယ်ရခဲ့ ဖြစ်ခဲ့ခြင်းကြောင့် ဤဘဝ၌လည်း စေတသိက်နာမကွန္ဓာသုံးပါး၊ ရုပ်တရားတို့ အထောက်အပံ့ ရှိသေးခြင်းကြောင့် ဖြစ်ရကုန်၏။(ပစ္စယတော ဥဒယာနုပဿနာ)။

ဤ အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့၏ အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်မှသာလျှင် ဤခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ တဖန်မပေါ်လာခြင်း ဟူသော ချုပ်ခြင်းဖြင့် အကြွင်းမဲ့ ချုပ်ကုန်ပျောက်ကုန်လတ္တံ့။(ပစ္စယတော ဝယာနုပဿနာ)။

ဤသို့ အကြောင်းတရား ထင်ရှားရှိသေးခြင်းကြောင့် အကျိုးတရား ထင်ရှားဖြစ်ပွါးရကုန်သည်၊ အကြောင်းတရားတို့ အကြွင်းမဲ့ ချုပ်ပျောက်သည် ရှိသော် ဤအကျိုးတရားတို့ တဖန်မဖြစ် အကြွင်းမဲ့ ချုပ်ပျောက်ကုန်လတ္တံ့။

ထိုသို့ အကြောင်းအားလျော်စွာ အကျိုးတရားတို့၏ ဖြစ်ခြင်း ပျက်ခြင်း သဘောတရားသာ ဖြစ်ရကား အစိုးမရ အနတ္တ အနတ္တ။

ဤသို့ အဖန်တလဲလဲ အကြောင်းအားဖြင့် ဥဒယဗ္ဗယကို ရှုအပ်၏။

ဤသို့ အကျဉ်းအားဖြင့်ပေါင်း၍ ဥဒယဗ္ဗယကို ရှုသော်လည်း စရိုက်ဉာဏ် အားလျော်လျှင် ထင်လွယ်သလျှင်ကတည်း။

အကျယ်အားဖြင့်ရှုပုံ

အကျယ်အားဖြင့် ရှုလိုလျှင် ဤဆိုလတ္တံ့သောနည်းဖြင့် ရှုအပ်၏—

အဝိဇ္ဇာသမုဒယာ ရူပသမုဒယော၊ တဏှာသမုဒယာ ရူပသမုဒ-ယော၊ ကမ္မသမုဒယာ ရူပသမုဒယော၊ ယံ ဇာတံ ပစ္စုပ္ပန္နံ တဿ နိဗ္ဗတ္တိလက္ခဏံ ရူပသ ဥဒယော။

အဝိဇ္ဇာနိရောဓာ ရူပနိရောဓော၊ တဏှာနိရောဓာ ရူပနိရောဓော၊ ကမ္မနိရောဓာ ရူပနိရောဓော၊ အာဟာရနိရောဓာ ရူပနိရောဓော၊ ယံ ဇာတံ ပစ္စုပ္ပန္နံ တဿ ဝိပရိဏာမလက္ခဏံ ရူပသ ဝယော။

အဝိဇ္ဇာသမုဒယာ ဝေဒနာသမုဒယော၊ တဏှာသမုဒယာ။ပ။ ကမ္မ-သမုဒယာ။ပ။ ဖဿသမုဒယာ ဝေဒနာသမုဒယော၊ ယံ ဇာတံ ပစ္စုပ္ပန္နံ တဿ နိဗ္ဗတ္တိလက္ခဏံ ဝေဒနာယ ဥဒယော။

အဝိဇ္ဇာနိရောဓာ ဝေဒနာနိရောဓော၊ တဏှာ။ပ။ ကမ္မ။ပ။ ဖဿ-နိရောဓာ ဝေဒနာနိရောဓော၊ ယံ ဇာတံ ပစ္စုပ္ပန္နံ တဿ ဝိပရိဏာမ-လက္ခဏံ ဝေဒနာယ ဝယော။

အဝိဇ္ဇာသမုဒယာ သညာသမုဒယော၊ တဏှာသမုဒယာ သညာ-သမုဒယော၊ ကမ္မသမုဒယာ သညာသမုဒယော၊ ဖဿသမုဒယာ သညာသမုဒယော၊ ယံ ဇာတံ ပစ္စုပ္ပန္နံ တဿ နိဗ္ဗတ္တိလက္ခဏံ သညာယ ဥဒယော။

အဝိဇ္ဇာနိရောဓာ သညာနိရောဓော။ပ။ ဖဿနိရောဓာ သညာ-နိရောဓော၊ ယံ ဇာတံ ပစ္စုပ္ပန္နံ တဿ ဝိပရိဏာမလက္ခဏံ သညာယ ဝယော။

အဝိဇ္ဇာသမုဒယာ သခ်ါရသမုဒယောပ။ ဖဿသမုဒယာ သခ်ါရ-သမုဒယော၊ ယံ ဇာတံ ပစ္စုပ္ပန္နံ တဿ နိဗ္ဗတ္တိလက္ခဏံ သခ်ါရာနံ ဥဒယော။

အဝိဇ္ဇာနိရောဓာ သခ်ါရနိရောဓောပ။ ဖဿနိရောဓာ သခ်ါရ-နိရောဓော၊ ယံ ဇာတံ ပစ္စုပ္ပန္နံ တဿ ဝိပရိဏာမလက္ခဏံ သခ်ါရာနံ ဝယော။

အဝိဇ္ဇာသမုဒယာ ဝိညာဏသမုဒယော၊ တဏှာသမုဒယာ ဝိညာဏ-သမုဒယော၊ ကမ္မသမုဒယာ ဝိညာဏသမုဒယော၊ နာမရူပသမုဒယာ ဝိညာဏသမုဒယော၊ ယံ ဇာတံ ပစ္စုပ္ပန္နံ တဿ နိဗ္ဗတ္တိလက္ခဏံ[1] ဝိညာ-ဏဿ ဥဒယော။

အဝိဇ္ဇာနိရောဓာ ဝိညာဏနိရောဓော၊ တဏှာပ။ ကမ္မပ။ နာမ-ရူပနိရောဓာ ဝိညာဏနိရောဓော၊ ယံ ဇာတံ ပစ္စုပ္ပန္နံ တဿ ဝိပရိဏာမ-လက္ခဏ ဝိညာဏဿ ဝယော[2]။

ဣတိ ဣမေ ပဉ္စက္ခန္ဓာ ဥဒယဗ္ဗယသဘာဝါ အနိစ္စာ ဒုက္ခာ အနုတ္တာ-တိ၂။

ဤနည်းအတိုင်း နှုတ်ခွဲအရရှုရှုကျေအောင် လေ့ကျက်၍ ရုပ်နာမ်တရားတို့၏ ဥပါဒ် ဘင်တို့ကို မနောဝိညာဏ်ခွဲ ရေးရေးထင်အောင် နှလုံးထား၍ ပွါးအပ်၏။

အနက်မြန်မာပြန်ကား—

အဝိဇ္ဇာ သမုဒယာ၊ ရှေးဘဝခွဲ အဝိဇ္ဇာ၏ အရဟတ္တမဂ်ဖြင့် မပယ်ရခဲ့ ထင်ရှားဖြစ်ခဲ့ခြင်းကြောင့်။ ရူပသမုဒယော၊ ဤယခုဘဝ ရုပ်တရားတို့၏ဖြစ်ပွါး ရခြင်းသည်။ ဟောတိ၊ ဖြစ်၏။ (တဏှာခွဲလည်း နည်းတူ)။ ကမ္မသမုဒယာ၊ ရှေးဘဝခွဲ အရဟတ္တမဂ်၏ အစွမ်းအားဖြင့် ကုသိုလ်ကံ၏ မကုန်ခဲ့ရ ထင်ရှား ဖြစ်ခဲ့ရခြင်းကြောင့်။ အာဟာရသမုဒယာ၊ ဤယခုဘဝ ယခုနေ့ရက် စားအပ်

၁။ နိဗ္ဗတ္တိတလက္ခဏံ။ ဆဋ္ဌမူ။

၂။ ပဋ္ဌိသံ၊ ၅၂-၃၊လာ ပါဠိတို့ကို ချုံးထားသည်။

သောက်အပ်သော အာဟာရတို့၏ ထင်ရှားဖြစ်သေးခြင်းကြောင့်။ ဖဿသမုဒယာ၊ ဣယခုဘဝ စက္ခာယတန အစရှိသော အကြောင်းတို့သည် ထောက်ပံ့အပ်သည်ဖြစ်၍ စက္ခုသမ္ဖဿ အစရှိသည်တို့၏ ဖြစ်ပွါးသေးခြင်းကြောင့်။ နာမရူပသမုဒယာ၊ ဣယခုဘဝ သမ္ပယုတ်သဟဇာတ် နာမ်ရုပ်တရားတို့၏ ဖြစ်ပွါးသေးခြင်းကြောင့်။

အဝိဇ္ဇာနိရောဓာ၊ အရဟတ္တမဂ်ဖြင့် အဝိဇ္ဇာ၏ တဖန်မဖြစ် အလျှင်းချုပ်ခြင်း ပျောက်ခြင်းကြောင့်။ (တဏှာနည်းတူ)။ ကမ္မနိရောဓာ၊ အရဟတ္တမဂ်၏ အစွမ်းအားဖြင့် ရှေးဘဝ ဣဘဝ ကုသိုလ် အကုသိုလ်ကံ၏ ကုန်ခြင်းချုပ်ခြင်းကြောင့်။ ရူပနိရောဓာ၊ ရုပ်တရားတို့၏ ရဟန္တာတို့၏ စုတိ နောက်တဖန် အသစ်မဖြစ်သောအားဖြင့် ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အာဟာရနိရောဓာ၊ အစာအာဟာရ၏ လုံးလုံးပြတ်ခြင်း ချုပ်ခြင်းကြောင့်။ ရူပနိရောဓာ၊ ထို့ကြောင့်ဖြစ်သော အာဟာရဇရုပ် အာဟာရပစ္စယဥတုသမုဋ္ဌာနရုပ်တို့၏ အသစ်တဖန် မဖြစ်သောအားဖြင့် ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ နာမရူပနိရောဓာ၊ သမ္ပယုတ်သဟဇာတ် နာမ်ရုပ်တရားတို့၏ ရဟန္တာတို့၏ စုတိနောက် လုံးလုံးချုပ်ပျောက်ခြင်းကြောင့်။ ဝိညာဏနိရောဓာ၊ ဝိညာဏ်၏ ရဟန္တာတို့ စုတိနောက် အသစ် မပေါ်လာခြင်းဟု ဆိုအပ်သော ချုပ်ပျောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်ဖြစ်သော။ ယံ၊ အကြင်ရူပ်သည်, အကြင်ဝေဒနာသည်, အကြင်သညာသည်, အကြင်သင်္ခါရသည်, အကြင်ဝိညာဏ်သည်။ ဇာတံ၊ ယခုဖြစ်လာ၏။ တဿ၊ ထိုရုပ်၏, ထိုဝေဒနာ၏, ထိုသညာ၏, ထိုသင်္ခါရ၏, ထိုဝိညာဏ်၏။ (အသီးသီးတို့ သာမညကို ငဲ့လျှင် နပုံးထားမြဲ)။ နိဗ္ဗတ္တိလက္ခဏံ၊ ဥပါဒ်အားဖြင့် ထင်ရှားဖြစ်ခြင်းဟူသော နိဗ္ဗတ္တိလက္ခဏာသည်။ ရူပဿ၊ ရုပ်၏။ ဥဒယော၊ ဖြစ်ဆဲဟု ဆိုအပ်သော ဥဒယတည်း။ ဝိပရိဏာမလက္ခဏံ၊ ဘင်သို့ရောက်၍ ဖောက်ပြန်ခြင်းဟု ဆိုအပ်သော ဝိပရိဏာမလက္ခဏာသည်။ ဝယော၊ ပျက်ဆဲဟု ဆိုအပ်သော ဝယတည်း။ ဣတိ၊ ဤသို့။ ဥဒယဗ္ဗယသဘာဝေါ၊ ဖြစ်ခြင်း ပျက်ခြင်း သဘောလက္ခဏာ ရှိကုန်သော။ ဣမေ ပဉ္စက္ခန္ဓာ၊ ဤခန္ဓာငါးပါးတို့သည်။ အနိစ္စာ၊ မြဲသည်

မဟုတ်ကုန်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ အနတ္တာ၊ တိတ္ထိတို့ ကြုံဆအပ်သော အစိုးရသော ကိုယ်ဟူသည် မဟုတ်ကုန်။ (အကြင်းကား လွယ်၏။)

ဤအနက်ကိုလည်း မှတ်သားမိအောင် နားလည်အောင်ပြုပြီး၍ ရှေး မဂဓပါဠိအတိုင်း အဖန်တလဲလဲ ပွါးများအားထုတ်တော်မူကြပါစေကုန်သတည်း။

ရူပက္ခန္ဓာ၌သာလျှင် အဒ္ဓါ၊ သန္တတိ၊ ခဏ-အားဖြင့် နိဗ္ဗတ္တိလက္ခဏာရှိသော ဥဒယကို ရသည်။ နာမက္ခန္ဓာ၌ကား အဒ္ဓါ၊ သန္တတိအားဖြင့်သာ ရသည်။ ခဏအားဖြင့် မရ။ အဘယ်ကြောင့်နည်း? ခဏပစ္စုပ္ပန်ဖြစ်သော စိတ်၏ ဥဒယကို ပစ္စုပ္ပန်ဖြစ်သော စိတ်ဖြင့် ရှုခြင်းငှါ မတတ်ကောင်းသောကြောင့်တည်း။ ဝယံ၌လည်း ဤနည်းအတူပင်တည်း။

ဂင်းဥဒယဗ္ဗယဉာဏ်ကို ပွါးလိုသောပုဂ္ဂိုလ်သည် ရှေးဦးစွာ ခန္ဓာငါးပါး၏ ဖြစ်ကြောင်းအားဖြင့်ဂင်း, ခဏအားဖြင့်ဂင်း ဥဒယဗ္ဗယလက္ခဏာကို နားလည်အောင် နှုတ်ကုံးသွင်းပြီး မှတ်သားပြီး၍ ဝိပဿနာပွါးသောအခါ နိဗ္ဗတ္တိလက္ခဏာရှိသော ဥဒယဝယကိုသာ အာရုံပြု၍ "ဣမေ ဓမ္မာ အဟုတ္ဝာ သမ္ဘဝန္တိ၊ ဟုတ္ဝာ ဝေန္တိ၊ တသ္မာ အနိစ္စာ ဒုက္ခာ အနတ္တာ[1]"။ ဤသို့ အထပ်ထပ်ပွါးသော် အလွန်ထင်လွယ်၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသည့်အတိုင်း ဆင်ခြင်အပ် ပွါးအပ်သည်ရှိသော် ခန္ဓာငါးပါး၌ ဥဒယဗ္ဗယာနုပဿနာဘာဝနာပေါင်း(၅၀)ဖြစ်သတည်း။

ပဌမ၌ ပြအပ်ခဲ့ပြီးသော မြန်မာ့ဘာသာ အကျဉ်းပွါးနည်းကိုသော်ဂင်း, ဤဒုတိယပွါးနည်းကိုသော်ဂင်း စရိုက်အားလျော်စွာ အလိုရှိရာ နှစ်သက်ရာတနည်းနည်းကို ပွါးဖန်များသည်ရှိသော် ဥဒယဗ္ဗယဉာဏ်ထင်ခြင်းသို့ ရောက်လတ္တံ့။

ဥဒယဗ္ဗယာနုပဿနာအာဒီ ဘာဝနာကာရနည်း အပြီးသတ်။ (ပဌမ။)

---

[1]။ ဣမေ ဓမ္မာ၊ ဤတရားတို့သည်။ အဟုတ္ဝာ၊ ရှေးဦး မရှိကုန်ပဲ။ သမ္ဘဝန္တိ၊ ယခု အသစ်ဖြစ်ပေါ်လာကုန်၏။ ဟုတ္ဝာ၊ ဖြစ်ကုန်ပြီး၍။ ဝေန္တိ၊ ခဏချက်ခြင်း ယိုယွင်းချုပ်ပျောက်ပျက်စီးခြင်းသို့ ရောက်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ အနိစ္စာ၊ မမြဲကုန်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ အနတ္တာ၊ အစိုးမရကုန်။ ဝိသုဒ္ဓိ-၂-၂၆၇။

ခဏအားဖြင့် ဥဒယဗ္ဗယဉာဏ် ထင်သည်ကို ပြပုံ

ဒုတိယဌာနကား– "ဝိပရိဏာမာနုပဿနေ ပညာ ဥဒယဗ္ဗယေ ဉာဏံ" စသည် ပါဠိတော်[1]နှင့်အညီ ထိုဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် အဖန်တလဲလဲ ဖောက်ပြန် ပျက်စီးခြင်း ဝိပရိဏာမလက္ခဏာကို အာရုံပြု၍ အနိစ္စ ဒုက္ခ အနတ္တအားဖြင့် ပွါးဖန်မျှားသည်ရှိသော် ဤဆိုလတ္တံ့သော အခြင်းအရာအားဖြင့် ဥဒယဗ္ဗယဉာဏ် ထင်ခြင်းသို့ ရောက်၏။

ထင်ဟန်ကား—

"တသေဝံ မနသိကရောတော ဣတိ ကိရိမေ ဓမ္မာ အဟုတ္ဝာ သမ္ဘဝန္တိ ဟုတ္ဝာ ပဋိဝေန္တိတိ ဉာဏံ ဝိသဒတရံ ဟောတိ"—

ဤသို့ အစရှိသော အဋ္ဌကထာပါဠိ[2] နှင့်အညီ ရှေးဆိုအပ်ခဲ့ပြီးသည့်အတိုင်း ပွါးဖန် မျှားသည်ရှိသော် "ဤပစ္စုပ္ပန် ရူပ်နာမ်တရားတို့သည် ဓရှေးအခါ၌ တရံတဆစ် မဖြစ်စဘူး၊ ဤယခု ဥပါဒ်ဆဲခဏတိုင်း၌သာလျှင် ဖြစ်ကုန်၏။ ဤယခု ဘင် ခဏတိုင်း ခဏတိုင်း၌သာလျှင် ပျက်၍ ပျက်၍ ငြိမ်းကုန်၏။

ဥပမာအားဖြင့်ကား ကျောက်ခဲစသည်ကို တောင်ဝှေး လုံ့ကန်ဖြင့် ခေါက်သည်ရှိသော် တက်တက်သံ မြည်လေ၏။ ထိုအသံသည် ရှေး၌ အလုံးအခဲ စု၍နေသော အသံပုံတည်းမှ ဖြစ်ပေါ်လာသည် မဟုတ်၊ ရှေး၌ အလုံးအခဲ စု၍နေသော အသံဟူသည် မရှိ၊ ယခုဖြစ်ဆဲသော တက်တက်သံသည်လည်း အလုံးအခဲစု၍ အမြဲနေရသည် မရှိ၊ အသံစဲပြီးသည်မှ နောက်၌လည်း အဘယ် အရပ်၌ အစုအခဲဖြစ်၍ နေရသောမည်သည် မရှိ၊ ဤ ခဏ၌ပင်လျှင် တက်တက်သံဖြစ်၍ ဤခဏခြင်းပင်လျှင် ငြိမ်းလေ ပျောက်လေသကဲ့သို့ ဤရူပ်နာမ်တရားတို့သည်လည်း ဤယခုမဖြစ်မီ ရှေးအဘို့၌ အလုံးအခဲစု၍နေရာမှ လာ၍ ဖြစ်သည် မဟုတ်။ ထိုရှေးအဘို့၌ အလုံးအခဲစု၍နေသော ရူပ်နာမ်

၁။ ပဋိသံ၊ ၅၅။ ပစ္စုပ္ပန္နာနံ ဓမ္မာနံ ဝိပရိဏာမာနုပဿနေ ပညာ ဥဒယဗ္ဗယာနုပဿနေ ဉာဏံ"ဟု ဆဋ္ဌမ ရှိ၏။

၂။ ဝိသုဒ္ဓိ၊ ၂၊ နာ-၂၆၇။

မည်သည်လည်း မရှိ၊ ဤယခု ပစ္စုပ္ပန် ဖြစ်ဆဲခဏ၌လည်း အစိုင်အခဲအမြဲစု၍ နေသည် မရှိ၊ ဘင်ခဏသို့ရောက်၍ ချုပ်လေပြီးသည့် နောက်၌လည်း အဘယ် တစုံတခုသောအရပ်၌ အစိုင်အခဲဖြစ်၍ နေသောမည်သည် မရှိ၊ ဤပစ္စုပ္ပန် ခဏတို့၌သာလျှင် ဤယခုချက်ခြင်း ဖြစ်၍ ဖြစ်၍ ဤယခုချက်ခြင်း ပျက်၍ ပျက်၍ ငြိမ်းကုန်၏" ဟူ၍ အကြင်အခါ မနောဝိညာဏ်ဝယ် တပ်တပ်ထင်၏၊ ထိုအခါ ခဏအားဖြင့် ဥဒယဗ္ဗယဉာဏ် ထင်သည်မူတ်။

ထိုနောင်မှ အကြင်အခါ၌ ဤရူပ်နာမ်တရားတို့သည် ရှေးဘဝ၌ အဝိဇ္ဇာ တဏှာ ကံတို့ကြောင့်ရင်း, ဤဘဝ စားအပ် သောက်အပ်သော ကဗဠီကာရ စသည်တို့ကြောင့်ရင်း ဖြစ်ရကုန်၏။ "ဤအဝိဇ္ဇာ အစရှိသော အကြောင်းတရား တို့၏ အရဟတ္တမဂ်ဖြင့် ငြိမ်းခြင်း ချုပ်ခြင်းသို့ ရောက်မှသာလျှင် ဤရူပ်နာမ် တရားတို့ ကုန်ခြင်း ငြိမ်းခြင်းသို့ ရောက်နိုင်ရာ၏" ဟူ၍ ရှေးဓမ္မဋ္ဌိတိ ဉာဏ်ထက် အလွန်သန့်ရှင်းစွာ ထင်၏၊ ထိုအခါ ပစ္စယအားဖြင့် ဥဒယဗ္ဗယဉာဏ် ထင်ခြင်းသို့ ရောက်ပြီမှတ်၊ ဤသို့ထင်လာသော ဥဒယဗ္ဗယအာရုံသည် သမထအာဏ် ဥဂ္ဂဟ-နိမိတ် ထင်သည်နှင့် တူ၏။

သစ္စာလေးပါးနှင့်တကွ ဥဒယဗ္ဗယထင်ရန် ပွါးများပုံ

ထိုသို့ ထင်လာသောအခါ ခဏအားဖြင့် ထင်လာသော ဥဒယဗ္ဗယကို နှလုံး သွင်း၍ "ဣမေ သခါရာ အနိစ္စာ အနိစ္စာ ဒုက္ခာ ဒုက္ခာ" ဟူ၍ ပွါးများအပ်၏။

ပစ္စယအားဖြင့် ထင်လာသော ဥဒယဗ္ဗယကို အာရုံပြု၍ "ဣမေ ဓမ္မာ အနတ္တာ အနတ္တာ" ဟူ၍ အဖန်တလဲလဲ ပွါးများအပ်၏။

ရုံခါ ရူပ်တို့၏ ဖြစ်ခြင်း ပျက်ခြင်းကို, ရုံခါ နာမ်တို့၏ ဖြစ်ခြင်း ပျက်ခြင်းကို, ရုံခါ ခဏအားဖြင့် ဖြစ်ခြင်း ပျက်ခြင်းကို, ရုံခါ အကြောင်းအားဖြင့် ဖြစ်ခြင်း-ပျက်ခြင်းကို အာရုံပြု၍ အာရုံပြု၍ "ဣမေ ဓမ္မာ အနိစ္စာ အနိစ္စာ ဒုက္ခာ ဒုက္ခာ အနတ္တာ အနတ္တာ အနိစ္စာ ဒုက္ခာ အနတ္တာ" ဤသို့ အဖန်တလဲလဲ ပွါးများ လေဦး။

ထိုနောင်မှ ကသိုဏ်းအာရုဏ် ပဋိဘာဂနိမိတ်ထင်သကဲ့သို့ ဤဆိုလတ္တံ့သော အခြင်းအရာဖြင့် ထင်လတ္တံ့။ ထိုသို့ထင်ရာ၌-

"ဣစ္စဿေဝံ ပစ္စယတော စေဝ ခဏတော စ ဒ္ဒေဓာ ဥဒယဗ္ဗယံ ပဿတော ပစ္စယတော ဥဒယဒဿနေန သမုဒယသစ္စံ ပါကဋံ ဟောတိ ဇနကာဝပေါဓတော၊ ခဏတော ဥဒယဒဿနေန ဒုက္ခသစ္စံ ပါကဋံ ဟောတိ ဇာတိဒုက္ခာဝပေါဓတော၊ ပစ္စယတော ဝယဒဿနေန နိရောဓသစ္စံ ပါကဋံ ဟောတိ ပစ္စယာနုပ္ပါဒနေန ပစ္စယဝတံ အနုပ္ပါဒါ-ဝပေါဓတော။ ခဏတော ဝယဒဿနေန ဒုက္ခသစ္စမေဝ ပါကဋံ ဟောတိ မရဏဒုက္ခာဝပေါဓတော။ ယဉ္စသ ဥဒယဗ္ဗယဒဿနံ မဂ္ဂေါ ဝါယံ လောကိကောတိ မဂ္ဂသစ္စံ ပါကဋံ ဟောတိ"—

ဤသို့ အစရှိသော အဋ္ဌကထာ ပါဠိနှင့်အညီ သစ္စာလေးပါးနှင့်တကွ ဥဒ-ယဗ္ဗယသည် ထင်၏။

ထင်ဟန်ကား—ရှေး ဆိုအပ်ခဲ့ပြီးသည့်အတိုင်း ရုပ်နာမ်တို့၏ ဖြစ်ခြင်း ပျက်ခြင်းကို အကြောင်းအားဖြင့် ဆင်ခြင်ဖန်များသည်ရှိသော် ဤလောကဌ် ဖြစ်စေ တတ်သော အကြောင်းဟူသည် ထင်ရှားရှိသည်မှန်၏၊ ထင်ရှားမရှိသည်မဟုတ်၊ ထိုသို့အကြောင်းဇနကဟူသည် စင်စစ်ရှိသောကြောင့် တဏှာဟူသော သမုဒယ သည် စင်စစ် ဒုက္ခ၏ အကြောင်းဇနက မှန်၏။ ဤသို့ သမုဒယသစ္စာ ထင်၏။

ခဏအားဖြင့် ဥဒယကို ရှုဖန်များသဖြင့် ဤလောကဌ် ဖြစ်ခြင်းဟူသည် ထင်ရှားရှိ၏။ ထိုသို့ရှိသောကြောင့် ဇာတိဒုက္ခဟူသည် စင်စစ်ရှိ၏။ ဤသို့ ဒုက္ခ သစ္စာထင်၏။

အကြောင်းအားဖြင့် ချုပ်ခြင်း ပျက်ခြင်းကို ရှုဖန်မြင်ဖန်များသည်ရှိသော် ဤလောကဌ် အကြောင်းပျက်သည်ရှိသော် အကျိုးပျက်သည် စင်စစ်မှန်၏၊ ထိုကြောင့် တဏှာဟူသော အကြောင်းပျက်လျှင် ဒုက္ခဟူသော အကျိုးပျက်မည် စင်စစ်မှန်၏၊ ချုပ်ရာ နိဗ္ဗာန်ဟူသည် စင်စစ်ရှိရာ၏ဟု အနုမာန[1] အားဖြင့်လည်း ထင်၏။ ရှေး သုတမယဉာဏ်ဖြင့် မှတ်သားဘူးသည် အတိုင်းလည်း အလွန်ယုံကြည်ခြင်း ဖြစ်၏။ ခဏအားဖြင့်ရင်း, ပစ္စယ အားဖြင့်ရင်း ပျက်ခြင်းကို ရှုဖန်များသည်ရှိသော် ဤလောကဌ် ဤသို့

၁။ ဝိသုဒ္ဓိ ၂-၂၆၇၊ ၈။ ၂။ မှန်းဆ၍ သိရသောနည်း။

သော ပျက်ခြင်းဟူသည် ထင်ရှားရှိခဲ့၏။ ထို့ကြောင့် သေရ ပျက်စီးရခြင်း မရဏ ဒုက္ခဟူသည်လည်း စင်စစ်တွေ့လတ္တံ့သည် မှန်၏။ ဤသို့ ဒုက္ခသစ္စာပင်လျှင် ထင်၏။ ဤသို့ ယခုဖြစ်ခြင်း ပျက်ခြင်းကို ရှုခြင်း မြင်ခြင်းဟူသော ဘာဝနာ-ဉာဏ်သည် ထင်ရှားဖြစ်လာ၏။

"ဤသို့ ဖြစ်ခြင်းသည်ပင်လျှင် နိဗ္ဗာန်ဟူသော အကျိုး၏အကြောင်း ပက-တူပ လောကီမဂ္ဂင်ပင်တည်း" ဟု ကြံဆင်ခြင်လျှင် စင်စစ်မတွေ့မဝေ သိမည်ဏန် ဖြစ်သောကြောင့် အကြောင်းလောကီမဂ္ဂသစ္စာကိုလည်း သိသည်မည်၏။

ဤသို့ သစ္စာလေးပါးကို အနုမာနနေယျတ္ထ[1] အားဖြင့် သိမြင်ခြင်းနှင့်တကွ ဖြစ်ခြင်း ပျက်ခြင်း ဉဒယဗ္ဗယ ကို မြင်၏။ ထိုမြင်အပ်သော ဉဒယဗ္ဗယအာရုံ သည် ကသိုဏ်းအာရုဒ္ဓ ပဋိဘာဂနိမိတ် ထင်လာသည်နှင့် တူ၏။

ဧကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊
ဧဝံမမ္ပတာနည်းအားဖြင့် ထင်မုံ

ထိုသို့ ထင်သောအခါ၌လည်း ထိုထင်လာသော ဉဒယဗ္ဗယကို အာရုံပြု၍ "အနိစ္စ အနိစ္စ" အစရှိသည်ဖြင့်သာလျှင် နှလုံးသွင်းအပ် ဆင်ခြင်အပ်၏၊ ဤသို့ ဆင်ခြင်ဖန် မျှားသည်ရှိသော်—

"ပစ္စယတော စသ ဉဒယဒဿနေန ဧကတ္တနယော ပါကဋော ဟောတိ ဟေတုဖလသမ္ဗန္ဓေန သန္တာနသ အနုပစ္ဆေဒါဝဗောဓတော။ အထ သုဒ္ဓုတရံ ဉဿ ဒိဋ္ဌိ ပဇဟတိ။ ပ။ ဧဝံ ကိရ နာမိမေ ဓမ္မာ အနုပ္ပန္နပုဗ္ဗာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ နိရုဇ္ဈန္တိတိ နိစ္စနဝါ ဟုတ္ဝာ သခ်ိဏ ဥပဋ္ဌဟန္တိ။ နှ ဧကဝလ္ဇ နိစ္စနဝါ၊ သူရိယုဂ္ဂမနေ ဉဿာဝဗိန္ဒု ဝိယ, ဉဒကပုဗ္ဗုဋ္ဌော ဝိယ ဉဒကေ ဒဏ္ဍရာဇိ ဝိယ, အာရဂ္ဂေ သာသပေါ ဝိယ, ဝိဇ္ဇုပ္ပါဒေါ ဝိယ စ ပရိတ္တဋ္ဌာယိနော။ မာယာမရီစိသုပိနဋ္ဌအလာတ-

---

၁။ နေယျတ္ထ—ဆောင်ယူအပ်သော အနက်မှိုသောနည်း။

စက္ကဲ ဂန္ဓဗ္ဗနဂရဖေဏကဒုလိအာဒယော ဝိယ အသာရာ နိဿာရာ စာပိ ဥပဋ္ဌဟန္တိ။ တ္ထောဝတာနေန ဝယဓမ္မမေဝ ဥပ္ပဇ္ဇတိ၊ ဥပ္ပန္နဉ္စ ဝယံ ဥပေ-တိတိ ဣမိနာ အာကာရေန သမပညာသလက္ခဏာနိ ပဋိဝိဇ္ဈိတ္ဝာ ဌိတံ ဥဒယဗ္ဗယာနုပဿနံ နာမ တရုဏဝိပဿနာဉာဏံ အဓိဂတံ ဟောတိ။ ယဿာဓိဂမာ အာရဒ္ဓဝိပဿကောတိ သင်္ခ် ဂစ္ဆတိ ”—

ဟူသော အဋ္ဌကထာပါဠိ နှင့် အညီ ဒိဋ္ဌိကို ပယ်ဖျောက်ခြင်းနှင့် တကွ လက္ခဏာရေး သုံးပါးနှင့်တကွ ဥဒယဗ္ဗယ၏ အလွန်ထင်ခြင်းသည် ဖြစ်၏။

ထင်မြင်ဟန်ကား—အကြောင်းအားဖြင့် ဖြစ်ခြင်း ဥဒယကို မြင်သည်ရှိသော် ရှေးဦးစွာ ဧကတ္တနည်း ထင်၏၊ အဘယ့်ကြောင့်နည်း? အကြောင်းအကျိုးတို့၏ စပ်၍ ဖြစ်သဖြင့် ရူပ်နာမ်အစဉ် သန္တာန်၏ မပြတ်ခြင်းကို သိခြင်းကြောင့်တည်း။

ဧကတ္တနည်း ဟူသော်ကား ရူပ်နာမ်တရားတို့၏ အသစ်အသစ် ခဏအားဖြင့် လဲ၍လဲ၍ ဖြစ်ကုန်သော်လည်း ခဏတခု သတ္တဝါတယောက် ဟူ၍ရင်း, ဣဘဝ လူလည်းတပါး နောင်ဘဝ လူလည်း တခြားဟူ၍ရင်း မဆိုအပ်ပဲ အကြောင်းတူ သန္တာန်အစဉ်မပြတ် တစပ်တည်းဖြစ်သော အလုံးစုံသော ခဏဟူသမျှကို ပေါင်း၍ သတ္တဝါတယောက်တည်းသာ ဟူ၍ သမုတ်အပ်သော နည်းသည် ဧကတ္တနည်း မည်၏။ ဣသို့ ဧကတ္တနည်း ထင်သည်ရှိသော် “သေလျှင်ပြတ်၏၊ ဣဘဝလည်းတပါး နောင်ဘဝလည်းတခြား”ဟူသော ဥစ္ဆေဒဒိဋ္ဌိကို ပယ်နိုင်၏။

ဖြစ်ဆဲခဏအားဖြင့် ဥဒယကို ရှုဖန် မြင်ဖန်မျှားသည်ရှိသော် နာနတ္တနည်းသည် ထင်၏။ အဘယ့်ကြောင့်နည်း? အသစ်အသစ်ဖြစ်ခြင်းကို မြင်သော ကြောင့်တည်း။

နာနတ္တနည်း ဟူသော်ကား အဝိဇ္ဇာ အစရှိသော အကြောင်းတူသည်ဖြစ်၍ ဣဘဝ နောင်ဘဝတို့၌ သတ္တဝါတယောက်တည်းပင် ခေါ်ဆိုအပ်သော်လည်း “ဣဘဝမှ ရူပ်နာမ်တို့သည် ထိုနောင်ဘဝသို့ ပြောင်းရွှေ့လိုက်သည် မည်သည် မရှိ၊

၁။ ဝိသုဒ္ဓိ၊ ၂-၂၆၈-၉။

ဤဘဝ ရူပ်နာမ်လည်းတပါး နောင်ဘဝ ရူပ်နာမ်လည်း တခြားစီသာလျှင် တည်း" ဟူ၍ မှတ်အပ်သောနည်းသည် နာနတ္တနည်းမည်၏။

ဤသို့ အသစ်အသစ်ဖြစ်ခြင်း ဥပါဒ်ခဏကို မြင်သဖြင့် နာနတ္တနည်း ထင်သည်ရှိသော်"ဤဘဝ နောင်ဘဝ ရူပ်နာမ် အတူတူပင်တည်း၊ ဤဘဝမှ ဝိညာဏ်သည် နောင်ဘဝသို့ ပြောင်းရွှေ့လိုက်သည်"ဟုယူသော သဿတဒိဋ္ဌိကို စွန့်နိုင်၏။

ပစ္စယအားဖြင့် ဥဒယဗ္ဗယကို မြင်ဖန်များသည်ရှိသော် အဗျာပါဒနည်းသည် ထင်၏။ အဘယ့်ကြောင့်နည်း? အကြောင်းအားလျှော်စွာ အကျိုး ဖြစ်ကြ ပျက်ကြသည်ကို မြင်သဖြင့် တစုံတယောက်သောသူတို့ အလိုသို့လိုက်အောင် အားထုတ်၍ မဖြစ်နိုင်ရာသည်ကို မြင်သောကြောင့်တည်း။

ထိုသို့ အဗျာပါဒနည်း ထင်သည်ရှိသော် "အားထုတ်တတ်သော အစိုးရသော ကိုယ်ရှိ၏"ဟူသော အတ္တဒိဋ္ဌိကို စွန့်၏။

အကြောင်းအားဖြင့် ဖြစ်ခြင်း ဥပါဒ်ခဏကို မြင်ဖန်များသည်ရှိသော် ဝေဒနာမမှတာနည်းလည်း ထင်ရှား၏။ အဘယ့်ကြောင့်နည်း? ယင်း၏အကြောင်းအားလျှော်စွာ ယင်း၏အကျိုးဖြစ်သည်ကို မြင်သောကြောင့်တည်း။

ဝေဒနာမမှတာနည်း ဟူသော်ကား သရက်စေ့မှ သရက်ပင်သာ ဖြစ်သကဲ့သို့ အုန်းသီးထိပ်၌ အပေါက်သုံးပေါက် အမြဲရှိသကဲ့သို့ ပုဇွန်တို့၏ ကျောက်ကုန်း၌ လက်သည်းရာ ထင်ခြင်း မြဲသကဲ့သို့ တစုံတယောက်သောသူတို့ စီရင်သည်မဟုတ်၊ အကြောင်းအားလျှော်စွာ ဘာသာအလျောက် ရူပ်နာမ်တို့၏ ဖြစ်ခြင်းသည်ရင်း စက္ခုဝိညာဏ် အစရှိသည်၏နောက်၌ သမ္ပဋိစ္ဆိန်း အစရှိသည် အမြဲဖြစ်ရခြင်း သဘောလက္ခဏာ ရှိသောနည်းသည် ဝေဒနာမမှတာနည်း မည်၏။

ဤသို့ ဝေဒနာမမှတာနည်း ထင်သည်ရှိသော် အကြောင်းအားလျှော်စွာ အကျိုးတရားတို့၏ မဖြစ်လို မနေသာသည်ကို မြင်သဖြင့် အကျိုးမရှိဟူသော အာကိရိယ ဒိဋ္ဌိကို စွန့်၏။

ပစ္စယအားဖြင့် ဥဒယကို မြင်ဖန်များသည်ရှိသော် အနတ္တလက္ခဏာသည် အလွန် ပြွတ်ပြွတ်ထင်၏။ အဘယ့်ကြောင့်နည်း? အစိုးတရ အားထုတ်၍ ဖြစ်သည်

မဟုတ်၊ ယင်း၏အကြောင်း အားလျော်စွာ ယင်းတရားတို့၏ ဖြစ်ခြင်းမျှသည် သာလျှင်တည်း ဟု မြင်သောကြောင့်တည်း။

ခဏအားဖြင့် ဥဒယဗ္ဗယကို မြင်ဖန်များသဖြင့်လည်း အနိစ္စလက္ခဏာသည်လည်း အလွန်ထင်ခြင်းသို့ ရောက်၏။ အဘယ့်ကြောင့်နည်း? ထိုခဏအားဖြင့် ဖြစ်ခြင်း ပျက်ခြင်း ဥဒယဗ္ဗယကို မြင်လျှင်ပင် ယခုပင်ဖြစ်၍ အလျင်းမရှိခြင်းကို ထင်သောကြောင့်တည်း။ ထိုအခါ ဒုက္ခလက္ခဏာလည်း အလွန်ထင်၏။ အဘယ့်ကြောင့်နည်း? ထိုသို့ဖြစ်ခြင်း ပျက်ခြင်းဖြင့် အထပ်ထပ် နှိပ်စက်အပ်သည်ကို မြင်သောကြောင့်တည်း။

ထိုနောင်မှ ဤသို့ ထင်၏။ ဤအလုံးစုံသော ရူပ်နာမ်တရားတို့သည် ရှေ့၌လည်း မဖြစ်ဘူးသေး၊ နောက်လည်း မဖြစ်လတ္တံ့။ မိမိတို့ဖြစ်ရာဖြစ်ရာ ပစ္စုပ္ပန်ခဏ၌သာလျှင် လျှပ်စစ်တပြက်အတွင်း၌ အသိန်းအသန်းမျှမက အလွန်လျှင်စွာ အသစ်အသစ် ဖြစ်၍ဖြစ်၍ ပျက်၍ပျက်၍ ပျောက်လေကုန်၏။ ဆီးနှင်းပေါက်တို့ မှန်းတည့်နေရှိန်ကို ကြောက်သကဲ့သို့ရင်း၊ ရေပြက်ကဲ့သို့ရင်း၊ ရေ၌ လှိုင်းကန်ရေး, ပွတ်ဆောက်ဖျား၌ မုန်ညင်းစေ့, လျှပ်စစ်တံလျှပ်, အိပ်မက်, မီးစက်ကွင်း, ဂန္ဓမ္ဗနတ်မြို့ဟူသော ကျတ်ရှာ, ရေမြှုပ်စိုင်, ငှက်ပျောပင်ကဲ့သို့ရင်း တစုံတရာ အမြဲအရှည်မတည်၊ ချမ်းသာဟူ၍ အလျင်းမဖြစ်၊ အနှစ်သာရဟူသည် တစိုးတစိမရှိ၊ အနိစ္စ ဒုက္ခ အနတ္တသာလျှင်တည်း[1]။ ဤသို့ ဘာဝနာမယဉာဏ်၌ အလွန်ထင်ခြင်းသို့ ရောက်၏။

ဤသို့ ဒိဋ္ဌိဝိသောတနှင့်တကွ, တိလက္ခဏာနှင့်တကွ အလွန်ထင်လာသော ဥဒယဗ္ဗယအာရုံသည် ကသိုဏ်း၏ အရာ၌ အလွန်သန့်ရှင်းစွာထင်သော ပဋိဘာဂနိမိတ်နှင့်တူ၏။

ဤသို့ ထင်သည်မှစ၍ တရုဏဝိပဿကပုဂ္ဂိုလ်၏အဖြစ်သို့ ရောက်၏။ အားထုတ်အပ်သော ဝီရိယရှိသော ဘုရားရှင်သားတော်ပီပီ ဘုရားရှင်အမေ့ကို ခံထိုက်သော အာရဒ္ဓဝိပဿကပုဂ္ဂိုလ်ဟူ၍လည်း ရေတွက်ခြင်းသို့ ရောက်၏။ ရှေး ဓမ္မ

၁။ ဝိသုဒ္ဓိ၊ ၂။၂၆၈-၉။

ဌိတိဉာဏ်ကိုရလျှင်ပင် စူဠသောတာပန်သို့ ဝင်၏ဟူ၍ အဌကထာ[1] ဆရာ မိန့်ရကား ဥဒယဗ္ဗယဉာဏ်တိုင်အောင် ရပြန်သည်ရှိသော် **မဇ္ဈိမသောတာပန်** ဟူ၍ပင် ဆိုရခမန်းရှိ၏။ ရှေးထက်ရင့်သော **စူဠသောတာပန်အဖြစ်သို့**ကား စင်စစ်ရောက်၏။

ထိုကြောင့် ဤရှေးဤမျှ အပါယဂတိမှ စိတ်ချရလောက်အောင် ခရီးရောက်သော နိဗ္ဗာန်တံခါးဝ၌ စိုက်၍တည်သော အလွန်အကျိုးများသော ဥဒယဗ္ဗယဉာဏ်၏အရာ ဥဒယဗ္ဗယာနုပဿနာကို လွန်စွာ ပွါးများအားထုတ်တော်မူနိုင်ကြပါစေကုန်သတည်း။ (ဒုတိယ။)

ဝိပဿနုပက္ကိလေသနည်းအားဖြင့် ပွါးများပုံ

တတိယ၌ကား ဤဆိုအပ်ခဲ့ပြီးသည်အတိုင်း ဥဒယဗ္ဗယဉာဏ်ထင်သည်ရှိသော်—

"အနိစ္စတော မနသိကရောတော သြဘာသော ဥပ္ပဇ္ဇတိ၊ သြဘာ-သော ဓမ္မောတိ သြဘာသံ အာဝဇ္ဇတိ။ တတော ဝိက္ခေပေါ ဥဒ္ဓစ္စံ။ တေန ဥဒ္ဓစ္စေန ဝိဂ္ဂဟိတမာနသော အနိစ္စတော ဥပဋ္ဌာနံ ယထာဘူတံ နပ္ပဇာနာတိ။ ဒုက္ခတော။ အနတ္တတော ဥပဋ္ဌာနံ ယထာဘူတံ နပ္ပဇာ-နာတိ။ တထာ **အနိစ္စတော** မနသိကရောတော **ဉာဏံ** ဥပ္ပဇ္ဇတိ။**မ**။ ပီတိ။ ပဿဒ္ဓိ။ သုခံ။ အဓိမောက္ခော။ ပဂ္ဂဟော။ ဥပဋ္ဌာနံ။ ဥပေက္ခာ။ **နိကန္တိ** ဥပ္ပဇ္ဇတိ"။

သြဘာသ-အရောင်အလင်း။ ။ဤသို့ အစရှိသော အဌကထာပါဠိ[2]နှင့် **အညီ** ဆိုအပ်ခဲ့ပြီးသောအတိုင်း ရုပ်နာမ်တရားတို့၏ အလွန်လျင်စွာ ထင်လာသောဖြစ်ခြင်း ပျက်ခြင်း ဥဒယဗ္ဗယကို အာရုံပြု၍ **အနိစ္စ** အနိစ္စ ဟူ၍ ပွါးများဖန်များသဖြင့် **အလွန်**ထင်မြင်သော ဝိပဿနာပညာသည် ဖြစ်စေအပ်သောဝိပဿနာ စီးဖြန်းသောယောဂီပုဂ္ဂိုလ်ကိုယ်မှ ဖြစ်**ခ**သောအရောင်သည် ဝိပဿနာဉာဏ် အားလျော်စွာ ကိုယ်၏ ထက်ဝယ်ဖွဲ့ဆုအရပ်မျှ၌ရင်း

---

[1] ဝိသုဒ္ဓိ-၂-၂၄၀။ [2] ဝိသုဒ္ဓိ-၂-၂၆၉။

နေရာတိုက်ခန်းတွင်း ကျောင်းတွင်း တဂါဝုတ်, နှစ်ဂါဝုတ်, တယူဇနာ, နှစ်ယူဇနာ အစရှိသော အရပ်တိုင်အောင်ရင်း ဝင်းဝင်းတောက်သကဲ့သို့ နှံ့၍ ဖြစ်လေ၏။

ထိုနောင်မှ "ငါ့အား ဤအရောင်အလင်းသည် ဖြစ်လာ၏"ဟု သြဘာသကို အာရုံပြုမိ ဆင်ခြင်မိခြင်းသည် ဖြစ်၏။

ထိုသို့ သြဘာသကို နှလုံးတမ်းမိ ဆင်ခြင်မိသောကြောင့် ယခင်ထင်ပြီးသော အနိစ္စသညာစသည် ပျောက်၍ ပျံ့လွင့်ခြင်းသို့ ရောက်၏။ အပွဿုတဖြစ်သော ပုဂ္ဂိုလ်သည်ကား ပျံ့လွင့်ခြင်းမျှ၌ မတည်မရပ်၊ ဤသို့သော နှလုံးသွင်းမိခြင်းသည်လည်း ဖြစ်၏–"ငါ့အား ဤသို့သော အရောင်အလင်းသည် ရှေး၌ မဖြစ်စဘူး ဖြစ်လာခဲ့၏။ ငါသည် မချုတ် မဂ်သို့ရောက်ပြီ ဖိုလ်သို့ရောက်ပြီ"ဟု မဂ်မဟုတ်သည်၌ မဂ်, ဖိုလ်မဟုတ်သည်၌ ဖိုလ်ဟုအမှတ်ရှိသည် ဖြစ်၍ ဝိပဿနာကို အထူးတက်၍ အားမထုတ်ဘဲ သြဘာသမျှနှင့် အစားရတင်းတိမ်နေမိလေ၏။ ဤသည်လျှင် ဝိပဿနုပက္ကိလေသတည်း။

ငါးပါးသောပီတိနှင့်တကွ ဥဒယဗ္ဗယာနုပဿနာမယဉာဏ်ဖြစ်ပုံ

ပီတိ-နှစ်သက်ခြင်း။ ။နာမ်ရုပ်တို့၏ ဖြစ်ခြင်းကို အာရုံပြု၍ ရှုဖန်, နှိုင်းချိန်ဖန် မျှားသဖြင့် မျှားစ့ဘသော ရုပ်မှုန့်အစု, နာမ်မှုန့်အစုတို့၏ ဖြစ်ဟန်, ပျက်ဟန်ကို အကောင်အထည် သဏ္ဌာန်ရှိသကဲ့သို့ရင်း၊ ပြင်းစ့ဘသော လေပေ့၏အတွင်း၌ မျှားစ့ဘသော သဲမြှုမှုန့်တို့၏ အလိပ်လိပ်ထ၍ လွင့်သည်ကို ကဲ့သို့ရင်း အလွန်သန့်ရှင်းစ့ဘ မြင်နိုင်သော သိကြားလက်နက် ဝရဇိန်စက်ကဲ့သို့ အလွန်ထက်မြက်သော ဉာဏ်အမြင်သည်လည်း ဖြစ်၏။ ထိုသို့ မမြင်စဘူး ထူးမြတ်နက်နဲသော ဉာဏ်အမြင်ကိုရသဖြင့် အလွန်နှစ်သက်ဝမ်းမြောက်သော ဥဒယဗ္ဗယာနုပဿီယောဂီပုဂ္ဂိုလ်အား ရှေးဦးအစ ကိုယ်တစိတ်၌ စိုးစိုးစိမ့်စိမ့် အနည်းငယ် ကြက်သီးမွေးညှင်းကိုဖြစ်စေနိုင်သော ခုဒ္ဒကာပီတိ, အထက်ဖြစ်သော ကိုယ်အလုံး၌ ကြက်သီးမွေးညှင်း ဖျဉ်းဖျဉ်းထစေနိုင်သော လျှပ်စစ်ပြက်သကဲ့သို့ ခဏခဏအားဖြင့် ဖြစ်၍ဖြစ်၍ ငြိမ်းသော ခဏိကာပီတိ, အထက်အောက် ကိုယ်အလုံး၌ မည်သည့် အရပ်အထပ်မရှိ ကြက်သီးမွေးညှင်းတို့ကို

ထစေခြင်းငှါ စွမ်းနိုင်သော သဲသောင်ကမ်းကို ရေအယဉ်စားသကဲ့သို့ မပြတ်စပ်ကာ အလှိုင်းအလှိုင်း ပြည့်၍ပြည့်၍ တက်သော သြဂ္ဂန္ဓီကာပီတိ, ကောင်းကင်ထက် ခုန်တက်အံ့သော အခြင်းအရာကဲ့သို့ အလွန်ပေါ့ပါးတက်ကြွသော ကိုယ်အဟုန်ရှိသည်၏အဖြစ်သို့ ရောက်စေနိုင်သော ဥဗ္ဗေဂါပီတိ, လဲဝါဂွမ်းဌ္ဌ ဆိ၏နှုံ့ခြင်းကဲ့သို့ ကိုယ်အလုံးဌ္ဌ တအောင့် ထမဟုတ် ကာလပတ်လုံး အလျှင်းမပြတ် တစိမ့်တည်းစိမ့်၍ စိတ်၏ ငြိမ်သက်နှစ်မျှိုခြင်း ပြည့်ဖြိုးခြင်းကိုဖြစ်စေနိုင်သော ဖရဏာပီတိ ဤသို့သော ငါးပါးသော ပီတိသည်လည်း ဖြစ်၏။

ပဿဒ္ဓိ-ငြိမ်းအေးခြင်း။ ။ဤသို့ နာမ်ရုပ်တို့၏ ဖြစ်ခြင်း ပျက်ခြင်းကို အလွန်ထင်မြင်နိုင်သော ဥဒယဗ္ဗယာနုပဿနာမယဉာဏ် ပီတိတို့သည် တောက်ပုံချိုးမြောက်အပ်သည်ဖြစ်၍ နာမ်ရုပ်တို့၏ ဥဒယဗ္ဗယကို ရှုမြင်ရသော ယောဂါဝစရပုဂ္ဂိုလ်အား နေ့သန့်ရာ ညဉ့်သန့်ရာအရပ်ဝယ် ရှည်မြင့်စွာနေ၍ အားထုတ်အပ်သော်လည်း ကိုယ်၏ ပူပန် လေးလံ ကောက်ကျစ်ထိုင်းမှိုင်းခြင်း မရှိ၊ အလွန်ငြိမ်းချမ်း ပေါ့ပါးဖြောင့်မတ်နူးညံ့သော ဝိပဿနာအမှုဌ် ခံ့သော မီးသင့်သော ဖယောင်း၏သို့ ဝိပဿနာလမ်းဌ် ဖြောင့်တန်းစွာ လိုတိုင်းရသော အလွန်ငြိမ်သက်အေးမြသော တကြိမ်မှုတ်လျှင် လေးလလွန်မှ အသံစဲသော ဝိဇယုတ်ခရွှသင်း, နတ်စည်, နတ်စောင်းညှင်းတို့ဖြင့် ဖျော်ဖြေခံစားရသော သိကြားချမ်းသာသည် လူနှင့်ဝေး၏သို့ ဝိသဒ္ဓကမ္မဋ္ဌာန်ဖြစ်သူ လူသာမန်တို့ မခံစားထိုက်သော ကိုယ်စိတ်တို့၏ အလွန်ငြိမ်းခြင်းဟု ဆိုအပ်သော ပဿဒ္ဓိ တရား အထူးသည်လည်း ဖြစ်၏။

သုခ-ချမ်းမြေ့ခြင်း။ ။ထိုသို့ အလွန်အေးမြသော ဝိပဿနာမယ ပီတိတို့သည် ထောက်ပုံအပ်သည်ဖြစ်၍ လူသာမန်တို့ မခံစားရသော ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ ဟူသော မွန်မြတ်သော ဘောဂသမ္ပတ္တိရှိသော ယောဂိပုဂ္ဂိုလ်အား အဓွန့်ရှည်စွာ အစာရေမှတ်သိပ်သော အလွန်ပူပန်သော ကိုယ်ရှိသော ခုပ္ပိပါသပြိတ္တာ၏ နတ်တို့သုဒ္ဓါ အနောဘတ္တရေသီတာကို ကောင်းစွာသုံးဆောင်ရသောအခါကဲ့သို့ ပုထုဇဉ်တို့ တရုံတဆစ်မတ္တရစဉ်း ထူးမြတ်လှစွာ

၁။ စွန့်လွှတ်အပ်သော ကမ္မဋ္ဌာန်းရှိသူ။

သော အလွန်အေးမြ ငြိမ်းချမ်းလှစွာသော ပဿဒ္ဓိ စည်းစိမ်ထူးကို ရသဖြင့် အရည်စက်စက် ယိုထွက်လုနီးသော မဓုပဋ္ဌလနိမ္မက္ခိက[1]ပျားအုံကြီးကဲ့သို့ ကိုယ်အလုံးမှ ယိုစီးရေကျတော့ခမန်း အလွန်ချမ်းမြေ့ခြင်း ကာယသုခ, စိတ္တသုခသည်လည်း ဖြစ်၏။

အဓိမောက္ခ-သဒ္ဓါတရား။ ။အောက်၌ ဆိုအပ်ခဲ့ပြီးသည်အတိုင်း ဥဒယဗ္ဗယဉာဏ်သန်သန်ဖြစ်သည်ရှိသော် ထိုဉာဏ်၏ အစွမ်းအားဖြင့် နာမ်ရူပ်တို့၏ ဖြစ်ခြင်း ပျက်ခြင်း အစရှိသည်ကို အလွန်သန့်ရှင်းစွာမြင်သဖြင့် ထိုနာမ်ရူပ်တရားတို့၏ ဖြစ်ခြင်း ပျက်ခြင်း အနိစ္စအစရှိသည်၌ ရှေးသုတမယဉာဏ်ဖြင့် မှတ်သားဘူးသည်အတိုင်း အလွန်ဆုံးဖြတ်ယုံကြည်ခြင်း, ထိုအနိစ္စ၏အဖြစ်ကို ဟောတော်မူသော ဘုရားရှင်၌ အလွန်ကြည်ညိုခြင်း, ဥဒယဗ္ဗယကို ရှုမြင်သော ဝိပဿနာစိတ်စေတသိက်တရားတို့ကို အလွန်ကြည်လင်စေခြင်း သဒ္ဓိန္ဒြေကိစ္စတပ်သော **အဓိမောက္ခ** ဟူသော သဒ္ဓါတရားအထူးသည်လည်း ဖြစ်၏။

ပဂ္ဂဟ-ဝီရိယ။ ။ထိုဥဒယဗ္ဗယာနုပဿနာမယဉာဏ်ပိတိ အစရှိသည်တို့မှ ရအပ်သော အထောက်အပံ့ရှိသည်ဖြစ်၍ အလွန်ထင်မြင်သော နာမ်ရူပ်တို့၏ ဥဒယဗ္ဗယကိုရှုခြင်း၌ မဆုတ်မနစ် တက်ကြွသော အလွန်ငြိမ်းချမ်းသော ပဿဒ္ဓိသည် ထောက်ပံ့အပ်သည်ဖြစ်၍ ပူပူပင်ပင် အလျင်တဆော အားမထုတ်လွန်းသော အသိထိလ အနုစ္စာရဒ္ဓ ဝိပဿနာသမ္ပယုတ်ဖြစ်သော ဝီရိယသမ္ဗောဇ္ဈင် ကိစ္စတပ်သော **ပဂ္ဂဟ** ဟူသော ဝါယာမတရားအထူးသည်လည်း ဖြစ်ပေါ်လာ၏။

သတိ-ထင်မြင်မှတ်သားမှု။ ။ထိုသို့ ဆိုအပ်ပြီးသောဉာဏ်, ပိတိ အစရှိသည်တို့မှ ပကတူပကို ရသည်ဖြစ်၍ စိတ်၏အလွန်ကြည်လင်ချမ်းမြေ့ခြင်းဖြစ်သဖြင့် ရှေးအခါ မြင်ဘူး ထင်ဘူး ပြုကျင့်ဘူးလျက် သတိတော့ဝေ အမှတ်မဲ့နေသော အာရုံတို့သည်လည်း ထိုအခါ အောက်မေ့ကာမတ္တဖြင့် ညဉ့်မှောင်၏အတွင်း မီးရှူး၏ ထွန်းလင်းလာခြင်းကဲ့သို့ အလွန်ထင်မြင်နိုင်သော

---

[1] ပျားလဘို့ရှိသော ပျားကောင်ကင်းသော ပျားအုံ။

သတိအထူးသည်ရင်း၊ထိုနာမ်ရုပ်တို့၏ ဥဒယဗ္ဗယကို ရှုမြင်ရာ၌လည်း လေးတောင်တိုက်ခန်းဝယ် ဆီမီးတထောင်ထွန်းအပ်သော ရူပါရုံကိုကဲ့သို့ ဥဒယဗ္ဗယဉာဏ်ဖြင့် ထွန်း၍ ပြအပ်ပြီးသည်အတိုင်း ဒီဗွစက္ခု ပမာ လွန်စွာထင်နိုင်သော သတိအထူးသည်ရင်း လေပွေ့ လေကြမ်းတို့သည် တောင်ရေး တောင်နှာမောင်းကို စောင်းထောင်လှုပ်ရှား လွင့်ပါးစေခြင်းငှါ မတတ်နိုင်သကဲ့သို့ သမ္မောဟ အယုတ်တရား တို့သည် မေ့လျော့လှုပ်ရှားစေခြင်းငှါ မစွမ်းနိုင်သော အလွန်ထင်မြင်မှတ်သားနိုင်သော သတိပဋ္ဌာန်ကိစ္စတပ်သော သတိ တရားအထူးသည်လည်း ဖြစ်ပေါ်လာ၏။

ဥပေက္ခာ-လျစ်လျူရှုခြင်း။ ။ထိုသို့ အောက်၌ ဆိုအပ်ခဲ့ပြီးသည်အတိုင်း တေဘူမကသင်္ခါရတရား၏ ဖြစ်ခြင်း ပျက်ခြင်းကို ရှုဖန် မြင်ဖန်များသဖြင့် ထိုတေဘူမကသင်္ခါရတရားတို့၌ တွယ်တာခြင်း, ခင်မင်ခြင်း မရှိကာ ဖြစ်၍ အမှုန်ယစ်သော တောဆင်ပေါက်၏အစွယ်ကို ယူအံ့ဟု အားထုတ်အပ်သော ယောဂျားသည် ထိုဆင်ပေါက်၏ ရဲရင့် ကြမ်းတမ်းခြင်းကို အဖန်ဖန်မြင်သဖြင့် ထိုဆင်မှုရင်း, ထိုဆင်စွယ်မှုရင်း လျစ်လျူရှု၍ အလိုရှိရာ ဖဲသွားလေသကဲ့သို့ ထိုမြင်အပ်ပြီးသော ရုပ်နာမ်တရားတို့၏ အနိစ္စစသော လက္ခဏာ၌ရှုရင်း၊ လူမင်းစည်းစိမ် နတ်မင်းစည်းစိမ် ဟူသော ပညတ္တတ္ထ၌ရှုရင်း အလွန် အာသာကင်းခြင်း, လျစ်လျူရှုခြင်း လက္ခဏာရှိသော ဝေဒနုပေက္ခာ, တတြမဇ္ဈတ္တုပေက္ခာဟု ဆိုအပ်သော အာဝဇ္ဇနုပေက္ခာ, ဝိပဿနုပေက္ခာဟူ၍ လည်း အစဉ်အတိုင်း အမည်ရှိသော ဥပေက္ခာ တရားအထူးသည်လည်း ဖြစ်ပေါ်လာ၏။

ယင်း ဥပေက္ခာသည်လည်း ဆိုအပ်ခဲ့ပြီးသော အလွန်ထက်သော ဥဒယဗ္ဗယတို့သည် ထောက်ပံ့အပ်သည်ဖြစ်၍ ပုဆိုးအိတ်ထောင့်ကို မလွဲတောက်တောက်မှန်ဖောက်နိုင်သော ပြင်းသောအဟုန်ရှိသော် အလွန်ထက်သော အသွားရှိသော အယောမယ[1] သံမြားခွန်ကဲ့သို့ရင်း, သိကြားလက်နက်၏သို့ရင်း အလွန်ထက်သော ဉာဏ်စောင်းရှိ၏။

---

[1] သံဖြင့်ပြီးသော။

နိုကန္တိ-နှစ်သက်ခြင်း။ ။ထိုသို့ဥဒယဗ္ဗယဉာဏ် အလွန်သန်သည့်အခါ လေးလံထက်မြက်လှစွာသော သန်လျက်ကြီးဖြင့် ဗူးသီးနှကို လှီသကဲ့သို့ အလုံးစုံသော ရူပ်ကလာပ်, နာမ်ကလာပ်အစုတို့၏ အလွှာ အလွှာ အကွင်းအကွင်း လက်တွင်းအုပ်ရှစ်ဆုပ်ပစ်, ရှစ်ရှားသဖန်းခါးအသွင် အလွန်သန့်ရှင်းစွာ ထင်မြင်လာခြင်းကို စွဲ၍ဖြစ်လာသော သြဘာသ, ဉာဏ်, ပီတိ, ပဿဒ္ဓိ အစရှိသည် ဖြစ်ပေါ်လာသည်ရှိသော် လူဖြစ်သောသူသည် နတ်၏ အခွင့်နှင့် တွေ့သောအခါ တဏှာ လောဘ ဟူ၍ မသိမသာ လွန်စွာမိန်းမောခြင်းသို့ ရောက်၏သို့ တရုံတဆစ် မတွေ့ရစဘူး ထူးမြတ်သော ထိုသြဘာသ အစရှိသော အာရုံ၌တပ်ခြင်း တဏှာဟူ၍ မသိမသာ လွန်စွာသိမ်မွေ့သော နှစ်သက်ခြင်း **နိုကန္တိကတဏှာ** သည်လည်း ဖြစ်ပေါ်လာ၏။

ဤသို့ ဆယ်ပါးအပြားရှိသော တဏှာအထူးတို့သည် ဖြစ်ကုန်၏။

အပ္ပဿုတ မန္ဒပည ပုဂ္ဂိုလ်သည်ကား ရှေးသြဘာသကဲ့သို့ ဤသည်လျှင် မဂ်တည်း, ဖိုလ်စည်း ဟူ၍ ထိုဉာဏ် အစရှိသော လောကိတရားကိုပင် လောကုတ္တရာမဂ်ဖိုလ် **အထင်အမှတ်**ရှိသဖြင့် တင်းတိမ်အားရ စိတ်ချနှစ်သက်အမှတ်မဲ့ **နေမိလေ**ခဲ့၏။ တမီး, နှစ်မီး ချကာမျှဖြင့် အခန့်သင့် **အပ**ွင့်ထလျှင် ဘော်ကျပြီ အမှတ်ကြောင့် တဖန် ထပ်၍ မီးမချဘဲ ငွေ့ဘော်ရောင်မျှဖြင့် အားရတင်းတိမ်သော ပန်းထိမ်သည် ဗာလ၏သို့ရင်း၊ အခိုးထခါမျှဖြင့် မီးရပြီ အမှတ်ကြောင့် အမှတ်မဲ့လွတ်ထားသော မီးပွတ်သမား၏သို့ရင်း အရေးရောက်တုန်းကို အရေးကုန်ပြီ အမှတ်မှား၍ ဆုံးပါးကြီး ရောက်တတ်သည်မျှားကိုလည်း သတိရှိပါကြ။

ဝိပဿနုပက္ကိုလေသ အမည်ရကြပုံ

ဤဆယ်ပါးသော ဝိပဿနုပက္ကိုလေသတို့တွင် ရှေးသြဘာသ အစရှိသော ကိုးပါးတို့သည် ဥဒ္ဓစ္စ, တဏှာ, မာန, ဒိဋ္ဌိတို့၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် ဥပက္ကိုလေသမည်ကုန်သည်၊ မိမိတို့ကား ဥပက္ကိုလေသမဟုတ်။ နောက်ဆုံး နိုကန္တိသည်ကား မိမိသည်လည်း အကုသိုလ်တဏှာဟူသော ညစ်ညူးကြောင်း ကိလေသာ ဖြစ်သောကြောင့် ဥပက္ကိုလေသမည်၏။

ရှင်း ၁၀- ကိုတည်၊ တဏှာ မာန ဒိဋ္ဌိသုံးခုနှင့်မြောက်၊ ဝိပဿနုပက္ကိလေသ (၃၀) ဖြစ်၏။ ဥဒ္ဓစ္စကား ဤအရာ၌ အဗျောဟာရိက။

စိတ် ပျံ့လွင့်ကာမျှဖြင့် စင်စစ် အားကြီးစွာ ဝိပဿနာကို မဖျက်နိုင်သော ကြောင့် ဝိပဿနုပက္ကိလေသအစစ် မဟုတ်ဟူလိုသည်။

အဘယ်သို့ သြဘာသစသည်ကိုစွဲ၍ ဥဒ္ဓစ္စ စသည် ဖြစ်သနည်းဟူမူကား ဤ သည်ကား သြဘာသတည်းဟု ဆင်ခြင်မိသည်ရှိသော် ယခင် ဥဒယဗ္ဗယာနုပဿ-နာမှ အပ ပျံ့လွင့်ခြင်း ဥဒ္ဓစ္စသည် ဖြစ်၏။ သြဘာသဖြစ်လာပြီဟူ၍ သာယာ နှစ်သက်သောအခါ တဏှာ သည်ဖြစ်၏။ ငါ၏ သြဘာသသည် အလွန်မြတ်နိုး ဘွယ် ရှိစွာ့ဟကားဟု နှုလုံးသွင်းမ်သည်ရှိသော် မာနဖြစ်၏။ ငါ၏ သြဘာသ တည်းဟု စွဲလမ်းမိသည်ရှိဇသော် ဒိဋ္ဌိဖြစ်၏။ ဤသို့ဖြစ်သတည်း။

ဤအရာ၌ ဆိုလတ္တံ့ သည်ကား သင်ဟဂါထာတို့တည်း၊

သြဘာသေ စေဝ ဉာဏေ စ၊ ပီတိယာ စ ဝိကမ္ပတိ။
ပဿဒ္ဓိယာ သုခေ စေဝ၊ ယေဟိ စိတ္တံ ပဝေဓတိ။
အဓိမောက္ခေ စ ပဂ္ဂါဟေ၊ ဥပဋ္ဌာနေ စ ကမ္ပတိ။
ဥပေက္ခာဝဇ္ဇနာယဉ္စ၊ ပေက္ခာယ စ နိကန္တိယာတိ။

အနက်မြန်မာကား—

သြဘာသေ စေဝ၊ သြဘာသကြောင့်ရင်း။ ဉာဏေ စ၊ ရင်း။ ပီတိယာ စ၊ ရင်း။ ပဿဒ္ဓိယာ စ၊ ရင်း။ သုခေ စေဝ၊ ရင်း။ ယေဟိ၊ အကြင်သြဘာသ စသည် တို့ကြောင့်။ စိတ္တံ၊ ဝိပဿနာစိတ်သည်။ ဝိကမ္ပတိ ပဝေဓတိ၊ တုန်လှုပ်ပျံ့လွင့် လေ၏။

အဓိမောက္ခေ စ၊ ကြောင့်ရင်း။ ပဂ္ဂါဟေ စ၊ ကြောင့်ရင်း။ ဥပဋ္ဌာနေ စ၊ ကြောင့်ရင်း။ ဥပေက္ခာ စ၊ ဝိပဿနုပေက္ခာကြောင့်ရင်း။ ဝါ၊ ဝိပဿနာနှင့် သမ္ပယုတ်ဖြစ်သော တတြမဇ္ဈတ္တုပေက္ခာ စေတသိက်ကြောင့်ရင်း။ အာဝဇ္ဇနာယ၊

၁။ ဝိသုဒ္ဓိ ၂-၂၇၃-၄။ ပဋ္ဌိသံ-၂၉၂-၃။

မနောဒ္ဓါတုဝဇ္ဇန်းနှင့် သမ္ပယုတ်ဖြစ်သော။ ဥပေက္ခာယ စ၊ ဝေဒနာစေတသိက်ဟု ဆိုအပ်သော ဝေဒနုပေက္ခာကြောင့်ရင်း။ နိကန္တိယာ စ၊ နိကန္တိကြောင့်ရင်း။ အကုသလော၊ မလိမ်မာသော ဥဒယဗ္ဗယာနုပဿီ ယောဂိပုဂ္ဂိုလ်သည်။ ကမ္မတိ၊ တုန်လှုပ် ပျံ့လွင့်တတ်၏။

ဤဆယ်ပါးတို့သည် ဇောဝါရဝိထိပြား၍ ဖြစ်သည်မှတ်။

ဤဆိုအပ်ခဲ့ပြီးသည်ကား ဥဒယဗ္ဗယညာဏအရာ၌ ဝိပဿနုပက္ကိုလေသပ္ပဟာ-ကာရတည်း။ (တတိယ။)

ဝိပဿနုပက္ကိုလေသတို့ကို ဖျောက်ဖျက်ရပုံ

စတုတ္ထ၌ကား ဤသို့ ဝိပဿနာ ညစ်ညူးကြောင်းဖြစ်သော သြဘာသစသည်တို့ကိုစွဲ၍ ဥဒ္ဓစ္စအစရှိသော ဝိပဿနာ၏ အညစ်အကြေးတို့ ဖြစ်ကုန်သည်ရှိသော် ဤဆိုလတ္တံ့သောနည်းဖြင့် ဖျောက်ပယ်အပ်၏။ ဖျောက်ဟန်ကား– "ငါ့အား ဤသို့သော သြဘာသသည် ဖြစ်လာ၏"ဟု နှလုံးမသွင်းဘဲလျက် ရှေးနှလုံးသွင်းမြဲတိုင်းသော ရုပ်နာမ်တို့၏ ဥဒယဗ္ဗယကို အာရုံပြု၍ အနိစ္စ ဒုက္ခ အစရှိသည်ဖြင့် သုံးသပ်အပ်၏။ ထိုအခါ ဥဒ္ဓစ္စသည် ပျောက်၏။

ဤသို့ဖြစ်လာသော သြဘာသသည် ယခုဖြစ်၍ဖြစ်၍ ယခုပျက်၍ပျက်၍ ငြိမ်းလေရကား အနိစ္စ ဒုက္ခ အနတ္တသာလျှင်တည်းဟု သြဘာသ ရုပ်ရှုပါရုံ၏ ဥဒယဗ္ဗယကို အာရုံပြု၍ သုံးသပ်ဆင်ခြင်သည်ရှိသော် ဖြစ်ပြီးသော တဏှာသည်လည်း ပျောက်၏။ မဖြစ်သေးသော တဏှာသည်လည်း မဖြစ်။

ဤနည်းအတူ သြဘာသသည် နှစ်သက်ဖွယ်ရှိစွဘတကားဟု နှလုံးမပြုမူ၍ ဤ သြဘာသသည် ဤခဏခြင်းပင် ဖြစ်ခြင်းပျက်ခြင်းသဘောရှိရကား အနိစ္စ၊ ထိုဖြင့် အမြဲနိုပ်စက်ရကား ဒုက္ခ၊ မပျောက်မပျက်ရအောင် အစိုးမရသည် ဖြစ်ရကား အနတ္တသာလျှင်တည်း။ နှစ်သက်ဖွယ် မရှိသည်သာလျှင်တည်း။

ဤသို့ အဖန်ဖန် သုံးသပ်သည်ရှိသော် မာနသည် ပျောက်၏။

ဤနည်းအတူ ငါ၏သြဘာသတည်းဟူ၍ မစဲ့လမ်းဘဲ အကယ်၍ ငါ၏ သြဘာသသည် ဖြစ်အံ့ ငါအလိုရှိတိုင်း အမြဲအရှည်တည်အောင် တတ်နိုင်ကောင်းရာ၏၊ ငါ၏ သြဘာသ မဟုတ်သောကြောင့်ပင် ငါအလိုရှိတိုင်း အစိုးမရသည်၊ ငါ၏ သြဘာသရှိမည်မဆိုထားဘိ စင်စစ် ငါဟူသည်ပင်မရှိ၊ ဝိပဿနာ၏ အစ့ပ်မ်းအားဖြင့်ဖြစ်သော သြဘာသရူပါရုံဟူသော စိတ္တပစ္စယဥာတု သမုဋ္ဌာန်မျှ သာလျှင်တည်း။ ယင်းရူပါရုံ သြဘာသကို ယင်းဝိပဿနာစိတ်က ဖြစ်စေမည်ဟူသော ဗျာပါရမရှိ။ ယင်းသြဘာသကလည်း ဝိပဿနာပြူသော စိတ်ကြောင့် ငါဖြစ်ရသည်ဟူ၍မသိ။ ဖြစ်မည်ဟူ၍လည်း ဗျာပါရမရှိ၊ နိဿတ္တ နိဇ္ဇီဝသဘောတရားသာလျှင်တည်း။ အဗျာပါရ အကာရက အဝေဒက အသ ယံဝသိ အနတ္တ အနတ္တမျှသာလျှင်တည်း။

ဤသို့ ရူဖန်များသော် သြဘာသကိုစဲ့၍ဖြစ်ပြီးသော ဒိဋ္ဌလည်းပျောက်၏။ ထိုမှ နောက်၌ သြဘာသ ထင်လာသော်လည်း ထိုသြဘာသကိုစဲ့၍ ဒိဋ္ဌ မဖြစ်။

ဤနည်းအတူ ဉာဏ်ပိတိစသော ကိုးပါးတို့၌လည်း ဥပက္ကိလေသ ဝိဿာတနာကာရနည်းကို မှတ်အပ်၏။

ဤသြဘာသစသော ဆယ်ပါးသောဝတ္ထုတို့ကိုစဲ့၍ ဤသည်ပင် မင်တည်း ဖိုလ်တည်းဟု အထင်အမှတ်ရှိသော အခါ၌လည်း ဤသို့ အောက်မေ့ဆင်ခြင်အပ်၏။

အရိယာမင်ဟူသည် သစ္စာလေးပါးကို တပြိုင်နက် ထိုးထွင်း၍ သိစ့ပ်မ်းနိုင်၏။ မိုးကြိုးစက်ကဲ့သို့ ကိလေသာတို့ကို ဖောက်ခဲ့နိုင်သော သတ္တိရှိ၏။ လက်ဝါးပေါ်တွင် ပတ္တမြားကို စကျုဝိညာဏ်ဖြင့် မြင်သည်ကိုလောက် နိဗ္ဗာန်ဟူသောအာရုံ၌ အလွန်ထင်မြင်ခြင်းနှင့် တကွ ဖြစ်၏။ ယခုငါ့အား ဤကဲ့သို့မဖြစ်တကား။ ထို့ကြောင့် ဤသို့ဖြစ်လာသော အရောင်အလင်းသည်လည်း စင်စစ် နိဗ္ဗာန်၏ အကြောင်း အရိယာမင်မဟုတ်သေး၊ တဏှာ မာန ဒိဋ္ဌိ ကိလေသာတို့မှ လွတ်သော ဘာဝနာလမ်းသို့ ဖြောင့်တန်းစွာ သွားသော ယခင်ဥဒယဗ္ဗယာနုပဿနာ အစရှိသည်သာလျှင် အရိယာမင် ဖိုလ် နိဗ္ဗာန်၏အကြောင်း လောကီမဂ္ဂင်တည်း။ ဤသို့နှလုံးသွင်းအပ် ဆင်ခြင်အပ်၏။

ဤသို့ နှလုံးသွင်းနိုင်ခြင်းသည် လောကုတ္တရာမဂ်,ဖိုလ် နိဗ္ဗာန်၏အကြောင်း ဟုတ်သည် မဟုတ်သည်၌ သံမြင်တတ်သောကြောင့်ရင်း၊ ဝိပဿနာ၏ အညစ်အကြေး ဘေးရန်ဟူသော တဏှာ,မာန,ဒိဋ္ဌိတို့မှ စင်ကြယ်သောကြောင့် ရင်း မဂ္ဂဉာဏဒဿနဝိသုဒ္ဓိလည်း မည်၏။ ဥဒယဗ္ဗယာနုပဿနာဉာဏ်၏ ကမ်း အရာ၌လည်း တည်၏။

မှတ်သားရန် အကျဉ်းသံပေါက်လင်္ကာ

ဉာဏပိတိ၊ ပဿဒ္ဓိနှင့်၊ သတိသဒ္ဓါ၊ သြဘာသပဂ္ဂဟ၊ သုခဥပေက္ခာ၊ တဏှာထည့်စွက်၊ ဤဆယ်ချက်၊ ဥပက္ကိလေသာ။

ရင်း ဆယ်ပါး၊ တပါးပါး၊ သုံးပါးမြောက်သောခါ။

ဒိဋ္ဌိ,မာန၊ တဏှာက၊ ပွါးဆ သုံးဆယ်သာ။

ရင်းသုံးဆယ်၊ ညစ်မျိုးပယ်၊ စင်ကြယ် ဥဒယဗ္ဗယ ဉာဏ်၏ကမ်းသို့ ရောက်လေသော်။

ဤကား အကျဉ်းမှတ်ရန် ဥပက္ကိလေသ ဝိဿဘနာကာရနည်း ပြီး၏။ (စတုတ္ထ။)

ဤသည်လျှင် လေးပါးသော အခြင်းအရာတို့ဖြင့် သိအပ် မှတ်အပ်သော ဥဒယဗ္ဗယာနုပဿနာဉာဏ် အပြီးသတ်။

ဘင်္ဂါနုပဿနာ၌ပွါးရာ ဘာဝနာကာရနည်းကို ပြခြင်း

ဤသို့ ဥဒယဗ္ဗယာနုပဿနာဂို့ ပွါးပြီးသည်မှ အခြားမဲ့၌ ဘင်္ဂါနုပဿနာကို ပွါးအပ်၏။ ရင်းဘင်္ဂါနုပဿနာ၌လည်း ပွါးပုံ ဘာဝနာကာရအားဖြင့်ရင်း၊ ထင်ပုံ ဥပဋ္ဌာနာကာရအားဖြင့်ရင်း၊ အာနိသံသပရိဝါရအားဖြင့်ရင်း သိအပ် မှတ်အပ်၏။

ထိုသုံးပါးတို့တွင် ပွါးပုံ ဘာဝနာကာရ၌ ဤဆိုလတ္တံ့သော နည်းဖြင့်မှတ်၊ ဤဘင်္ဂါနုပဿနာကို ပွါးမျှားအားထုတ်လိုသော ယောဂါဝစရ ပုဂ္ဂိုလ်သည်

ရှေးပွါးအပ်ပြီးသော ဥဒယဗ္ဗယာနုပဿနာကို ဤတွင် တဖန် ထပ်မံ၍ပွါးပြန်အပ်၏။ အဘယ်ကြောင့်နည်းဟူမူကား ရှေးဌ်ပွါးအပ်သောဥဒယဗ္ဗယာနုပဿနာ၌ ရှေးဆိုအပ်ခဲ့ပြီးသော သြဘာသစသည်တို့ကိုစွဲ၍ တုန်လှုပ်ပျံ့လွင့်သော တဏှာ မာန ဒိဋ္ဌိဟူသော ဥပက္ကိလေသတို့ဖြင့် လွှမ်းမိုးအပ်သည်ဖြစ်၍ တိမ်ပုပ်၏အကြား လ၏သွားရခြင်းကဲ့သို့ အနိစ္စ အစရှိသော လက္ခဏာရေး အဖြစ်၏ ဤနိရန္တရမထင်နိုင်သည်အဖြစ်ကြောင့်တည်း။

ထိုသို့ပွါးအပ်သည်ရှိသော် ရှေးဌ အကျယ်ပွါးအပ်ပြီးသည်၏အဖြစ်ကြောင့် ရအပ်ပြီးသော ပကတူပရှိရကား ဤအရာ၌ အကျဉ်းမျှဖြင့် ပွါးသော်လည်းသင့်၏။ ပွါးဟန်ကား—

ဤရူပ်နာမ်တရားတို့သည် ရှေးဘဝ အဝိဇ္ဇာတဏှာ အစရှိသော အကြောင်းကြောင့် ဖြစ်ပေါ်လာကုန်၏။ ထို အဝိဇ္ဇာ, တဏှာ အစရှိသောအကြောင်းမငြိမ်းမပျောက်သမျှကာလပတ်လုံး ဤရူပ်နာမ်တရားအစုတို့ မငြိမ်းမပျောက်နိုင်ကုန်။ ဤသို့ သဘောရှိသော ဤရူပ်နာမ်တရားတို့သည် မိမိတို့ ဖြစ်ရာ ဖြစ်ရာ အဒ္ဓါ, သန္တတိ, ခဏပစ္စုပ္ပန်တို့၌ အဖန်တလဲလဲ ဖြစ်၍ ဖြစ်၍ အဖန်တလဲလဲ ပျက်၍ ပျက်၍ ချုပ်ကြကုန်၏။ ဤသို့ နှလုံးသွင်းပြီး၍ မနော-ဝိညာဏ်၌ တင်လာသည်ရှိသော်—

"ဣမေ သခါရာ ပစ္စုပ္ပန္နာ အနိစ္စာ ဒုက္ခာ အနတ္တာ။

ဤသို့ အတန်ငယ် ပွါးပြီးမှ ဘဂ်ါနုပဿနာကို ပွါးအပ်၏။ ထိုသို့ ပွါးအပ်သည်ရှိသော်—

ကထံ အာရမ္မဏပဋိသခါ ဘဂ်ါနုပဿနေ ပညာ ဝိပဿနေ ဉာဏံ၊ ရူပါရမ္မဏတာစိတ္တံ ဥပ္ပဇ္ဇိတ္ဝာ ဘိဇ္ဇတိ တံ အာရမ္မဏံ ပဋိသခါ၊ တဿ စိတ္တဿ ဘဂ်ံ အနုပဿတိ။ အနုပဿတိတိ၊ ကထံ အနုပဿတိ။ အနိစ္စတော အနုပဿတိ၊ နော နိစ္စတော။ ဒုက္ခတော အနုပဿတိ၊ နော သုခတော။ အနတ္တတော အနုပဿတိ၊ နော အတ္တတော"။

ဤသို့ အစရှိသော ပဋိသမ္ဘိဒါမဂ် ပါဠိတော် (နှာ-၅၅) ကို မှီး၍ ပွါး အပ်၏။

ပွါးဟန်ကား—အဒ္ဓါ, သန္တတိ, ခဏအားဖြင့် ဖြစ်၍ ပျက်စီးကုန်သော ရုပ်တရားတို့၏ ဘင်ကို အာရုံပြု၍ "ဤရုပ်တရားတို့သည် ဤ ယခု ချက်ခြင်း ပျက်စီး၍ နေကြကုန်ရကား အနိစ္စ၊ ထိုအနိစ္စ၏ ဆင်းရဲရကား ဒုက္ခ၊ ထို ဒုက္ခ၏ အစိုးမရ ရကား အနတ္တ အနတ္တသာလျှင်တည်း"။

ဤ ရုပ်တို့၏ ဘင်ကို အာရုံပြု၍ "ယခု ဝိပဿနာရှုသော အာရမ္မဏိက စိတ်သည်လည်း ယခု တမဟုတ်ချင်း ဖြတ်ချည်း ပျက်စီးလေရကား အနိစ္စ၊ ထို အနိစ္စ၏ ဆင်းရဲရကား ဒုက္ခ၊ ထိုဒုက္ခ၏ အစိုးမရ ရကား အနတ္တ အနတ္တ"။

ဤသို့ ရူပက္ခန္ဓာအာရုံ အာရမ္မဏိက နှစ်ပါးတို့၏ ဘင်ကို အောက်မေ့၍ အောက်မေ့၍ အဖန်တလဲလဲ ရှုအပ်၏။

ထို နောင်မှ ဝေဒနာက္ခန္ဓာ စသည်ကို ရှုအပ်၏။ ရှုဟန်ကား "ဝေဒနာက္ခန္ဓာ သည်လည်း ဤ ယခုချက်ခြင်း ဖြစ်၍ ဤ ယခုပင် ပျက်စီးလေရကား အနိစ္စ ဒုက္ခ အနတ္တ။ ဝေဒနာက္ခန္ဓာလျှင် အာရုံရှိသော စိတ္တုပ္ပါဒ်နာမ်တရားသည်လည်း ဤယခုပင် ပျက်စီးရကား အနိစ္စ ဒုက္ခ အနတ္တ"။

"သညာက္ခန္ဓာသည်လည်း ဤ ယခုချက်ခြင်း ပျက်စီးလေရကား အနိစ္စ ဒုက္ခ အနတ္တ။ ဤ သညာက္ခန္ဓာ၏ ဘင်ကို အာရုံပြု၍ ဝိပဿနာရှုသော ဤစိတ်သည် လည်း ဤ ယခုပင် ပျက်စီးလေရကား အနိစ္စ ဒုက္ခ အနတ္တ"။

သင်္ခါရ ဝိညာဏ်လည်း နည်းတူ။ ဤသို့ ခန္ဓာငါးပါးတို့၌ ရှုအပ်၏။

ထို့နောက်မှ အာယတနတို့၏ ပျက်စီးခြင်း ဘင်ကို အာရုံပြု၍ ရှုအပ်၏။ ရှုဟန်ကား—"ရှေးဘဝက်ဟူသော အကြောင်းကြောင့် ဤ ယခုဘဝဖြစ်လာ ကြသော စက္ခုပသာဒဟူသော စက္ခုယတနသည်လည်း ဤဘဝ အဒ္ဓါ ပစ္စုပ္ပန်, သန္တတိပစ္စုပ္ပန်, ခဏပစ္စုပ္ပန်ကာလအားဖြင့် အခိုက်အတန့် တည်၍ ထို၌ပင် ပျက်စီးလေရကား မမြဲ အနိစ္စ၊ ထိုပျက်စီးခြင်းဖြင့် ဆင်းရဲရကား ဒုက္ခ၊ ထို ဒုက္ခ၏ အစိုးမရ ရကား အနတ္တ။ ဤ စက္ခုယတန၏ ဘင်ကို အာရုံပြု၍ ဖြစ်

သော စိတ္တုပ္ပါဒ်သည်လည်း ဤယခုပင် ပျက်စီးလေရကား အနိစ္စ ဒုက္ခ အနတ္တ"။ ဤသို့ ပွါးအပ်၏။

သောတာယတန စသည်၌လည်း နည်းတူ ပွါးအပ်၏။

ဤနည်းအတူ ဓာတ်တဆယ့်ရှစ်ပါးတို့ကိုလည်း ပွါးအပ်၏။

သစ္စာလေးပါးတို့တွင် ဒုက္ခသစ္စာ, သမုဒယသစ္စာ နှစ်ပါးကိုသာလျှင် လက္ခဏာရေးတင်၍ ပွါးအပ်၏။ (မဂ်တရားကိုကား မပွါးထိုက်)။

ပွါးဟန်ကား—"ရှေးသုတမယဉာဏ်ဖြင့်ရင်း, ရှေးဥဒယဗ္ဗယဉာဏ် အစွမ်းအားဖြင့်ရင်း၊ အနုမာနတမ်း မုန်းထားမိသော ဒုက္ခသစ္စာဟူသော တောဘုမ္မက သင်္ခါရတရား တို့၏ ယခု ဖြစ်၍ ဖြစ်၍ ပျက်စီးကြခြင်း ဘင်ကို အာရုံပြု၍ "ဣမေ သင်္ခါရာ အနိစ္စာ ဒုက္ခာ အနတ္တာ" ဟူ၍ ရှုအပ် ပွါးအပ်၏။

ဤသို့ ပွါးပြီးသည်ရှိသော် ဒုက္ခသစ္စာလျှင် အာရုံရှိသော စိတ္တုပ္ပါဒ်၏ ဘင်ကို ရေးရေးထင်အောင် အာရုံပြု၍ "ဣဒမ္ပိ စိတ္တံ အနိစ္စံ ဒုက္ခံ အနတ္တံ" ဟူ၍ ပွါးအပ်၏။ ဤသို့ ဒုက္ခသစ္စာဟူသော အာရုံကို အာရုံ, အာရမ္မဏိက စိတ် ဤနှစ်ပါးတို့၏ ဘင်ကို ရေးရေးထင်အောင် နှလုံးသွင်း၍ ပွါးအပ်၏။

ထိုနောင်မှ အဒ္ဓါပစ္စုပ္ပန်, သန္တတိပစ္စုပ္ပန် ဖြစ်သော သမုဒယသစ္စာ ဟူသော တဏှာ၏ ပျက်ဆဲသော ဘင်ကို အာရုံပြု၍ ရှေးနည်းအတိုင်း အာရမ္မဏိက စိတ်၏ ဘင်နှင့်တကွ ပွါးအပ်၏။

ပဋိစ္စသမုပ္ပါဒ် အင်္ဂါ တဆယ့်နှစ်ပါးတို့၌လည်း ဤဆိုလတ္တံ့. သော နည်းကို မှီး၍ ပွါးအပ်၏။

ရှေးဘဝ အဝိဇ္ဇာသည် ထိုဘဝ၌ပင် ပျက်၍ ပျက်၍ ပျောက်၏။ ဤ အဝိဇ္ဇာလျှင် အာရုံရှိသော ဤစိတ်သည်လည်း ဤ ယခု ပျက်၍ပျက်၍ ပျောက်၏။ အနိစ္စ ဒုက္ခ အနတ္တ။

ရှေးဘဝ သင်္ခါရသည်လည်း ထိုဘဝ၌ပင်လျှင် ပျက်၍ ပျက်၍ ပျောက်၏။ ထိုလျှင် အာရုံရှိသော ဤစိတ်သည်လည်း ယခုပင် ပျက်၍ ပျက်၍ ပျောက်၏။ အနိစ္စ ဒုက္ခ အနတ္တ။

ပဋ္ဌိသန္ဓေဝိညာဏ်သည်လည်း ဖြစ်လျှင်ဖြစ်ခြင်း ပျက်၍ပျက်၍ ပျောက်၏။ပ။ နာမ်ရုပ်တို့သည်လည်း ထိုခဏခြင်း ပျက်၍ပျက်၍ ပျောက်၏။ပ။ ဇာတိဟူသည်လည်း ဖြစ်ရာဖြစ်ရာ၌ပင်လျှင် ပျက်၍ ပျက်၍ ပျောက်၏။ မရဏဟူသည်လည်း မိမိတို့ ဖြစ်ရာဖြစ်ရာ၌ ပျက်၍ပျက်၍ ပျောက်၏။ ထို့ကြောင့် အနိစ္စ အနိစ္စ၊ ထိုအနိစ္စ၏ ဆင်းရဲရကား ဒုက္ခ ဒုက္ခ၊ ထိုဒုက္ခ၏ အစိုးမရ ရကား အနတ္တ အနတ္တ။ ဤပစ္စုပ္ပန်ဘဝ၌ဖြစ်သော နာမ်ရုပ်တရားတို့ကဲ့သို့ အတိတ်, အနာဂတ် တရားတို့၏လည်း ဖြစ်၍ဖြစ်၍ ငြိမ်းကုန်ပြီးရကား အနိစ္စ ဒုက္ခ အနတ္တ။ နောင်ဖြစ်လတ္တံ့သော နာမ်ရုပ်တရားတို့၏လည်း ပျက်၍ ပျက်၍ ငြိမ်းကုန်လတ္တံ့ ပျောက်ကုန်လတ္တံ့ စင်စစ်ဖြစ်ရကား အနိစ္စ ဒုက္ခ အနတ္တ။

ဤသို့သောနည်းဖြင့် တရားတခုမှသည် တရားတခုသို့ ပြောင်းရွှေ့ ပြောင်းရွှေ့၍, အာရုံမှ အာရမ္မဏိကသို့ ပြောင်းရွှေ့ ပြောင်းရွှေ့၍ ဥပါဒ်ကို လွှတ်ပြီးလျှင် ဘင်ကို အာရုံပြု၍ အာရုံပြု၍ ပစ္စုပ္ပန်အထင်ကို ထောက်သဖြင့် အတိတ် အနာဂတ် အာရုံတို့၏ ဘင်ကိုလည်း ဆ၍ဆ၍ အဖန်တလဲလဲ ပျင်းရိ ညည်းတွား လပ်လျှား ဆုတ်ဆိုင်း မရှိစေဘဲ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ပဋ္ဌိစ္စသမုပ္ပါဒ်တိုင်အောင် ပွါးမျှား အားထုတ်အပ်၏။

ခန္ဓာငါးပါးတို့ကိုသာလျှင် အထပ်ထပ်ရှုသော်လည်း သင့်ရာ၏။ ခန္ဓာ၌ ထင်လျှင် အာယတနစသည်၌ မထင်မရှိနာသောကြောင့်တည်း။

ဤဘာဝနာကာရနည်း၌ ဤဆိုလတ္တံ့သော သင်္ဂီဟဂါထာတို့ဖြင့် အကျဉ်းမှတ်အပ်၏။

ဝတ္ထုသက်မနာ စေဝ၊ ပညာယ စ ဝိဝဋ္ဋနာ။
အာဝဇ္ဇနာဗလဉ္စေဝ၊ ပဋ္ဌိသင်္ခါဝိပဿနာ။

အာရမ္မဏအနုယေန၊ ဥဘော ကေဝဝတ္ထနာ။
နိရောဓေ အဓိမုတ္တတာ၊ ဝယလက္ခဏဝိပဿနာ။(အဋ္ဌကထာပါဠိ။[1])

၁။ ဝိသုဒ္ဓိ-၂-၂၇၈။

အနက်မြန်မာကား—

ဝတ္ထုသက်မနာ စေ ဝ၊ ရူပကွန္ဓာစသော ဝတ္ထုမှ ဝေဒနာကွန္ဓာစသော ဝတ္ထုတပါး ရှေ့ပြောင်း၍ ရှုခြင်းငင်း။ ပညာဃ စ၊ ဝိပဿနာပညာ၏လည်း။ ဝိဝဋ္ဋနာ၊ ဥပါဒ်ကိုလွှတ်၍ ဘင်ဌာတည်၍ ရှုသောအားဖြင့် လွှဲပြောင်း ပြန်လည်ခြင်းငင်း။ အာဝဇ္ဇနာ ဗလဇော၊ ဝိပဿနာပြုအပ်သော အာရုံ၏ ဘင်ကို မြင်ပြီးသည်မှ နောက် မရှေးမနှောင်း ဝိပဿနာပြုသော အာရမ္မဏိက စိတ်၏ဘင်ကို မြင်စွမ်းနိုင်အောင် အားထုတ်၍ နှလုံးသွင်းခြင်း ရှုခြင်းငင်း။ သော၊ ဤသို့ ရှုခြင်းသည်လျှင်။ ပဋိသင်္ခါနုပဿနာ၊ ပဋိသင်္ခါနုပဿနာဟု ဆိုအပ်သော ဘင်ကို ရှုခြင်းမည်၏။ (ဘင်္ဂါနုပဿနာ မည်၏လည်းဟူ။) အာရမ္မဏအနွယေန၊ မျက်မှောက်ထင်ထင် မြင်အပ်ပြီးသော ပစ္စုပ္ပန်အာရုံကို အစဉ်ရှောက်သဖြင့် (ထောက်သဖြင့်လည်းဟူ)။ ဥဘော ဥဘိန္နံ၊ အတိတ် အနာဂတ် အာရုံနှစ်ပါးတို့ကို။ ဂေဝဝတ္ထုနာ၊ ပစ္စုပ္ပန်အာရုံနှင့် အတူချုပ်ခြင်း ပျက်ခြင်း ကုန်ခြင်း ပျောက်ခြင်း အနိစ္စ ဒုက္ခ အနတ္တ သဘောတရားတည်းဟု ပိုင်းခြားမှတ်သားခြင်းသည်ငင်း။ နိရောဓေ၊ နာမ်ရုပ်တို့၏ ဘင်ဟု ဆိုအပ်သော နိရောဓ၌။ အဓိမုတ္တတာ၊ အလေးတမူ ဂရုထူ၍ နှလုံးသွင်းခြင်းငင်း။ သော၊ ဤသို့ ပစ္စုပ္ပန်အာရုံကိုထောက်၍ အတိတ်အနာဂတ်အာရုံ အလုံးစုံသော နာမ်ရုပ်တို့၏ ပျက်စီးခြင်းလက္ခဏာကို ရှုခြင်းသည်။ ဝယလက္ခဏဝိပဿနာ၊ ဝယလက္ခဏာဝိပဿနာ မည်၏။

ပစ္စုပ္ပန်နာမ်ရုပ်တရားတို့၏ ဘင်ကိုရှုခြင်းသည် ဘင်္ဂါနုပဿနာအစစ် မည်၏။ ပစ္စုပ္ပန်အာရုံကိုထောက်၍ အတိတ်,အနာဂတ်တရားတို့၏ ဝယရှုခြင်းသည် ဘင်္ဂါလက္ခဏာရှိသည်ကို ရှုရကား အလျှော်အားဖြင့် ဘင်္ဂါနုပဿနာ မည်၏ဟူလိုသည်။ (ဗျာဂ်ဗွဲ့)

ဤသည်လျှင် ဘင်္ဂါနုပဿနာ၌ ဘာဝနာကာရတည်း။ (ပဌမ။)

ဘက်ါနုပဿနာ၌ ထင်ပုံ ဥပဋ္ဌာနာကာရကို ပြပုံ

ထင်ပုံ ဥပဋ္ဌာနာကာရနည်း၌—

"တသော်ဝ ဘက်မနုပဿတော သခ်ါရာဝ ဘိဇ္ဇန္တိ၊ တေသံ ဘေဒါ မရဏံ၊ နာ အညော ကောစိ အတ္ထိတိ သုညတော ဥပဋ္ဌာနံ ဂ္ဂဏ္ဏာတိ၊ အနိရုဒ္ဓမေဝ နိရုဇ္ဈတိ အဘိန္နမေဝ ဘိဇ္ဇတိတိ ပဝတ္တမနသိကာရော ဒုဗ္ဗလဘာဝနာ ဝ်ယ ဘိဇ္ဇမာနာ သုခုမရူပေ ဝိပ္ပကိရိယမာနာ တ်လာနံ ဝ်ယ ဘိဇ္ဇမာနာနံ[1] သဗ္ဗသခ်ါရာနံ ဥပ္ပါဒဋ္ဌိတိပဝတ္တနိမိတ္တံ ဝိသေဋ္ဌတ္ဝာ ဘေဒမေဝ ပဿတိ။"—

ဤသို့အစရှိသော အဋ္ဌကထာပါဠိ[2]ကို အစဉ်မှီး၍ ထင်ပုံ ဥပဋ္ဌာနာကာရကို မှတ်အပ်၏။

ကထံ? ဤနာမ်ရူပ်တို့၏ တမဟုတ် တခဏကာလအတွင်း၌ ပျက်၍ ပျက်၍ ပျောက်ကုန် ငြိမ်းကုန်သော ဘင်ကိုအာရုံပြု၍ အနိစ္စ, ဒုက္ခအစရှိသဖြင့် အဖန်တလဲလဲ ရှုဖန်များသော ဘက်ါနုပဿီယောဂိပုဂ္ဂိုလ်အား ဤသို့ ထင်၏။ "ဘုံသုံးပါး၌ ဤသို့ ပျက်စီးကြသော သခ်ါရတရားတို့မှ အခြားပျက်စီးသော ပုဂ္ဂိုလ်သတ္တဝါမည်သည် မရှိ။ နိသာတ္တ, နိဗ္ဗီဝဖြစ်သော ဤ သခ်ါရတရားတို့သည်သာ လျှင် ပျက်စီး၍ ပျက်စီး၍ ပျောက်ကြကုန်၏။ တရုံတဆစ် မချုပ်စဘူး, မပျက်စဘူး ဤယခုတွင်သာလျှင် ချုပ်ဆဲ, ဖြစ်ဆဲဖြစ်၍ ငြိမ်းကုန်၏"ဟု မနောဒ္ဒါရ၌ ကွင်းကွင်းထင်၏။ ငယ်လှစ္ဆာသော အိုးပုတ်ခွက်၏ ကြီးစ္ဆာသော တင်းပုတ်ဖြင့် ရိုက်နှက်သည့်အခါ များစ္ဆာသောမြူမှုန့်ဖြစ်၍ ဖရိုဖရဲ လွင့်ပျောက်သကဲ့သို့ ခန္ဓာကိုယ်အလုံး၏ ဖရိုဖရဲ ကျေပျောက်ခြင်းဟူသော သုညအားဖြင့် ထင်ထင်မြင်၏။ ရှေးဘဝက် စသည်ဘို့ကြောင့်ဖြစ်သော နာမ်ရူပ်တို့၏ ပျက်စီးပန်ကို ကြီးစ္ဆာသော မီးတောက်အဟုန်ကြောင့် ချစ်ချစ်ပူသော အိုးကင်းကြီး၏ အောက်မီးတောက်မစဲသရွေ့ ကာလပတ်လုံး ၎င်းအထက် ဖျစ်ဖျစ်သံမစဲ ဖြိုးဖြိုးဖြောက်ဖြောက် ပေါက်ကွဲသော မရေတွက်နိုင်သော နှလုံးအစုတို့ကိုကဲ့သို့ ထင်၏။

---

[1] ဘဇိယမာနာနံ (ဆဋ္ဌ-မူ)။ [2] ဝိသုဒ္ဓိ ၂-၂၈၀-၁။

ယမ်းတိုက်၌ မီးကျသောအခါ အပေါ်၌ ရပ်နေသောသူတို့သည် ယမ်းပကတိကို မမြင်၊ လောင်ဆဲဖြစ်သော လွင့်တက်သော ယမ်းမီးပွါးတို့ကိုသာ မြင်၏သို့ သခ်ါရတရားတို့၏ ဖြစ်ကြသည်ကို အာရုံမမူ မထင်၊ ပျက်ဆဲ ဘင်ခဏ၌သာလျှင် တဂ္ဂရ, တန္ဒိန္ဒ, တပ္ပေါဏ ဖြစ်၍ ထင်၏။

တနည်း ညဉ့်အခါ ကြီးစွာသော ရဲရဲတောက် သံတုံးကြီးကို ကြီးစွာသော သံတင်းပုတ်ကြီးဖြင့် လေးယောက်, ငါးယောက် စု၍ ထုနှက်ကြသည့်အခါ မျှားစွာ မရေတွက်နိုင်သော မီးပွားတို့၏ ထိုခဏခြင်း ဝင်းဝင်းတောက် ထ၍ ထ၍ ပျောက်ကြလေကုန်၏။

ထိုအခါ အနီးဌ ရပ်၍ ကြည့်သော ယောကျ်ားအား ထိုသံတုံးကြီးမှ မီးပွား မထမီ သံမှုန့်တို့ကိုလည်း မမြင်၊ ငြိမ်း၍သွားသော သေးဖဲ့သော သံမှုန့်တို့ကို လည်း မမြင်၊ ဝင်းဝင်းတောက် လောင်ဆဲ လောင်ဆဲဖြစ်သော သံမီးပွားတို့၌ သာလျှင် ရှေးရှုဝင်းဝင်း ထင်သကဲ့သို့ ကိုယ်အလုံးဌ ဂဏန်းသခ်ျာ မရေတွက် နိုင်သော ရုပ်မှုန့်အစု, နာမ်မှုန့် အစုတို့၏ ဘင်ဟူသော မရဏမီး လောင်သည်မှ ဥပါဒ်ဟူသော ရှေးဌ၌ရင်း, နောက်ဌ၌ရင်း အလျှင်းအာရုံမမူ၊ ထိုခဏ ခဏတို့ဌ လောင်၍ လောင်၍ ပျက်သော မရဏမီး အစုဌ၌သာလျှင် ဝင်းဝင်းတောက် သကဲ့သို့ ဖျစ်ဖျစ်မြည်သကဲ့သို့ ကျိုက်ကျိုက်ဆူသကဲ့သို့ဖြစ်၍ ရှေးရှုထင်၏။

တနည်း—

သည်းထန်စွာသော သေးဖဲ့သော မိုးရေ မိုးပေါက်တို့၏ ရေအပြင်ဌ ကျ၍ ကျ၍ ပျက်သည့်အခါ သိမ်မွေ့သော မိုးသေး မိုးပေါက်တို့ကို မမြင်၊ မိုးပေါက်ကျရာ ရေပွက်ဖြစ်ရာတို့ကိုသာလျှင် ရှေးရှုထင်သကဲ့သို့ မိုးသေး မိုးဖဲ့ပမာ မျှားစွာ မရေတွက်နိုင်သော ဤကိုယ်ခန္ဓာ နာမ်ရုပ်အမှုန့်စုဌ ရှေးဦးအစ အစ ဥပါဒ်ကြသည်ကို အာရုံမမူ၊ ထိုထိုခဏဌ လျင်စွာ လျင်စွာ ကြောက်မက်ဖွယ် ပျက်စီး၍ နေကြသည်ကိုသာလျှင် မနောဒ္ဒါရဌ အလွန် ပြုပြု ထင်၏။

၁။ တဂ္ဂရ=ထိုဌ လေးစားသော၊ တန္ဒိန္ဒ=ထိုဌ်ညွတ်သော၊ တပ္ပေါဏ=ထိုဌ ကိုင်းရှိုင်း သောအားဖြင့်။

အနိစ္စာနုပဿနာ, ဒုက္ခာနုပဿနာ အနတ္တာနုပဿနာ ဟူသော အနုပဿနာသုံးပါး၊ နိဗ္ဗိဒါနုပဿနာ, အာဒီနဝါနုပဿနာ, ဝိရာဂါနုပဿနာ, ပဋိနိဿဂ္ဂါနုပဿနာ ဟူသော ဝိပဿနာလေးပါး။

ခယတော, ဝယတော, သုညတော ဟူသော ဥပဒ္ဒာနကောသလ္လသုံးပါး၊ ဤသို့သော အခြင်းအရာတို့နှင့်လည်း ပြည့်စုံစွာ ထင်၏။

ယင်း၏ အဓိပ္ပါယ်အကျဉ်းကား—အနိစ္စ အစရှိသော လက္ခဏာရေးအားဖြင့် မြဲမြဲ[1]ထင်၏။ ငြီးငွေ့ဖွယ်အားဖြင့်ရင်း, အပြစ်များစွာ ရှိ၏ဟူ၍ရင်း, တပ်ခြင်း၊ ကင်းသောအားဖြင့်ရင်း, စွန့်ပစ်လိုသောအားဖြင့်ရင်း, ကုန်ခြင်း ပျက်ခြင်းအားဖြင့်ရင်း, ကိုယ်ဟူသည်မှ ဆိတ်သောအားဖြင့်ရင်း ရှုနိုင် မြင်နိုင်၏ ဟူလိုသည်။

ဤသို့ဖြစ်သည်ရှိသော် ဘက်ဥာဏ်ထင်ခြင်းသို့ ရောက်ပြီမှတ်။ ဤအရာဝယ်-

ကုသလော တိသု အနုပဿနာသု၊ စတယော စ ဝိပဿနာသု။
တယော ဥပဒ္ဒာနေ ကုသလတာ၊ နာနာဒိဋ္ဌိသု နု ကမ္မတိ[2]။

ယထာ ပဇ္ဇုဏ္ဏကံ[3] ပသေ၊ ယထာ ပသော မရိုစိကံ။
ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ နု ပဿတိ[4]။

ဤဂါထာတို့ဖြင့်လည်း ဥပဒ္ဒာနာကာရကို အကျဉ်း မှတ်ဖ

[5]။ အဋ္ဌကထာပါ၌[6]။

ဤ၌ အနက်ပြန်မာကား—

တိသု အနုပဿနာသု၊ တို့၌ရင်း။ စတယော စဟူသု ဝိပဿနာသု၊ တို့၌ရင်း။ တယော ဥပဒ္ဒာနေ တိသု ဥပဒ္ဒာနေသု၊ သုံးပါးသော ထင်ကြောင်း အရာ

၁။ ထင်ထင်ရှားရှား။
၂။ ပဇ္ဇုဏ္ဏကံ (ဆင်ခြေမှု)။
၃။ ပဋိသံ-၅၅။ ဝိသုဒ္ဓိ ၂-၂၇၀။
၄။ ဓမ္မပဒ-၃၉။
၅။ ဝိသုဒ္ဓိ ၂-၂၀၁။

တို့ခ်ဋ္ဌဂင်း။ ကုသလတာ၊ လိမ္မာသည်၏အဖြစ်နှင့် ယှဉ်သော။ ကုသလော၊ လိမ္မာသော ယောဂိပုဂ္ဂိုလ်သည်။ နာနာဒိဋ္ဌိသု၊ အထူးထူးသော သဿတ-စသော ဒိဋ္ဌိတို့ကြောင့်။ နိ ကမ္မတိ၊ မတုန်လှုပ်။

ပုဗ္ဗဇ္ဇက်၊ ရေပွက်ကို။ ပသေ ယထာ၊ မြင်သကဲ့သို့ဂင်း။ မရိစိကံ၊ တံလျှပ်ကို။ ပသေ ယထာ၊ မြင်သကဲ့သို့ဂင်း။ ဧဝံ၊ ထိုအတူ။ လောကံ၊ ကို။ အဝေက္ခန္တံ၊ ထင်မြင် ဆင်ခြင်နိုင်သော ယောဂိပုဂ္ဂိုလ်ကို။ မစ္စုရာဇာ၊ သေမင်းသည်။ နိ ပဿတိ၊ မမြင်နိုင်။

ဤသို့ ဆိုအပ်ခဲ့ပြီးသော အခြင်းအရာတို့နှင့်တကွ ထင်မြင်သည်ရှိသော် ဘဂ်ဘုရား ၏ ကမ်းသို့ ရောက်ပြီမှတ်။

ဤသည်လျှင် ဘဂ် ၂နုပဿနာ၌ ဥပဋ္ဌာနာကာရနည်း အပြီးသတ်။ (ဒုတိယ။)

ဘဂ်၂နုပဿနာဘုရားကို ရခြင်း အကျိုးထူးရှစ်ပါး

အာနိသံသပရိဝါရအားဖြင့်ကား ဤသို့ဆိုလတ္တံ့သောနည်းဖြင့် မှတ်အပ်၏။

တသေဝံ သဗ္ဗေ သခ်ါရာ ဘိဇ္ဇန္တိတိ အဘိဏှံ ပဿတော အဋ္ဌာနိ-သံသပရိဝါရံ ဘဂ်၂နုပဿနာဘုရံ ဗလပ္ပတ္တံ ဟောတိ။

တတြိမေ အဋ္ဌာနိသံသာ၊ ဘဝဒိဋ္ဌိပဟာနံ, ဇီဝိတနိကန္တိပရိစ္စာဂေါ, သဒါယုတ္တပယုတ္တတာ, ဝိသုဒ္ဓါဇီဝိတာ, ဥဿုက္ကပဟာနံ, ဝိဂတဘယတာ, ခန္တိသောရစ္စပဋ္ဌာလာဘော, အရတိရတိသဟနတာတိ။ ။အဋ္ဌကထာ-ပါဋိ။

ဧဝံ၊ ဤသို့ ဆိုအပ်ခဲ့ပြီးသည်အတိုင်း။ သဗ္ဗေ သခ်ါရာ၊ တို့သည်။ ဘိဇ္ဇန္တိတိ၊ ကုန်၏ ဟူ၍။ အဘိဏှံ၊ မပြတ်။ ပဿတော၊ မြင်သော။ တဿ၊ ထိုဘဂ်၂နုပဿီ ယောဂိပုဂ္ဂိုလ်အား။ အဋ္ဌာနိသံသပရိဝါရံ၊ ရှစ်ပါးသောအကျိုးတို့ဖြင့် ခြုံရုံ

၁။ ဝိသုဒ္ဓိ ၂-၂၇၁။

အပ်သော။ ဘဂ်ါနုပဿနာဉာဏ်၊သည်။ ဗလပွတ္တံ၊ အားအစွမ်းသို့ ရောက်သည်။ ဟောတိ၊ ၏။ တတြ၊ ထိုစကားဌ်။ ဣမေ၊ ဤသည်တို့ကား။ အဌာနိသံသာ၊ တို့တည်း။ ဘဝဒိဋ္ဌိပဟာနံ၊သဿတဒိဋ္ဌိကိုပယ်နိုင်ခြင်း။ ဧဝံတနိကန္တိပရိစ္စာဂေါ၊ အသက်ဌ် ခင်မင်တွယ်တာခြင်းကို စွန့်နိုင်ခြင်း။ သဒါယုတ္တပယုတ္တတာ၊ ဘာဝနာဌ် အခါမပြတ် ကြိုးပမ်းအားထုတ်နိုင်ခြင်း။ ဝိသုဒ္ဓါဧဝံတာ၊ စင်ကြယ်သော အသက်မွေးကြောင်း အာစာရနှင့် အထူး ပြည့်စုံခြင်း။ ဥဿုက္ကပဟာနံ၊ ဥတိပလိဗောဓ စသည်တို့ကြောင့်ဖြစ်သော စိုးရိမ်ကြောင့်ကြခြင်းကို ပယ်စွန့်နိုင်ခြင်း။ ဝိဂတဘယတာ၊ အကြောက်အလန့် ကင်းခြင်း။ ခန္ဓိသောရစ္စပဋိ-လာဘော၊ သည်းခံခြင်းဂုဏ်, နှလုံးပြည့်ဝ နူးညံ့သိမ်မွေ့ခြင်းဂုဏ်တို့ကို အထူး ရခြင်း။ အရတိ ရတိ သဟနတာ၊ မွေ့လျော်သင့်ရာ သူတော်တရားဌ် မမွေ့ လျော်လို, မမွေ့လျော်သင့်ရာ မသူတော်တရားဌ် မွေ့လျော်လိုခြင်းကို သည်းခံ ခြိုးခြံနိုင်ခြင်း။ ဣတိ၊ ဤကား ဘဂ်ါနုပဿနာဉာဏ်ကို ရခြင်း၏ အကျိုးထူး ရှစ်ပါးတည်း။ (ဤကား အနက်။)

ဤအနက်အတိုင်း အာနိသံသကို မှတ်အပ်၏။

အဓိပ္ပါယ်ကား။ ။သင်္ခါရတရားတို့၏ ဘင်ခဏအားဖြင့် ပျက်စီးခြင်းကို မြင် သည်ရှိသော် စုတိစိတ်၏ ဘင်ခဏနှင့်တကွ မြင်သော ကြောင့် ဤဘဝဝိညာဏ်၏ နောက်ဘဝသို့ ပြောင်းသွားခြင်း မရှိဟူသည် စင်စစ်မှန်၏ဟု ဝံပ်တပ်ထင်သဖြင့် သဿတဒိဋ္ဌိသည်လည်း ပျောက်၏။

ပစ္စုပ္ပန်ဘဝအဆုံး စုတိသို့ မရောက်ခင် ဤယခု လျှပ်စစ်တပြက်ခန့်ကာလ အတွင်းဌ်ပင် အသောင်းအသိန်းမက ခန္ဓာအသစ်အသစ် လဲ၍ ပျက်၍ပျက်၍ မပြတ် မစဲ အမြဲသေ၍ နေရသည်ကို မြင်ခြင်းကြောင့် ပစ္စုပ္ပန်ဘဝအဆုံး စုတိ ဟူသည်လည်း ဤအမြဲပျက်နေကျဖြစ်သော သင်္ခါရတရားတို့၏ ဘင်ခဏနှင့် အထူးအခြား ရှိတော့သည်မဟုတ်ဟု နှလုံးသွင်းမိ ဆင်ခြင်မိသဖြင့် ကိုယ် အသက်ဌ် တွယ်တာခြင်း ဧဝံတနိကန္တိ တဏှာလည်း ပျောက်၏။

ဤမျှလောက်ထက်သော အာနုဘော်ရှိသောဘဂ်ဉာဏ်ထင်လာသည်ရှိသော် နေထွက်လိုသောကြောင့် အရုဏ်တက်သကဲ့သို့ ဝါ့အား မဂ်ဉာဏ် ဖိုလ်ဉာဏ်

တည်းဟူသော နေမင်းသူရိယ ထွက်ပေါ်လာလိုသည်ဖြစ်၍ ဤသို့သော ဝိပဿနာဉာဏ်ရောင် တည်းဟူသော အရှေ့အလင်း ထွက်ပေါ်လာလေပြီ။ သင်္ခါရတရားတို့၏ အနိစ္စ, ဒုက္ခ စသော လက္ခဏာတို့၌ တခဲနက်ဖုံးအုပ်တတ်သော အဝိဇ္ဇာတည်းဟူသော ညဉ့်အမိုက် ကုန်ပျောက်ပေပြီ။ ရှေထီးတင်ရအံ့သောအနီး ငြမ်းအပြီးတိုင် ဆင်မိပေပြီ။ မဂ်ဉာဏ် ဖိုလ်ဉာဏ် တည်းဟူသော ရှေထီးတင်ရတော့မည် ကေန် ဖြစ်ပေပြီ။ စစ်သည်တဖက် ရန်အမျက်ကို တိုက်ဖျက်သော မင်းရဲရာဇာသည် သူပုန်ရန်သူတို့ တပ်ဦးလန်သည့်အခါ အလွန်အားသန်သောစိတ်ဖြင့် တလိုက်ထဲလိုက် တတိုက်ထဲတိုက်၍ သူပုန်ရန်သူတို့၏ ကြွင်းကျန်မရ အနယဗျသန[1] အဖြစ်သို့ ရောက်စေသကဲ့သို့ ငါ့အားသဿတဒိဋ္ဌိ, ဇီဝိတနိကန္တိ တဏှာ ဟူသော ကိလေသာတပ်ဦး လန်ပေပြီ။ အဝိဇ္ဇာဟူသော တပ်မနှင့်တကွ သူပုန်ရန်သူဟူသမျှ အပုနာဂတ အနဝသေသ ဖြစ်အောင်[2] အလွန်ပြုလုယ် နှိပ်နင်းလုယ်သောကာလ ရောက်ပြီဟု နှလုံးပြု၍ ကိလေသာတပ် ရန်စပြတ်အောင် လပ်လျားဆုတ်ဆိုင်း မရှိစေဘဲ အရှိန်မစဲ တမဲထဲ မဲ၍ အားထုတ်နိုင်သော ဘာဝနာဘိရတ ဝီရိယဂုဏ်[3] အထူးသည်လည်း ဖြစ်ပေါ်လာ၏။

မင်းမြောက်တန်ဆာ ငါးပါးတို့နှင့်တကွ ပုလဲပတ္တမြားရတနာအတိပြီးသော မကိုင်ဋ္ဌတန်ဆာတို့ကို ဆင်ယင်၍ ရတနာရှေနန်းသို့ တက်အံ့သော မင်းရဲရာဇာသည် ကိုယ်၌ မြှုမှုန် အညစ်အကြေး မရှိရအောင် အထူးသုတ်သင်စောင့်ရှောက်သကဲ့သို့ ထိုဘဂ်ဉာဏ်တည်းဟူတော မြတ်လှစွာသော ဝိပဿနာမယ ကကုဓဘဏ္ဍာ[4] မကိုင်ဋ္ဌတန်ဆာရှိသော ဘဂ်ါနုပဿီ ယောဂိပုဂ္ဂိုလ်အား အနေသနမိစ္ဆာဇီဝ[5] မြှုမှုန် အညစ်အကြေးတို့ဖြင့် မလိမ်း မကပ်ရအောင် အလူး စောင့်ရှောက်သုတ်သင်အပ်သော အာဇီဝပါရိသုဒ္ဓိ အထူးသည်လည်း

၁။ အကျိုးမဲ့ပျက်စီးခြင်း။
၂။ နောက်ဘဝနန် မရောက်လာအောင် အကြွင်းမဲ့ဖြစ်အောင်။
၃။ ဘာဝနာ၌ အလွန်မွေ့လျော်စွာ အားထုတ်ခြင်းဂုဏ်။
၄။ ဝိပဿနာဖြင့်ပြီးသော မင်းမြောက်တန်ဆာ။
၅။ မလျောက်ပတ်သော ရှာမှီးခြင်း မှားယွင်းသော အသက်မွေးခြင်း။

ဖြစ်ပေါ်လာ၏။ ဦးရစ် ခေါင်းပေါင်းနှင့်တကွ ဦးခေါင်းကို မီးလောင်သော သူသည် ၎င်းဦးခေါင်း၌ မီးကိုသတ်အံ့ဟု အားထုတ်ခြင်းမှတပါး အခြားသော အမှုတို့၌ ကြောင့်ကြအားထုတ်ခြင်း မရှိနိုင်သကဲ့သို့ ဤကိုယ်အလုံး၌ ဂဏန်းသန်း၂ မရေတွက်နိုင်သော ရုပ်မှုန်အစု နာမ်မှုန်အစုတို့၏ မရေတွက်နိုင်သော ဘင်တည်းဟူသော မရဏမီးတို့ဖြင့် အလွန်လျင်စွာလျင်စွာ လောင်အပ်နှိပ်စက်အပ်သည်ကို မြင်သဖြင့် ၎င်းမရဏမီးတို့၏ ငြိမ်းရာ ဝိပဿနာကို အားထုတ်ခြင်းအမှုမှာခြား အာဝါသပလိဗောဓ ဉာတိပလိဗောဓ၁ စသော အမှုတို့၌ မမှုအားနိုင်ခြင်းဟု ဆိုအပ်သော ဥဿုက္ကပဟာန သည်လည်းဖြစ်၏။

ကျားကိုက်မည်ကို ကြောက်သောသူသည် ကြောင်လိုက်မည်ကို မထောက်နိုင်သကဲ့သို့ ထိုသို့သော တောဘုမ္မကသခ၁်ါရ တရားတည်းဟူသော ဘေးအစစ်မှ အလွန် လွတ်လိုသော အာသာဆန္ဒနှင့်တကွ ဝိပဿနာရှုသော ထာမဂတ အာရဒ္ဓဝီရိယ ဘဂ်ါနုပဿီ ယောဂိ၂ပုဂ္ဂိုလ်အား ကြောက်မက်ဖွယ်ရှိသော ဝါဋ္ဋ ဗျဋ္ဋ ပီသာစ၃ အစရှိသော ဘေရဝါရမ္မဏ၄တို့၌သော်လည်း တုန်လှုပ်ကြောက်ရွံ့ခြင်းမရှိ၊ အလွန်ရဲရင့်သော သူရ ဘာဝသည်လည်း ဖြစ်၏။

ထောင်တန်း နှောင်အိမ်၌ မိတ်ဆွေခင်ပွန်း သားသမီးတို့နှင့်တကွ ဆင်းရဲကြီးစွာ အတူခံနေရသော ယောကျ်ားသည် ထိုဆင်းရဲခံဘော် မိတ်ဆွေခင်ပွန်း သားသမီးငယ်တို့အား လွန်စွာသနား ချစ်ခင်ခြင်း, သည်းခံခြင်းအထူးဖြစ်သကဲ့သို့ မိမိသူဿပါး မည်သည့်သတ္တဝါမရှေး အလုံးစုံသောသတ္တဝါအပေါင်းတို့၏ ကြီးစွာသော သခ၁ါရဒုက္ခဘေး သင့်ရောက်ကြသည်ကို မြင်သော ဘဂ်ါနုပဿီ ယောဂိပုဂ္ဂိုလ်အား ထို ဒုက္ခခံစားဘော် သူတပါးတို့၌ အလွန်သနားခြင်း သည်းခံခြင်း နှလုံးနူးညံ့ပျော်မွေ့ခြင်း ဂုဏ်အထူးသည်လည်း ဖြစ်ပေါ်လာ၏။

၁။ အာဝါသပလိဗောဓ=နေရာဟူသော အနှောင့်အယှက်။ ဉာတိပလိဗောဓ=ဆွေမျိုးဟူသော အနှောင့်အယှက်။

၂။ အားအစွမ်းသို့ ရောက်သော အားထုတ်အပ်သော ဝီရိယရှိသော အပျက်ကိုရှုလေ့ရှိသော ယောဂီ။

၃။ ကျားရဲ မြေဘုတ်ဘ၀်လူး။ ၄။ ကြောက်မက်ဖွယ် အာခံ့။

အမှန်ယစ်သော တောဆင်ပေါက်နောက်မှ စိုက်စိုက်တဟုန်တည်း လိုက်လ[1]ခြင်းကို မြင်သော ယောကျ်ား၏ အဟုန်ပြင်းစွာ ပြေးသွားခြင်းမှ အခြားတပါးသော အာရုံတို့၌ ပျော်ပိုက် နှစ်သက် တပ်မက်ခြင်းကို မပြုအားနိုင်သကဲ့သို့ သခ်ါရတရားတို့၏ မလပ်မစဲ ကြောက်မက်ဖွယ် ငြီးငွေ့ဖွယ် အမြဲပျက်စီးရှိနေသော ဘေးအစု၏အဖြစ်ကို မြင်သော ဘဂ်ါနုပဿီ ယောဂိပုဂ္ဂိုလ်အား ထိုထိုသို့သော ကာမဂုဏ် အာရုံတည်းဟူသော ကမ္မာကမ္မလောကအမှုနောက် [2] စိတ်ရောက်မရှိ အားထုတ်အပ်သော ဝိပဿနာအာရုံ၌သာ လွန်စွာမွေ့လျော်နိုင်သည်၏ အဖြစ်တည်းဟူသော အရတိရတိသဟနတာ ဂုဏ်အထူးသည်လည်း ရောက်လာ၏ ဟူလိုသည်။

အရတိယာ ရမတိ ရတိယာ နှ ရမတီတိ အရတိရတိ။ တဿ သဟနတာ တထာ။

ဤသည်လျှင် ဘဂ်ါနုပဿနာဉာဏ်၏ အကျိုးရှစ်ပါးတည်း။

အကျဉ်းမှတ်ရန် လင်္ကာ

ဒိဋ္ဌိပယ်ကွာ၊ ခန္ဓာမတွယ်၊ စင်ကြယ်သက်မွေး၊ ကင်းဝေးကြောက်ခြင်း၊ လွတ်ကင်း ကြောင့်ကြ၊ နှစ်စွာအားထုတ်၊ ကြိုးကုတ်ဘာဝနာ၊ ကမ္မာကမ္မေ၊ မှုလေပွေနောက်၊ စိတ်ရောက်မရှိ၊ သည်းခံချိ၊ မှတ်သိပေါင်း ရှစ်ပါး။ (ဤကား အကျဉ်းမှတ်ရန်။)

ဘာဝနာကာရ ဥပဋ္ဌာနာကာရ အာနိသံသ

ပရိဝါရတို့ဖြင့် မှတ်အပ်သော ဘဂ်ါနုပဿနာဉာဏ် နိဂုံး

နတ်တို့ပမာ အနှစ်တရာမှ တကြိမ်ကျသော နတ်တို့တန်ဆာ အာသဝါတီနှယ်နှိ နတ်ပန်းကို အခါမပြတ် ပန်ဆင်လိုသော နတ်သား နတ်သမီးတို့၏သို့ ရဟန်းတော်တို့ပမာ ရဟန်းတော်တို့ ဝိသေသဉစွာ လွန်စွာအကျိုးများသော ဘဂ်ါနု-

---

[1] လောကဟမှ ကြီး မော် နောက် ဟု ဆိုလိုသည်။

ပဿနာဉာဏ်၌ အလွန်ကိုင်းရှိုင်းအားထုတ်လိုသော ဆန္ဒအာသာရှိစေလိုလျှင် "တတြိမေ အဋ္ဌာနိသံ်သာ"အစရှိသဖြင့် အာနိသံ်သနှင့်တကွ အဋ္ဌကထာပါ ယှဉ်၍ ဤတွင် အထူးပြတော်မူသည်မှတ်။

စတုမဓု လူတို့အစာ အရသာကိုပြု၍ ဂေါမဟိ သတ္တိုကို လာလာဝှက်ဝှက် ခေါ်ရ ဘိသည့် ဥပမာ သူငါကစ ဖြစ်သင့်ကြပေဟု နှလုံးပိုက်အပ်လှတော့သည်။ စင်စစ်နှလုံးထားအပ်လှတော့သည်။ အားထုတ်အပ်လှတော့သည် ဟူလိုသည်။

ဤသည်လျှင် ဘာဝနာကာရ, ဥပဋ္ဌာနာကာရ, အာနိသံသ ပရိဝါရာကာရ တို့ဖြင့် သိအပ်မှတ်အပ်သော ဘင်္ဂါနုပဿနာဉာဏ် အပြီးသတ်တည်း။

ဘယတုပဋ္ဌာနဉာဏ်၌ ဘာဝနာကာရနည်း

ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ဘင်္ဂါနုပဿနာဘာဝနာကို ပွါးဖန်မျှားလျှက် ဘင်္ဂါနုပဿနာဉာဏ် သန်သန်ဖြစ်သည်ရှိသော် ဘယတုပဋ္ဌာနဉာဏ်ကို ဖြစ်စေခြင်းငှါ အားထုတ်အပ်၏။ ၎င်း ဘယတုပဋ္ဌာနဉာဏ်၌ကား "ဘင်္ဂါနုပဿနေ ပညာ ဘယတုပဋ္ဌာနေ ဉာဏံ"[1]ဟူသော ပါဠိတော်နှင့်အညီ ဘယတုပဋ္ဌာနဉာဏ် ဖြစ်စေခြင်းငှါ အသီးပွါးအပ်သော ဘာဝနာကာရနည်း မည်သည်မရှိ။ ရှေးပွါး အပ်ပြီးသော ဘင်္ဂါနုပဿနာ နည်းအတိုင်းသာလျှင် အဖန်တလဲလဲ ပွါးမျှား အပ်၏။ ထိုသို့ ပွါးမျှားအပ်သည်ရှိသော် ရှေးဘင်္ဂါနုပဿနာ၌ အနုဂ်မြန်မာ အားဖြင့်ရင်း, အကျယ်အားဖြင့်ရင်း ပွါးအပ်ပြီးသည် ဖြစ်၍ အခြေပကတူပ ရှိပြီးရကား ဤအဆုံး၌ မဂဓ ပါဠိဘာသာမျှဖြင့်ရင်း, အကျဉ်းအားဖြင့်ရင်း ပွါး သော်လည်း သင့်၏။

ပွါးဟန်ကား—

ဣဒံ ရူပံ ဥပ္ပဇ္ဇိတ္ဝာဝ နိရုဇ္ဈတိ၊ **အနိစ္စံ** ဒုက္ခံ အနတ္တာ။ ဣဒမ္ပိ ရူပါရမ္မ-ဏတာ စိတ္တံ ဥပ္ပဇ္ဇိတ္ဝာဝ နိရုဇ္ဈတိ၊ **အနိစ္စံ** ဒုက္ခံ **အနတ္တာ**။ **အယံ** ဝေဒနာ

၁။ အာရမ္မဏံ ပဋ္ဌိသင်္ခါ ဘင်္ဂါနုပဿနေ ပညာ ဝိပဿနေ ဉာဏံ ဟု ပဋ္ဌိသံ၊ ၅၅-၌ ရှိသည်။

ဥပ္ပဇ္ဇိတ္ဌာဝ နိရုဇ္ဈတိ၊ အနိစ္စာ ဒုက္ခာ အနတ္တာ။ ဣဒမ္ပိ ဝေဒနာရမ္မ-ဏတာ စိတ္တံ ဥပ္ပဇ္ဇိတ္ဌာဝ နိရုဇ္ဈတိ၊ အနိစ္စံ ဒုက္ခံ အနတ္တာ။ပ။ ဣဒံ ဝိညာဏံ ဥပ္ပဇ္ဇိတ္ဌာဝ နိရုဇ္ဈတိ၊ အနိစ္စံ ဒုက္ခံ အနတ္တာ။ ဣဒမ္ပိ ဝိညာဏာရမ္မဏတာ စိတ္တံ ဥပ္ပဇ္ဇိတ္ဌာဝ နိရုဇ္ဈတိ၊ အနိစ္စံ ဒုက္ခံ အနတ္တာ။

ဣဒံ စက္ခွာယတနံ ဥပ္ပဇ္ဇိတ္ဌာဝ နိရုဇ္ဈတိ၊ အနိစ္စံ ဒုက္ခံ အနတ္တာ။ ဣဒမ္ပိ စက္ခွာယတနာရမ္မဏတာ စိတ္တံ။ပ။ အနတ္တာ။ပ။ ဣဒံ ဓမ္မာယ-တနံ ဥပ္ပဇ္ဇိတ္ဌာဝ နိရုဇ္ဈတိ။ပ။ အနတ္တာ။

အယံ စက္ခုဓာတု ဥပ္ပဇ္ဇိတ္ဌာဝ နိရုဇ္ဈတိ၊ တဿာ အနိစ္စာ ဒုက္ခာ အနတ္တာ။ ဣဒမ္ပိ စက္ခုဓာတ္ဌာရမ္မဏတာ စိတ္တံ ဥပ္ပဇ္ဇိတ္ဌာဝ နိရုဇ္ဈတိ၊ အနိစ္စံ ဒုက္ခံ အနတ္တာ။ပ။ အယံ ဓမ္မဓာတု ဥပ္ပဇ္ဇိတ္ဌာဝ နိရုဇ္ဈတိ၊ အနိစ္စာ ဒုက္ခာ အနတ္တာ။ ဣဒမ္ပိ ဓမ္မဓာတ္ဌာရမ္မဏတာ စိတ္တံ ဥပ္ပဇ္ဇိတ္ဌာဝ နိရုဇ္ဈတိ၊ အနိစ္စံ ဒုက္ခံ အနတ္တာ။

ဣဒံ ဒုက္ခသစ္စံ။ပ။ အနတ္တာ။ ဣဒမ္ပိ ဒုက္ခသစ္စာရမ္မဏတာ စိတ္တံ ဥပ္ပဇ္ဇိတ္ဌာဝ နိရုဇ္ဈတိ၊ အနိစ္စံ ဒုက္ခံ အနတ္တာ။ ဣဒံ သမုဒယသစ္စံ။ပ။ ဣဒမ္ပိ သမုဒယသစ္စာရမ္မဏတာ စိတ္တံ။ပ။ အနတ္တာ။

အယံ အဝိဇ္ဇာ ဥပ္ပဇ္ဇိတ္ဌာဝ နိရုဇ္ဈတိ။ပ။ အနတ္တာ။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ ဥပ္ပဇ္ဇိတ္ဌာဝ နိရုဇ္ဈန္တိ။ပ။ အနတ္တာ။ ဣဒမ္ပိ သင်္ခါရာရမ္မဏတာ စိတ္တံ။ပ။ အနတ္တာ။ ဣဒံ သင်္ခါရပစ္စယာ ဝိညာဏံ။ပ။ ဣဒမ္ပိ ဝိညာ-ဏာရမ္မဏတာ စိတ္တံ။ပ။ အနတ္တာ။ ဣဒံ ဝိညာဏပစ္စယာ နာမရူပံ ။ပ။ ဣဒမ္ပိ နာမရူပါရမ္မဏတာ စိတ္တံ။ပ။ အနတ္တာ။ပ။ ဣဒံ ဇာတိပစ္စယာ ဇရာမရဏံ ဥပ္ပဇ္ဇိတ္ဌာဝ နိရုဇ္ဈတိ၊ အနိစ္စံ ဒုက္ခံ အနတ္တာ။ ဣဒမ္ပိ ဇရာမရဏာဘာ စိတ္တံ ဥပ္ပဇ္ဇိတ္ဌာဝ နိရုဇ္ဈတိ အနိစ္စံ ဒုက္ခံ အနတ္တာ။

ဤသို့လျှင် ရှေးဘင်္ဂါနုပဿနာဉာဏ်အရာ၌ ပြခဲ့ပြီးသည့်အတိုင်း ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ပဋိစ္စသမုပ္ပါဒ် တရားတိုင်အောင် တပါးပါး၌ အာရုံ အာရမ္မဏိက အစုံအစုံ ပွါးအပ်၏။

ဣဒမ္မိ ရူပါရမ္မဏတာ စိတ္တံ၊ ဤရုပ်လျှင် အာရုံရှိသော စိတ်သည်လည်း။ ဥပဇ္ဇိတ္ဌာဝ၀၊ ဖြစ်လျှင်ဖြစ်ခြင်း။ ဤကား အနက်နည်း အမြှက်တည်း။

ဤသို့ပွါး၍ အလွန်လျင်စွာလျင်စွာ ထင်လာသည်ရှိသော် ဤသို့ထင်လာသော သခ်ါရတရားတို့၏ ဘင်ကို မှတ်၍ မှတ်၍ "ဣမေ သဗ္ဗေ သခ်ါရာ အနိစ္စာ ဒုက္ခာ အနတ္တာ။ ဣဒမ္မိ သခ်ါရာရမ္မဏတာစိတ္တံ အနိစ္စံ ဒုက္ခံ အနတ္တံ"။ ဤသို့သာလျှင် အကျဉ်းမျှ ပွါးအပ်၏။

ထို့နောင် ထို့ထက်ပင် အလွန်လျင်စွာ လျင်စွာ ကြောက်မက်ဖွယ်ဖြစ်၍ ထင်လာသည်ရှိသော် ထိုသို့ထင်လာသော သခ်ါရတို့၏ ဘင်ကို မှတ်၍မှတ်၍ အနိစ္စာ အနိစ္စာ, ဒုက္ခာ ဒုက္ခာ, အနတ္တာ အနတ္တာ။ ဤသို့သာလျှင် နှလုံးသွင်းအပ် ဆင်ခြင်အပ်၏။ ဤကား ဘာ၀နာကာရနည်းတည်း။ ဤဆိုလတ္တံ့ သည်ကား ဥပဋ္ဌာနာကာရနည်းတည်း။

ဥပဋ္ဌာနာကာရနည်းကို ပြခြင်း

ဥပဋ္ဌာနာကာရနည်းကိုကား—

> အနိစ္စတော မနသိကရောတော နိမိတ္တံ ဘယတော ဥပဋ္ဌာတိ၊ ဒုက္ခတော မနသိကရောတော ပ၀တ္တံ ဘယတော ဥပဋ္ဌာတိ၊ အနတ္တတော မနသိကရောတော နိမိတ္တဉ္စ ပ၀တ္တဉ္စ ဘယတော ဥပဋ္ဌာတိ"—

ဤသို့ အစရှိသော ပါဠိတော်,

> "တယော၀ံ သဗ္ဗသခ်ါရာနံ ခယ၀ယတောဒနိစ္စတော ခယ၀ယတောဒုက္ခတော ခယ၀ယတောအနတ္တတော ပဿန အာသေ၀ဏ္ဍသ ဘာ၀ေဏ္ဍသ ဗဟုလီကရောဏ္ဍသ သဗ္ဗဘ၀ယောနိဂတိသတ္တာ၀ါသေသု သဘေဒကာ[2] သခ်ါရာ သုခေန ဇီ၀ိတုကာမသ သ ဘိရုကပုရိသသ သီဟ ဗျဂ္ဃ ဒီပိ အစ္ဆ စာရစ္ဆ ယက္ခ ရက္ခသ စဏ္ဍဂေါဏ စဏ္ဍကုက္ကုရ ပဘိန္နမဒစဏ္ဍဟတ္ထိ ယောရဆာသီ၀ိသ အသနိ-

---

၁။ ပဋိသံ ၂၅၁၊ ၉။ ၂။ ဂတိဋ္ဌိတိသတ္တာ၀ါသေသု ပဘေဒကာ (ဆဋ္ဌမ)

ဝိစက္ကြ သုသာန ရဏဘူမိ ဇလိဟအင်္ဂါရကာသုအာဒေယော ဝိယ မဟာ-
ဘယံ ဟုတ္ဝာ ဥပဋ္ဌဟန္တိ"—

ဤသို့အစရှိသော အဋ္ဌကထာ ပါဠိတော်တို့ကို မှီးမှီ မှတ်အပ်၏။

ဤ၌ အဓိပ္ပါယ်ကား—

ဤသို့ ဆိုအပ်ခဲ့ပြီးသည်အတိုင်း သင်္ခါရတရားတို့၏ ဘင်ကို အာရုံပြု၍ အနိစ္စ ဒုက္ခ အနတ္တ ဟူ၍ အဖန်တလဲလဲ ပွါးဖန်များ၊သော ဘင်္ဂါနုပဿီ ယောဂိပုဂ္ဂိုလ်အား အလုံးစုံဗဟိဒ္ဓ၌ မြင်အပ် ကြားအပ် သာယာအပ်သော ဂုဏ်ဌာရုံဟူသော သမ္ပတ္တိသင်္ခါရနိမိတ်တို့၌သော်လည်း အဆိပ်နှင့် ရောသော ဘောဇဉ်ကိုကဲ့သို့၎င်း၊ခြင်္သေ့ သစ်ကျားခံတွင်း၌ တည်သော မံသခန္ဓာ၂ကိုကဲ့သို့၎င်း၊ အမုန်ယစ်သော ဆင်ပေါက်ကြီး၏အစွယ်ဖျားဝ၌ တင်ထားအပ်သော အဝတ်တန်ဆာကိုကဲ့သို့၎င်း၊ ကြီးစွာသော မီးကျီးအစုအတွင်း၌ မြုပ်ထားအပ်သော ရဲရဲတောက်သော ရွှေခဲ ငွေခဲကို ကဲ့သို့ဟု၎င်း ကြောက်မက်ဖွယ်ဖြစ်၍ ထင်၏။

ကုသိုလ်၏ အကျိုး သုခဝိပါက ဟူ၍ သမ္ပတ်အပ်သော လူနတ်တို့၏ ကိုယ်ခန္ဓာ ရုပ်နာမ်တရားတို့၏ အစဉ်မပြတ်ဖြစ်ခြင်းဟူသော ပဝတ္တိ၌လည်း ရဲရဲတောက် မီးပုံကြီး၏ အထက် ပွက်ပွက်ဆူသော ရွှေရည်, ငွေရည်, သံနာ ရည်ကို မျိုရအံ့သည်မှ လွန်စွာ ကြောက်အပ်သကဲ့သို့၎င်း၊ မိုးကြိုးစက်ကွင်း လောင်မီးအတွင်း၌ တည်သော ဂုဏ်ရုံဝတ္ထုကို ကဲ့သို့၎င်း၊ ကြောက်မက်ဖွယ်သော သုသာန်မြေအရပ်၌ မြေဂုတ်ဘီလူးစောင့်သော လူသေ၏ကိုယ်၌ တည်သော တန်ဆာကိုကဲ့သို့၎င်း ရှိရှာဖွယ် ကြောက်မက်ဖွယ်ဖြစ်၍ ထင်၏။

အလုံးစုံသော တောဘုမ္မက ဘဝ ဂတိ ယောနိ ဟူသမျှတို့၌ မည်သည့်အရပ်၌ ပုန်းအောင်း ခိုကိုးစရာ ရှာကြံ၍မရ၊ တဆယ့်နှစ်ယူဇနာ အတိုင်းအရှည် ရှိသော ဗာရာဏသီ, ဝေသာလီ စသော ပြည်ကြီးကဲ့သို့ ကြီးကျယ်စွာသော တိုင်းကြီး ပြည်ကြီးအလုံးကို လွှမ်း၍ မီးဟုန်းဟုန်း တောက်လောင်သည့်အခါ ထိုမီးလောင်ရာအရပ်၌ ယမ်းတိုက်ကြီး ပေါက်ကွဲသံ, အိုးစရည်းကြီးကွဲသံ,

---

၁။ ဂိသုဒ္ဓိ ၂-၂၀၂။ ၂။ အသားတုံး။

အိမ်ကြီး ပြိုသံ, ပျဉ်ထောင် ကွာသံ, ဆင် မြင်း ကျဲ နွားတို့၏ အော်မြည်သံ, လူယောကျ်ား လူမိန်းမ ကြီးကြီးငယ်ငယ် ခေါ်သံ, အော်သံ, လေပြင်းနှင့်တကွ ဟုန်းဟုန်းတောက်လောင်သော မီးတောက်ကြီးတို့၏ အချင်းချင်း ရိုက်ခတ်သံ, ခွေး-ဝက်-ကြက်-ငှက် တိရစ္ဆာန်တို့၏ ထွက်ပေါက် ကြုံရာမရ လူးလောပြေးသွား မြည်တမ်းသံ, အော်သံ, ဟစ်သံ, လူဆိုး လူကြမ်းတို့၏ ထောင်းပေါး ရိုက်လား ဆီးလား ဖမ်းလား လုယက်သံ, အာဏာထားသံ, မီးပုံကြီး၏အတွင်း ယခု သေရအုံ့သော ဘေးရောက်၍ အသက်ခံတွင်း မဆုံ၊ နားမခံသာ လွန်စွာ သနားဖွယ်ဖြစ်၍ ယူပါ ကယ်ပါ၊ အော်သံ ဟစ်သံ အစရှိသည်တို့ဖြင့် ပြွမ်းသော ကြောက်မက်ဖွယ် ထက်ဝန်းကျင်မှ မီးဝိုင်း၍လာသော မြို့ကြီးအလယ် အလန့်တကြား အိပ်ရာမှ အဆောတလျင် နိုးသော ယောကျ်ား၏ ထို မီးလောင်ရာ ထက်ဝန်းကျင် မြို့အရပ်အတွင်း မည်သည့်နေရာ၌ ခိုမှီးရာ ပုန်း အောင်းရာရှိသေး၏ဟု ရှာကြံ၍မရ၊ အလွန် ကြောက်မက်ဖွယ်သာထင်သကဲ့သို့ ဘုံသုံးပါး၌ အဘယ် တစုံတရာ ခိုကိုးရာမရ၊ အတာဝ[1] အလေဝ အပရာယဝ[1] ဖြစ်၍ ကြောက်မက်ဖွယ်သာတည်းဟု လွန်စွာ ရှေးရှုထင်၏။ ထိုအခါ ဘယတူ-ပဌာနဉာဏ် ကမ်းသို့ ရောက်ပြီမှတ်။

ဤမျှလောက် ပညာရှိတို့ ကြောက်မက်ဖွယ်ရှိသော ဓောဘုမ္မကဝဋ္ဋဒုက္ခကို ဒုက္ခ မထင်နိုင်သော အနုပုထုဇဉ်တို့မှာကား ၎င်းဥပမာ၌ ထက်ဝန်းကျင် မီးလောင်၍ လာသော မြို့ကြီးအတွင်း အလွန်ပြင်းလှစွာသော ဘိန်းဆေးကို အလွန်မျှားစွာ စား၍ အိပ်ရာမှမထ တအိပ်တည်း အိပ်သော ဘိန်းမူးသော သူသည် မီးလောင်ခြင်းကိုမျှ လှလှမသိနိုင်၊ မီး၏ အတွင်း၌သာ စင်စစ်သေဘေး ရောက်သကဲ့သို့ အဝိဇ္ဇာဟူ ထူလှသည့်ဘိန်းချက်ဖြင့် ယနေ့ထက်တိ ယခုကက် တိုင် သူငါကစ ဘေးရောက်မှန်းကိုမျှ မသိ၊ ဘေးထိ ကျရောက်ရသည်ကို သတိ ရှိအပ်လှတော့သည်။

၁။ အတာဝ=အစောင့်အရှောက် မရှိ။ အလေဝ=ပုန်းအောင်းစရာ မရှိ။ အပရာ-ယဝ=လည်းလျှောင်းစရာ မရှိ။

တနည်းလည်း–ဝက်ရူး, ကြက်ရူး ထ၍ မီးပုံကြီးအတွင်း လဲ၍သွားသော သူသည် ထိုလဲရာ မီးပုံတွင်းမှ ထ မည်ကို မဆိုထားဘိ မီးဟူ၍မျှ သတိမရ၊ ပူလှသည်ဟူ၍မျှ မသိဘဲလျက် မီးပုံကြီးအတွင်း၌သာ လျှင် ကိုယ်အင်္ဂါအလုံးကျမ်း၍ သေဘေးကြီးစွာ ရောက်ရသကဲ့သို့ အဝိဇ္ဇာဟူသော ဝက်ရူး, ကြက်ရူးနှာ၏ အစွမ်းအားဖြင့် ယခုထက်ထိ မီးမှန်းမသိ၊ ဘုံသုံးပါးတည်းဟူသော မီးပုံကြီး၌ တဆယ့်တသီးသော မီးတောက်ကြီး အလယ် ကြောက်မက်ဖွယ် ခံနေရ၍ ကြသည်ကို သတိကြပ်ကြပ် ထားအပ်လှတော့သည်၊ သတိသံဝေဂ ရသင့်လှတော့သည်။

ဤ၁ဝက်ရူး, ကြက်ရူးအနှာစွဲသောသူအား "ယင်း အနှာပျောက်ရာ ပျောက်ကြောင်းဖြစ်သော ဆေးကောင်း ဆေးမြတ်ကို အထပ်ထပ် အရေးတကြီးစား၊ ဝက်ရူးအနှာမပျောက်မီလည်း မီးပုံကြီး၏ အနီး အနားသို့ မချဉ်းနှင့်၊ အကယ်၍ ချဉ်းကပ်မိက ဝက်ရူးနှာ မထလျှင် မထောင်းတာ၊ ဝက်ရူး ထခိုက်နှင့်ညားက အမောင်ငါ့သား မီးထဲမှ ထနိုင်တော့မည် မဟုတ်"။

ဤသို့လျှင် လောကဌ် ဝက်ရူးနှာရှိသော သားအား မိဘတို့ဆုံးမအပ်သကဲ့သို့ "အနုမတဂ္ဂ သံသရာမှစ၍ စွဲရောက်သော အဝိဇ္ဇာ တဏှာ ဟူသော ဝက်ရူး, ကြက်ရူးနှာကို ဆောလျင်စွာ ပျောက်စေတတ်သော အသုဘသညာ, မရဏသတိ, ကာယဂတာသတိ သမထ ဝိပဿနာ ဟူသော မျှားစွာသော ဆေးကောင်း ဆေးမြတ်တို့ကို အထပ်ထပ် အရေးတကြီးစား၊ အဝိဇ္ဇာ ဓာတ္ကာ ဟူသော ဝက်ရူး, ကြက်ရူးနှာ မပျောက်မပျက် မသက်သာခင် ရှုပါရုံ, သဒ္ဒါရုံစသော အာရုံထူပြောရာသို့လည်း မချဉ်းမကပ် မလည်မပတ်နှင့်၊ အကယ်၍ ချဉ်းကပ် လည်ပတ်မိလျှင် ယခင်ဥပမာကဲ့သို့ အဝိဇ္ဇာ, တဏှာ ဟူသော ဝက်ရူး ကြက်ရူး ထခိုက်နှင့် ညားက ယင်း ကာမဂုဏ် မီးတွင်းသို့ လဲသွားသဖြင့် ယင်း မီးထဲမှ ထနိုင်တော့မည်မဟုတ်"။ ဤသို့လျှင် သာသနာတော်၌လည်း ပုထုဇဉ်တို့ တံထွာ အဝိဇ္ဇာ, တဏှာ ဟူသော ဝက်ရူး, ကြက်ရူးနှာ ထူပြောသော တပည့်မျှား၌ အာစရိယောဝါဒ ပေးအပ်လှတော့သည်။ သတိရှိအပ်လှတော့သည်။ (ဤကား သြဝါဒကထာစကားချပ်။)

ဤသည်လျှင် ဘာဝနာကာရ, ဥပဌာနာကာရ နည်းနှစ်ပါးတို့ဖြင့် သိမှတ်အပ်သော ဘယတုပဌာနဉာဏ် အပြီးသတ်တည်း။

အာဒီနဝဉ္ဇာဏ်ကို ဆိုခြင်း

ဤသို့လျှင် ဘယတုပဌာနဉာဏ် သန်သန်ဖြစ်သည်ရှိသော် "ဘယတုပဌာနေ ပညာ အာဒီနဝေ ဉာဏံ" ဟူသော ပါဠိတော်[1] နှင့် အညီ အာဒီနဝဉာဏ်လည်း ဖြစ်သည်သာလျှင်တည်း။

ဝင်းအာဒီနဝဉာဏ်၌ ပွါးပုံ ဘာဝနာကာရကား အထူးမရှိ၊ ရှေးဆိုအပ်ခဲ့ပြီးသည်အတိုင်း ဘင်္ဂါနုပဿနာနည်းကိုသာလျှင် အထပ်ထပ် ပွါးအပ်၏။

သင်္ခါရဘုရားတို့၏ အလွန်ထင်လာသည့်အခါ၌လည်း ရှေးနည်းအတိုင်း ထိုထင်လာသည်ကို မှတ်၍ မှတ်၍ "အနိစ္စ အနိစ္စ" အစရှိသည်ဖြင့် အကျဉ်းမျှ ပွါးအပ်၏။ ထင်ပုံ ဥပဌာနာကာရ အားဖြင့်ကား ဝင်းအာဒီနဝဉာဏ်၌—

> "ဥပ္ပါဒေါ ဘယန္တိ ဘယတုပဌာနေ ပညာ အာဒီနဝေ ဉာဏံ။ ပဝတ္တံ ဘယန္တိ ဘယတုပဌာနေ ပညာ အာဒီနဝေ ဉာဏံ။ နိမိတ္တံ ဘယန္တိ။ပ။ အာယူဟနာ ဘယန္တိ။ပ။ ပဋိသန္ဓိ ဘယန္တိ။ပ။ ဘယတုပဌာနေ ပညာ အာဒီနဝေ ဉာဏံ"—

ဤသို့ အစရှိသော ပါဠိ[2],

> "တယော ဘဝါ ဝိတစ္ဆိတအင်္ဂါရကာသုယော[3] ဝိယ စတ္တာရော မဟာဘူတာ ယောရဝိသ အာသီဝိသာ ဝိယ"—

ဤသို့ အစရှိသော အဋ္ဌကထာပါဠိ[4] ကို မှီးမှီ မှတ်အပ်၏။

၁။ ပဋိသံ-၅၇။

၂။ ဝိတစ္ဆိတင်္ဂါရပုဏ္ဏာ အင်္ဂါရကာသုယော(ဆဋ္ဌမ)။

၃။ ပဋိသံ-၅၆။

၄။ ဝိသုဒ္ဓိ-၂။၂၈၄။

အဝိပ္ပါယ်အကျဉ်းကား—အောက်၌ ဆိုအပ်ခဲ့ပြီးသောနည်းအတိုင်း ဘဂ်ါ-နုပဿနာအစွမ်းအားဖြင့် ဘယတုပဋ္ဌာနဉာဏ်သန်သန်ဖြစ်သည်ရှိသော် လူ့ပြည်နတ်ဘုံ အလုံးစုံ၌ ဤဘဝပဋိသန္ဓေနေရခြင်းဟူသော ဥပါဒၢ် ပိုးဖလံသည် မိမိစံစားလိုသောမီးကျီးတွင်း၌ ကိုယ်အလုံးကျမ်းဈေးကျက်သာလျှင် စံစားရသကဲ့သို့ ထို မီးပုံတွင်းသို့ ကျလျှင် ကျခြင်း ပျက်စီးရခြင်း ကျမ်းရခြင်းမှတပါး စံစားရာမရှိသကဲ့သို့ ထို လူနတ်တို့၏ ပဋိသန္ဓေဟူသော ဥပါဒၢ်၏ ဖြစ်ပြီး၍ ပျက်စီးသည်မှတပါး ချမ်းသာဟူသည် မရှိ၊ ထိုသို့ ဖြစ်ပြီး၍ ပျက်စီးရခြင်းဟူသည်လည်း အလွန်ကြောက်မက်ဖွယ် ရှိသည်သာလျှင် ဖြစ်ရကား အလွန်များစွာသော အပြစ်ရှိသည်သာလျှင်တည်းဟု အာဒီနဝဉာဏ် ဖြစ်၏။

လူနတ်တို့၏ ချမ်းသာဟူ၍ သမုဟ်အပ်သော သုခဝိပါကဟူသော ပစတ္တိ၌လည်း အဆိပ်ယန်သော ကြမ်းသော မြွေနဂါး၏ လည်ရွဲတန်ဆာကိုကဲ့သို့ရင်း၊ လျှင်သော အဆိပ်ရှိသော မြွေနဂါး၏ ခံတွင်း၌တည်သော အာမိသကိုကဲ့သို့ရင်း၊ ဆာယာရက္ခိုသ် ဘီလူးစောင့်သော သရက်ပင်ကြီး၏ အသီးကိုကဲ့သို့ရင်း ဤသို့ အစရှိသော များစွာသော ကြောက်မက်ဖွယ်အဖြစ်နှင့် ပြွမ်းသော အပြစ်သည်သာလျှင် ရှေးရှုထင်၏။ ခန္ဓာငါးပါးကသည်းဟူသော တောဘုမ္မကသခါရနိမိတ်၌လည်း ယခုသတ်အံ့ဟု ချိအပ်သောသန်လျက် လက်၌ရှိသော ကြမ်းကြုတ်သော သူသတ်ယောကျား သားရဲဗျဃ္ဃအစရှိသည်တို့ကိုကဲ့သို့ ထင်၏။ အဘယ့်ကြောင့်နည်းဟူမူကား ထို သခါရနိမိတ်တို့၏ လျှပ်စစ်တပြက်အတွင်း မခံရတွက်နိုင်သော ဘင်တည်းဟူသော မရဏဒုက္ခတို့ကို ထင်မြင်သောကြောင့်တည်း။

နောင် ပဋိသန္ဓေ၏ အကြောင်းဖြစ်သော ဤဘဝကုသိုလ်ဟူသော အာယူ-ဟနခ္ခန်လည်း လတ်ကလော သေစေတတ်သော အဆိပ်နှင့်ရောသော ချိုမြိန်သော ဘောဇဉ်ကိုကဲ့သို့ ထင်၏။ အကုသိုလ်ဟူသော အာယူဟနခ္ခန်လည်း လတ်ကလော သေစေတတ်သော စပ်ခါးသော အရသာရှိသော ဘောဇဉ်ကိုကဲ့သို့ ရှေးရှုထင်၏။

ထိုနောင် ထိုလူနတ်တို့၏ စည်းစိမ်ချမ်းသာကို ပြိုးစေတတ်သော နောင်ဘဝ သုဂတိပဋိသန္ဓေဟူသော နိဗ္ဗတ္တိခ္ခန်လည်း အသူတရာ နက်လှစွာသော ကမ်းပါးချောက်ကြီး၏ အောက်အပြင်၌တည်သော ပဏ္ဍာမြားကျောက်ပေါ်

ထက်၌ လိမ့်ကျရမည်ကဲ့သို့ ထင်၏။ နောင်ဘဝ ဒုဂ္ဂတိ ပဋိသန္ဓေ ဟူသော နိဗ္ဗတ္တိ၌လည်း ယင်း အသူတရာ နက်လှစွာသော နရက်ချောက်ကြီး၌ ထောင်ထားအပ်သော ဓာတု လုံ သစ်ချန်တို့၏ အထက်သို့ လိမ့်ကျရမည်ကဲ့သို့ ထင်၏။ အာဘယ့်ကြောင့်နည်းဟူမူကား ထို လူနှင့် အပရှိသည်တို့၏ ဘဝကို ရလျှင် ရခြင်း ဘင်တည်းဟူသော သခ်ါရမရဏဒုက္ခနှင့် တွေ့ကြုံရသောကြောင့်ရင်း၊ ထိုနောင် ကာယိကဒုက္ခ စေတသိကဒုက္ခ အပါယဒုက္ခကို စင်စစ် ရလတ္တံ့သော အကြောင်းဖြစ်သောကြောင့်ရင်းတည်း။

ဤသို့လျှင် ဥပပါဒအစရှိသော ငါးပါးသော ဌာနတို့၌ ကြောက်မက်ဖွယ် မျှားစွာသော အပြစ်အာဒီနဝအားဖြင့်သာလျှင် ရှေးရှုထင်၏။

တနည်းလည်း ယိုလူနတ်တို့၏ စည်းစိမ်ဟူ၍ သမုတ်အပ်သော ဥပပါဒ, ပဝတ္တိ, နိမိတ္တ, အာယူဟန, နိဗ္ဗတ္တိ ဟု ဆိုအပ်သော ငါးပါးသော အရာတို့၌ နှလုံးမွေ့လျော်ဖွယ်ရှိသော တောအုပ်ကြီးအတွင်း၌ သစ် ကျား သားရဲ ဟုန်းသံ, အော်သံ, ခြေသံ့ဟောက်သံ အစရှိသော ဘေရဝါရမ္မဏာတို့ကို ကြားရသိရသော ယောကျားဏိသို့ရင်း၊ ပတ္တမြားဂူ၏ အတွင်း၌ ကြောက်မက်ဖွယ်သော ဝါဠပျဉ္ဇကို မြင်ရသောအခါကဲ့သို့ရင်း၊ ဒကရက္ခိုသ်ဘီလူးစောင့်သော ရေကန်ကြီး၌ ကြောက်မက်ဖွယ်သော ဒကရက္ခိုသ်ဘီလူးကို မြင်ရသော အခါကဲ့သို့ရင်း၊ နှလုံးမွေ့လျော်ဖွယ်သော လမ်းစခန်း၌ ဓောင်သံပေး၍ ကြီးကျယ်စွာ ကြောက်မက်ဖွယ် တက်ရှိလာသော စစ်သည်ကို မြင်ရသော အခါကဲ့သို့ရင်း အလွန်ကြောက်မက်ဖွယ်သော အပြစ်အာဒီနဝအားဖြင့်သာ ရှေးရှုထင်၏။

ဤငါးပါးတို့၌ အာဒီနဝအားဖြင့် ထင်ခြင်းကို အကြောင်းပြုသဖြင့် အလုံးစုံသော ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ပဋိစ္စသမုပ္ပါဒ်, ရူပ်နာမ်တရားဟူသမျှတို့၌လည်း ကြောက်မက်ဖွယ် အာဒီနဝအားဖြင့်သာလျှင် ရှေးရှုထင်၏။

အလျှံပြောင်ပြောင် ထိန်ထိန်လောင်သော အယောဃရ[1]၏ အတွင်း၌ မည်သည့်အရပ်တွင် ခိုမှီးရာ ချမ်းသာရာ ရှိသေး၏ဟု မထင်မမှတ်အပ်သကဲ့သို့

၁။ သံဖြင့် ဆောက်လုပ်အပ်သောအိမ်၊ သံအိမ်။

တောဘုမ္မက ဟူသော သံနှောင်အိမ် အယောဃရအတွင်း၌ တစုံတရာ ခိုကိုးရာကို အလျှင်းမမြင်၊ စင်စစ်အားဖြင့် အတာဝ, အလေဝ, အပရာယဝ၏အဖြစ်သည် သာလျှင် ရှေးရှုထင်၏။ ထိုအခါ အာဒီနဝဉာဏ်၏ ကမ်းသို့ ရောက်ပြီမှတ်။

နိုဗ္ဗိန္ဒဉာဏ်ကို ဆိုခြင်း

အာဒီနဝဉာဏ်ကို ပြုပြီးသည်မှ အခြားမဲ့၍ နိုဗ္ဗိန္ဒဉာဏ်ကို ပြုခြင်းငှါ အစဉ်အားဖြင့် အခွင့်ရောက်၏။ ၎င်းနိုဗ္ဗိန္ဒဉာဏ်၌လည်း ဘာဝနာကာရနည်း အသီးအခြားမရှိ၊ ရှေးဘင်္ဂါနုပဿနာ အတိုင်းသာလျှင် အဖန်တလဲလဲ မှီဝဲပွါးများ အားထုတ်သည်ရှိသော် ဘယတုပဋ္ဌာနဉာဏ်, အာဒီနဝဉာဏ် သန်သန်ဖြစ်သဖြင့် နိုဗ္ဗိန္ဒဉာဏ်လည်း ဖြစ်လေသလျှင်ကတည်း။

၎င်းဉာဏ်သုံးပါးသည် သဘောအားဖြင့် မထူးလွန်း၊ နှလုံးသွင်း အခြင်းအရာ အခိုက်အတန့်အားဖြင့်သာလျှင် ထူး၏။

ယာ စ ဘယတုပဋ္ဌာနေ ပညာ ယဉ္စ အာဒီနဝေ ဉာဏံ ယာ စ နိုဗ္ဗိဒါ၊ ဣမေ ဓမ္မာ ဧကတ္ထာ၊ ဗျဉ္ဇနမေव နာနံ။ (ပါဋိ)။

ဧကမိဝ ဝုစ္စမာနမ္ပိ အဝတ္ထာဘေဒေန မုစ္စိတုကမ္မတာဒိ ဝိယ တိဝိဓမေव ဟောတိ၊ တသ္မာ ဘယတုပဋ္ဌာနအာဒီနဝါနုပဿနာသု သိဒ္ဓါသု နိုဗ္ဗိဒါနုပဿနာ သိဒ္ဓါ ဟောတိ။ (အဋ္ဌကထာ။ပဋိသမ္ဘိဒါမဂ်[၂])

ရှေး ဉာဏ်သုံးပါး၌ ဘာဝနာကာရနည်း အထူးအခြား မရှိသောကြောင့် ၎င်း၊ ဘယဉာဏ်တပါးထင်လျှင် ကြွင်းနှစ်ပါးတို့၏ ထင်လွယ်သောကြောင့်ရှင်း အထူးအခြား မရှိသည်၏အဖြစ်ကို ဆိုအပ်၏။ ထင်သော အခြင်းအရာ အခိုက်အတန့်အားဖြင့်ကား ထူးသလျှင်ကတည်း ဟူလိုသည်။

ကြောက်လန့်ဖွယ်သော အခြင်းအရာအားဖြင့် ထင်သောခဏ၌ ဘယတုပဋ္ဌာနဉာဏ်, ထိုသို့ကြောက်လန့်ဖွယ်ထင်သည်ကို အကြောင်းပြု၍ အပြစ်ရှိသော အားဖြင့် ထင်လာသောခဏ၌ အာဒီနဝဉာဏ်, ငြီးငွေ့ဖွယ်အားဖြင့် ထင်လာ

၁။ ပဋိသံ၊ နှာ ၂၅၉။ ၂။ ပဋိသံ-ဋ္ဌ ၁၊ ၂၀။

သောခဏ၌ နိုဗ္ဗိန္ဒဥာဏ် ဤသို့လျှင် အခိုက်အတန့် အားဖြင့်သာ ထူးသည် ဟူလိုသည်။

နိုဗ္ဗိန္ဒအားဖြင့် ထင်ဟန် ဥပဌာနာဝကာရကို ပြခြင်း

ဤနိုဗ္ဗိန္ဒဥာဏ်၌ ဤဆိုလတ္တံ့သည်ကား နိုဗ္ဗိန္ဒာကာရအားဖြင့် ထင်ဟန် ဥပဌာနာဝကာရတည်း။

ဤဥပဌာနာကာရ၌—

သော ဝေ၀ံ သဗ္ဗသခ်ါရေ အာဒီနဝတော သမ္မသဒ္ဓေါ[1] သဗ္ဗဘ၀-ယောနိဂတိ၀ိညာဏဋ္ဌိတိသတ္တာ၀ါသဂတေ သဘေဒကေ သခ်ါရဂတေ နိုဗ္ဗိန္ဒတိ ဥက္ကဏ္ဌတိ နာဘိရမတိ၊ သေယျထာပိ နာမ စိတ္တကူဋဋ္ဌပဗ္ဗတပါဒါ-ဘိရတော သုဝဏ္ဏရာဇဟံသော အသုစိမ္ဟိ စဏ္ဍာလဂါမဒ္ဒါရအာ၀ါ၌ နာဘိရမတိ။ သတ္တာသု မဟာသမရေသုယေ၀ အာဘိရမတိ၊ ဧ၀မေ၀ အယမ္ပိ ယောဂီ ရာဇဟံသော သုပရိဒိဋ္ဌာဒီနဝေ သဘေဒကေ သခ်ါရဂတေ နာဘိရမတိ။ ဘာ၀နာရာမတာယ ပန ဘာ၀နာရတိယာ သမန္နာ-ဂတတ္တာ သတ္တာသု အနုပသာနာသုယေ၀ အာဘိရမတိ—

ဤသို့အစရှိသော အဋ္ဌကထာပါဋ္ဌကို မှီး၍ မှတ်အပ်၏။

အဓိပ္ပါယ်ကား—

ဤသို့ အာဒီနဝဥာဏ်၌ ဆိုအပ်ခဲ့ပြီးသည့်အတိုင်း အလုံးစုံသော တောဘုမ္မက သခ်ါရတရားတို့၌ အလွန်ကြောက်မက်ဖွယ် ခိုမှီးရာမရ မြင်အပ်ပြီးသော အပြစ် အာဒီနဝရှိသော ယောဂိပုဂ္ဂိုလ်အား ထို မြင်အပ်ပြီးသော အပြစ်ရှိသော တောဘုမ္မကသခ်ါရတရားတို့၏ဘင်ကို အာရုံပြု၍ အနိစ္စ,ဒုက္ခ,အနတ္တ အစရှိသည် ဖြင့် အဖန်တလဲလဲ သုံးသပ်အပ်သည်ရှိသော် အလုံးစုံသော ဘ၀,ဂတိ,ယောနိ, ဝိညာဏဋ္ဌိတိ,သတ္တာ၀ါသ-ဟူသော သုံးဆယ့်တစ်၌ အလွန် ငြီးငွေ့ဖွယ် အား

၁။ ပယဒ္ဓေါ (ဆဋ္ဌမ) ၂။ ဝိသုဒ္ဓိ၊ ၂၊ ၈၇-ဂ။

ဖြင့် ရှေးရှုဖြစ်၍ ထင်၏။ အလွန်အာန့်ကျင်ခြင်း မမ္ဆေလျော်ခြင်းသည် ပြင်းစွာ ဖြစ်၏။

ပမာဆိုသော်–အလွန် နှလုံးမ္ဆလျော်ဖွယ်ရှိသော စိတ္တကူဋ္ဌရှေတောင်ကြီး၌ ပေါက်ဖွားသည်ဖြစ်၍ အနောတတ္တအိုင်စသော အိုင်ကြီးခုနစ်အိုင်၌သာလျှင် ပျော်ရွှင် ကျက်စားနေကျဖြစ်သော ရှေဟသ်ာမင်းသည် တရုတ်ခါ နေသာဒ, ဝနေစရ၎တို့၏ လက်သို့ ရောက်မှု ဒုန်းစက္ကားတို့ ရှာတံခါးပေါက် တစီးပွက် တစီးညှန်ယမ် လွန်ရှည်ဖြင့် ဖွဲ့ချည်သားရာ လွန်စွာ ကြောက်လန့်ခြင်း, ငြီးငွေ့ခြင်းဖြစ်သကဲ့သို့ မြတ်လှစွာသော အဓိသီလသိက္ခာ သာသနာတော် တည်းဟူသော စိတ္တကူဋ္ဌရှေတောင်ကြီး၌ ပေါက်ဖွားသည်ဖြစ်၍ အနိစ္စာနုပဿနာ-ပဿနာစသော သတ္တာနုပဿနာ၇တည်းဟူသော အိုင်ကြီး ခုနစ်အိုင်၌ကာလျှင် လွန်စွာမ္ဆေလျော်ဖွယ်ကောင်းကျဖြစ်သော ယောဂီပုဂ္ဂိုလ်တည်းဟူသော ရှေဟသ်ာမင်းသည် ဘုံသုံးပါးတည်းဟူသော ဒုန်းစက္ကားတို့ ရှာတံခါးဝဝယ် လောဘီကာမဂုဏ် အာရုံတည်းဟူသော တစီးညှန်တွင်း၌ အလွန်ပြင်းစွာသော ငြီးငွေ့ခြင်းသည် ဖြစ်၏။

တနည်းပမာဆိုသော်— အလွန် နှလုံးမ္ဆလျော်ဖွယ်ရှိသော ဆဒ္ဒန်အိုင်ကြီး၌ သာလျှင် အခါမပြတ် မ္ဆေလျော်နေကျဖြစ်သော အခြေလေးချောင်း, နှာမောင်း, ပန်းနား, မြီးသွယ်စွန်း ဟုဆိုအပ်သော ခုနစ်ပါးသော အရုပ်တို့ဖြင့် ကြွံကြွံစုင့်စုင့် တည်လျက် ကောင်းကင်ဝယ် ပျံသွားနိုင်သော ဆဒ္ဒန်ဆင်ဖြူမင်းသည် တရုတ်ခါ လူမင်းတို့အာကာဖြင့် မြို့ရှာအလယ် မ္ဆေလျော်ဖွယ်သော ရတနာမဏ္ဍပ်တွင်း၌ အခိုက်အတန့် တည်းနေရသော်လည်း အလွန်ငြီးငွေ့ခြင်းသာ ပြင်းစွာ ဖြစ်သကဲ့သို့ သခ်ါရတရားကို၏ ငြိမ်းရာ အနုမာန ရမ်းဆ၍ သိအပ်သော နိဗ္ဗာန်

၁။ အနဝတတ်အိုင်၊ ကဏ္ဏမုဏ္ဍာအိုင်၊ ရထကာရအိုင်၊ ဆဒ္ဒန်အိုင်၊ ကုဏာလအိုင်၊ မန္ဒာ-ကိနီအိုင်၊ သီဟပပါတအိုင်။ (အဘိဓာန်။ ၆၂၉-၈၀ ဂါထာ)

၂။ မုဆိုး။

၃။ အနိစ္စာနုပဿနာ။ ဒုက္ခာ၊ အနတ္တာ နိဗ္ဗိန္ဒာ၊ ဝိရာဂါ၊ နိရောဓာ၊ ပဋိနိဿဂ္ဂါနု-ပဿနာဥာဏ်။ ပဋိသံ၊ နှာ-၅၅။

တည်းဟူသော ဆဒ္ဒန်အိုင်ကြီးဌိသာလျှင် လွန်စွာမွေ့လျော်သော ယောဂီပုဂ္ဂိုလ် တည်းဟူသော ဆဒ္ဒန်ဆင်မင်းသည် လူ.ဘုံ နတ်ဘုံ တည်းဟူသော မြို့ရွာအလယ် လူမင်း နတ်မင်း စည်းစိမ်ဟူသော ရတနာမဏ္ဍပ်တွင်းဌိ တနေ့တရက်မျှ စံနေရမည်ဟူသော်သည်း အလွန်ပြင်းစွာသော ငြီးငွေ့ခြင်းသည် ဖြစ်၏။

တနည်း ပမာဆိုသော်–အလွန် နှလုံးမွေ့လျော်ဖွယ်ရှိသော ရွှေတောင်, ငွေတောင်, ပတ္တမြားတောင်, ဖန်တောင်, ဆေးဒန်းမြင်းသိလာတောင်ဟု ဆိုအပ်သော တောင်စဉ်ငါးလုံးတို့ဖြင့် တန်ဆာဆင်အပ်သော အလွန်တင့်တယ်သော ဟိမဝန္တာတော**၏အလယ်** ရတနာရွှေ့ဂူ, ငွေ့ဂူ, ပတ္တမြားဂူ တို့ဌိသာလျှင် အလှည့်အလည် ပျော်မွေ့ကျက်စားသော ကေသရဏာဇာ ခြင်္သေ့မင်းသည် လူမင်းတို့စံရာ ရတနာဗိမာန်နန်းဌိ သော်လည်း အလွန်ပြင်းစွာ ငြီးငွေ့ခြင်း အဋ္ဌာယန, ရှက်နှိုးခြင်း ဟာရုယန, စက်ဆုပ်ခြင်း ဇိဂုစ္ဆာယန, ရုံရှာခြင်း ပဋိဂ္ဂုလာယန အခြင်းအရာ အားဖြင့် သာလျှင် ရှေးရှုပြစ်ရ ထင်၏။ လိုအခါ နိုဗ္ဗိန္ဒာနုပဿနာဉာဏ်၏ ကမ်းသို့ ရောက်ပြီမှတ် ဟူလိုသည်။

နိုဗ္ဗိန္ဒာနုပဿနာဉာဏ် ဤတွင် အပြီးသတ်တည်း။

မုစ္စိတုကမ္မတာဉာဏ်ဖြစ်ပုံကို ပြခြင်း

ဤသို့ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် နိုဗ္ဗိဒါနုပဿနာဉာဏ် ဖြစ်သည်ရှိသော် မုစ္စိတုကမ္မတာဉာဏ်ဖြစ်စေခြင်းငှါ အားထုတ်အပ်၏။

ရင်းမုစ္စိတုကမ္ပတာဉာဏ်၌—

"အဝတ္ထာဘေဒေနု ပန ဇေတန နိုဗ္ဗိဒါဉာဏေန နိုဗ္ဗိန္ဒန္တိ သ ဉက္ကဏ္ဌ-န္တိ သ သဗ္ဗဘဝယောနိဂတိဝိညာဏဋ္ဌိတိ သတ္တာဝါသဂေါသု သဘေဒ-ကေသု သခ်ါရေသု စိတ္တံ နု လဂ္ဂတိ နု ဗဇ္ဈတိ သဗ္ဗသခ်ါရဂတာ မုစ္စိတုကာမံ ဆဋ္ဌေတုကာမံ ဟောတိ"—

ဤသို့ အစရှိသော အဌကထာပါဠိ[1]ကို အစဉ်မြီး၍ မှတ်အပ်၏။

အဓိပ္ပါယ်ကား— မုစ္စိတုကမ္ပတာဉာဏ် ဖြစ်စေခြင်းငှါ ပွါးပုံ ဘာဝနာကာရနည်း အထူးအခြားမရှိ၊ ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း အလုံးစုံသော တောဘုမ္မက သခ်ါရတရားတို့၏ လျှပ်စစ်တပြက်အတွင်း၌ အသိန်းအသန်းမျှမက ပျက်၍ ပျက်၍ ပျောက်ကုန် ငြိမ်းကုန်သော ဘင်တည်းဟူသော မရဏမီး အစုတို့ကို အာရုံပြု၍ အနိစ္စ ဒုက္ခ အစရှိသည်ဖြင့် ရှုဗဟုမျှားသော နိုဗ္ဗိဒါနုပဿီ ယောဂိပုဂ္ဂိုလ်အား ထို တောဘုမ္မက သခ်ါရ၌ ဟလွန် ငြီးငွေ့ခြင်း နိုဗ္ဗိဒါဉာဏ် သန်သန် ဖြစ်သည်ရှိသော် ထိုခဏ၌ အလုံးစုံသော တောဘုမ္မက သခ်ါရတို့မှ လွတ်လိုသော တနည်းလည်း ဥပါဒ, ပဝတ္တိ, နိမိတ္တ, အာယူဟန[2] အစရှိသည်တို့ကို လွတ်လိုသော အခြင်းအရာ အခိုက်အတန့်အားဖြင့် ဖြစ်သော အခါ၌ မုစ္စိတုကမ္ပတာဉာဏ်သည် ဖြစ်၏ဟူလိုသည်။

ထိုသို့ စွန့်လွှတ်လိုခြင်း၌ ပမာဆိုသော် အတူးထူးသော ဆာယူပဂ, ပုပ္ပူ-ပဂ, ဖလူပဂ[3] သစ်ပင်ကြီး, သစ်ပင်ငယ် တောင်ကြီး, တောင်ငယ်တို့ဖြင့် တန်ဆာဆင်အပ်သည် ဖြစ်သော အလွန်တင့်တယ်သော ဟိမဝန္တာတောတော်ကြီး အလွန် မွေ့လျော်ဖွယ်ရှိသော တောင်လျှဉ် တောင်ဝှမ်း တောင်ခါးပန်းတို့ အလွန်သင်းပျံ့ မွှေးကြိုင်သော ပန်းလစ်ပင် ပန်းဝတ်ယက်တို့ဖြင့် ထုံမွှမ်းအပ်သည် ဖြစ်၍ ဇအေးမြ ကောင်းမြတ်သော ရေအပြင်ရှိသော ကြာမျိုး ငါးပါးတို့ဖြင့်

၁။ ဂိသုဒ္ဓိ၊ ဒု။ နှာ-၂၈၈၊ ကဲ့လဲ့မှုရှိသည်။

၂။ ဥပ္ပါဒ= ရေးကံကြောင့် ဤဘဝ ပဋိသန္ဓေ သခ်ါရတို့၏ ဖြစ်ခြင်း၊ ပဝတ္တိ=ပဗတ္တိ အခါ သခ်ါရတို့၏ ဆက်ကာ ဆက်ကာ ဖြစ်၍နေခြင်း၊ နိမိတ္တ=သခ်ါရနိမိတ်၊ အာယူဟန=နောင်ပဋိသန္ဓေအကြောင်းဖြစ်သော ဤဘဝကံ၊ ဤကျမ်း နှာ-၇၅၊

၃။ အရိပ်ရှိသော အပွင့်ရှိသော အသီးရှိသော။

ဖုံးအုပ်သည်ဖြစ်၍ အလွန်တင့်တယ် မွေ့လျော်ဖွယ်ရှိသော အိုင်ကြီး အိုင်ငယ် တို့၌သာလျှင် ကောင်းမြတ်သော ဂန္ဓဝါ, ရသဝါ, သြဇဝါ[1] နှံ့သာ မွေ့လျော်ဖွယ် အစာအာဟာရ ရှိသည်ဖြစ်၍ များစွာသော ကရဝိက်ငှက် အဖော်အပေါင်း သောင်းသောင်းအုပ်အာ ခြံရံအပ်သည်ဖြစ်၍ အလွန်နှုလုံး ချမ်းမြေ့ခြင်းနှင့် ပြည့်စုံသော ကရဝိက်ငှက်မင်းသည် တရုတ်ခါ လူမင်းတို့ အာဏာဖြင့် ရတနာ ရှေ့ချိုင့်အိမ်တွင် တကောင်ထီးတည်း သွင်းထားရာမှ လွန်စွာငြီးငွေ့ခြင်း ဖြစ်သကဲ့သို့ ခယတော, ဝယတော, အဝုဝတော အနုပဿနာ အစရှိသော များစွာသော ဘာဝနာကာရနည်း ဥဒယဗ္ဗယာနုပဿနာ အစရှိသော များစွာသော ဝိပဿနာနည်းဟု ဆိုအပ်သော ဆာယူပဂ, ပုပ္ပူပဂ, ဖလူပဂ သစ်ပင်ကြီး သစ်ပင်ငယ် အသွယ်သွယ်သော တောင်လျှဉ် တောင်ဝှမ်းတို့မှ အလွန်စင်ကြယ်သော သီလဟူသော ပန်းဝတ်ယက် ရနံ့တို့ဖြင့် အတန်တန် ထုံမွှမ်းအပ်သည်ဖြစ်၍ အလွန်ချမ်းအေး ကြည်လင်သော ဝိပဿနာမယသဒ္ဓါဝေဒနာဟူသောရေ, ဂွန်ဒြေ ငါးပါးတည်းဟူသော ကြာမျိုး ငါးပါးတို့ဖြင့် ဖုံးအုပ်တင့်တယ်သော ခုနှစ်ပါးသော အနုပဿနာတည်း ဟူသော အိုင်ကြီး အိုင်ငယ်တို့၌ ဝိပဿနာမယ ပီတိပါမောဇ္ဇ[2]လျှင် အာဟာရ ရှိသည်ဖြစ်၍ အလွန် ချမ်းမြေ့မွေ့လျော်သော ထာမဂတနိဗ္ဗိဒါနုပဿီ[3] ယောဂိပုဂ္ဂိုလ်အား ထိုသုခဝိပါကဟူ၍ သမုတ်အပ်သော လောကိကာမဂုဏ် အာရုံတို့၌သော်လည်း လွန်စွာငြီးငွေ့ခြင်း လွတ်လိုခြင်းသည် ပြင်းစွာ ဖြစ်၏။

အစာယ်ကြောင့်နည်း ဟူမူကား–ထိုအာရဒ္ဓဝိရိယ နိဗ္ဗိဒါနုပဿီ ယောဂိပုဂ္ဂိုလ်[4]အား ထိုလောကိ ကာမဂုဏ်အာရုံတို့၌ ရံခါရံခါ သမထနည်းအားဖြင့် ရှုဆင်ခြင်မိသော အခါ၌ မိမိကိုယ်, သူတပါးတို့ကိုယ်အလုံး၌ပင်လျှင် တရှက်အိုးမျှ လောက်သော သွေးပုပ်, တပြူ နှစ်ပြူမျှမကသော ကျင်ကြီး ကျင်ငယ်ပုပ်, သလိပ်

၁။ အနှံ့ရှိသော အရသာရှိသော အဆီသြဇာရှိသော။

၂။ ဝိပဿနာဉာဏ်ဖြင့် ပြီးသော၊ တနည်း ဝိပဿနာဉာဏ်နှင့် ယှဉ်သော ဝမ်းမြောက်နှစ်သက်ခြင်း။

၃။ အားကောင်းသော နိဗ္ဗိန္ဒဉာဏ်ရှင် ယောဂီ။

၄။ အားထုတ်အပ်သော ဝီရိယရှိသော နိဗ္ဗိန္ဒဉာဏ်ရှင် ယောဂီ။

ပုပ်, ဦးနှောက်ပုပ်, အစေးပုပ်တို့ဖြင့် ထက်ဝန်းကျင်မှမ်းမံအပ်သော သုံးရာသော အရိုးဆက် အရိုးစု အရိုးကောင်ဖြစ်၍ တည်သော ဤအတ္တဘာဝ၏ ငါးပါး သော အခြင်းအရာတို့ဖြင့် လွန်စွာ စက်ဆုပ်ဖွယ်ရှိသော အဖြစ်သည်လည်း အကြင်ကြောင့်ထင်၏။ ရံခါရံခါ ဝိပဿနာ နည်းအားဖြင့် ထင်မြင်သောအခိုက် ၌ ဒုန်းစက္ကားတို့၏ ရှာတံခါးဝ တစိုးပ္ပက်ချောက်တွင်း မစင်ဘင်ဟောင်း ဘင့် ဆွေးတို့ကိုစု၍ မီးရှိုထားရာ ရှံ့ရှာဖွယ်သော အနံ့, ပူပြင်းစွာသော အခိုးတို့ဖြင့် အနှိပ်စက် ခံရသောအခါကဲ့သို့ ထိုအသုဘ, ဇေဂုစ္ဆ အခြင်းအရာအားဖြင့် ဖြစ်၍ တည်သော ရုပ်နာမ်တို့၏ ဘင်တည်းဟူသော မရဏမီးဖြင့် လွန်စွာ ဖျက်ဆီး နှိပ်စက်အပ်သည်၏ အဖြစ်သည် အကြင်ကြောင့် ရှေးရှုထင်၏။ ထိုသို့ အလွန်ကြောက်မက်ဖွယ် ရှံ့ရှာဖွယ် ငြီးငွေ့ဖွယ်အားဖြင့် ထင်သည်၏ အဖြစ် ကြောင့်တည်း။

တနည်းပမာသော်ကား— နှလုံးမွေ့လျော်ဖွယ် ရတနာဆယ်ပါးတို့ဖြင့် ပြည့် သော ဘာဝဝတ်ပြည်တွင် နဂါးမင်းတို့ ပျော်စံရာ ရတနာဗိမာန်နန်း၌ ချမ်း မြေ့သာယာ ကောင်းစွာ မွေ့လျော်နေကျဖြစ်သော နဂါးမင်းသည် တရံတခါ ကြမ္မာ အလျောက် အလမ္ပာယ်လက်သို့ ရောက်ရာ အလွန်ပြင်းစွာ လွတ်လို ခြင်း ဖြစ်သကဲ့သို့ရင်း၊ အလွန် နှလုံးမွေ့လျော်ဖွယ် ရတနာဆယ်ပါးဖြင့် ပြည့် သော မဟာသမုဒ္ဒရာ၌သာလျှင် ပျော်ရွှင် မြူးတူးနေကျဖြစ်သော ငါးသည် တရံတခါ ကြမ္မာအလျောက် တံငါသည်တို့၏ လက်တွင်း ရေစကျင်းသို့ ရောက် ရာ ထိုရေစကျင်းမှ အခါခါ ခုန်တက်ခြင်း, လွန်စွာလွတ်လိုခြင်း ဖြစ်သကဲ့သို့ ရင်း၊ ဟိမဝန္တာ မဟာမြို့ကြီး၏အတွင်း မျှားစွာသော ဆင်ရွှေ ဆင်သင်း တို့နှင့်တကွ လွန်စွာ မွေ့လျော်နေကျဖြစ်သော တောဆင်ကြီးသည် တရံတခါ လူတို့နေရာ ကျဉ်းမြောင်းစွာသော ဆင်တင်းကုပ်အတွင်း သွင်းချည်ဖွဲ့ထား ရာ အခါခါ ရုန်းနွဲ့ခြင်း လွတ်လိုခြင်း ပြင်းစွဲ ဖြစ်သကဲ့သို့ရင်း၊ သည်မှတပါး ဂဠုန်လက်မှ နဂါး, ခြသေ့လက်မှ သား, ကြောင်ပါးလက်မှ ကြွက်သူငယ်, စွန် လက်တွင်းမှ စာသူငယ်တို့၏ လွတ်လိုခြင်းကဲ့သို့ရင်း တောဘုမ္မက သခ်ါရ ဝဋ္ဋဒုက္ခ အတွင်းမှ အလွန်ပြင်းစွာသော လွတ်လိုခြင်းသည် ဖြစ်၏။

အဘယ့်ကြောင့်နည်းဟူမူကား— ထိုသခ်ါရတရားတို့၏ ဘင်တည်း ဟူသော မရဏမီး အစုဌသာလျှင် အခါမပြတ် ကြောက်မက်ဖွယ်, ငြီးငွေ့ဖွယ်ကို ရှုလေ့, အောက်မေ့လေ့ရှိသော နိဗ္ဗိဒါနုပဿီယောဂိပုဂ္ဂိုလ်အား ဤဘဝ လူ့ပြည် နတ်ဘုံ၌ ပဋိသန္ဓေနေခဲ့ရခြင်း တည်းဟူသော ဥပပါဒဌာနင်း, လူဟူ၍ နတ်ဟူ၍ သမူတ်အပ်သော ဤအတ္တဘာဝ ရုပ်နာမ်တို့၏ မပြတ်ဖြစ်ခြင်း တည်းဟူသော သုခ ဝိပါကဖြစ်သော ပဝတ္တိဌာနင်း, လူ့စည်းစိမ် နတ်စည်းစိမ်ဟူ၍ သမူတ်အပ်သော သခ်ါရနိမိတ်ဌာနင်း, နောင်ဘဝ ပဋိသန္ဓေအသစ်နေရကြောင်းဖြစ်သော အာယူ-ဟနဌာနင်း, နောင်ဘဝ ပဋိသန္ဓေသစ်ဟုဆိုအပ်သော နိဗ္ဗတ္တိဌာနင်း ဤသို့ အစရှိသော အလုံးစုံသော တေဘူမ္မက ဝဋ္ဋဒုက္ခဌာ ဂ္ဂဠာရုံဟူ၍ သမူတ်အပ်သော ဝတ္ထု အာရုံ၌ သော်လည်း ပူလှစွာသော မီးအိုးကင်း၏အထက် ပွက်ပွက်ဆူသော ရွှေရည်, ငွေရည်တို့ကို ခံတွင်းပသို့ သွင်းမျိုရမည်ကလောက် ကြောက်မက်ဖွယ် အားဖြင့် ရှေရှုထင်သည်၏အဖြစ်ကြောင့်တည်း။

စာနည်းလည်း ဤလောက၌ ယမ်းမီးပန်းတို့သည် အထင်အားဖြင့် နှစ်သက်ဖွယ် ဂုဏ်ရှိရုံဖြစ်သော်လည်း အားတူအားဖြင့် လတ်တလော သေစေနိုင်သော ကြမ်းတမ်းပူပြင်းသော အတွေ့ရှိရကား စင်စစ် အနိဋ္ဌာရုံဖြစ်၏၊ သို့ လောကီ အာရုံဟူက လွန်စွာသော အပိုင်းအခြားအားဖြင့် သိကြား နတ်မင်းတို့၏ စည်းစိမ်ပင် ဖြစ်စေကာ ပညတ်အထင် ခဏအားဖြင့် ဂုဏ်ရှိကဲ့သို့ ဖြစ်သော်လည်း ယခုဘဝ၌ လျှပ်စစ်တပြက်အတွင်း မရေတွက်နိုင်၊ အကြင်းမဲ့ ပျက်စီး၍ ပျက်စီး၍ အမြဲလောင်သော ဘင်တည်းဟူသော မရဏ မီးတို့ဖြင့်ရင်း၊ နောင်ဘဝ၌ ကာမတဏှာ တည်းဟူသော ယမ်းမီးပွါး လောင်သဖြင့် ဖြစ်လတ္တံ့သော အပါယဂတိ စသော ကြောက်မက်ဖွယ်သော ဒုက္ခတို့ဖြင့်ရင်း နှိပ်စက်ဆဲ နှိပ်စက်လတ္တံ့ စင်စစ်ဖြစ်ရကား ထိုသိကြားနတ်မင်း ချမ်းသာ၌သော်လည်း အလွန်ကြောက်မက်ဖွယ်, ငြီးငွေ့ဖွယ် ကေန္ဒ အနိဋ္ဌာရုံအားဖြင့် ရှေရှုဖြစ်၍ ထင်သည်၏ အဖြစ်ကြောင့်တည်း။

ဤမျှလောက် စကားမှာ ပညာရှိတို့ အလွန်ကြောက်မက်ဖွယ် ငြီးငွေ့ဖွယ် ထင်၍ အလွန်လွတ်လိုသော တေဘူမ္မကသခ်ါရ၌သော်လည်း ထိုနေ့ နံနက်

အတောင်ပေါက်၍ ထိုနေ့ညချမ်း သေဘေးရောက်လတ္တံ့သော ပိုးဗလူပမာ[1] လွန်စွာ ပျော်မြူးနိုင်ကြသော အနှစ်ပုထုဇဉ်တို့ကိုကား ထိုအရှင်ကောင်းတို့က "အစ္ဆရိယံ ဝတ၊ အဗ္ဘုတံ ဝတ[2]" အလွန်အံ့အပ်လှပေတော့သည် ဟူလိုသည်။

ယင်း အံ့အပ်ဆုဋ္ဌ ပမာဆိုသော်–အကြင်အခါ စက္ခု သောတ နှစ်ပါးကန်း သော အမိဝမ်းတွင်းမှ ရှုးသွပ်သည်လည်း ဖြစ်သော ဇစ္စန္ဓ, ဗမိရ, ဇစ္စုမ္မတ္တက[3] ယောကျ်ားသည် အလွန်ကြောက်မက်ဖွယ် ကြိုးကြာသံကဲ့သို့ အလွန်သည်းစွာ အော်မြည်လျက် အမှုန်ယစ်သော တောဆင်ပေါက်၏ နောက်မှ တဟုန်တည်း လိုက်လာခြင်းကို မမြင်မကြား၊ သူတပါးတို့ လက်လှမ်း၍ ခေါ်ပါသော်လည်း အစဉ်တစိုက် မလိုက်မလာ၊ နိရာသက်, နာဘယ[4]ကဲ့သို့ အဘယ် တစုံ တခု လေးစားမမှု အမှတ်မဲ့ နေလေရာ၏။ ထိုအခါ အိမ်မိုးခေါင်, သစ်ပင်ဖျား အစရှိသည်တို့၌ ရပ်၍ကြည့်သူ လူအပေါင်းတို့အား ထိုသူကန်းကိုရင်း, ထိုတော ဆင်ကြီးကိုရင်း ရှု၍ "အစ္ဆရိယံ ဝတ ဘော၊ အဗ္ဘုတံ ဝတ ဘော" အလွန် အံ့အပ်သော အဖြစ်, အလွန်ကြောင့်ကြအပ်သည်၏ အဖြစ်, အလွန် သနားအပ် သည်၏အဖြစ်, ထိုဆင်လာရာ လမ်းခရီးမှ ဆောလျင်စွာ မနေမနား တဟုန် တည်း ပြေးသွားအပ်လှသည်၏ အဖြစ်ဖြင့် ရှေ့ရှုထင်သကဲ့သို့တည်း။

ရင်းဥပမာ၌ သမထဥာဏ် မရှိသည်ကား မျက်စိကန်းသည်နှင့် တူ၏။ ဝိပဿနာပညာ သုတမရှိသည်ကား နားမပင်းသည်နှင့်တူ၏။ ကာမစ္ဆန္ဒ, အဝိဇ္ဇာ ဖြင့် ယစ်ရှူးခြင်းသည်ကား ဝမ်းတွင်းရှူးနာနှင့်တူ၏။ အလျောက်ဘာသာ ကြံ ဆင်ခြင်၍ ဝဋ်ဒုက္ခမှ မကြောက်မလန့်တတ်ခြင်းသည်ကား ထိုစက္ခုခ္ခိုသော ငနားပင်း၏ မမြင်မကြားသောကြောင့် အမှုန်ယစ်သော ဆင်ပေါက်နောက်မှ တဟုန်တည်းလိုက်လျက် ခြေလှမ်းမပျက် အမှတ်မထင် ပျော်ရှင်ရဲတင်းခြင်းနှင့်

၁။ ပိုးဖလံ+ဥပမာ။

၂။ လက်ဖျစ်တီး၍ အံ့ချီးဖွယ် ကောင်းပေစ၊ မဖြစ်ဘူးမြဲ ထူးကဲလှစွဟု။

၃။ ဇစ္စန္ဓ=သန္ဓေက ကန်းသော၊ ဗမိရ=နားပင်းသော၊ ဇစ္စုမ္မတ္တက=ဝမ်းတွင်းရှူး ဖြစ် သော။

၄။ ရှုံ့ရှားခြင်း ကင်းသကဲ့သို့၊ ဘေးမရှိသကဲ့သို့။

တူ၏။ ဆရာသမား, သီတင်းသုံးဘော် ကလျာဏမိတ္တတို့ အထပ်ထပ် ဟောပြော ဆုံးမပါသော်လည်း ဟောတရား နားမဝင်, ပြောစကား နားမတင်, ဆုံးမအပ် သည်ဟူ၍မျှ မိမိကိုယ်ကို မထင် အမှတ်မဲ့နေအားနိုင်ခြင်းသည်ကား ယခင် သူကန်း၏ သနားသည်ဖြစ်၍ သူတပါးတို့ လက်ဆဲ့ခေါ်ငင်ပါသော်လည်း မလာ မလိုက် ဆင်နှင့် တီးတိုက်ခရီးလမ်းမဲ့သာလျှင် အမှတ်မဲ့ ပျော်ရွှင်နိုင်ခြင်းနှင့် တူ၏။ မုစ္စိတုကမျတာဉာဏ်ကိုရသော ယောဂိပုဂ္ဂိုလ်သည်ကား အိမ်ခေါင်မိုး, သစ်ပင်ဖျားခွံ ရပ်၍ ကြည့်သူလူအားပေါင်းနှင့် တူ၏။

မုစ္စိတုကမျတာဉာဏ်ထင်ခြင်းသည်ကား — ၎င်းလူတို့အား ထိုသူကန်း၏ အခြင်းအရာ, အမှန်ယစ်သော တောဆင်ကြီး၏ အခြင်းအရာကို မြင်သဖြင့် "အလွန် အံ့သြဖွယ်ရှိ၏တကား" ဟူ၍ရင်း၊ "အလွန် ကြောက်မက်ဖွယ် ရှိ၏ တကား" ဟူ၍ရင်း၊ "ယင်းသည့် သူကန်း နားထိုင်း ရှုးသည် ဤသည်အခါ ကံကုန်ရှာဟော့မည်" ဟူ၍ရင်း၊ "ငါတို့သည်လည်း အမှန်ယစ်သော တော ဆင်ကြီးမှ အလွန် ဝေးစွာ လွတ်ရာလွတ်ကြောင်း အထူး ပြူသင့်ရတော့သည်" ဟူ၍ရင်း အောက်မေ့ခြင်းနှင့်တူ၏။ ဤသို့ ပမာပမည်းစပ်၍ မှတ်။

ဤကိုထောက်သဖြင့် ဘေးကိုဆတ်ဆတ် သိမြင်တတ်သော ယောဂိပုဂ္ဂိုလ် အဖြစ်သို့ ရောက်အောင် မပင်း မကန်း မနှမ်း မရှုံးစေရအောင် အထူးအား ထုတ်သင့်လှတော့သည်။

ယင်းသို့ အားမထုတ်ပဲ ပျင်းရိ ထိုင်းမှိုင်း အမှတ်မဲ့နေက "မျက်စိကန်းသော နားထိုင်း ရှုး" ဟူ၍ရင်း၊ "နားထိုင်းသော ဇကန်း ရှုး" ဟူ၍ရင်း၊ "အရှုး နားထိုင်း ကန်း" ဟူ၍ရင်း၊ "သမီးကို ဆဲ, သားကို မဲ" ဟူသကဲ့သို့ အရိယာ သခင် အရှင်သူတော်ကောင်းတို့ ဆဲလျှင် ဆဲသင့်လှပေသည်၊ မဲလျှင် မဲသင့်လှ ပေသည်၊ ထိုသို့ မဲကလည်း သူငါကစ မက်ဘူတ ရှိရာကျပေလိမ့်မည်။ ထို စကားသည် မှန်၏။ အမာရှိရာကို ထိက နာတတ်ကြသည်ချည်း၊ ယင်းသို့ ဖြစ်၍ သာသနာတော်ထမ်း ရဟန်းမြတ်တို့နှင့်မပြား ရှေးရှေးဘုရားသားတော်

၁။ မျက်နှာမလှ။

အင်္ဂုတ ၀ ၆-၅-ဆ-၅

တို့ နည်းတူ သမထ ဝိပဿနာပညာဟူသော နှား မျက်စိနှင့် မပြည့်စုံသေးက မင်းစုံမင်းညီ မင်းဟရိသတ်စုဝေးရာ နန်းရင်ပြင်ဝယ်ဦးတွင် သူရူး သူကန်းတို့ မလျှောက်ပတ် မတင့်တယ်သကဲ့သို့ သမထဝိပဿနာပညာ မျက်စိကန်းသည် ဖြစ်၍ ပရိသဒ္ဒသက ဖြစ်သော ငါကဲ့သို့သောသူသည် ဘုရားရှင် ပရိသတ် သာကီဝင် မင်းခမ်းအရပ်၌ လျှောက်ပတ်ပေနိုင်မည် မဟုတ်။ ဤသို့ မိမိကိုယ်ကို နိဂ္ဂဟောဝါဒ ဆုံးမပြီးလျှင် သလာတိမ်လွှမ်းလျက် စက္ခုမာ ယောင်ဆောင်၍ မင်းပွဲ ပရိသတ်အလယ် အကယ်၍ မှုးမတ်တဆူ ပြုလုပ်လျှက်ရှိသော ယင်းသို့သော ယောကျ်ားသည် ယင်း သလာတိမ် မပျောက် ပျောက်အောင် အလွန်ကြံဆောင် လုံ့လပြုအပ်လှသကဲ့သို့ ဤနည်းအတူ ဂဟပဋ္ဌဖြစ်သူ မြို့ရွာနေ လူတို့၏ ကိုးကွယ်ရာ ရတနာသုံးပါးအဝင် ရဟန္တာအရှင် သံဃာတော်မြတ်တို့၏ ရုပ်ပွါး ကိုယ်စားတော် ရဟန္တာဟူသော အမည်တော်ထူးဖြင့် ရဟန်းတဆူ ပြုရကြပေသည်နှင့်အညီ အတ္တတ္ထ,ပရတ္ထ အလိုဌါ အဝိဇ္ဇာဟူသော သလာတိမ် မပျောက် ပျောက်ကြောင်း သမထဝိပဿနာတည်းဟူသော ဆေးကောင်း ဆေးမြတ်တို့ကို အထပ်ထပ် အဖန်ဖန်စား၍ သမထဉာဏ်, ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ထုတ်ချောက် စက္ခုအလင်းသို့ မရောက် မချင်း တစဉ်းတဖြောင့်တည်း သူငါကစ အားထုတ်အပ်လှပေတော့သည်။ နှလုံးထား အပ်လှပေတော့သည်။ သတိသံဝေရအပ်လှပေတော့သည် ဟူလိုသည်။ ဤသည် လျှင် သူတော်မှန် အရှင်မြတ်တို့ သတိထားရန် စကားချပ်။

မုစ္ဆိတုကမျတာဉာဏ် ဤတွင် အပြီးသတ်တည်း။

ပဋ္ဌိသခ်ါနုပဿနာဉာဏ်၌ ပွါးပုံ ဘာဝနာကာရနည်းကို ပြခြင်း

မုစ္ဆိတုကမျတာဉာဏ်မှ အခြားမဲ့၌ ပဋ္ဌိသခ်ါနုပဿနာဉာဏ် ဖြစ်စေခြင်းငှါ အားထုတ်အပ်၏။ ၎င်းပဋ္ဌိသခ်ါနုပဿနာဉာဏ်၌—

၁။ ပရိသတ်ဖျက်ဆီးသူ။

၂။ နိမ်ချသော သြဝါဒဖြင့်။ ၃။ မိမိအကျိုး, သူတပါးအကျိုး။

"သော ဝေ သဗ္ဗဘဝယောနိကတိဋ္ဌိတိနိဝါသဂတေဟိ သဘေဒ-ကေဟိ သခ်ၤရေဟိ မုစ္စိတုကာမော သဗ္ဗသ္မာ သခ်ၤရဂတာ မုစ္စိတုံ ပုန တေ ဝေ သခ်ၤရေ ပဋ္ဌိသခ်ၤနုပဿနာဉာဏေန တိလက္ခဏံ အာ-ရောပေတွာ ပရိဂ္ဂဏှာတိ"—

ဤသို့ အစရှိသော အဋ္ဌကထာပါဠိ ကို အစဉ်မှီး၍ မှတ်အပ်၏။

အဓိပ္ပါယ်ကား–ပဋ္ဌိသခ်ၤနုပဿနာဉာဏ်ကို ဖြစ်စေလိုသော ယောဂီပုဂ္ဂိုလ်သည် ရှေးသမ္မသနဉာဏ်၌ကဲ့သို့ ခပ်သိမ်းသော သခ်ၤရတရား၊တို့၌ အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာတို့ကို ဤတွင်တဖန် အကျယ်ဝိတ္ထာရ ထပ်၍ အောက်မေ့ဆင်ခြင်အပ်၏။

ဆင်ခြင်ဟန်ကား—

သဗ္ဗေ သခ်ၤရာ အနိစ္စန္တိကတော အနိစ္စာ၊ တာဝကာလိကတော အနိစ္စာ၊ ဥပ္ပါဒဝယပရိစ္ဆိန္နတော အနိစ္စာ၊ ပလောကတော အနိစ္စာ၊ စလတော အနိစ္စာ၊ ပဘင်္ဂတော အနိစ္စာ၊ အဒ္ဓုဝတော အနိစ္စာ၊ ဝိပရိဏာမဓမ္မတော အနိစ္စာ၊ အသာရကတော အနိစ္စာ၊ ဝိဘာဝတော အနိစ္စာ၊ သခ်ၤတတော အနိစ္စာ၊ မရဏဓမ္မတော အနိစ္စာ အနိစ္စာ။

သဗ္ဗေ သခ်ၤရာ အဘိဏှပဋိပီဠနတော ဒုက္ခာ၊ ဒုက္ခမတော ဒုက္ခာ၊ ဒုက္ခဝတ္ထုတော ဒုက္ခာ၊ ရောဂတော ဒုက္ခာ၊ ဂဏ္ဍတော ဒုက္ခာ၊ သလ္လ-တော ဒုက္ခာ၊ အဃတော ဒုက္ခာ၊ အာဗာဓတော ဒုက္ခာ၊ ဤတိတော ဒုက္ခာ၊ ဥပဒ္ဒဝတော ဒုက္ခာ၊ ဘယတော ဒုက္ခာ၊ ဥပသဂ္ဂတော ဒုက္ခာ၊ အတာဏတော ဒုက္ခာ၊ အလေဏတော ဒုက္ခာ၊ အသရဏတော ဒုက္ခာ၊ အာဒီနဝတော ဒုက္ခာ၊ အဃမူလတော ဒုက္ခာ၊ ဝဓကတော ဒုက္ခာ၊ သာသဝတော ဒုက္ခာ၊ မာရာမိသတော ဒုက္ခာ၊ ဇာတိဓမ္မတော ဒုက္ခာ၊ ဇရာဓမ္မတော ဒုက္ခာ၊ ဗျာဓိဓမ္မတော ဒုက္ခာ၊ သောကဓမ္မတော ဒုက္ခာ၊ ပရိဒေဝဓမ္မတော ဒုက္ခာ၊ ဥပါယာသဓမ္မတော ဒုက္ခာ၊ သံကိ-လေသိကဓမ္မတော ဒုက္ခာ ဒုက္ခာ။

သမ္ဗေ သခ်ါရာ ပရေတော အနတ္တာ၊ ရိတ္တတော အနတ္တာ၊ တုစ္ဆ-တော အနတ္တာ၊ သုညတော အနတ္တာ၊ အသာမိကတော အနတ္တာ၊ အနိဿရတော အနတ္တာ၊ အဝသဝတ္တိတော အနတ္တာ အနတ္တာ။

(ဤသို့ ရှု၁။)

အနက်မြန်မာကား—

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သခ်ါရာ၊ တေဘုမ္မက ရူပ်နာမ်ခန္ဓာ သခ်ါရဘုရားတို့သည်။ အနိစ္စန္တိကတော၊ မြဲသည်မဟုတ် မမြဲခြင်း အဆုံးရှိသောကြောင့်။ အနိစ္စာ၊ အနိစ္စမည်ကုန်၏။ တာဝကာလိကတော၊ အခိုက်အတန့်ကာလအားဖြင့် သာ တည်သောကြောင့်။ အနိစ္စာ၊ ကုန်၏။ ဥပ္ပါဒဝယပရိစ္ဆိန္နတော၊ ဖြစ်ခြင်း ပျက်ခြင်း ဥပါဒ်ဘင်အားဖြင့် ပိုင်းခြားအပ်သောကြောင့်။ အနိစ္စာ၊ အနိစ္စမည်ကုန်၏။ ပလောကတော၊ ဇရာဗျာဓိစသည်တို့ဖြင့် ပျက်စီးတတ်သောကြောင့်။ အနိစ္စာ၊ ကုန်၏။ စလတော၊ လောကဓံတရားတို့ဖြင့် တုန်လှုပ်တတ်သောကြောင့်။ အနိစ္စာ၊ အနိစ္စမည်ကုန်၏။ ပဘင်္ဂတော၊ ဖရိုဖရဲ ကွဲပြားပျက်စီးတတ်သောကြောင့်။ အနိစ္စာ၊ ကုန်၏။ အဒ္ဓုဝတော၊ မမြဲမြဲ မခိုင်ခန့်သောကြောင့်။ အနိစ္စာ၊ အနိစ္စမည်ကုန်၏။ ဝိပရိဏာမဓမ္မတော၊ ဇရာမရဏ ဟူသော နှစ်ပါးသောအဖို့အားဖြင့် ဖောက်ပြန်တတ်သောကြောင့်။ အနိစ္စာ၊ ကုန်၏။ အသာရကတော၊ ဌက်ပျော့ပင်ကဲ့သို့ အနှစ်မရှိ ပျက်စီးလွယ်သော အကာ အတိသာ ဖြစ်သောကြောင့်။ အနိစ္စာ၊ ကုန်၏။ ဝိဘာဝတော၊ ပျောက်စီးခြင်း ကင်းသောကြောင့်။ အနိစ္စာ၊ ကုန်၏။ သာခ်ံတတော၊ ဇနကအကြောင်း ဥပဿဋ္ဌကအကြောင်းတို့သည် အညီအညွတ်ကပ်၍ ပြုပြင်အပ်သည်၏ အဖြစ်ကြောင့်။ အနိစ္စာ၊ ကုန်၏။ မရဏဓမ္မတော၊ သေရတတ်သော သဘောတရားကြောင့်။ အနိစ္စာ၊ အနိစ္စမည်ကုန်၏။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သခ်ါရာ၊ ရူပ်နာမ်ခန္ဓာ သခ်ါရတရားတို့သည်။ အဘိဏှပဋိပီဠနတော၊ မပြတ်နှိပ်စက်တတ်သောကြောင့်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ ဒုက္ခမတော၊ သည်းခံနိုင်ခဲသောကြောင့်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ ဒုက္ခဝတ္ထုတော၊

၁။ ဝိသုဒ္ဓိ၊ ၂။ ၂၇၉ လာပါဠိကို ပြင်ရေးထားသည်။

ဒုက္ခအပေါင်းတို့၏တည်ရာဖြစ်သောကြောင့်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ ရောဂတော၊ ဆေးမပြတ် ကုစားအပ်သော ယာယျရောဂါနှင့်တူသောကြောင့်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ ဂဏ္ဍတော၊ အိုင်းအမာနှင့်တူသောကြောင့်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ သလ္လတော၊ စူးဝင်တတ်သော မြှားငြောင့်သဖွယ် ဖြစ်သောကြောင့်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ အဃတော၊ ရာဂစသော မကောင်းမှုတို့၏ ဖြစ်ပွါးရာ တည်ရာ ဖြစ်၍ လွန်စွာဆင်းရဲသောကြောင့်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ အာဗာဓတော၊ အသည်းအသန် လွန်စွာနှိပ်စက်တတ်သော အနာနှင့်တူသောကြောင့်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ ဣတိတော၊ ဖျက်ဆီးခြင်းဌာ၊ ကပ်ရောက်လာသော အကုသိုလ် အပင်းအသင်း ဘေးရန်မျှားခြင်းဟူသောအကြောင်းကြောင့်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ ဥပဒ္ဒဝတော၊ မျှားစွာသော မင်းဘေးမင်းဒဏ်သင့်ရောက်ခြင်းဟူသော ဥပဒ္ဒဝေါဏုပြောခြင်းကြောင့်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ ဘယတော၊ ချမ်းသာနှင့် မရော ကြီးမားသောဘေးသဖွယ် ဖြစ်သောကြောင့်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ ဥပသဂ္ဂတော၊ ကိုယ်တွင်းကိုယ်ပ ရောဂဗျသန, ဥတိဗျသန အစရှိသော အနတ္တတို့ဖြင့် ကပ်၍ နှိပ်စက်ရာဖြစ်သောကြောင့်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ ဥပ-သဂ္ဂတော၊ ဘီလူးဥပါ ယုတ်မာသောနတ်ဆိုးတို့သည် ဆောင်အပ်ဖမ်းစားအပ်သော ရောဂါအန္တရာယ်နှင့်တူသောကြောင့်။ ဒုက္ခာ၊ ဆင်းရဲအတိသာလျှင် တည်း။

အတာဏတော၊ ဘေးမဲ့စိမ့်ဌါ မစောင့်ရှောက်နိုင်သောကြောင့်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ အလေဏတော၊ ဘေးမှလွတ်ကြောင်း ပုံးအောင်းရာမရှိသော ကြောင့်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ အသရဏတော၊ ဘေးကင်းစိမ့်ဌါ ခိုကိုးရာမရှိ သောကြောင့်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ အာဒီနဝတော၊ သံသရာဝဋ္ဋ ဒုက္ခဟူသော အပြစ်ဒေါသကြောင့်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ အဃမူလတော၊ ကြမ်းကြုတ်သော အကုသိုလ် မကောင်းမှုတို့၏တည်ရာ အကြောင်းမူလဖြစ်သောကြောင့်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ ဝဓကတော၊ မိမိအဆွေခင်ပွန်းကို သေကြောင်းကြံ၍ သတ်ဖြတ်တတ်သော သူသတ်ယောကျ်ားနှင့် တူသောကြောင့်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ သာသဝတော၊ လောဘဒေါသအစရှိသော အာသဝေါတရားတို့၏ ကျက်စားရာ အာရုံဖြစ်သောကြောင့်။ ဒုက္ခာ၊ ဒုက္ခမည်ကုန်၏။ မာရာမိသတော၊ မစ္စုမာရ်

ကိုလေသမာရ်မင်းတို့၏ သတ်ဖြတ်စားသောက်ရာ အာမိသ သဖွယ်ဖြစ်သော်ကြောင့်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ ဇာတိဓမ္မတော၊ အဖန်တလဲလဲ ပဋိသန္ဓေပြောင်းနေရခြင်းသဘောရှိသောကြောင့်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ ဇရာဓမ္မတော၊ အိုခြင်းသဘောရှိသောကြောင့်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ ဗျာဓိဓမ္မတော၊ဖျားနာတတ်သော သဘောရှိသောကြောင့်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ သောကဓမ္မတော၊ စိုးရိမ်ပူပန်ရခြင်း သဘောရှိသောကြောင့်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ပရိဒေဝဓမ္မ-တော၊ ငိုကြွေးရခြင်းသဘောတရား၏ အဖြစ်ကြောင့်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ ဥပါယာသဓမ္မတော၊ ပြင်းစွာပူဆွေးရသော သဘောရှိသောကြောင့်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ သံကိလေသိကဓမ္မတော၊ရာဂတဏှာဖြင့် ညစ်ညူးခြင်း, အမြင်မှားသော ဒိဋ္ဌိဖြင့် ညစ်ညူးခြင်း, ဒုစရိုက်ကိုကျင့်မိသားဖြင့် ညစ်ညူးခြင်းဟု ဆိုအပ်သော သုံးပါးသော ညစ်ညူးခြင်းတို့၏ ကျက်စားရာ တည်ရာဖြစ်သောကြောင့်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ ဒုက္ခာ၊ လွန်စွာဆင်းရဲကုန်၏။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သခ်ါရာ၊ သခ်ါရတို့သည်။ ပရတော၊ အကျိုးလိုဟန် ရန်သူသဖွယ် ဖြစ်သောကြောင့်။ အနတ္တာ၊ အစိုးမရ အနတ္တဖြစ်ကုန်၏။ ပရတော၊ မိမိကိုယ်တွင်းဌ် တည်သော်လည်း မိမိလိုရာမပါ မလိုက်သည်ဖြစ်၍ သူစိမ်းပြင်သူ လူနှင့်တူသောကြောင့်။ အနတ္တာ၊ အစိုးမရ အနတ္တဖြစ်ကုန်၏။ ရိတ္တတော၊ ငှက်ပျောပင်ဖတ် အထပ်ကဲ့သို့ အတွင်းအပ အနှစ်သာရမရှိသော်ကြောင့်။ အနတ္တာ၊ အစိုးမရ အနတ္တဖြစ်ကုန်၏။ တုစ္ဆတော၊ ဖြည်အပ်သော လက်ဆုပ်ကဲ့သို့ ကိုယ်အလုံးဌ် သုံးစရာမရှိ အချည်းနှီးဖြစ်သောကြောင့်။ အနတ္တာ၊ အစိုးမရ အနတ္တဖြစ်ကုန်၏။ သုညတော၊ နိစ္စ သုခ သုဘအစရှိသည်မှ ဆိတ်သောကြောင့်။ အနတ္တာ၊ အစိုးမရ အနတ္တဖြစ်ကုန်၏။ အသာမိကတော၊ ထိန်းသိမ်းစောင့်ရှောက်နိုင်သူ အရှင်မရှိသောကြောင့်။ အနတ္တာ၊ အစိုးမရ အနတ္တ ဖြစ်ကုန်၏။ အနိဿရတော၊ ကိုယ်ကိုကိုယ်ရှင် အစိုးမရသောကြောင့်။ အနတ္တာ၊ အစိုးမရ အနတ္တဖြစ်ကုန်၏။ အဝသဝတ္တိတော၊ ကျည်တောက်သွန် ရေယဉ်စီးသော မြစ်ကြီးရေကို ဆို့ပိတ်ဆီးဆည်၍ မရသကဲ့သို့ သဘောအလျောက်ဖြစ်ခြင်း ပျက်ခြင်း ဥပါဒ် ဘင်အလျဉ် တို့ကို မဆီးတားနိုင် အလိုနှိုင်ငံသို့ မလိုက်စေနိုင်သောကြောင့်။ အနတ္တာ၊ အသယံဝသီ, အနိဝါသီ,

အကာရက, အဝေဒက အနတ္တမည်ကုန်၏။ အနတ္တာ၊ တိတ္ထိတ္ထိသည် ကြံဆအပ်သော ကိုယ်ဟူသည် မဟုတ် စင်စစ် အနတ္တသာ မည်ကုန်၏။

ဤအနက်အစဉ်အတိုင်းသော်၎င်း၊ ဤအနက်အစဉ်ကို မှတ်သားမိအောင် ပြု၍ ရှေးမဂဓပါဠိကိုသော်၎င်း နှလုံးသွင်းအပ်၏။

တနည်း–မြန်မာဘာသာဖြင့် အလိုရှိသောသူတို့သည် ဤဆိုလတ္တံ့သော နည်းဖြင့် ပွါးအပ်၏။

ဤအလုံးစုံသော ရူပ်နာမ်တရားတို့သည် ပဋ္ဌိသန္ဓေစိတ်မှ စုတိကာလတိုင်အောင် လျှပ်စစ်တပြက် အတွင်း၌သာလျှင် အကုဋေမကသော ရူပ်သစ် နာမ်သစ် လဲ၍လဲ၍ ပျက်စီးကုန်ရကား မမြဲသည်ဖြစ်၍ အနိစ္စ အနိစ္စ။ အခိုက်အတန့်မျှသာ တည်သည်ဖြစ်၍ မမြဲ အနိစ္စ အနိစ္စ။ တုန်လှုပ်ချောက်ချား ပျက်ပြားဖောက်ပြန်ခြင်း မခိုင်ခန့်ခြင်းသဘော အစုမျှသာ ဖြစ်ရကား မမြဲ အနိစ္စ အနိစ္စ။

ဤသို့ အလုံးစုံသော ရူပ်နာမ်ခန္ဓာတို့သည် ဤလျှပ်စစ်တပြက် ကာလအတွင်း၌ မရေတွက်နိုင်ဖြစ်ခြင်း ပျက်ခြင်းဖြင့် နှိပ်စက်ရကား အလွန်ဆင်းရဲသည်ဖြစ်၍ ဒုက္ခ ဒုက္ခ။ အလုံးစုံသော ဘေးအပေါင်းတို့၏ ပေါင်းဆုံ၍ ကျရာ ဖြစ်သောကြောင့် ဒုက္ခ ဒုက္ခ။ ပစ္စုပ္ပန်, သံသရာ, အဋ္ဌတ္ထ, ဗဟိဒ္ဓ မျှားစွာသော ဘေးဥပဒ္ဒဝေါ ရောဂါအန္တရာယ် ရန်မာန်အပေါင်းတို့၏ တည်ရာ ဖြစ်သောကြောင့် ဒုက္ခ ဒုက္ခ။

ဤအလုံးစုံသော ရူပ်နာမ် သခ်ါရတရားတို့သည် ကိုယ်၏ အတွင်း၌ တည်လျက် အလိုရှိရာမလိုက်မပါခြင်းကြောင့် သူစိမ်းပြင်ပသဖွယ်ဖြစ်ကား ပရတော အနတ္တ အနတ္တ။ ဤ ကိုယ်အလုံး၌ ပရမာဏုမြူမျှလောက်သော အသားစိုင်တခု၌ပင် မရေတွက်နိုင်သော ရူပ်မှုန့်အစုမျှသာဖြစ်၍ အဏုမြူမျှ ဃနဟူသော အနှစ်သာရမရှိရကား ရိတ္တတော အနတ္တ အနတ္တ။ လူ၏သဏ္ဌာန်, နတ်၏

သဏ္ဌာန်, ဆင်သဏ္ဌာန်, မြင်းသဏ္ဌာန် အစရှိသည်ဖြစ်၍ အလုံးအခဲကဲ့သို့ ထင်မြင်ရသော်လည်း ဂင်္ဂါသဲစုကဲ့သို့ မရေတွက်နိုင် များစွာသော ဘင်တည်းဟူသော မရဏမီးတို့ဖြင့် ပျက်စီး၍ ပျောက်ကွယ် ငြိမ်းကွယ်ရကား ပရမတ္ထတရားအစုမျှသာ ဖြစ်၍ သုံးစွဲစရာ အနည်းငယ် တစုံတခု အတွင်းပြင်ပ မရှိရကား အချည်းနှီးသာဖြစ်၍ တုစ္ဆတော အနတ္တ အနတ္တ။ အိပ်မက် မီးစက်ကွင်း ဂန္ဓဗ္ဗနတ်ရွာ ဟူသကဲ့သို့ အခိုက်အတန့် ထင်လိုက်ရ၍ ထင်တိုင်း မြင်တိုင်းသော အကောင်အသည်ဟူသည်မှ ဆိတ်လေရကား သုညတော အနတ္တ အနတ္တ။ မဟာနဒီ မြစ်ကြီးရေကို ဆီးဆည်၍ မရသားကဲ့သို့ ဤရုပ်နာမ်တရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို မဆီးတားနိုင် အစိုးမရ၊ အသာမိက၊ အသယံဝသီ၊ အနိဿရ အနတ္တ အနတ္တ။ ဤသို့ ရှုအပ်၏။

ဤအရာ၌ ရုပ်ဟူရာတို့၏ သေးဖွဲ့ သိမ်မွေ့ မျှားပြားသည်၏ အဖြစ်ကို အသေအချာ မြင်နိုင် ရှုနိုင်ခြင်း၏ အကျိုးငှါ ဤသို့ မှတ်ဦး။

ခရီးမဲ့၌ ရထားသွားသည်အခါ တက်၍ လှုပ်သော မြှုသည် ရထရေကူမြှုမည်၏၊ ၎င်းရထရေကူမြှုကို သုံးဆယ့်ခြောက်စိတ်စီ၍ တခုသောအစိတ်သည် တဇာရိမြှု မည်၏၊ ၎င်းကို သုံးဆယ့်ခြောက်စိတ်စီ၍ တခုသော အစိတ်သည် အကျမြှု မည်၏။ ၎င်းကို သုံးဆယ့်ခြောက်စိတ်စီ၍ တခုသော အစိတ်သည် ပရမာကျမြှု မည်၏ ဟူသတတ်။

၎င်းပရမာကျမြှုအတိုင်းအရှည်ရှိသော ရထားစိုင်တခု၌ပင်လျှင် ကမ္မပစ္စယ ကမ္မသမုဋ္ဌာနရုပ်အမျှား, ကမ္မပစ္စယ ဥတုသမုဋ္ဌာနရုပ်အမျှား, ၎င်းကမ္မပစ္စယ အာဟာရသမုဋ္ဌာနရုပ်အမျှား, စိတ္တပစ္စယစိတ္တသမုဋ္ဌာန ရုပ်အမျှား, စိတ္တပစ္စယဥတု သမုဋ္ဌာနရုပ်အမျှား, ၎င်းစိတ္တပစ္စယအာဟာရသမုဋ္ဌာနရုပ်အမျှား, ဥတုပစ္စယဥတုသမုဋ္ဌာန ရုပ်အမျှား, ဥတုပစ္စယအာဟာရသမုဋ္ဌာနရုပ်အမျှား, အာဟာရပစ္စယ အာဟာရသမုဋ္ဌာနရုပ်အမျှား, အာဟာရပစ္စယဥတုသမုဋ္ဌာနရုပ် အမျှားရှိသည်ဖြစ်၍ ခန္ဓာကိုယ် အလုံးဌ၌ကား ဂင်္ဂါသဲစုကဲ့သို့ မရေတွက်နိုင် မပိုင်းခြားနိုင်သည်သာလျှင်တည်း ဟူ၍ မှတ်အပ်၏။ (ဤကား စကားချပ်။)

ဤသို့ ဆိုအပ်ခဲ့ပြီးသော သုံးပါးသော နည်းတို့တွင် နှစ်သက်ရာတပါးပါးကို ပွါးအပ်၏။ အောက်၌ ဆိုအပ်ခဲ့ပြီးသော သမ္မသနဉာဏ်အရာ၌လည်း ဤနည်းအတိုင်း ပွါးလိုလျှင် ပွါးအပ်၏။

ဤကား ပဋ္ဌိသခ်ၦိနုပဿနာ၌ ဘာဝနာကာရတည်း။

ပဋ္ဌိသခ်ၦိနုပဿနာ၌ ထင်ပုံ ဥပဌာနာကာရကို ပြခြင်း

ဤ ဆိုလတ္တံ့သည်ကား ထင်ပုံ ဥပဌာနာကာရတည်း။ ၎င်းဥပဌာနာ-ကာရ၌—

"အနိစ္စတော မနသိကရောတော နိမိတ္တံ ပဋ္ဌိသခ်ၦာဏံ ဥပ္ပဇ္ဇတိ။ ဒုက္ခတော မနသိကရောတော ပဝတ္တံ ပဋ္ဌိသခ်ၦာဏံ ဥပ္ပဇ္ဇတိ။ အနတ္တ-တော မနသိကရောတော နိမိတ္တဉ္စ ပဝတ္တဉ္စ ပဋ္ဌိသခ်ၦာဏံ ဥပ္ပဇ္ဇတိ"—

ဤသို့ အစရှိသော ပါဠိ၁,

"တိလက္ခဏာရောပဒနေန သခ်ၦါရေ အာဝဇ္ဇေတွာ ဒုဗ္ဗလေ ကတ္တာ ပုန နိစ္စသုခသုဘအတ္တာကာရေန ဥပဌာတုံ အသမတ္ထတံ ဂါပေတ္တာ သုမုတ္တံ မုဉ္စတိ။ ဇောဝတာ ကသ ဥပ္ပန္နံ ဟောတိ ပဋ္ဌိသခ်ၦာဏံ"။ အဋ္ဌကထာ ၂—

ဤသို့ အစရှိသော ပါဠိ အဋ္ဌကထာကို၊ အစဉ်မှီး၍ မှတ်အပ်၏။

အဓိပ္ပါယ်အကျဉ်းကား—ဤ ပဋ္ဌိသခ်ၦာဏ်၌ ဥပဌာနာကာရနည်းကား ရှေးမုစ္စိတုကမျှတာဉာဏ်တင်ခြင်းနှင့် မထူးလွန်း၊ သခ်ၦါရတရားတို့၌ နိစ္စ သုခ အတ္တ အစရှိသည်ဖြင့် တဖန်ကပ်လာခြင်းငှါ မတတ်နိုင်အောင် အထပ်ထပ် သုံးသပ်ဆင်ခြင်၍ သခ်ၦါရတရားတို့၌ အတိုင်းထက်အလွန် အနိစ္စ ဒုက္ခ အနတ္တ၏ အဖြစ်ကို အထပ်ထပ်ရှုသဖြင့် အလွန်လွတ်လိုသော မုစ္စိတုကမျှတာဉာဏ်

၁။ ပဋ္ဌိသံ၊ ၂၅၉။ ၂။ ဝိသုဒ္ဓိ၊ ၂။ ၂၉၀။

သန်သန် ဖြစ်ခြင်းသည်ပင်လျှင် ပဋ္ဌိသခ်ါနုပဿနာဉာဏ် ဖြစ်သည်မည်၏ ဟူလိုသည်။

ဂင်းဉာဏ်ဘပါးသည်ပင်လျှင် သခ်ါရတရားတို့မှ အလွန် လွတ်လိုသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းကြောင့် မုဇ္ဈိတုကမျှတာဉာဏ်လည်း မည်၏။ ထိုသို့ အလွန်လွတ်လိုခြင်း၏လည်း သခ်ါရတရားတို့၏ အနိစ္စ အစရှိသော လက္ခဏာကို ရှုပြီး သိပြီးသည်မှ အခြားမဲ့၍ ဖြစ်ခြင်းကြောင့် ပဋ္ဌိသခ်ါနုပဿနာဉာဏ်လည်း မည်၏ ဟူလိုသည်။

"ယာ စ မုစ္ဈိတုကမျှတာ ယာ စ ပဋ္ဌိသခ်ါနုပဿနာ ယာ စ သခ်ါရေပက္ခာ၊ ဣမေ ဓမ္မာ အတ္ထတော ကေ ဗျဉ္ဇနမေဝ နာနံ"—

ဟူသော ပါဠိ[1] ကို ရှု။

ပဋ္ဌိသခ်ါနုပဿနာဉာဏ် တည်းဟူသော ဝေါဟာရ၏လည်း အဘေဒနည်း ကေတ္တာနည်းအားဖြင့် ဖြစ်သည်မှတ်။

နိမိတ္တံ ပဋ္ဌိသခ်ါတိ "သခ်ါရနိမိတ္တံ အဓုဝံ တာဝကာလိက"န္တိ အနိစ္စ-လက္ခဏဝသေန ဇာနိတ္မာ ကာမဋ္ဌ ပန[2] ပဌမံ ဇာနိတ္မာ ပစ္ဆာ ဉာဏံ ဥပ္ပဇ္ဇတိ၊ ဝေါဟာရဝသေန ပန "မနဋ္ဌ ပဋ္ဌိစ္ဘ ဓမ္မေ စ ဥပ္ပဇ္ဇတိ မနောဝိညာဏ"န္တိအာဒိနိ ဝိယ ဝေ ဝုစ္စတိ၊ ကေတ္တာနယေန ဝါ ပုရိမဋ္ဌ ပစ္ဆိမဋ္ဌ ကေ ကတ္မာ ဝေ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။ အဋ္ဌကထာ[3]။

မနံ၏အရ စွဲလုအာရုံဖြစ်သော စိတ်လည်း တစ်ကာလ၊ မနောဝိညာဏ်၏ အရ စွဲတတ်သော အာရမ္မဏိကစိတ် ဖြစ်သည်သည်း တစ်ကာလ၊ ဤသို့ကာလ ပြားလျက် "မနဋ္ဌ ဥပ္ပဇ္ဇတိ မနောဝိညာဏံ"ဟု အဘေဒအားဖြင့် လာသကဲ့သို့ အနိစ္စ အစရှိသည်ကို ရှုမြင်ဆင်ခြင်သည် တစ်ကာလ၊ ပဋ္ဌိသခ်ါဉာဏ်ဖြစ်သည် တစ်ကာလ၊ ဤသို့ ကာလပြားလျက် ဝေါဟာရအားဖြင့် မပြားသကဲ့သို့ ဆိုသည် ဟူလိုသည်။

၁။ ပဋ္ဌိသံ ၂၅၉-၌ "ဣမေ ဓမ္မာ ကေတ္ထာ၊ ဗျဉ္ဇနမေဝ နာနံ"ဟု ရှိ၏။

၂။ ကာမဋ္ဌ နု(ဆဋ္ဌမ)။ ၃။ ဝိသုဒ္ဓိ၊ ၂။ ၂၉၁။

တနည်းလည်း—ရှေစိတ် နောက်စိတ် နှစ်ပါးကို တပါးတည်းကဲ့သို့ ယူ၍ ကေတ္တနည်းအားဖြင့် ပဋိသန္ဓေဥာဏ်ဟူ၍ ဆိုသည်မှတ် ဟူလိုသည်။

ပဋိသန္ဓေ အနိစ္စာဒိဝသေန ဇာနိတ္မာ ပဝတ္တိဥာဏံ ပဋိသန္ဓေဥာဏံ။ ဤကား ပဋိသန္ဓေဥာဏ်ဟူ၍ **လာရာ၌** ဝစနတ္ထ။

အနုပဿနာယေဝ ဥာဏံ အနုပဿနာဥာဏံ။ ပဋိသန္ဓေ ဇာနိတ္မာ ပဝတ္တံ အနုပဿနာဥာဏံ ပဋိသန္ဓေအနုပဿနာဥာဏံ။ ဤကား ပဋိသန္ဓေနုပဿနာဥာဏံ ဟူ၍ လာရာ၌ ဝစနတ္ထ။

ပဋိသန္ဓေနုပဿနာဥာဏ် ဤတွင် အပြီးသတ်။

သခ်ၸိရူပေက္ခာဥာဏ်၌ ဘာဝနာကာရနည်း

ပဋိသန္ဓေနုပဿနာဥာဏ်မှ အခြားမဲ့၌ သခ်ၸိရူပေက္ခာဥာဏ်ကို ဆိုခွင့်ရောက်၏။ ၎င်းသခ်ၸိရူပေက္ခာဥာဏ်၌—

> "သော ဝေ ပဋိသန္ဓေနုပဿနာဥာဏေန "သဗ္ဗေ သင်္ခါရာ သုညာ"တိ ပရိဂ္ဂဟေတ္မာ ပုန "သုညမိဒံ အတ္တေန ဝါ အတ္တနိယေန ဝါ"တိ ဒ္ဝိကောဋ္ဌိကံ သုညတံ ပရိဂ္ဂဏှာတိ၊ သော ဝေ နေဝ အတ္တာနံ နာ ပရံ ကိဉ္စိ အတ္တနော ပရိက္ခာရဘာဝေ ပတိဋ္ဌိတံ ဒိသ္မာ ပုန "နာဟံ ကုစနိ ကဿစိ ကိဉ္စနတသ္မိ နာ စ မမ ကုစနိ ကိသ္မိဉ္စိ ကိဉ္စနတတ္ထိ"တိ ယာဝတ္ထ စတုကောဋ္ဌိကာ သုညတာ ကထိတာ၊ တံ ပရိဂ္ဂဏှာတိ—

ဤသို့အစရှိသော အဌကထာပါဋိ[1]ကို အစဉ်မြီး၍ မှတ်အပ်၏။

အဓိပ္ပါယ်ကား—သခ်ၸိရူပေက္ခာဥာဏ်ကို ဖြစ်စေလိုသော ယောဂိပုဂ္ဂိုလ်သည် ပဋိသန္ဓေနုပဿနာဥာဏ်ဖြင့် မြင်အပ်ပြီးသော သင်္ခါရတရားတို့၏ အတ္တ, အတ္တနိယမှ ဆိတ်သည်၏အဖြစ်ကို အာရုံပြု၍ "သဗ္ဗေ သင်္ခါရာ သုညာ သဗ္ဗေ

---

[1] ဝိသုဒ္ဓိ၊ ၂။ ၂၉၁။

သခ်ၤါရ သုညာ" ဤသို့ ရှေးဦးစွာ ဒိုကောင်ဋ္ဌကသုညတာနုပဿနာနည်းဖြင့် ရှုအပ်၏။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သခ်ၤါရ၊ ရူပ်နာမ်ခန္ဓာ တေဘုမ္မကသခ်ၤါရတရား ဟူသမျှတို့သည်။ သုညာ၊ ကိုယ်ဟူသည်မှုရင်း ကိုယ်၏ဥစ္စာမှုရင်း ဆိတ်ကုန်၏။ (ဤကား အနက်။)

ဤသို့ အတန်ငယ် ရှုပြီးသည်ရှိသော် ဤသို့ ဆိုလတ္တံ့သော စတုကောင်ဋ္ဌက-သုညတာနုပဿနာနည်းဖြင့် ရှုအပ်၏။

ရှုဟန်ကား-- ကွစနိ၊ တစုံတခုသော တေဘုမ္မကသခ်ၤါရဟု။ မမ၊ ငါ၏။ အတ္တာ၊ အစိုးရသောကိုယ်ဟူသည်။ နု၊ မရှိ။ ကဿစိ၊ တစုံတယောက်သော သူ၏။ မမ၊ ငါ့အား။ ကိဉ္စနံ၊ ကြောင့်ကြဖွယ်သည်။ နု၊ မရှိ။ ကွစနိ၊ တစုံတခုသော အရပ်ဟု။ ပရဿ၊ တပါးသော မိဘဆွေမျိုး အစရှိသည်၏။ အတ္တာ၊ ကိုယ်ဟူသည်။ နု၊ မရှိ။ ကိသ္မိစိ၊ တစုံတခုသော မိဘဆွေမျိုးစသည်ဟု။ မမ၊ ငါ၏။ ကိဉ္စနံ၊ ကြောင့်ကြစရာမည်သည်။ နု၊ မရှိ။ ဤသို့ အဖန်ဖန် ရှုအပ်၏။

မြန်မာဘာသာသက်သက် အကျဉ်းအားဖြင့် ရှုလိုလျှင်လည်း ရှေးမြင်ပြီးသည် အတိုင်း ရူပ်နာမ်တရားတို့၏အမှုန့်စုကို အာရုံပြု၍ ဤအလုံးစုံသော သခ်ၤါရတရားတို့သည် ငါလည်း မဟုတ်, ငါ၏ ဥစ္စာလည်း မဟုတ်၊ သူတပါးလည်း မဟုတ် သူတပါး၏ ဥစ္စာလည်း မဟုတ်၊ စင်စစ်အားဖြင့်ကား လျှပ်စစ်တပြက် အတွင်း မရေတွက်နိုင် ပျက်စီး၍ ပျက်စီး၍ ငြိမ်းကုန်သော ရူပ်နာမ်တရား အမှုန့်စုသာတည်း အမှုန့်စုသာလျှင်တည်း။ ဤသို့ ရှုအပ်၏။

၁။ မ၊ ၃။ ၅၀-လာ "သုညမိဒံ အတ္တေန ဝါ အတ္တနိယေန ဝါ"ဟူသော နည်းကို မှီး၍ ပွါးသောနည်း။

၂။ စတုကောင်ဋ္ဌကသုညတာနုပဿနာနည်းမှာ (၁) နဟံ ကွစနိ=ငါဟူသော အတ္တသည် ဘယ်နေရာမှ မရှိ။ (၂) ကဿစိ ကိဉ္စနတသ္မိ=တပါးသူ တစုံတယောက်၏ ကြောင့်ကြဖွယ် အတ္တမရှိ။ (၃) နစ ကွစနိ=တပါးသူဟူသော အတ္တသည် ဘယ်နေရာမှ မရှိ။ (၄) မမ ကိသ္မိဉ္စိ ကိဉ္စနတတ္ထိ=ငါ၏ ကြောင့်ကြဖွယ်ဖြစ်သော တပါးသူ အတ္တသည် မရှိဟူ၍ ဖြစ်၏။

ဤသို့ စတုကောဋ္ဌာသဘုညတာနုပဿနာ နည်းဖြင့် ရှုပြီးသည်ရှိသော် ဤ ဆိုလတ္တံ့သော ဆကောဋ္ဌာသဘုညတာနုပဿနာနည်းဖြင့် ရှုအပ်၏။

ရှုဟန်ကား—

"သဗ္ဗေ သခ်ၢါရာ အတ္တေန ဝါ အတ္တနိယေန ဝါ နိစ္စေန ဝါ သုခေ-
နေ ဝါ သဿတေန ဝါ အဝိပရိဏာမဓမ္မေန ဝါ သုညာ သုညာ[1]"-
ဤသို့ ရှုအပ်၏။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သခ်ၢါရာ၊ ရုပ်ဝေဒနာ သညာ သခ်ၢါရ ဝိညာဏ် ဟူသော ခန္ဓာငါးပါး, စက္ခု သောတ အစရှိသော အာယတနဆယ်သစ္စာ ပဋ္ဌိစ္စ သမုပ္ပါဒ် တရားဟူသမျှတို့သည်။ အတ္တေန ဝါ၊ မိမိကိုယ် သူတပါးကိုယ်ဟူသည် မှုရင်း။ အတ္တနိယေန ဝါ၊ ကိုယ်၏ဥစ္စာ ဟူသည်မှုရင်း။ နိစ္စေန ဝါ၊ နိစ္စဝေ သဘောမှုရင်း။ သုခေန ဝါ၊ ချမ်းသာသော သဘောမှုရင်း။ သဿတေန ဝါ၊ မချုတ်မြဲမြံသော သဘောမှုရင်း။ အဝိပရိဏာမဓမ္မေန ဝါ၊ မဖောက်မပြန်သော သဘောမှုရင်း။ သုညာ၊ ဆိတ်ကုန်၏။ သုညာ၊ အချည်းနှီး ဆိတ်ကုန်သည် သာလျှင်တည်း။ ဤသို့ရှု။

ဤသို့ အတန်ယျ ရှုပြီးသည်ရှိသော် ဤ ဆိုလတ္တံ့သော ရှစ်ပါးသော အခြင်းအရာတို့ဖြင့် ရှုအပ်၏။

ရှုဟန်ကား—

သဗ္ဗေ သခ်ၢါရာ နိစ္စသာရသာရေန အသာရာ။ ဓုဝသာရသာရေန အသာရာ။ သုခသာရသာရေန အသာရာ။ အတ္တသာရသာရေန အသာရာ။ နိစ္စေန ဝါ အသာရာ။ ဓုဝေန ဝါ အသာရာ။ သုခေန ဝါ အသာရာ။အဝိပရိဏာမဓမ္မေန ဝါ အသာရာ။နိယသာရာ သာရာပဂတာ[2]-
ဤသို့ရှု။

၁။ ဘုဇ္ဇနီ။ ၁၈၃-လာ "စက္ခု သုညံ အတ္တေန ဝါ အတ္တနိယေန ဝါ- စသော နည်းကို မှီး၍ ဆိုသည်။ ဝိသုဒ္ဓိ၊ ၂။၂၉၂။

၂။ ဝိသုဒ္ဓိ၊ ၂။၂၉၂ လာ "ရှုပ် အသာရံ" စသော ပါဠိကိုမှီ၍ ဆိုသည်။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သခ်ါရာ၊ ရူပ် နာမ် ခန္ဓာ သခ်ါရတရားဟူသမျှ တို့သည်။ နိစ္စသာရသာရေန၊ မြဲသော အနှစ်ဟု ဆိုအပ်သော အနှစ်သာရ အားဖြင့်။ အသာရာ၊ အနှစ်မရှိကုန်။ ဓုဝသာရသာရေန၊ ခိုင်ခံ့သော အနှစ်ဟု ဆိုအပ်သော အနှစ်သာရအားဖြင့်။ အသာရာ၊ အနှစ်မရှိကုန်။ သုခသာရ-သာရေန၊ သုခဟူသော အနှစ်သာရအားဖြင့်။ အသာရာ၊ ကုန်။ အတ္တသာရ-သာရေန၊ ကိုယ်ဟူသော အနှစ်သာရအားဖြင့်။ အသာရာ၊ ကုန်။ နိစ္စေန ဝါ၊ နိစ္စသဘောအားဖြင့်လည်း။ အသာရာ၊ ကုန်။ ဓုဝေန ဝါ၊ဓုဝသဘောအားဖြင့် လည်း။ အသာရာ၊ ကုန်။ သုခေန ဝါ၊ သုခသဘောအားဖြင့်လည်း။ အသာရာ၊ ကုန်။ အဝိပရိဏာမဓမ္မေန ဝါ၊ မဖောက်မပြန်သော သဘောအားဖြင့်လည်း။ အသာရာ၊ အနှစ်မရှိကုန်။ နိဿာရာ၊ ရေမြှုပ်စိုင် ရေပြွက် စသည်တို့၏သို့ အနှစ်မဲ့ကုန်၏။ သာရာပဂတာ၊ ရေသဖန်းပင် လက်ပံပင် စသည်တို့၏သို့ အနှစ်ဟူသည်မှ ကင်းကုန်၏။ (ဤကား အနက်။) ဤအနက်အတိုင်းသော် လည်းရှု။

ဤသို့ ရှုပြီးသည်ရှိသော် ဤဆိုလတ္တံ့သော ဆယ်ပါးသော အခြင်းအရာ တို့ဖြင့် ရှုအပ်၏။

ရှုဟန်ကား—

သဗ္ဗေ သခ်ါရာ ရိတ္တာ တုစ္ဆာ သုညာ အနတ္တာ အနိဿရိယာ အကာမကာရိယာ အလဇ္ဇနိယာ အဝသဝတ္တိနော ပဆု ဝိဝိတ္တာ[1]— ဤသို့ရှု။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သခ်ါရာ၊ ခန္ဓာအာယတန အစရှိသော အလုံးစုံ သော သခ်ါရတရားတို့သည်။ရိတ္တာ၊ ကိုယ်တွင်း အနှစ်ဟူသည်မှ ကုန်ခန်းကုန်၏။ တုစ္ဆာ၊ အလုံးစုံ ကိုယ်တွင်း ကိုယ်ပ အနှစ်မရှိ အချည်းနှီး ဖြစ်ကုန်၏။ သုညာ၊ နိစ္စ ဓုဝ သုခ အဝိပရိဏာမ အတ္တ]အစရှိသည်မှ ဆိတ်ကုန်၏။ အနတ္တာ၊ တိတ္ထိတို့ ကြံဆအပ်သော ကိုယ်ဟူသည် မဟုတ်ကုန်။ အနိဿရိယာ၊ တစုံတခုအစိုးရသည် မဟုတ်ကုန်။ အကာမကာရိနော၊ အလိုသို့လိုက်၍ မပြုတတ်ကုန်။ အလဇ္ဇနိယာ၊ ရေမြှုပ်စိုင် အတူ သုံးယူစရာ မရအပ်ကုန်။ အဝသဝတ္တိနော၊နိစ္စသုခဖြစ်စေခြင်းငှါ

၁။ ဗုဒ္ဓနိ ၁၀၄ "ရူပံ ရိတ္တတော" စသောစကားကို မှီးရှုဆိုသည်။ ဝိသုဒ္ဓိ ၂၊ ၂၉၁။

အလိုနိုင်ငံသို့ မလိုက်ကုန်။ ပရာ၊ မိတ်ဆွေအယောင် လှည့်ပတ်ဆောင်သော ရန်သူ လူစိမ်းသဖွယ် ဖြစ်ကုန်၏။ ဝိဝိတ္တာ၊ နိစ္စဝုဝ အစရှိသော အလုံးစုံသော အနှစ်သာရ ဟူသည်မှ ဆိတ်ကုန်၏။ (ဤကား အနက်။)

ဤသို့ အတန်ငယ်ရှုပြီးသည်ရှိသော် ဤဆိုလတ္တံ့သော တဆယ့်နှစ်ပါးသော အခြင်းအရာတို့ဖြင့် ရှုအပ်၏။

ရှုဟန်ကား—

သဗ္ဗေ သခါရာ နိ သတ္တာ နိ ဇီဝေါ နိ နရော နိ မာဏဝေါ နိ ဣတ္ထီ နိ ပုရိသော နိ အတ္တာ နိ အတ္တနိယံ နိ ဟံ နိ မမ နိ အညံ နိ ကသိ ဝိ — ဤသို့ရှု။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သခါရာ၊ ခန္ဓာအာယတန အစရှိသော ရုပ်နာမ် တရားဟူသမျှတို့သည်။ နိ သတ္တာ၊ သတ္တဝါလည်း မဟုတ်။ နိ ဇီဝေါ၊ အသက်လည်း မဟုတ်။ နိ နရော၊ လူလည်း မဟုတ်။ နိ မာဏဝေါ၊ ပုဂ္ဂိုလ်တဆူသူလည်း မဟုတ်။ နိ ဣတ္ထီ၊ ဣတ္ထီလည်း မဟုတ်။ နိ ပုရိသော၊ ပုရိသလည်း မဟုတ်။ နိ အတ္တာ၊ ကိုယ်လည်း မဟုတ်။ နိ အတ္တနိယံ၊ ကိုယ်၏ ဥစ္စာလည်း မဟုတ်။ နိ ဟံ၊ ငါလည်း မဟုတ်။ နိ မမ၊ ငါ၏ဥစ္စာ ဟူသည်လည်း မဟုတ်။ နိ အညံ၊ သူဘပါးလည်း မဟုတ်။ နိ ကသိ ဝိ၊ တစုံတယောက်သော သူ၏ဥစ္စာလည်း မဟုတ်။ (ဤကား အနက်။)

ဤသို့ ရှုပြီးသည်ရှိသော် ပဋိသခါဉာဏ်အရာ၌ ဆိုအပ်ခဲ့ပြီးသည်ကို အစဉ်မှတ်သဖြင့် "သဗ္ဗေ သခါရာ အနိစ္စာ ဒုက္ခာ ရောဂါ ဂဏ္ဍာ သလ္လာ အဃာ" ဤသို့ အစရှိသည်ဖြင့်လည်း ရှုအပ်၏။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သခါရာ၊ ရုပ်နာမ်ခန္ဓာသခါရတရားတို့သည်။ အနိစ္စာ၊ အမြဲမရှိကုန်။ ဒုက္ခာ၊ ဆင်းရဲအတိသာချည်းတည်း။ ရောဂါ၊ အသည်း အသန်ရောက်သော ရောဂါသဖွယ် ဖြစ်ကုန်၏။ ဂဏ္ဍာ၊ ပြည်အစိုစို ယိုစီးသော အိုင်းအမာကြီးသဖွယ် ဖြစ်ကုန်၏။ သလ္လာ၊ ရှန စူးဝင်တတ်သော မြှား၏သဖွယ်

၁။ စူဋဋနီ ၁၈၄-နှင့် ဝိသုဒ္ဓိ၊ ၂။ ၂၉၃-လာ စကားစုကို မှီးသည်။

ဖြစ်ကုန်၏။ အဃာ၊ ဆင်းရဲခြင်း၏အကြောင်း မကောင်းမှုတို့၏တည်ရာလည်ဖြစ်ကုန်၏။ (ဤကား အနက်။) ဤသို့ အနက်အားဖြင့်သော်လည်း ရှု။

ဤသို့ဆိုသော ရှုနည်းတို့ကို အဋ္ဌကထာ၌ ရှုပက္ခန္ဓာမှစ၍ ဇရာမရဏတိုင်အောင် တပါး တပါးချင်း အစိတ်အစ်တ် ပွါးရာသော အခြင်းအရာဖြင့် ပြအပ်၏။ ၎င်းအတိုင်း တပါးချင်းခွဲ၍ အကျယ်ပွါးနိုင်လျှင် သာလွန်၍ပင် ထင်နိုင်ရာလတ္တံ့။

ဤအလုံးစုံသော ပွါးနည်းတို့ကို မန္ဒပညပုဂ္ဂိုလ်တို့အားသာလျှင် ရည်၍ အဋ္ဌကထာဆရာ မိန့်အပ်၏။ တိက္ခပညသုခပဋိပဒပုဂ္ဂိုလ်တို့မှာမူကား "သဗ္ဗေ သင်္ခါရာ အနိစ္စာ ဒုက္ခာ အနတ္တာ" ဤသို့ နှလုံးသွင်းကာမျှဖြင့်ပင်လျှင် ဝိပဿနာမယဉာဏ်အလွန်သဖြင့် ထိုခဏခြင်း မဂ်ဖိုလ်သို့ ရောက်ရကား ဤဆိုအပ်ခဲ့ပြီးသည်အတိုင်း အကျယ်ရှုဖွယ် မရှိ။

ဤသို့ ဆိုအပ်ခဲ့ပြီးသည်ကား သင်္ခါရပေကွာ ဉာဏ်အရာ၌ ဘာဝနာကာရနည်းတည်း။

သင်္ခါရပေကွာဉာဏ်၌ ဥပဒ္ဒာနာကာရနည်း

ဤဆိုလတ္တံ့သည်ကား ဥပဒ္ဒာနာကာရနည်းတည်း။ ဤသို့ ဆိုအပ်ခဲ့ပြီးသည်အတိုင်း အကျယ်အားဖြင့်ရင်း၊ " သဗ္ဗေ သင်္ခါရာ အနိစ္စာ ဒုက္ခာ အနတ္တာ " ဟူ၍ အကျဉ်းအားဖြင့်ရင်း ရှုဖန်များသည်ရှိသော် သင်္ခါရတရားတို့၌ ငါ့ငါ၏ ဥစ္စာ၊ သူဘပါး, သူတပါး၏ ဥစ္စာဟူသည် မရှိ၊ နိစ္စ သုခ အတ္တဟူသည်မှ စင်စစ်ဆိတ်၏၊ ဇာစုံတရာ ကြောင့်ကြစိုးရိမ်စရာ ပုဂ္ဂိုလ်သတ္တဝါမည်သည် အလျှင်းမရှိ၊ မရောက်နိုင်သော သင်္ခါရတရားတို့၏ ဘင်တည်းဟူသော မရဏမီးတို့ဖြင့် အမြဲလောင်အပ်သည်ဖြစ်၍ စင်စစ် အမြဲဆင်းရဲခြင်း ဒုက္ခသဘော အဃသဘော အိုင်းအမာကြီးပမာ လွန်စွာကျင်နာတတ်သော သဘောတရားသာလျှင်တည်း၊ စင်စစ် ပစ်လွတ်အပ်သော သဘောတရားအစုမျှ သာလျှင်တည်းဟု တပ်တပ်ထင်ထင် ပြ[1]ပြ[1]မြင်၏။

---

[1] ပြ.ပြ.—ထင်ထင်ရှားရှား။

အပြစ်ကိုမြင်သည်ဖြစ်၍ စွန့်ခွါအပ်ပြီးသော မယားဆိုးရှိသောယောကျ်ား၏သို့ ထိုသို့မြင်အပ်ပြီးသော သင်္ခါရတရားတို့၌ ကြောက်ခြင်း, စိုးရိမ်ခြင်း, နှစ်သက်ခြင်း မရှိ၊ လျစ်လျူမြစ်တားနိုင်ခြင်းသည်ဖြစ်၏။ အဋ္ဌတ္ထ, ဗဟိဒ္ဓသင်္ခါရတရားတို့၌ အဘယ်တစုံတရာ နှစ်သက်ဖွယ် ကြောင့်ကြဖွယ်ကို မမြင် အစိုးမရ အသာရကဖြစ်သော ရူပ်မှုန့်အစု နာမ်မှုန့်အစုသာလျှင်တည်းဟု ထင်ထင်မြင်၏။ ထိုအခါ သင်္ခါရုပေက္ခာဉာဏ်၏ ကမ်းသို့ ရောက်ပြီမှတ်။

ဂုဏ်းဉာဏ်သည် တေဘူမကသင်္ခါရတရားတို့မှ အလွန်လွတ်လိုသောအားဖြင့်လည်း ဖြစ်ခြင်းကြောင့် မုစ္စိတုကမျှတာဉာဏ်လည်း မည်၏။ သင်္ခါရတရားတို့၏ လက္ခဏာကို တင်ရှုပြီး မြင်ပြီးသည်မှ နောက်၌ဖြစ်သောကြောင့် ပဋိသင်္ခါဉာဏ်လည်း မည်၏။ သင်္ခါရတရားတို့ကို လျစ်လျူရှုသောအားဖြင့် ဖြစ်ခြင်းကြောင့် **သင်္ခါရုပေက္ခာဉာဏ်လည်း** မည်၏မှတ်။

မုစ္စိတုကမျှတာဉာဏ် သာမန်ဖြစ်ကာမျှဖြင့် ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ် ကိစ္စမတပ်သေး၊ ပဋိသင်္ခါဉာဏ် သာမန်ဖြစ်ကာမျှဖြင့်လည်း သင်္ခါရုပေက္ခာဉာဏ် ကိစ္စမတပ်သေး။ သင်္ခါရုပေက္ခာဉာဏ် ကိစ္စတပ်လျှင် ကြွင်းနှစ်ပါးနှင့်တကွ သုံးကိစ္စတပ်နိုင်သလျှင်ကတည်း။

ဤကိုရည်၍ "ယာ စ မုစ္စိတုကမျှတာ။ပ။ ဗျဥ္ဇနမေဝ နာနံ"ဟု မိန့်ဆိုအပ်သည်မှတ်။ ဤကား သင်္ခါရုပေက္ခာဉာဏ်၌ ဥပဇ္ဇာနာကာရတည်း။

ဤသည်လျှင် အဆုံးအဖြတ် ဝိနိစ္ဆယနှင့်တကွ ပွါးပုံ ထင်ပုံ ဘာဝနာကာရ ဥပဇ္ဇာနာကာရနည်းတို့ဖြင့် ပြအပ်သော သင်္ခါရုပေက္ခာဉာဏ် အပြီးသတ်။

အနုလောမဉာဏ် စသည်ဖြစ်ပုံကို ပြဆိုခြင်း

သင်္ခါရုပေက္ခာဉာဏ်မှ အခြားမဲ့၌ အနုလောမဉာဏ် ဂေါတြဘူဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကို ဖြစ်စေခြင်းငှါ အားထုတ်အပ်၏။ ဂုဏ်းအနုလောမဉာဏ်စသည်၌ ပွါးပုံ ဘာဝနာကာရနည်း အထူးအခြားမရှိ၊ ရှေးသင်္ခါရုပေက္ခာဉာဏ်၌ ဆိုအပ်

ခဲ့ပြီးသည်အတိုင်း "သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊ သဗ္ဗေ ဓမ္မာ အနတ္တာ၊ သဗ္ဗေ သင်္ခါရာ သုညာ အတ္တေန ဝါ အတ္တနိယေန ဝါ အညံ နတ္ထိ" အစရှိသည်ဖြင့် နှလုံးသွင်းဖန် ဆင်ခြင်ဖန်များသည်ရှိသော် ၎င်း အနုလောမဉာဏ် ဖြစ်လေသလျှင်ကတည်း။

ယင်းသို့ အနုလောမဉာဏ်စသည် မဖြစ်သမျှ ကာလပတ်လုံး ရံခါရံခါ ရုပ်တရားတို့၏ ဂင်္ဂါသဲစုတ်သို့မျှားစွာ မရေမတွက်နိုင် အမှုန့်စုဖြစ်၍ လျင်စွာ လျင်စွာ ပျက်ကုန်သော ဘင်ခဏတို့ကို အာရုံပြု၍ ရံခါရံခါ ယမ်းပုံကြီး၏အထက် ရှားမီးခဲ အထောင်ကျ၍လောင်အပ်သော ယမ်းမီးပွါးတို့၏သို့ နာမ်တရားတို့၏ လျှပ်စစ်တပြက်အတွင်း အကုဋေမက ပျက်စီး၍ ပျက်စီး၍ ငြိမ်းကုန် ပျောက်ကုန်သော ဘင်ခဏတို့ကို အာရုံပြု၍ ရံခါရံခါ ကိုယ်တွင်း အဖျတ္တသန္တာန် ရုပ်နာမ်တရားတို့၏ ပျက်စီးခြင်းကို အာရုံပြု၍ ရံခါရံခါ သူတပါးတို့၏ ရုပ်နာမ်ခန္ဓာ ပျက်စီးခြင်းကို အာရုံပြု၍ ရံခါရံခါ သဝိညာဏကသန္တာန်ကို ရံခါရံခါ အဝိညာဏကသန္တာန်ကို အာရုံပြု၍ "ဣမေ သင်္ခါရာ အနိစ္စာ ဒုက္ခာ အနတ္တာ" အစရှိသည်ဖြင့် အကျဉ်းအားဖြင့်ရင်း, ရှေးဆိုအပ်ခဲ့ပြီးသည်အတိုင်း အကျယ်အားဖြင့်ရင်း နှလုံးသွင်းအပ် ဆင်ခြင်အပ်၏။

ထိုအခါ ကြီးစွာသော သံတုံးကြီးကို အရည်ဖြစ်စေလို၍ ကျိုချက်သော ယောကျ်ား၏ မီးရဲရဲတောက် အရည်ဖြစ်လောက်လုနီးသော ကာလသို့ ရောက်သောအခါ ရှေးထက်မက လွန်စွာသော ဥဿာဟကို ဖြစ်စေလျက် အရည်သွက်သွက် မကျမချင်း တစဉ်းတမြှောင့်တည်း အသည်းအသန် အားထုတ်အပ်သော ဝီရိယ၏သို့ အလွန်ထက်သော ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်တို့ဖြင့် ခြုံရုံလျက် အဖန်ဖန် မရပ်မဆိုင်း အားထုတ်သော ယောဂိပုဂ္ဂိုလ်အား ထက်ဝန်းကျင် တိမ်တောင်တိမ်ပုပ်ကြီးတို့ဖြင့် ကေ:င်းကင်ပြည့် ဖုံးအုပ်လျက် တခဲနက်တက်၍ ရှာသောမိုးကြီး၏ မိုးသီးမိုးပေါက်မကျမီ ပုရေတရ၁ အခါ မိုးသက်လေ လာသဖြင့် လွန်စွာအေးမြခြင်း ဖြစ်သကဲ့သို့ ဥဒယဗ္ဗယာနုပဿနာစသော ဝိပဿနာ တိမ်တောင်ကြီးတို့ဖြင့် တခဲနက် ဖုံးအုပ်သည်ဖြစ်၍ အနုလောမဉာဏ် တည်းဟူသော မိုးသက်လေညှင်းဖြင့် လွန်စွာအေးမြခြင်းသို့ ဓဏာက်ပြီးသည်မှနောက်

၁။ ရှေးဦးစွာ။

ဂေါတြဘူဉာဏ်တည်းဟူသော မိုးသေးမိုးပေါက်ကျလျက် မဂ်ဉာဏ်, ဖိုလ်ဉာဏ်တည်းဟူသော မဟာမေဃ ပေါက္ခရမိုးကြိုး[1]ဖြင့် အနမတဂ္ဂသံသရာမှစ၍ တရံတဆစ် မအေးမြစဘူး ဟူးဟူးတောက် အမြဲ လောင်သော ကိလေသာဟူသော မီးအပေါင်းတို့၏ တပေါင်းတည်း အေးမြခြင်းသို့ ရောက်လေ၏။

တနည်းလည်း—ညဉ့်အခါ အမှုန်ယစ်သော ဆင်ကြီးကို မိမိ၏ ဆင်အမှတ်ဖြင့် ချဉ်းကပ်ကောက်ယူမိသော ဆင်ဦးစီးယောကျ်ား၏ ၎င်းဆင်၏ မိမိဆင် မဟုတ်သည်၏အဖြစ်, တောဆင်ရိုင်း၏ အဖြစ်ကို ဟုတ်မှန်စွာ သိသည်အခါ အလန့်တကြား မဆိုင်းမရပ် ဘေးကင်းရာသို့ မကပ်မချဉ်း အပြင်းပြေးသွားအပ်သော ဝိရိယ၏သို့ ရှေး အနုပုထုဇဉ်အခါ နိစ္စ သုခ အတ္တ အထင်အမှတ်ဖြင့် သုံးသပ်မိသော သင်္ခါရတို့၌ ဘင်္ဂါနုပဿနာ၏ အစွမ်းအားဖြင့် ဘယတုပဋ္ဌာနဉာဏ် စသည်အစဉ်အဘိုင်း ဖြစ်၍ မြင်အပ်ပြီးသော အပြစ် အာဒီနဝရှိသော ယောဂိပုဂ္ဂိုလ်အား ထိုမြင်အပ်ပြီးသော အပြစ်ရှိသော တေဘူမ္မကသင်္ခါရ ဘဝ ဂတိ ယောနိ ဟူသမျှတို့၌ အလွန်အလျဉ်း စွန့်ပစ်လိုသော သင်္ခါရပေက္ခာဉာဏ်၏ အစွမ်းအားဖြင့် မဆိုင်းမရပ် အနိစ္စ ဒုက္ခ အနတ္တ ဟူ၍ အထပ်ထပ်သုံးသပ်အပ်သည် ရှိသော် လတ်တလော သေစေတတ်သော အဆိပ်ပင်ကြီး၏အထက် မိုးကြိုး လောင်မီးကျလုနီးသော ရှေးအဘို့၌ ကြောက်မက်ဖွယ် အဝန်တန် ထစ်ကြိုးလျက် လျှပ်ရောင်ဝင်းဝင်း မီးစက်ကွင်း ထွက်သဖြင့် မြေအက်၍ ကဲ့ကမန်း ရှုန့်ကြမ်းသော ထစ်ကြိုးသံနှင့်တကွ ထောင်းထောင်းကြေကျသကဲ့သို့ ဥဒယဗ္ဗယဉာဏ်စသော ရှေးရှေးသော ဝိပဿနာဉာဏ်ဟူသော မိုးဟည်းသံ ချုန်းသံတို့ဖြင့် အတန်တန် အောင်သံပေးလျက် အနုလောမဉာဏ်တည်းဟူသော မီးစက်ကွင်း ဝင်းဝင်းတောက် အားယူ၍ ဂေါတြဘူဉာဏ်တည်းဟူသော ထစ်ကြိုးသံနှင့်တကွ မဂ်ဉာဏ် ဖိုလ်ဉာဏ်တည်းဟူသော မိုးကြိုး လောင်မီးကျသဖြင့် ကိလေသာတည်းဟူသော အဆိပ်ပင်ကြီးတို့၏ တဖန်သီးပွင့် စည်ပင်ခြင်းငှါ မတတ်ကောင်းအောင် တပေါင်းတည်း ပျက်စီးခြင်း ငြိမ်းခြင်း ချုပ်ခြင်း ကုန်ခြင်း ပျောက်ခြင်းသို့ ရောက်လေ၏။

---

[1] ကြာရှက်ခန့် တိမ်တိုက်မှ မိုးသားတိမ်လွှာ အရာအထောင်ဖြစ်ပြီး ရှာသောမိုးကြိုး။ သာရတ္ထ ၃၊ ၂၄၅။

ဤအရာ၌ တောဘုမ္မကသခါရကို အာရုံပြု၍ ပရိကံ, ဥပစာ, အနုလုံ၊ နိဗ္ဗာန်ကို အာရုံပြု၍ ဂေါတြဘူ ဟူသော အမည်ဖြင့် မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော ဖြစ်ပြီးသည်နောက် ၎င်းနိဗ္ဗာန်ကိုပင် တပ်ဖက်ထင်ထင် အာရုံပြု၍ လောကုတ္တရာ အရိယမဂ္ဂင်ရှစ်ပါးနှင့် ယှဉ်သော မဂ်စိတ်တကြိမ်, ထိုနောင် ဖိုလ်စိတ်နှစ်ကြိမ်, သုံးကြိမ်ဖြစ်၍ ထိုနောင် ဘဝင်အယဉ်သို့ ရောက်လေ၏။ ဤသို့ အသေ အချာမှတ်။

ထိုစိတ်အပေါင်းတို့တွင် ပရိကံ, ဥပစာ, အနုလုံ စိတ္တုပ္ပါဒ်တို့နှင့် ယှဉ်သော ဉာဏ်သည် အနုလောမဉာဏ်မည်၏။ ဂေါတြဘူစိတ္တုပ္ပါဒ်နှင့်ယှဉ်သော ဉာဏ်သည် ဂေါတြဘူဉာဏ်မည်၏။ အရိယမဂ်, အရိယာဖိုလ်နှင့် ယှဉ်သော ဉာဏ်သည် မဂ်ဉာဏ် ဖိုလ်ဉာဏ် မည်၏။ ထိုတွင် အနုလောမဉာဏ်သည် အောက်ဝိပဿနာ ဉာဏ် ရှစ်ပါးကိုကဲ့သို့ အနိစ္စအစရှိသည်ကိုရှုသောကြောင့် ထိုဉာဏ်တို့အားလည်း လျော်၏။ အထက်မဂ်ဖိုလ်၏ အဂ္ဂ ဆိုက်၍ ထိုမဂ်ဖိုလ်တို့၏သို့ ကိလေသာ တို့မှ လွန်စွာ အေးမြ ငြိမ်းချမ်းသောကြောင့် တိုမဂ်, ဖိုလ်တို့အားလည်း လျော်၏။ ထိုကြောင့် အနုလောမဉာဏ် ဆိုသည်ဟူ၍ မှတ်။

ဂေါတြဘူဉာဏ်လည်း မဂ်သို့ဆိုက်၍ တည်ရကား အနုလောမဉာဏ် မည်သင့်သော်လည်း ပုဿုဇဉ်၏ အနွယ်ကို လွန်မြောက်နိုင်သော သတ္တိအထူး အရိယာအနွယ်ကို ပွါးစေနိုင်သော သတ္တိအထူးကိုင်ဆွဲ၍ ဂေါတြဘူဉာဏ် ဟု ဆိုအပ်သတည်း။

ဤ

ဤ၎င်း ဝိပဿနာဉာဏ်တို့တွင် ဥဒယဗ္ဗယဉာဏ်မှစ၍ အနုလောမဉာဏ်တိုင်အောင် ဝိပဿနာဉာဏ် ကိုးပါးတို့သည် မဂ်ဉာဏ်၏ အခြေပကတူပအကြောင်းဖြစ်သောကြောင့်၎င်း၊ ကိလေသာတို့မှ စင်ကြယ်သောကြောင့်၎င်း ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိ လည်း မည်၏။ မဂ်ဉာဏ်အားလျော်သော ဉာဏ်ဖြစ်သော ကြောင့် အနုလောမ ခန္တီလည်း မည်၏။

ကိလေသေ ခဏတိတိ ခန္တီ။ ဉာဏ်ရစေ။

အနုလောမခန္တီတိ နဝ ဝိပဿနာဉာဏာနိ[1]။ အဋ္ဌကထာဖွင့်။

၁။ အနုလောမိကခန္တီတိ ဝိပဿနာဉာဏံ (ပဋိသံ-ဋ္ဌ ၂၊၇၊)

ဂေါတြဘူသည် ဓေတဘုမ္မကသင်္ခါရကို အနိစ္စအစရှိသည်ဖြင့် ရှုအပ်သည် မဟုတ်။ နိဗ္ဗာန်ကိုသာ အာရုံပြုရကား ဝိပဿနာ အစစ်မဟုတ်။ မဂ်၏သို့ ကိလေသာကို သမုစ္ဆိန္ဒန ပြုနိုင်သည်မဟုတ်ရကား မဂ်ဉာဏ်လည်း မမည်၊ အကြားခ္ခ် အဗ္ဗောဟာရိက ဖြစ်၍ တည်လေသည်ဟူသတတ်။

ဤသို့လျှင် စတုပါရိသုဒ္ဓိသီလ တည်းဟူသော သီလဝိသုဒ္ဓိ, ဤဆိုအပ်ခဲ့ပြီးသော အရိုးစုဖြင့်ပြီးသောအတ္တဘောကိုယ်ကောင်ခ္ခ် ပဋိကူလသညာ[1]အားဖြင့် ပဋိဘာဂနိမိတ်ရခြင်း အစရှိသော စိတ္တဝိသုဒ္ဓိ, နာမ္မရူပပရိစ္ဆေဒဉာဏ် ဟူသော ဒိဋ္ဌိဝိသုဒ္ဓိ, ဓမ္မဋ္ဌိတိဉာဏ် ယထာဘူတဉာဏ် တည်းဟူသော ကင်္ခါဝိတရဏဝိသုဒ္ဓိ, အလျှော်အားဖြင့် သမ္မသနဉာဏ်နှင့်တကွ သိခါပတ္တဥဒယဗ္ဗယဉာဏ်[2] စွမ်းဖြင့် ဖြစ်သော မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ, ဘင်္ဂါနုပဿနာ၏ ရှေးအဘိုခ္ခ် တဖန် ထပ်၍ ရှုအပ်သော ဥဒယဗ္ဗယာနုပဿနာဉာဏ် မှစ၍ အနုလောမဉာဏ် တိုင်အောင် ဝိပဿနာဉာဏ် ကိုးပါးဟု ဆိုအပ်သော ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ, အလျှော်အားဖြင့် ဂေါတြဘူနှင့်တကွ မဂ်ဉာဏ် ဖိုလ်ဉာဏ် တည်းဟူသော ဉာဏဒဿနဝိသုဒ္ဓိ၊ ဤသို့ ဝိသုဒ္ဓိခုနစ်ပါး ရထားယာဉ်ဖြူ ဆူလှယ်စီး၍ ပြည်ကြီး နိဗ္ဗာန် စောစောစံရအောင် သူငါကစ အားထုတ်အပ်လှတော့သည်။

"ကြောင်ပါး လိုက်မည်ကို ကြောက်၍ နောက်ဆုတ် နောက်ဆုတ် ပြုမှားကြသောကြောင့် ကျားရဲနောက်မှလာ၍ ကိုက်လာလေသည်" ဟူသကဲ့သို့ အနည်းငယ်အားထုတ်ရခြင်းမှ ပြင်းကြောက်၊ ရှုံ့,ကြောက်မှားကြသောကြောင့် အဆုံးမရှိ သံသရာဘေးထိ၍ နေကြသည်ကို သတိကြပ်ကြပ် ထားအပ်လှတော့သည်။ (ဤကား စကားချပ်။)

ဤသို့ ရှေးဦးအစ ရအပ်သောမဂ်သည် ဆိုအပ်ခဲ့ပြီးသော ရှေးဝိသုဒ္ဓိ ခြောက်ပါးဟူသော သဘော်ဝ လေ့ယာဉ် လှည့်လည်စီးလျက် ကြီးကျယ်စွာသော သမုဒ္ဒရာနိဗ္ဗာန် ရေအယဉ်သို့ ရှေးဦးစွာ စီးဝင်ခြင်းဖြင့် ရအပ်သော မဂ်ဖြစ်သောကြောင့် သောတာပတ္တိမဂ် မည်၏။

၁။ အကြွင်းမဲ့ဖြစ်ခြင်း။ ၂။ စက်ဆုပ်ဘွယ်ဟု အမှတ်ပြုသောသည်။
၃။ အထွတ်အထိပ်ရောက်သော ဥဒယဗ္ဗယဉာဏ်။

တနည်းကား—ဂင်း ရှေးဦးအစ ရအပ်သော မဂ်သည် ဟိမဝန္တာတောတို့ အထက် တခဲနက်တက်ရှိရှာသော မိုးကြီးရေ၏ အစုမ်းအားဖြင့် မျှားစွာ မရေတွက်နိုင်သော ချောက်ကြီး ချောက်ငယ် မြောင်းကြီး မြောင်းငယ် အသွယ်သွယ်သော တွင်းခေါင်းနရက် အဆက်ဆက်သော တောင်လျှဉ် တောင်ဝှမ်းတို့မှ အစဉ်အတိုင်း ယုံစီးကျလျက် ကဏ္ဍမုဏ္ဍအိုင်, ရထကာရအိုင်, ဆဒ္ဒန်အိုင် စသည့် အိုင်ကြီး ခုနစ်အိုင်၊ မရေတွက်နိုင်သော လေကိုဇာတသရ[1]တို့မှ ပဘဝ[2] ဖြစ်၍ မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာတို့ကို ပြည့်လျှမ်းစေလျက် အလွန်အားကြီးစွာသော ဥဒကွန္ဒ ဇလပဝါဟ[3]ဖြစ်၍ဖြစ်သော ရေအယဉ်သည် မဟာသမုဒ္ဒရာတိုင်အောင် တပေါင်းတည်းစီးဝင်၍ တည်သကဲ့သို့ ပဋ္ဌိရူပဒေသဝါသဟု ဆိုအပ်သော သာသနာတော်တည်းဟူသော ဟိမဝန္တာတော၏အထက် ဘုရားရှင် တည်း ဟူသော သပ္ပုရိသူပနိဿယ မဟာမေဃမိုးတိမ်ကြီး၏ သဒ္ဓမ္မသဝနတည်း ဟူသော မိုးရေ မိုးပေါက်၏အစုမ်းဖြင့် မျှားစွာမရေတွက်နိုင်သော, ကာမာဝစရ ပုဏ္ဏကုသိုလ်တည်းဟူသော ချောက်ကြီးချောက်ငယ် အသွယ်သွယ်သော, ရူပါဝ-စရတည်းဟူသော တွင်းခေါင်းနရက် အဆက်ဆက်သော, ဝိပဿနာဉာဏ်တည်း ဟူသော တောင်လျှဉ် တောင်ဝှမ်းတို့နှင့်တကွ အနိစ္စာနုပဿနာ, ဒုက္ခာ-နုပဿနာ, အနတ္တာနုပဿနာ, နိဗ္ဗာနာနုပဿနာ, ဝိရာဂါနုပဿနာ, အာဒီနဝါ-နုပဿနာ, နိဗ္ဗိဒါနုပဿနာဟု ဆိုအပ်သောအိုင်ကြီး ခုနစ်အိုင် မရေတွက်နိုင်သော, ဘာဝနာမယကုသိုလ်တည်းဟူသော လေကိုဇာတသရတို့မှ ပဘဝဖြစ်၍ ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင် အစရှိသော ဗောဓိပက္ခိယတရားဟူသော မြစ်ကြီး မြစ်ငယ်တို့ကို ပြည့်လျှမ်းစေလျက် နိဗ္ဗာန်ဘည်းဟူသော မဟာသမုဒ္ဒရာသို့ဆိုက်၍ ရှေးဦးစွာ တပေါင်းတည်း စီးဝင်ခြင်းဖြင့် ရအပ်သော မဂ်ဖြစ်သောကြောင့် **သောတာပတ္တိမဂ်** မည်၏။

ဂင်းမဂ်ကို ရလုနီးသော ရှေအဘို့၌ စျာနလာဘီပုဂ္ဂိုလ်[4]ဖြစ်၍ မိမိရအပ်ပြီးသော တခုခုသောစျာန်ကို ဝင်စားပြီး၍သော်ဂင်း၊ အနိစ္စ အစရှိသည်ဖြင့် သုံးသပ်ပြီး၍သော်ဂင်း မရှေးမနှောင်းကဲ့သို့ဖြစ်၍ ရလာသော မဂ်ဖြစ်အံ့၊ ထို

၁။ အလိုလိုဖြစ်သောရေငန်အိုင်။
၂။ ရေအစုံ, ရေအယဉ်။
၃။ အမှန်အစ။
၄။ စျာန်ရပုဂ္ဂိုလ်။

အခြေပြုအပ် သုံးသပ်အပ်သော စျာန်အားလျော်စွာ ပဌမစျာန်မဂ် ဒုတိယစျာန်မဂ် အစရှိသည် မည်၏။ သုက္ခဝိပဿကပုဂ္ဂိုလ်[1]ဖြစ်အံ့၊ ဝုဋ္ဌာနဂါမိဝိပဿနာဟု ဆိုအပ်သော အနုလုံဂေါတြဘူတို့နှင့်အတူ သောမနဿမဂ်ဖြစ်၍ အင်္ဂါငါးပါးနှင့်ပြည့်စုံသော မဂ်သည်ရင်း, ဥပေက္ခာမဂ်ဖြစ်၍ အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော မဂ်သည်ရင်း ဖြစ်၏။ ရှေးရှေးသောအခါ လက္ခဏာရေးသုံးပါးတို့ကို အလှည့်အလည် သုံးသပ်စေကာမူ မဂ်ကိုမရမီ အလွန်နီးသော ရှေးအဘို့၌ အနိစ္စလက္ခဏာကို သုံးသပ်ပြီးသည်မှ အခြားမဲ့၌ ရအပ်သော မဂ်ဖြစ်အံ့၊ သခ်ါရနိမိတ်ကင်းရကား **အနိမိတ္တမဂ်** မည်၏။

ဒုက္ခလက္ခဏာကို သုံးသပ်ပြီးသည်မှ အခြားမဲ့၌ ရအပ်သော မဂ်ဖြစ်အံ့၊ တဏှာဟူသော တောင့်တခြင်း ကင်းရကား **အပ္ပဏိဟိတ** မဂ် မည်၏။ အနတ္တလက္ခဏာကို သုံးသပ်ပြီးသည်မှ အခြားမဲ့၌ ရအပ်သော မဂ်ဖြစ်အံ့၊ အတ္တ,အတ္တနိယမှ ဆိတ်ရကား **သုညတမဂ်** မည်၏။ ချင်းတို့၏အာရုံဖြစ်သော နိဗ္ဗာန်သည်လည်း ချင်းတို့၏အမည်အားလျော်စွာ **အနိမိတ္တနိဗ္ဗာန်** အစရှိသည် မည်သလျှင် ကတည်း။

ဂင်းရှေးဦးအစ ရအပ်သော သောတာပတ္တိမဂ်သည် ဒိဋ္ဌိ, ဝိစိကိစ္ဆာဟူသော ကိလေသာနှစ်ပါးကို အကြွင်းမဲ့ သတ်ဖြတ်လေ၏။ ကြွင်းသော ကိလေသာရှစ်ပါးတို့၏ကား ရုန့်ရင်းသော အပါယဂမနီယာသတ္တိကို ဖျက်ဖြိုပြန်လှန်နိုင်၏။ ဂင်းမဂ်၏ ကိလေသာကို ပယ်ခြင်းသည် ကိစ္စတပါးဖြင့်သာ ဖြစ်သည်မဟုတ်။

ဤလောကဌ် ဖယောင်းဆီမီးသည် ထက်ဝန်းကျင် **အမှိုက်မှောင်**ကို ဖျောက်ခြင်း, ဆီမီးစာကို ကျွမ်းစေခြင်း, အရောင်အလင်းကို ဝင်းဝင်းတောက်ဖြစ်စေခြင်း, ဖယောင်းတိုင်ကို အရည်ဖြစ်အောင် ကြည်စေ ပွါးစေခြင်း ကိစ္စလေးပါးကို တပြိုင်နက် ပြီးစေ၏သို့ ထိုတပ္ပဋိဗ္ဗာဒကမောဟ[2]ကို ဖျောက်သောအားဖြင့် ဒုက္ခသစ္စာကို ပိုင်းခြားရှုသိခြင်း, သမုဒယသစ္စာဟူသော ဆီမီးစာ ကိလေသာတို့ကို ပယ်ခြင်း, နိရောဓဟူသော နိဗ္ဗာန်ကို အရောင်အလင်းနှင့်တက္ခ

၁။ စျာန်မရပုဂ္ဂိုလ်။ ၂။ ထိုသစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော မောဟ။

ဝင်းဝင်းတောက် မြင်ရခြင်း, မဂ္ဂသစ္စာဟူသော ဖယောင်းတိုင်ကို အရည်ဖြစ်စေ ပျံ့ပါးစေခြင်း ဤကိစ္စလေးပါးကို တပြိုင်နက်ပြီးစေသဖြင့် ဖြစ်၏။

တနည်းလည်း—မဟာသမုဒ္ဒရာရေအယဉ်ဌ ကြီးစွာသော သင်္ဘော်လှေ သည် ဤမှာဘက်ကမ်းကို လွန်ခြင်း, လိုင်းအဟုန်ကိုခွဲခြင်း, မျှားစွာသော ရတနာ ဘဏ္ဍာတို့ကို ဆောင်ခြင်း, ထိုမှာဘက်ကမ်းသို့ ရောက်ခြင်း ဤကိစ္စ ၄-ပါးကို တပြိုင်နက်ပြီးစေသကဲ့သို့ ၎င်းမဂ်ဉာဏ်သည်လည်း သံသရာ ဤမှာ ဘက်ကမ်းကို လွန်စေခြင်း, ကိလေသာလိုင်းအဟုန်ကို ပယ်ဖြတ်ခြင်း, ကြင်းသော မဂ္ဂင်ရတနာတို့ကို ဆောင်ယူပျံ့ပါးစေခြင်း, နိဗ္ဗာန်ဟူသော ထိုမှာဘက်ကမ်းသို့ ရောက်စေခြင်း ဤကိစ္စလေးပါးကို တပြိုင်နက်ပြီးစေနိုင်၏။

ထိုနောင်မှ ရေဖြင့်လောင်းရ၍ သပ်အပ်သော မီးပုံကြီး၏ အကြိမ်ကြိမ် ခပ်သော လေဖြင့် အလွန်အားမြှင့်ခြင်းသို့ ရောက်သကဲ့သို့ မဂ်ဖြင့် ပယ်သတ်အပ် ပြီးသော ကိလေသာမီးပုံကြီးတို့၏ နှစ်ကြိမ် သုံးကြိမ်သော ဖိုလ်တည်းဟူသော အချမ်းလေအေးခပ်သဖြင့် အခိုးအရှိန်နှင့်တကွ လွန်စွာ အားမြှင့်သို့ ရောက် လေ၏။

ထိုနောင်မှ အလွန်အားမြင့်မြင့်ချမ်းပြီးသော ကိလေသာမီးရှိသော ယောဂီ ပုဂ္ဂိုလ်အား "ငါသည် ဤမည်သောလမ်းဖြင့်လာခဲ့ပေရသည်" ဟုလာရာမိမိမဂ်ကို ဆင်ခြင်ခြင်းသည် ဖြစ်၏။ "ငါရသောမဂ်သည် ဤမည်သောအကျိုးနှင့်ပြည့်စုံပေ စ" ဟုဖိုလ်ကို ဆင်ခြင်ခြင်းသည် ဖြစ်၏။ "ငါရသောမဂ်သည် ဤမျှလောက်သော ကိလေသာကို ပယ်စွမ်းနိုင်၏" ဟု ပယ်အပ်ပြီးသော ကိလေသာကို ဆင်ခြင်ခြင်း သည်လည်း ဖြစ်၏။ "ဤမျှလောက်သော ကိလေသာကား ကြင်းကျန်သေး၏၊ ချင်းတို့ နေနှင့်စေဦး" ဟု "ဇီဝါယ တာလုံ အာဟစ္စ" အားအနှိပ်ပြု၍ ငြိုးသကဲ့သို့ ကြင်းသော ကိလေသာကို ဆင်ခြင်ခြင်းသည်လည်း ဖြစ်၏။ "ငါရသောမဂ်သည် ဤသို့ မြတ်လှစွာသော တရားဌာနဆိုက်၍ တည်၏" ဟု နိဗ္ဗာန်ကို ဆင်ခြင်ခြင်း သည်လည်း ဖြစ်၏၊ ထိုသို့ ဆင်ခြင်ရာတို့၌ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနော-ဒ္ဒါရာဝဇ္ဇန်း, ဇောခုနစ်ကြိမ်ဖြစ်၍ ဘဝင်အယဉ်သို့ သက်လေ၏။ ထိုတွင် မနော ဒ္ဒါရာဝဇ္ဇန်း ဇောခုနစ်ကြိမ်တို့သည် မိမိတို့ ဆင်ခြင်အပ်သော ပစ္စဝေက္ခိတဗ္ဗ အာရုံတို့ကို ထိုက်သည်အားလျှော်စွာ အာရုံပြုကုန်၏။ ရှေ့ဘဝင် နောက်ဘဝင်

တို့သည် ပဋ္ဌိသန္ဓေစိတ်၏ အာရုံနှင့်တူစွာ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏။

သောတာပတ္တိ ဖလသမာပတ္တိဉာဏ်ကို ပြဆိုခြင်း

သောတာပတ္တိမဂ်ကို ရပြီးသော သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကို ဝင်စားခြင်းသည်လည်း ဖြစ်၏။ အဘယ့်ကြောင့်နည်း ဟူမူကား ၎င်းလောကုတ္တရာ ဖိုလ်ချမ်းသာ၏ လွန်စွာအေးမြသည်၏ အဖြစ်ကြောင့်တည်း။

အဘယ်ကဲ့သို့နည်းဟူမူကား— စစ်သည်တဖက်ကို တိုက်ဖျက်သော မင်းရဲ့ရုဏ်းသည် အတန်အရာ တပ်ဦး နှိမ်မိသည်အခါ စခန်းနေရာ ခန္ဓဝါရ[1] တပ်မတော်၏အတွင်း သစ်ခက်ကွန်းထောက်နန်း[2] ၌ အမောအပန်း ဝင်၍ ဖြေသကဲ့သို့တည်း။ ယင်းသို့ သောတာပတ္တိ ဖလသမာပတ်ကို ဝင်စားလိုသောပုဂ္ဂိုလ်သည် ရှေးထင်မြင်အပ်ပြီးသော ဝိပဿနာဉာဏ်တို့၏ နာနာရမ္မဏတို့၌ ဝိကွေပ[3]ဖြစ်၍ အဝိဇ္ဇာနိဝရဏစသည်တို့ဖြင့် ဖုံးအုပ်မြှေးယှက်သော တိမ်ရှိပြန်ရကား ဥဒယဗ္ဗယဉာဏ်မှစ၍ အနုလောမဉာဏ်တိုင်အောင်သော ဝိပဿနာတို့ကို ဤတွင် တဖန်ဖြစ်စေပြန်အပ်၏။ ထိုသို့ဖြစ်စေရာဝယ် ရှေးဦးအကြိမ်များစွာ အကျွယ်ပွါးအပ် အလေ့အလာ ပြုအပ်ပြီးသည်မှ စ၍ ဤအရာ၌ အကျဉ်းမျှသော်လည်း ပွါးအပ်၏။

ပွါးဟန်ကား—ရုပ်နာမ်တရားတို့၏ ဖြစ်ကြောင်း ပစ္စယ, ဖြစ်ခြင်း ဥပ္ပါဒ, ချုပ်ကြောင်း ပစ္စယ, ချုပ်ခြင်း ဝယတို့ကို အာရုံပြု၍ "ဣမေ သင်္ခါရာ အဟု-တ္ဝာ သမ္ဘဝန္တိ၊ ဟုတ္ဝာ ဝေန္တိ၊ တသ္မာ အနိစ္စာ ဒုက္ခာ အနတ္တာ" ဤသို့ နှလုံးသွင်းခြင်းကို ပြု၏။ ထိုအခါ ရှေးဦးစွာသော ဥဒယဗ္ဗယဉာဏ် ဖြစ်၏။

ထိုနောင်မှ ရုပ်နာမ်တရားတို့၏ အဖြစ်ကိုလွှတ်လျက် အပျက်ကို အာရုံပြု၍ "ဣမေ သင်္ခါရာ ဥပ္ပဇ္ဇိတ္ဝာဝ နိရုဇ္ဈန္တိ၊ ဣမာနိပိ သင်္ခါရာရမ္မဏတာဝစိတ္တာနိ ဥပ္ပဇ္ဇိတ္ဝာဝ နိရုဇ္ဈန္တိ၊ တသ္မာ အနိစ္စာ ဒုက္ခာ အနတ္တာ" ဤသို့ နှလုံးသွင်းခြင်းကို ပြု၏။ ထိုအခါ နှစ်ခုမြောက်သော ဘင်္ဂဉာဏ် သည် ဖြစ်၏။

၁။ သစ်ခက်တပ်၊ တပ်စခန်း။ ၂။ စခန်းချ ရပ်နားရာ တဲနန်း။

၃။ အမျိုးမျိုးသော အာရုံတို့၌ ပျံ့လွင့်သည်ဖြစ်၍။

ထိုနောင်မှ ထိုရုပ်နာမ်တရားတို့၏ ခဏခြင်း ခဏခြင်း ပျက်စီး၍ ငြိမ်းကုန် ပျောက်ကုန်သော ဘင်အခိုက်ကိုသာ အာရုံပြု၍ "ဥပါဒေါ ဘယံ ပဝတ္တိ ဘယံ နိမိတ္တံ ဘယံ၊ အာယူဟနံ ဘယံ၊ ပဋိသန္ဓိ ဘယံ" ဤသို့ အစရှိသည်ဖြင့်ရင်း၊ အကျဉ်းအားဖြင့် "အနိစ္စာ ဒုက္ခာ အနတ္တာ" ဟူ၍ရင်း နှလုံးသွင်းခြင်းကို ပြု၏။ ထိုအခါ ဥပါဒ အစရှိသည်တို့၌ အလွန်ကြောက်ရက်ဖွယ် ထင်သော အခြင်းအရာဖြင့် သုံးခုမြောက်သော ဘယဉာဏ် သည် ဖြစ်၏။

ထိုနောင် ထိုရုပ်နာမ်တရားတို့၏ ဘင်ကို အာရုံပြု၍ "ဥပါဒေါ သာမိသံ၊ အနုပါဒေါ နိရာမိသံ၊ ပဝတ္တိ သာမိသံ၊ အပဝတ္တိ နိရာမိသံ၊ နိမိတ္တံ သာမိသံ၊ အနိမိတ္တံ နိရာမိသံ၊ အာယူဟနံ သာမိသံ၊ အနာယူဟနံ နိရာမိသံ၊ ပဋိသန္ဓိ အာ-မိသံ၊ အပဋိသန္ဓိ နိရာမိသံ" ဤသို့ အစရှိသည်ဖြင့်ရင်း ဤသို့သော အပြစ် အာဒီနဝတို့ကို နှလုံးထား၍ "ဣမေ သင်္ခါရာ အနိစ္စာ ဒုက္ခာ အနတ္တာ" အစ ရှိသည်ဖြင့်ရင်း နှလုံးသွင်းခြင်းကို ပြု၏။ ထိုအခါ အာဒီနဝဉာဏ် သည် ဖြစ်၏။

ထိုနောင်မှ ထို ဥပါဒ အစရှိသည်တို့၏ ငြီးငွေ့ဖွယ်ကို အာရုံပြုသဖြင့် ရှေး နည်းအတိုင်း နှလုံးသွင်းခြင်းကို ပြု၏၊ ထိုအခါ နိဗ္ဗိဒါနုပဿနာဉာဏ် သည် ဖြစ်၏။

ထိုနောင်မှ ထို ဥပါဒအစရှိသည်မှ လွတ်လိုသောစိတ်ဖြင့် ရှေးနည်းအတိုင်း နှလုံးသွင်းခြင်းကို ပြု၏၊ ထိုအခါ မုစ္စိတုကမျတာဉာဏ် သည် ဖြစ်၏။

ထိုနောင်မှ "သဗ္ဗေ သင်္ခါရာ အနိစ္စာ ဥဒယဗ္ဗယပရိစ္ဆိန္နာ တာဝကာလိကာ အဓုဝါ အသဿတာ ဝိပရိဏာမဓမ္မာ" ဤသို့အစရှိသည်ဖြင့်ရင်း၊ "သဗ္ဗေ သင်္ခါရာ ဒုက္ခာ အာဗာဓဘူတာ ဂဏ္ဍဘူတာ အဃဘူတာ ရောဂဘူတာ သလ္လဘူတာ" ဤသို့ အစရှိသည်ဖြင့်ရင်း၊ "သဗ္ဗေ ဓမ္မာ အနတ္တာ ပရာ ရိတ္တာ တုစ္ဆာ သုညာ" ဤသို့ အစရှိသည်ဖြင့်ရင်း နှလုံးသွင်းခြင်းကို ပြုကုန်၏၊ ထိုအခါ အလွန်ထက် သန်သော မုစ္စိတုကမျတာဉာဏ် ကိစ္စလည်းတပ်သော သင်္ခါရုပေက္ခာဉာဏ် သည် ဖြစ်၏။

ထိုနောင်မှ "သဗ္ဗေ သင်္ခါရာ သုညာ အတ္တေန ဝါ အတ္တနိယေန ဝါ နာဟံ နှ မမ နှ အညံ နှ ကဿစိ" ဤသို့ အစရှိသည်ဖြင့် နှလုံးသွင်းခြင်းကို ပြု၏၊

ထိုအခါ မုစ္စိတုကမျှတာဉာဏ် ပဋိသင်္ခါဉာဏ် ကိစ္စနှစ်ပါးလည်း တပ်သော သင်္ခါရုပေက္ခာဉာဏ် သည် ဖြစ်၏။

ထိုနောင်မှ ထိုရုပ်နာမ်တရားတို့ ပျက်စီးခြင်း ဘင်ကိုပင် အာရုံပြု၍ "သဗ္ဗေ သင်္ခါရာ အနိစ္စာ ဒုက္ခာ" အစရှိသည်ဖြင့် နှလုံးသွင်းခြင်းကို ပြု၏။ ထိုအခါ ဤအရာ၌ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ တရားတို့၏ **အ**နုလုံဟူသော အမည်သာမန်ဖြင့် လေးကြိမ်ရင်း, ပရိကံကို ကြဉ်၍ သုံးကြိမ်ရင်း ဖြစ်၍ ချုပ်ကုန်၏။ ရင်းတို့၌ အကျမ်းဝင်သော ဉာဏ်တို့ကို အနုလောမဉာဏ်ဟူ၍ ဆိုအပ်၏။ ဤသို့ **အနုလောမဉာဏ်** တို့သည် ဖြစ်ကုန်၏။

ထိုသို့ ဝိပဿနာဉာဏ် ဆယ်ပါး **အစဉ်အတိုင်း** ဖြစ်ပြီးသည်နောက်မှ **သောတာပတ္တိဖိုလ်ဇောတို့**သည် အကုဋေမက အကြိမ်မျှားစွာ ဖြစ်ကုန်၏။ ဤသို့ ဖိုလ်ဇောဖြစ်**သ**ော်ရှေ့ ကာလပတ်လုံး ဖလသမာပတ် ချမ်းသာကို ခံစား ဝင်**စား**သည် မည်၏၊ အကြောင်အခါ၌ ဘဝင်အယဉ်သည် ဖြစ်၏၊ ထိုအခါ၌ **ဖလသမာပတ်** မှ ထသည်မည်၏ မှတ်။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ ရုပ် နာမ် ခန္ဓာ သင်္ခါရတရားတို့သည်။ အဟုတ္တာ၊ ရှေးဦး တရုံတဆစ် မဖြစ်ဘူးသေးကုန်သည်၍။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ ဟုတ္တာ၊ ဖြစ်လျှင် ဖြစ်ကုန်ခြင်း။ ဝေန္တိ၊ ချုပ်ကုန်၏။ တသ္မာ၊ ထိုသို့ ဖြစ်ခြင်း ပျက်ခြင်း သဘောတရား၏ အဖြစ်ကြောင့်။ အနိစ္စာ၊ မမြဲကုန်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ အနတ္တာ၊ ယင်းသို့ အနိစ္စ ဒုက္ခ မဖြစ်ရအောင် အစိုးမရကုန်။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ **သ**င်္ခါရာ၊ ရုပ် **နာ**မ် ခန္ဓာ သင်္ခါရတရားတို့သည်။ ဥပ္ပဇ္ဇိတ္ဝာဝ၊ ဖြစ်လျှင် ဖြစ်ကုန်ခြင်း။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်**၏**။ ဣမာနိပိ သင်္ခါရာ-ရမ္မဏတာစိတ္တာနိ၊ ဤသို့ သင်္ခါရတရားလျှင် အာရုံရှိကုန်သော စိတ်တို့သည်လည်း။ ဝါ၊ ဤသင်္ခါရတရားတို့ကို အာရုံပြု၍ ယခု ဝိပဿနာရှုသော စိတ်တို့သည်လည်း။ ဥပ္ပဇ္ဇိတ္ဝာဝ၊ ယခုဟုတ်ချည်း ဖြစ်ကုန်၍သာလျှင်။ နိရုဇ္ဈန္တိ၊ ယခုဟုတ်ချည်း ချုပ်ကြကုန်၏။ တသ္မာ၊ ထိုသို့ ပျက်စီးခြင်းသဘော မျှသာဖြစ်ရကား။ **အ**နိစ္စာ၊ မမြဲကုန်။ ဒုက္ခာ၊ ဆင်းရဲကုန်**၏**။ **အ**နတ္တာ၊ **အ**စိုးမရကုန်။

ဥပ္ပါဒေါ၊ ဣဗ္ဘာဝ ပဋ္ဌိသန္ဓေ နေရခြင်းသည်လည်း။ ဘယံ၊ ကြောက်မက်ဖွယ်သာတည်း။ ပဝတ္တိ၊ ရုပ်နာမ်တို့၏ အဖျတ္တဋ္ဌ မပြတ်ဖြစ်ရခြင်းသည်။ ဘယံ၊ ကြောက်မက်ဖွယ်တည်း။ နိမိတ္တံ၊ ကိလေသာ၏ အကြောင်းဖြစ်သော ဗဟိဒ္ဓလောကိကာမဂုဏ် အာရုံနိမိတ်သည်။ ဘယံ၊ ကြောက်မက်ဖွယ်တည်း။ အာယူဟနံ၊ နောင်ဘဝတို့ဋ္ဌ ပဋ္ဌိသန္ဓေ၏ အကြောင်းဖြစ်သော ကုသိုလ် အကုသိုလ်ဟူသော အာယူဟနသည်။ ဘယံ၊ ကြောက်မက်ဖွယ်တည်း။ ပဋ္ဌိသန္ဓိ၊ နောင်ဘဝဋ္ဌ ရလတ္တံ့သော ပဋ္ဌိသန္ဓေသည်သည်း။ ဘယံ၊ တည်း။

ဥပ္ပါဒေါ၊ သည်။ သာမိသံ၊ ဝဋ္ဋဆင်းရဲနှင့် ပြွမ်းခြင်း ဝဋ္ဋာမိသ, ရာဂစသော ကိလေသာနှင့် ရှေနောက်ပြွမ်းခြင်း ကိလေသာမိသ, လောကိအယုတ်တရားနှင့် ပြွမ်းခြင်း လောကာမိသဟု ဆိုအပ်သော သုံးပါးသော အာမိသနှင့်တကွ ဖြစ်၏။ ဝါ၊ သံသရာဝဋ္ဋဒုက္ခတို့၏ မပြတ် စားသောက်ရာ ဝဋ္ဋာမိသ, ရာဂစသော ကိလေသာတို့၏ ညှဉ်းဆဲ စားသောက်ရာဟူသော ကိလေသာမိသ, လောကိအယုတ်တရားတို့၏ နှိပ်စက် စားသောက်ရာ လောကာမိသဟူသော အာမိသနှင့်တကွ ဖြစ်၏။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သခါရာ၊ တို့သည်။ အနိစ္စာ၊ မမြဲကုန်။ ဥဒယဗ္ဗယ ပရိစ္ဆိန္နာ၊ ဖြစ်ခြင်း ပျက်ခြင်းဖြင့် ပိုင်းခြားအပ်ကုန်၏။ တာဝ-ကာလိကာ၊ ပဋ္ဌတ်ဆောက်ဖျားဋ္ဌ မုန်ညင်း၏သို့ အခိုက်အတန့်မျှသာ တည်ကုန်၏။ အဓုဝါ၊ ကောင်းကင်ဋ္ဌ ပစ်အပ်သော အုတ်ခဲ၏သို့ မမြဲမြံကုန်။ အသဿတာ၊ ရေဋ္ဌ လှံကန်ရေး၏သို့ ပျက်စီးလွယ်ရကား မချုတ် မြဲသည်မဟုတ်ကုန်၊ ဝိပရိ-ဏာမဓမ္မာ၊ ကောင်းကင် တိမ်ယံကဲ့သို့ အလျင်အမြန် ဖောက်ပြန်တတ်ကုန်သည် သာလျှင်တည်း။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သခါရာ၊ တို့သည်။ အာဗာဓဘူတာ၊ အသည်းအသန် နှိပ်စက်တတ်သော အနာသဖွယ်ဖြစ်ကုန်၏။ ဂဏ္ဍဘူတာ၊ အိုင်းအမာကြီးသဖွယ် ဖြစ်ကုန်၏ ။ပ။ အကြင်း ရှေးနည်းကို မှီးရှုပေး။

အောက်ဋ္ဌ ပြအပ်ခဲ့ပြီးသော အနက်မြန်မာနည်း ရှိသော်လည်း မန္ဒပညာ ကြီးတို့အား တဖေါင်းတည်း မှတ်လွယ်စေခြင်းငှါ ဤဋ္ဌလည်း တဖန် ပေါင်းရှုမြှက်ပြလိုက်ပြန်သည်။

မဂ်ဉာဏ် ဖိုလ်ဉာဏ် ယခုချက်ခြင်း မရသေးသော်လည်း အခြေပကတူပဖြစ်ရုံမျှသာ နှလုံးပြု၍ အကျယ်မလိုက် အကျဉ်းကြိုက်သော ပုဂ္ဂိုလ်တို့သည် ဤဖလသမာပတ်အရာ၌ ပြအပ်သော ဝိပဿနာနည်းတို့ကို ဝါစုဂ္ဂတ ပြု၍ နေ့စဉ်မပြတ် အထပ်ထပ်ပွါးရသည်ရှိသော် အခြေပကတူပ လှလှဖြစ်သလျင်ကတည်း။

ဤနှစ် ဤလ ဤနေ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်သို့ တက်အောင် အရေးတကြီး အားထုတ်လိုသော အရှင်တို့ကား ရှေးအောက်၌ ပြခဲ့ပြီးသည်အတိုင်း နာမ-ရူပပရိစ္ဆေဒဉာဏ်, ဓမ္မဋ္ဌိတိဉာဏ်, သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ်တို့ကို သန်သန်ဖြစ်စေပြီးမှ ဤယခုဆိုအပ်ခဲ့ပြီးသော ဝိပဿနာနည်း အကျဉ်းကို အထပ်ထပ် နှလုံးသွင်းအပ် ဆင်ခြင်အပ်၏။

"ဤနွားမကား နို့ထွက်၏"ဟု တဆင့်စကားကြားကာမျှဖြင့် ဦးချိုဖျားကို ညွှစ်က တနှစ်လုံးပင် ညွှစ်စေကာ နို့ ထွက်ရာမဟုတ်။ နို့ရှိရာ ဂေါထနဉ်ညွှစ်ပါသော်လည်း အဘော်အလျော် ထိုကာတို့ကာ ဖုံသနမတ္တဖြင့် နို့ရသည်သဘော မဟုတ်၏သို့ဝင်း၊ ရေမရှိရာ ကျောက်တောင်ကြီးအထက် ရေထွက်စိမ့်ဂျါ အခါခါလှုံ့လပြုသော်လည်း ရေရသည်မဟုတ်၊ ရေရှိရာအရပ်၌သော်လည်း ယခုရေကြည်သောက်လိုလျှ၍ ကျတ်တီးပြင်မြေအရပ်ဝယ် ခြေမလက်ချောင်းဖြင့် ယခု မြေကိုယက်ကာမတ္တနှင့် ရေရသည်သဘောမဟုတ်၏သို့ဝင်း ဤသည်မျှားကို နှလုံးထား၍ ဝိပဿနာနည်း၌လည်း အထူးနေရာကျအောင်, နေရာကျမှတ်သားမိသည့်အတိုင်းလည်း အထူးအားထုတ်နိုင်အောင်, အားထုတ်ခွင့်ရအောင်, တဏှာသခင် အရှင်မင်းထံ အခွင့်တောင်း၍ မဆုတ်မနစ် အားထုတ်ရသည်ရှိသော် ရေရှိရာကို လှလှတူးမိပါမူ အချိန်ကျလျှင် ယင်းသည် ရေမရလိုမနေသာဟူ၏သို့ နှလုံးထား၍ မဆုတ်မနစ် အားထုတ်သင့်လှပေတော့သည်။

ဤကား နောင် သိသာနုသိသတို့ ဥဿာဟပြုရန် ဥယျောဇဉ် စကားချပ်။

ဂုဏ်း ဖလသမာပတ္တိဝိထိ၌ မနောဒ္ဓါရာဝဇ္ဇန်း အနုလုံတို့သည် သင်္ခါရတရားတို့၏ အနိစ္စလက္ခဏာ စသည်ကို, ဖိုလ်ဇောတို့သည် နိဗ္ဗာန်ကို, ရှေဘဝင်နောက်ဘဝင်တို့သည် ကံစသော အာရုံကို အာရုံပြုကုန်၏ ဟူ၍မှတ်။

သောတာပတ္တိ ဖလသမာပတ္တိဉာဏ် ပြီး၏။

၃။ နှုတ်တက်အောင်။

သကဒါဂါမိမဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ပြဆိုခြင်း

သောတာပတ္တိမဂ်, သောတာပတ္တိဖိုလ်ကို ရပြီးသော သောတာပန်ပုဂ္ဂိုလ်သည် အောက်၌ ပြအပ်ခဲ့ပြီးသော ဥပမာဝယ် စစ်သည်တဖက် ရန်အမျက်ကို တိုက်ဖျက်သော မင်းရဲရာဇာသည် အောင်မြေအရပ် ခန္ဓာဝါရကွန်းထောက်နန်း၌ မောပန်းဖြေ၍ ချမ်းမြေ့သာယာ ကောင်းစွာ အားယူပြီးသည်ရှိသော် ချပ်ဝတ် မိန်ညို တန်ဆာ လက်နက်ဗိုလ်ပါနှင့်တကွ စစ်အင်္ဂါဆင်ယင်၍ စစ်မြေပြင်သို့ ကပ်လျက် တဖက်ရန်ကို ဖျက်ဖြိုနှိမ်နင်းပြန်၏ သို့ သောတာပတ္တိ ဖလသမာပတ်တည်းဟူသော ကွန်းထောက်နန်း၌ အမောအပန်းဖြေသဖြင့် သမထတည်းဟူသော အောင်မြေရပ်သို့ သက်ပြီးလျင် ဝိပဿနာ တည်းဟူသော စစ်အင်္ဂါ လက်နက်များစွာပြင်ဆင်၍ ကာမစ္ဆန္ဒနီဝရဏ စသော ကိလေသာ ရန်အမျက်တို့ကို တိုက်ဖျက်ခြင်းငှါ အားထုတ်ပြန်ခြင်းသည် ဖြစ်၏။ ထိုအခါ၌ လည်း ရှေးနည်းအတူ အင်္ဂါကကမ္မဋ္ဌာန်း ရအပ်ပြီးသော ပဋိဘာဂနိမိတ်ကို အာရုံပြုသဖြင့် "အင်္ဂါ, အင်္ဂါ" အစရှိသဖြင့် နှလုံးသွင်းခြင်း ဆင်ခြင်ခြင်းကိုပြု၍ စိတ်၏ အထူးတည်ကြည်ခြင်း စိတ္တဝိသုဒ္ဓိကို ရပြီးသည့်နောက် ရှေးဆိုအပ်ခဲ့ပြီးသည့်အတိုင်း ဥဒယဗ္ဗယာနုပဿနာ စသော ဝိပဿနာ ကိုးပါးတို့ကို အစဉ်အတိုင်း ဖြစ်စေ၍ ရှေးနည်းအတူ ဂေါတြဘူ အရာ၌ ဝေါဒါန် ဟူသောအမည်ကိစ္စဖြင့်ဖြစ်၍ ၎င်းနောက် မဂ်ဉာဏ်တကြိမ်, ဖိုလ်ဉာဏ်နှစ်ကြိမ် သုံးကြိမ်ဖြစ်၍ ဘဝင်အယဉ်သို့ ရောက်လေ၏။

ယင်းသည့်မဂ်သည် အလွန်အားဖြင့် ဤလူ့ပြည်၌ ပဋိသန္ဓေအားဖြင့် တကြိမ် တဘဝဖြစ်၍ အားထုတ်ရလျှင် အဆုံးတိုင် နိဗ္ဗာန်စင်စစ် ဝင်နိုင်လမ်းရှိသော ပုဂ္ဂိုလ်၏မဂ်ဖြစ်သောကြောင့် သကဒါဂါမိမဂ်မည်၏။ ၎င်းမဂ်၏ အကျိုးဖြစ်သော ဖိုလ်သည် ၎င်း ဖိုလ်မည်၏။ အကြွင်းမှတ်ရန်တို့မှာ ရှေး သောတာပတ္တိမဂ်နည်းအတိုင်း။ ကြွင်းသော အထက်မဂ် အထက်ဖိုလ်တို့၌လည်း ၎င်းနည်းအတိုင်း မှတ်အပ်၏။

ထိုတွင် သကဒါဂါမိမဂ်သည် ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ တို့နှင့် သမ္မယုတ်ဖြစ်သော ကောဓ, ဥပနာဟ, မက္ခ, ပလာသ, ထမ္ဘ, သာရမ္ဘ အစ

ရှိသော အကုသိုလ် ကိလေသာ ရန်သူတို့ကို ဦးခေါင်းမပြု ရန်မမူနိုင်အောင် ချိုးနှိမ်ပယ်ဖြတ် ခေါင်းပါးစေအပ်သတည်း။

အနာဂါမိမဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ပြဆိုခြင်း

ယင်း သကဒါဂါမိဖိုလ်ကိုရသော ပုဂ္ဂိုလ်သည်လည်း ရံခါရံခါ အထက်မဂ် အထက်ဖိုလ် အလို့ငှါ အားထုတ်ခြင်းကိုပြု၏။ ရံခါရံခါ ရအပ်ပြီးသော သက-ဒါဂါမိဖိုလ်ကို ဝင်စားခြင်းကို ပြုသလျှင်ကတည်း။

ဥပမာကား–ရှေးဆိုအပ်ခဲ့ပြီးသော ဧကရာဇ်လောင်း မင်းရဲရာဇာသည် ပဌမ စစ်ပွဲအကြိမ်တွင် ပဌမစစ်မှူး စစ်သည် ရန်တဖက်တို့ကို ဦးလည်မသုံ မဖြုံတိုက် ဖျက်ပြီးသည့်နောက် ဒုတိယအကြိမ်မြောက်တွင် ဒုတိယကွန်းထောက်နန်းဌ် အမော အပန်း ဝင်ဖြေ နားနေပြန်၏ သို့တည်း။ အနာဂါမိမဂ်သည်လည်း ရှေးသကဒါဂါမိမဂ်ဖြင့် ခေါင်းပါး အားနည်းပြီးသော အကုသိုလ် သူပုန်ရန်တို့ နှင့်တကွ ကာမရာဂနှင့် သမ္မယုတ်ဖြစ်သော မာယာ, သာဌေယျ, အတိမာန အစရှိသော အကုသိုလ် အယုတ်တရားတို့ကို ပယ်ရှားနှိမ်နင်း အကြွင်းမဲ့ခြင်းကို ပြုဝလ၏။

အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ပြဆိုခြင်း

ယင်း အနာဂါမ် တည်ပြီးသော ပုဂ္ဂိုလ်သည်လည်း ရံခါရံခါ အရဟတ္တမဂ် အလို့ငှါ အားထုတ်ခြင်းကို ပြု၏။ ရံခါရံခါ မိမိရအပ်ပြီးသော အနာဂါမိဖိုလ်ကို ဝင်စားခြင်းကို ပြု၏။

ဥပမာကား–ရှေးဆိုအပ်ခဲ့ပြီးသော ဧကရာဇ်လောင်း မင်းရဲရာဇာသည် သုံးခုမြောက်သော စစ်သည်တပ်မှူး သူပုန်ရန်တို့ကို သုံးကြိမ်မြောက် ပြန်လှန် တိုက်ဖျက်ပြီးသည့်နောက် တတိယ ကွန်းထောက်နန်းတွင် မောပန်း ဝင်ဖြေ နားနေပြန်၏ သို့တည်း။ ထိုနောင်မှ ရအပ်သော အရဟတ္တမဂ်သည်လည်း ရူပ-ရာဂ, အရူပရာဂနှင့် သမ္မယုတ်ဖြစ်သော အကုသိုလ် သံယောဇဉ်, ဩဃ, ယောဂ, နီဝရဏ ရန်သူဟူသမျှတို့ကို အဏုမြူမျှမချန် ပယ်လှန်ဖျက်ဆီးအပ်လေ သတည်း။

မဂ်လေးပါးကို အစဉ်အတိုင်းရရှာ၌ ထင်စေခြင်းငှါ ပြအပ်သော ဥပမာများ

ယင်း အရဟတ္တဖိုလ်ကို ရသော ပုဂ္ဂိုလ်သည်လည်း ရံခါရံခါ ဝေနေယျ[1]တို့အား ချီးမြှောက်ခြင်း စသော ကိစ္စတပါး မရှိက မျှားသောအားဖြင့် မိမိရအပ်ပြီးသော အရဟတ္တဖိုလ် ချမ်းသာကိုသာ အခါမပြတ် တဂ္ဂရ, တန္ဒိန္ဒ[2]ပြု၍ အလေးအမြတ် ဝင်စားအပ်လေသတည်း။

ဥပမာကား–အရပ်လေးမျက်နှာ, အရပ်ရှစ်မျက်နှာ, အရပ်ဆယ်မျက်နှာတို့မှ ပေါ်ပေါက်လာလာသမျှ ရန်ခပင်းတို့ကို အကြင်းမဲ့ ဦးခေါင်းမပြူ မလှုနိုင်အောင် ကောင်းစွာ နှိမ်နင်းပြီး၍ သတ္တသတ္တာဟာ[3] ကာလပတ်လုံး အောင်ပွဲခံ၍ အောင်သံကြွေးဝါးပြီးမှ ကနက်ကဒဏ်ထီးဖြူရိပ်ဝယ် ဘိသိက်စိုးစံလေပြီးသော ဧကရာဇ်မင်းရဲရာဇာသည် နတ်တို့ဝေယန် ရတနာပိမာန်အတွင်း ဝင်းဝင်းဘောက်အိပ်ခန်းတန်ဆာ မဂ်လာကျက်သရေ ရှိသော ပြတည်း[4] မုတနာ မွေ့ရာမြတ်၌ သာလျှင် နိုရသက် ပါမောဇ္ဇရတိ[5] ဖြင့် ချမ်းမြေ့သာယာ ကောင်းစွာစက်မွေ့ခြင်းကို ပြု၏ သို့တည်း။

တနည်းလည်း–ဤသို့ မဂ်လေးပါးကို အစဉ်အတိုင်း ရရှာ၌ ထင်စေခြင်းငှါ ဤသို့သော ဥပမာဖြင့် မှတ်အပ်၏။ သောတာပတ္တိမဂ်ကို ရသော ပုဂ္ဂိုလ်သည် ပြင်းစွာသော လေကြမ်း လေမုန်တိုင်း ကြီးကျယ်စွာသော လှိုင်းတံပိုးတို့ဖြင့် ပြွမ်းသော ကြောက်မက်ဖွယ် ငါးရဲမိကျောင်း ဘေးတို့ဖြင့် နှောင့်ယှက်အပ်သော မဟာသမုဒ္ဒရာ ထိုမှာဖက်ကမ်းသို့ ကူးသန်းသွားလာကုန်သော သင်္ဘောသားတို့၏ လေကြမ်း မုန်တိုင်းတို့ဖြင့် မဖျက်ဆီးနိုင် လုံခြုံစွာသော ထောင့်ကောင်းတခုသို့ ရှေးဦးစွာ ကပ်မိသည်နှင့် တူ၏။ ဌင်း ပဌမမဂ်ဖိုလ် စသည်မှ ဒုတိယမဂ်ဖိုလ် စသည်တို့၏အကြား နေရသော အရိယာပုဂ္ဂိုလ်တို့သည်ကား ထောင့်

၁။ ဆုံးမထိုက်သူ။ ၂။ တဂ္ဂရ=ထိုအရဟတ္တဖိုလ်၌ လေးစားခြင်းကို၊ တန္ဒိန္ဒ=ထိုအရဟတ္တဖိုလ်၌ ညွှတ်ကိုင်းခြင်းကို။ ၃။ ခုနစ်ခုနစ်လီ။ ၄။ အိပ်ရာတိုက်ခန်း။ ၅။ ရှံ့ရှာခြင်းကင်း ဝမ်းမြောက်မွေ့လျော်ခြင်း။

ကောင်းတခုမှသည် ထောင့်ကောင်းတခုသို့ မရောက်မီအကြား ကြီးမားသော လေကြမ်းမုန်တိုင်းအတွင်း လှိုင်းမ-သို့ နင်းရ၍ ကူးသွားပြန်ကြရသော သင်္ဘောသား လူများအပေါင်းနှင့် တူ၏။ ကလျာဏ ပုထုဇဉ်တို့ကား သင်္ဘောအကြီး အကျယ် ကိုးကွယ်ရာမရ တုံးတိုတုံးငယ်နှင့် ရေလယ်လှိုင်းမ-ဝယ် သေရတော့ခမန်း ပင်ပန်းခြင်းသို့ ရောက်သူ လူများအပေါင်းနှင့် တူ၏။ နာမ်ရူပ်ကိုမှ မသိ သက္ကာယဒိဋ္ဌိ အားကြီးသော အနုပုထုဇဉ်တို့မှာကား တစုံတရာ ကိုးကွယ်ရာမရ သြဃအတွင်း သင်္ဘောမှောက်၍ ငါး လိပ် မကန်း အစာသို့ ရောက်ကြရသူ လူများအပေါင်းနှင့် တူ၏။

ဒုတိယမဂ်သည် ဒုတိယ ထောင့်ကောင်းနှင့် တူ၏။

တတိယမဂ်သည် တတိယ ထောင့်ကောင်းနှင့် တူ၏။

စတုတ္ထအရဟတ္တမဂ်သည် အလွန်သာယာလှစွာသော ရှု၍ မငြီး အံ့ချီး၍ မကုန် အလုံးစုံသော မွေ့လျော်ဖွယ်တို့နှင့် ပြည့်စုံသော ခေမာဆိပ်ကမ်းနှင့် တူ၏။

အရဟတ္တဖိုလ်သည် ယင်း ဆိပ်ကမ်းနှင့် တူ၏။

နိဗ္ဗာန်သည် ယင်း ကမ်းထိပ်၏အထက် ပင်လုံးကျွတ်သီးပွင့်သော အလွန် အေးမြသော အရိပ်နှင့် ပြည့်စုံသော မဟူ၊သကပန်းပင်ကြီးနှင့် တူ၏။

နိဗ္ဗာန်လျှင် အာရုံရှိသော အရဟတ္တမဂ်, အရဟတ္တဖိုလ်ဌာတည်သော ယောဂိ ပုဂ္ဂိုလ်တို့သည် လုံခြုံစွာသော ထောင့်ကောင်းသုံးရပ်၌ သုံးကြိမ်သုံးဖန် အမော အပန်း ဖြေလျက် ကြောက်မက်ဖွယ်သော ဘေးကြမ်း ရှုန့်ကြမ်းစွာသော လှိုင်း မ-သြဃအမော်တို့ကို လွန်သဖြင့် ဘေးကင်းရာ ခေမာကမ်းဆိပ်သို့ ရောက်၍ ၎င်းကမ်းထိပ်ဝယ် အလွန်တင့်တယ် အေးမြစွာသော မဟူ၊သက ပန်းပင်ကြီး အောက် ဝမ်းမြောက်ဝမ်းသာ ချမ်းမြေ့သာယာ ကောင်းစွာစက်မွေ့ကြသော သင်္ဘောသား အဘယခေမ၁ လူများအပေါင်းနှင့် တူ၏။

၁။ ဘေးကင်းငြိမ်းချမ်းသော။

ဤသည်မျှားကို ထောက်သဖြင့် အဆုံးမရှိ ဇာတိ, ဇရာ, ဗျာဓိ, မရဏ စသော ဘေးအတိပြုမ်းသော မြစ်ဝှမ်း သမုဒ္ဒရာဝယ် ကြီးကျယ်စွာသော ဤသည် မဂ္ဂင် ဖောင်ယာဉ်စီးလျက် အရဟတ္တမဂ်တည်းဟူသောခေမာကမ်းဆိပ် အရဟတ္တ ဖိုလ် တည်းဟူသော ယင်း ကမ်းထိပ်ဝယ် နိဗ္ဗာန်တည်းဟူသော မဉ္ဇူ သက ပန်းပင်ကြီးသို့ မရောက်မချင်း တစဉ်းတဖြောင့်တည်း ယင်းသည့်ကမ်းထိပ် ယင်း ပင်ရိပ်ကို စိတ်က ယော်ရမ်း ရောက်အောင် မှုန်းလျက် သူသူ ငါငါ လွန်စွာသော အဓိမတ္တသဒ္ဓါဝီရိယတို့ကို ဖြစ်စေ၍ မမေ့မလျော့ မဆုတ်မနစ် အားသစ်ကြိုးပမ်းသင့်လှပေတော့သည်။

နာမရူပပရိစ္ဆေဒဉာဏ်မှစ၍ အစဉ်အတိုင်း
မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖြစ်ဟန်ကို ထင်လွယ်စေခြင်းငှါ
ဝတ္ထုသာဓကဖြင့် ပြခြင်း

တနည်းလည်း–နာမရူပပရိစ္ဆေဒဉာဏ်မှစ၍ ဖလသမာပတ္တိဉာဏ်တိုင်အောင် ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် တို့၏ ဖြစ်စဉ်ဖြစ်ဟန်ကို သိသာနုသိသတို့ ထင်လွယ်စေခြင်းငှါရင်း၊ ဝါစုဂ္ဂတ ဆောင်လွယ် မှတ်လွယ်စေခြင်းငှါရင်း ဤသို့ ဆိုလတ္တံ့သော အတ္ထုပ္ပတ္တိ ဥပမာဖြင့် မှတ်အပ်၏။

ဥပမာဝတ္ထု

တရုံရောအခါ ငါတို့ဘုရားရှင် အလောင်းတော် အမှူးရှိသော သင်္ဘောသားငါးရာတို့ မဟာသမုဒ္ဒရာအတွင်း သင်္ဘောလွှင့်၍ သွားကြ လတ်သော် တခုသော ဘီလူးကျွန်းသို့ ရောက်လေသတတ်၊ ထိုအခါ ဘီလူးမတို့သည် အလွန်လှပတင့်တယ် အရွယ်နှင့်ပြည့်စုံသော လူမိန်းမ တို့ အသွင် ပြုပြင်ဖန်ဆင်း၍ သင်္ဘောသား အပေါင်းတို့အား ကာမဂုဏ် ဖြင့် ဖြားယောင်းလှည့်မတ်ကြလေ၏။ ထိုအခါ သင်္ဘောသားတို့ ပကတိ လူမိန်းမတို့ အထင်အမှတ်ဖြင့် ဝမ်းမြောက်ဝမ်းသာ ကာမဂုဏ် နှိုင်ငံသို့လိုက်၍ ဘီလူးမတို့နေရာရှိသို့ ဆိုက်ရောက်သဖြင့် ထို ဘီလူးမ

တို့နှင့်အတူ ဃရာဝါသ အိမ်ရာထောင်ဘက်ပြု၍ နိုရာသက်, နိုဗ္ဗယ[1]ကဲ့သို့ နေကြလေကုန်၏။ ထိုရောအခါ ဘီလူးမတို့သည် ညဉ့်အချိန်တွင် ယခင်ခင်ပွန်းပြု၍ ထားသော လူတို့ကို တခုသော နေရာတိုက်ခန်း အရပ်ဌ အရှင်လတ်လတ် ကိုက်ဖြတ်စားသောက်၍ နေကြလေသတတ်။ ထိုအခါ ငါတို့ ဘုရားအလောင်း သဘော်သူကြီးသည် ထိုမှ ဤမှ စုံစမ်းလတ်သော် ၎င်းဘီလူးမတို့၏ မိမိတို့လူသားစားရာ တိုက်ခန်းတွင်းဌ ပကတိ ဘီလူးအသွင်ဖြင့် လူသားစား၍ နေကြသည်ကို တပ်တပ်မြင်သဖြင့် "ဤသူတို့ကား လူမိန်းမ မဟုတ်၊ ဘီလူးမတို့ စင်စစ်တည်း"ဟု အလွန်ကြောက်လန့်သည်ဖြစ်၍ ဆိတ်ဆိတ်သာ ပြန်လာခဲ့ပြီးလျှင် မိမိစကားကို ယုံကြည်လိုက်နာကုန်သော သဘော်သား နှစ်ရာ့ငါးဆယ်တို့ကို ခေါ်ယူ၍ ဆောလျှင်စွာ ပြေးသွားကြရာတွင် ဝလာဟက နတ်မြင်းပျံနှင့် အခန့်သင့်တွေ့သဖြင့် မဟာသမုဒ္ဒရာ ထိုမှာဘက် ဓမာနုဂရ[2]သို့ ချမ်းမြေ့သာယာ ကောင်းစွာ ရောက်ကြလေ၏။ ကြွင်းသော နှစ်ရာ့ငါးဆယ်သော သဘော်သားတို့ကား ဘုရားအလောင်းသဘော်သူကြီး စကားကို နားမထောင် မှားသောကြောင့် ဘီလူးမတို့၏ အစာအဖြစ်သို့ ရောက်ရစ်ကြလေ၏။

ဥပမာ-ဥပမေယျ စပ်ဟပ်ပြပုံ

ရင်းဥပမာ၌—

ယင်းသဘော်သားတို့၏ ဘီလူးကျွန်းသို့ ဆိုက်ရောက်ကြသောအခါကို ကဲ့သို့ လူ့ပြည် နတ်ဘုံ၌ ပဋိသန္ဓေအားဖြင့် ဖြစ်လာသည်ကို မှတ်အပ်၏။

လူ၏အသွင် အလွန်တင့်တယ်စွာ ဖန်ဆင်း၍ပြသော ဘီလူးမတို့ကို မြင်သည်ရှိသော် ဇာတ်တူ လူမိန်းမ အမှတ်ဖြင့် အလွန်နှစ်သက်ကြသည့်အခါကဲ့သို့ ဤလူနတ်ဘဝဟူသော ကိုယ် ခန္ဓာငါးပါး၌ နိစ္စ, သုခ, အတ္တဟူ၍ အမှတ်မှားသဖြင့် အားကြီးစွာ တပ်မက်နှစ်သက်ခြင်းကို မှတ်အပ်၏။

---

[1] ရှုံ့ရှားခြင်းကင်းရာ ဘေးမရှိရာ။ [2] ငြိမ်းချမ်းသောမြို့။

ပကတိ ဘီလူးမတို့၏ အသွင်ဖြင့် လူသားစား၍ နေကြသည်ကို မြင်သည်ရှိသော် "ဤသူတို့ကား လူမဟုတ် ဘီလူးမတို့တည်း" ဟု **သိသော**အခါကိုကဲ့သို့ "ဤသည်တို့ကား လူနတ် မဟုတ် ဣတ္ထိ, ပုရိသ မဟုတ် ရူပ်နာမ်တရား အစုမျှသာတည်း" ဟု နာမရူပပရိစ္ဆေဒ**ဉာဏ်** ဖြစ်သည်ကို မှတ်အပ်၏။

"ဤသူတို့သည် ဤကဲ့သို့ပင် ငါတို့အသားကို စားလိုသောကြောင့် လူ၏ အသွင် ပြုပြင် ဖြားယောင်းလာကြသည်"ဟု အကြံဖြစ်သောအခါကဲ့သို့ ရှေးအဝိဇ္ဇာ, တဏှာဟူသော **အကြောင်း**ကြောင့် ဇရာ မရဏဖြစ်၍ ပျက်စီးစရာ အလို၌ ဤရူပ်နာမ်ခန္ဓာတို့ ဖြစ်လာရကုန်သည်ဟု ဓမ္မဋ္ဌိတိဉာဏ် ဖြစ်သည်ကို မှတ်အပ်၏။

"ဤသူတို့၌ ငါတို့ ယခင် ထင်မှတ်ကြသည်အတိုင်း အနည်းငယ်မျှ တုယ်တာ နှစ်သက်လောက်သော အဆင်းရုပ်ရည် မရှိ"ဟု နှလုံးပြုမိသောအခါကဲ့သို့ "ဤရူပ်နာမ်တရားတို့၌ အနည်းငယ်မျှ နှစ်သက်စရာ နိစ္စ, သုခ, အတ္တဟူ၍ မရှိ"ဟု သမ္မသနဉာဏ်ဖြစ်သည်ကို မှတ်အပ်၏။

"ဤသူတို့သည် ရှေးအခါလည်း လူတို့ကိုသတ်ဖြတ်၍ စားလှလေပြီ၊ ဤယခုလည်း သတ်ဖြတ်၍ စားကြဆဲ၊ **နောင်**လည်း လူတို့ကို ဤနည်းပင် သတ်ဖြတ်၍ စားကြကုန်လတ္တံ့"ဟု နှလုံးပြုမိသောအခါကဲ့သို့ "ဤခန္ဓာတို့သည် ရှေးအခါ**လ**ည်း ပျက်စီးလှလေပြီ၊ ယခုလည်း ပျက်ဆဲ၊ နောင်လည်း ပျက်လတ္တံ့"ဟု သိခါပတ္တ သမ္မသနဉာဏ် ပြင်းစွာဖြစ်သည်ကို မှတ်အပ်၏။

"ဤဘီလူးမတို့သည် ငါတို့ကို အခိုက်အတန့်အားဖြင့်သာ သူတို့ခင်ပွန်းပြု၍ ထားသည်၊ မရှည်မကြာ သူတို့အစာ ပြုကြလတ္တံ့"ဟု နှလုံးပြုမိသောအခါကဲ့သို့ "ဤရူပ်နာမ်တရားတို့သည် ယခုအခိုက်အတန့်မျှသာဖြစ်၍ ဤယခုပင် ပျက်စီးကြကုန်သည်"ဟု ဥဒယဗ္ဗယဉာဏ်ဖြစ်ခြင်းကို မှတ်အပ်၏။

ဂင်းနောက် ထိုသဘော်သားတို့၏ ထိုကြောက်မက်ဖွယ်သော ဘီလူးမတို့နှင့် အခိုက်အတန့် ပေါင်းဘော်နေသည်ကို မသာယာမှု၍ "ဤသူတို့သည် ဤယခုပင် ငါတို့အသားကို စားလိမ့်မည်"ဟု နှလုံးပြုမိကြသောအခါကဲ့သို့ အခိုက်

အတန့်ဥပါဒ်အားဖြင့် ဖြစ်သည်ကို နှလုံးမထား ပျက်ခြင်း ဘင်ကိုသာ အာရုံပြု၍ ရှုသော ဘင်ဉာဏ်ကို မှတ်အပ်၏။

လူပကတိတို့ကို အရှင်လတ်လတ် ကိုက်ဖြတ်၍ အာပေါင်ကြားမှ သွေးစိမ်းစက်စက် ယိုဆွက်၍ကျအောင် စားသောက်သည်ကို မြင်သဖြင့် "ဤ အကောင်မတို့ကား အလွန်ကြောက်မက်ဖွယ်ရှိစ့ဉ့်၊ ရုန့်ရင်းကြမ်းတမ်းလှစ့ဉ့်"ဟု နှလုံးပြုမိသောအခါကဲ့သို့ တောဘုမ္မကသခ်ၢိရတရားတို့၌ ဘင်ၢိနုပဿနာ၏ အစွမ်းအားဖြင့် "ကြောက်မက်ဖွယ်သာတည်း"ဟု ဝိပဿနာပြုသော ဘယဉာဏ် ဖြစ်ခြင်းကို မှတ်အပ်၏။

"ဤဘီလူးမတို့ ဖြားယောင်းလာရာ ငါတို့လိုက်လာမှားလေစ့ဉ့်၊ ဤအကောင်မတို့ကား အဘယ်တစုံတခု နှစ်သက်တွယ်တာစရာ မရှိ။ အဆင်းအားဖြင့်လည်း အလွန်ရှုံ့ရှာဖွယ်ရှိသော အရှင်လတ်လတ် ကိုယ့်ခင်ပွန်းကိုလည်း ကိုက်စားတတ်သော အယုတ်အမာမတို့တည်း"ဟု မျှားစ့ဉ့် အပြစ်မြင်သောအခါကဲ့သို့ "ဤရုပ်နာမ်ခန္ဓာတရား ဟူသမျှတို့သည် အနည်းငယ်မျှ တွယ်တာနှစ်သက်ဖွယ် မရှိ၊ အနိစ္စ, ဒုက္ခ, အနတ္တ, အဝုဝ, အတာဏ, အလေဏ-အစရှိသော သဘောတရား အစုမျှသာတည်း"ဟု အာဒီနဝဉာဏ် ဖြစ်သည်ကို မှတ်အပ်၏။

ထိုသို့ လွန်စ့ဉ့်အပြစ်မြင်သဖြင့် ထိုဘီလူးမတို့မှ လွန်စ့ဉ့်ငြီးငွေ့ခြင်းဖြစ်သကဲ့သို့ ရှေးဘင်ၢိနုပဿနာ၏ အစွမ်းအားဖြင့် မြင်အပ်ပြီးသော အပြစ်ရှိသော သခ်ၢိရတရားတို့၌ လွန်စ့ဉ့်ငြီးငွေ့ခြင်း နိဗ္ဗိဒါဉာဏ် ဖြစ်သည်ကို မှတ်အပ်၏။

"အကြင်ရှေ့လောက် ဤဘီလူးမတို့သည် ငါတို့ကိုမစားသေး၊ ထိုသို့ ငါတို့ကို မစားမီထွက်ပြေးရသော် ကောင်း၏"ဟု ဘီလူးဘေးမှ လွတ်လို၍ ပြေးသွားသော ကာလကဲ့သို့ ထိုသခ်ၢိရတရားတို့မှ လွတ်လိုသော မုစ္စိတုကမျှတာဉာဏ်ကို မှတ်အပ်၏။

"ငါတို့ကား ဘီလူးမ မဟုတ်၊ လူသားစင်စစ်တည်း"ဟု ထိုဘီလူးမတို့ လိုက်၍ ဖြားယောင်းသော်လည်း ယုံကြည်ခြင်း မရှိ၊ "ဤသူတို့ကား ဘီလူးမအစစ်ပင်တည်း၊ ကြောက်မက်ဖွယ်သာတည်း"ဟု အထပ်ထပ် တလမ်းလုံးအောက်မေ့၍ သွားကြသောအခါကဲ့သို့ သခ်ၢိရတရားတို့၏ နိစ္စ သုခ အတ္တ အဖြစ်ဖြင့် တဖန်

မကပ်လာနိုင်အောင် အနိစ္စ ဒုက္ခ အနတ္တ အဓိ၀ ဘာ၀ကာလိက-အစရှိသဖြင့် အဖန်တလဲလဲ အကျယ်သပ်၍ သုံးသပ်ခြင်း ပဋိသခ်ါဉာဏ် ကို မှတ်အပ်၏။

တဖန် ၀လာဟက နတ်မြင်းပျံ၏ အထက် စီးတက်လုနီးသောအခါ ယင်းဘီလူးမတို့ ကပ်လာ၍ "ခင်ဗျန်းဖြစ်သောအမောင်တို့သည် မယားဇနီးဖြစ်သော ငါတို့ကို အဘယ်သို့စွန့်ပစ်၍ သွားကြအုံ့နည်း၊ ငါတို့ကို အထင်အမှတ် မမှားကြပါနှင့်"ဟု အထပ်ထပ် တောင်းပန်ဖြားယောင်းအပ်သော်လည်း "ဤ ဘီလူးမတို့သည် ငါတို့မယားတည်း၊ ငါတို့လည်း ဤဘီလူးမတို့ ခင်ဗျန်းတည်း"ဟု အနည်းငယ်မျှ နှလုံးသွင်း မရှိ၊ ရန်သူစင်စစ် အဖြစ်ကိုသာ နှလုံးထားမိကြသည်အခါကဲ့သို့ "ဤသည်တို့ကား ငါလည်း မဟုတ်၊ ငါ၏ ဥစ္စာလည်း မဟုတ်၊ သူတပါးလည်း မဟုတ်၊ သူတပါးဥစ္စာလည်း မဟုတ်၊ သူတပါးတို့၏ သား, မြေး, အစ်ကို, ညီသားဖြစ်သော ငါဟူသည် မရှိ၊ ငါ၏ သား, မြေး, အစ်ကို, ညီသားဖြစ်သော သူတပါးဟူသည်လည်း မရှိ၊ ရူပ်နာမ်တရား အစု၊ အနိစ္စ, ဒုက္ခ, အနတ္တအစုမျှသာတည်း"ဟု နှလုံးပြု၍ "နာဟံ၊ န မမ၊ န အညံ၊ န ကဿစိ" ဟု ဝိပဿနာပြုသော သခ်ါရုပေက္ခာဉာဏ် ကို မှတ်အပ်၏။

ထိုနောင်မှ ၀လာဟက နတ်မြင်းပျံ၏ အထက် စီးတက်ပျံသွားကြ၍ သမုဒ္ဒရာအလယ် ထက်ဝက်လောက် ကျရောက်သောအခါ၌ ဘီလူးကျွန်းနှင့် လွန်စွာ မဝေးလှသေးသောကြောင့် ကြောက်ရိန်လှလှ မသေသေးသည်ဖြစ်၍ ကြောက်မှုလန့်စွာ ဘီလူးကျွန်းကို လည်ရှောင်ကြည့်ခြင်း, ထိုမှာဘက်ဂမ်းကိုလည်း လှမ်း၍ ရမ်း၍ ကြည့်ခြင်းကိုပြုကြသော အခါကဲ့သို့ အောက်လွန်ခဲ့ပြီးသော ဝိပဿနာဉာဏ်တို့နှင့် အတူ အနိစ္စ, ဒုက္ခ, အစရှိသည်ဖြင့် သခ်ါရတရားတို့ကို အာရုံပြုခြင်းကြောင့် ထိုလောကီဉာဏ်တို့အားလည်း လျော်သော, အထက်မဂ်ဉာဏ်၏ အ၀ဋ္ဌ ဆိုက်လုနီးသောကြောင့် ၎င်း အထက် မဂ်, ဖိုလ်ဉာဏ်တို့အားလည်း လျော်သော အနုလောမဉာဏ် ကို မှတ်အပ်၏။

ထိုနောင်မှ ယင်း သဘော်သားတို့၏ ထိုဘီလူးဘေးတို့မှ လှလှလွတ်ရာ ခေမာမြို့ကြီးသို့ ရှေ့ရှုသွားသော မဟာမဂ္ဂ၏ အနီး သာယာစွာသော ကမ်းထိပ်ကြီးသို့ ရောက်ကြသောအခါကဲ့သို့ လောကိုပုထုဇဉ် အနွယ်တည်းဟူသော ဤမှာဘက်

ဘီလူးကျွန်းကို လွန်မြောက် ဖြတ်တောက်တတ်သော ဂေါတြဘူဥာဏ် ကို မှတ်အပ်၏။

ထိုနောင်မှ ယင်း သဘော်သားတို့၏ ဘီလူးကျွန်းကို လုံးလုံး အာရုံမမူ၊ မိမိတို့သွားလာရာ ခေမာနန်းမြို့ကြီးကိုသာ ရှေ့ရှုအာရုံမူသကဲ့သို့ ၎င်းဂေါတြဘူဥာဏ်၏ အနိစ္စ, ဒုက္ခ, အနတ္တဟူ၍ လောကီသင်္ခါရကို အာရုံမမူ၊ နိဗ္ဗာန်ကိုသာ လျှင် ရှေ့ရှု အာရုံမူသည်၏ အဖြစ်ကို မှတ်အပ်၏။

ထိုနောင်မှ ယင်းသဘော်သားတို့၏ ခေမာမြို့ကြီးသို့ရောက်ရာ မဟာမဂ္ဂလမ်းသို့ ဖြောင့်တန်းစွာ လိုက်ကြသည်အခါကဲ့သို့ နိဗ္ဗာန်လျှင် အာရုံရှိသော မဂ်ဥာဏ် ကို မှတ်အပ်၏။

ထိုနောင်မှ ယင်း သဘော်သားတို့၏ ခရီးမ၏ အဆုံးအပြီး ခေမာမြို့တော်ကြီး အတွင်း ဘေးကင်းချမ်းသာ ရောက်ကြသည်အခါကဲ့သို့ မဂ္ဂါနုဇ္ဇရ ဖိုလ်ဥာဏ် ကို မှတ်အပ်၏။

ထိုနောင်မှ ယင်းသဘော်သား ယောကျ်ားတို့၏ မိမိတို့အား လျှောက်ပတ်သော အိပ်ခင်းနေရာ ဃရ, ပါသာဒ, ဟမ္မိယ ဟု ဆိုအပ်သော ဘုံ နန်းပြာသာဒ်တို့၌ ဝမ်းမြောက်ဝမ်းသာ နိရာသက်, နိရသုက္ခ[1] ဖြစ်၍ အလွန်မွေ့လျော်ကိန်းစက်ကြသော အခါကဲ့သို့ ယောဂါဝစရ အရိယာပုဂ္ဂိုလ်တို့၏ မိမိတို့ ရအပ်သော ဖိုလ်ကို ဝင်စားခြင်း ဖလသမာပတ္တိဥာဏ် ကို မှတ်အပ်၏။

ဘီလူးကျွန်း၌ နေရစ်မှားရ၍ ဘီလူးစာ ဖြစ်ကြလေသူ လူမိုက်တို့၏သို့ သက္ကာယဒိဋ္ဌိ အားကြီးသည်ဖြစ်၍ ခန္ဓာငါးပါး၌ အလွန်မက်သဖြင့် ပျော်ရွှင်မြူးတူး စာရားလက်လွတ် ရူးကြသောကြောင့် ယခုထက်ထိ သံသရာဘေး အပါယ်ဂတဘေး ရောက်ဆဲ ရောက်လတ္တံ့ဖြစ်သူ အနှပုထုဇဉ် လူအပေါင်းတို့ကို မှတ်အပ်၏။ ဤသို့သော သဘောအခြင်းအရာမျှားကို နှလုံးထားတော်မူကြသဖြင့် တောဘုမ္မကာဝ၌ဒုက္ခဟူသော ဘီလူးကျွန်းမှ အဆောတလျင် ထွက်မြောက်ရအောင်, ခန္ဓာငါးပါးတည်းဟူသော ဘီလူးစာအဖြစ်သို့ အခါခါမရောက်ကြ

၁။ ရှုံ့ရှားခြင်း ကင်းသည်၊ ကြောင့်ကြခြင်း မရှိသည်။

အောင်, သက္ကာယဒိဋ္ဌိ နိကန္တိတဏှာ[1] ဟူသော ဘီလူးမတို့လှည့်ပတ် ဖြားယောင်းတိုင်း သံသရာဘေးရော မထိကြရအောင်, ဘုရားရှင်တည်းဟူသော သင်္ဘော်သူကြီး၏ မမှီဒေသနာတည်းဟူသော် စကားတော်မြတ်ကို ယုံကြည်စွာ နာခံမှတ်သားသဖြင့် အတ္တသမ္မာပဏိဓိ ပဋိပတ်အကျင့်မြတ်တည်းဟူသော ဝလာ-ဟကနတ်မြင်းပေါ်ဖြင့် သံသရာတည်းဟူသော မဟာသမုဒ္ဒရာ ကမ်းတဖက်သို့ ခပ်လျက် မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ဟူသော ခေမာနဂရ အဘယနန်းဌာနသို့ မရောက်ရောက်အောင် အာဒိတ္တစောဋ, ဥက္ခိတ္တာသိကူပမာ[2] သူငါကစ လွန်စွာ အားထုတ် သင့်လှတော့သလျှင်ကတည်း။ အားထုတ်တော် မူနိုင်ကြပါစေကုန်သတည်း။

ဤကား နာမရူပပရိစ္ဆေဒဉာဏ်မှ စ၍ ဖလသမာပတ္တိဉာဏ် တိုင်အောင် ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့၏ ဖြစ်စဉ်ဖြစ်ဟန်ကို အတ္ထုပ္ပတ္တိ ဥပမာနှင့်တကွ မကျဉ်းမကျယ် ဆောင်လွယ်မှတ်သားလွယ်ရန် နည်းတရပ်။ ဝါစုဂ္ဂတရပါစေ။

ဤမှတပါးသော ဥပမာတို့ကို အကျယ်လိုလျှင် "ဝဂ္ဂုလိ ကဏ္ဍသပ္ပေါ စ" အစရှိသည်ဖြင့်လာသော အဋ္ဌကထာ[3]ကို ရှုအပ်၏။ "ဣဓ ပန ဘောဝတာ[4]" လိုရာအကျိုးပြီးလောက်ရကား "အလ'မတိပပဉ္စေန[5]"။

ဤသည်လျှင် ကမ္မဋ္ဌာနုဂ္ဂဟဝါရဋ္ဌ ဘာဝနာကာရ, ဥပဋ္ဌာနာကာရ, အာနိ-သံသာကာရ, ဥယျောဇနာကာရတို့ဖြင့် ကြည်ညို နားလည်ဖွယ် ဥပမာ, ဥပ-မေယျတို့နှင့်တကွ အကျယ်နည်း, အကျဉ်းနည်း နှစ်ပါးတို့ဖြင့် ပြအပ်သော ဝိပဿနာနည်း အပြီးသတ်တည်း။

၁။ သက္ကာယဒိဋ္ဌိ=ထင်ရှားရှိသော ခန္ဓာ ၅-ပါးအဓိပါဒ်ကို အယူလွဲခြင်း။ နိကန္တိ-တဏှာ=အကျိုးဖြစ်သော လူဘဝ, နတ်ဘဝ စသည်ကို ကပ်ငြိတောင့်တခြင်း။
၂။ ပုဆိုးမီးလောင်ခံရသူ ဦးခေါင်းထက် သန်လျက်အမိုးခံရသူပမာ။
၃။ ဝိသုဒ္ဓိ၊ ၂။ ၃၀၁။
၄။ ဤကျမ်းဌကား ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့်။
၅။ အလွန်ခဲ့ခြင်းဖြင့် အကျိုးမရှိ။

ပကိဏ္ဏကဂဏ္ဌိပဇ္ဇဝိနိစ္ဆယနည်း အမြှက်

ဤဆိုလတ္တံ့သည်ကား ၎င်းဝိပဿနာနည်းအတိုင်း မှတ်သား၍ ဝိပဿနာ ရှုသော အရှင်တို့အား အသိဉာဏ်သန့်ရှင်းစေခြင်း အကျိုးငှါ ပကိဏ္ဏက ဂဏ္ဌိပဇ္ဇ ဝိနိစ္ဆယနည်း အမြှက်တည်း။

အကြောင်းကို နှလုံးမထား နာမ်ရုပ်ကိုသာ ဆင်ခြင်အောက်မေ့ခြင်းသည် **နာမရူပပရိစ္ဆေဒဉာဏ်** မည်၏။

နာမ်ရုပ်တို့၏ အကြောင်းကိုသာ နှလုံးထားခြင်းသည် **ဓမ္မဋ္ဌိတိဉာဏ်** မည်၏။

နာမ်ရုပ်တို့၏ လက္ခဏာ, ရသ စသည်ကို၎င်း အနိစ္စ အစရှိသော လက္ခဏာ ကို၎င်း သုတမယဉာဏ်ဖြင့် မှတ်သားမိသည်အတိုင်း အထပ်ထပ် နှလုံးသွင်းခြင်း ကြံဆင်ခြင်းသည် **သမ္မသနဉာဏ်** မည်၏။

ကလာပသမ္မသနဟူရာ၌လည်း ရုပ်ကလာပ်မျှကိုသာ သုံးသပ်သည်ကို **မဆို**၊ ထိုနာမ်ရုပ်တို့တွင် တခုတခုသောတရားကို ပစ္စုပ္ပန်အစရှိသော တဆယ့်တပါး သော အပြားတို့ဖြင့် လက္ခဏာရေးသုံးပါးသို့တင်၍ အပေါင်းအားဖြင့် သုံးသပ် မှတ်သားခြင်းကို **ကလာပသမ္မသန** ဆိုသည်မှတ်။ ၎င်းသမ္မသနဉာဏ်အရာဝယ် ကမ္မပစ္စယဥတုသမုဋ္ဌာန်ဟူရာ၌ ဥပထမ္ဘက **အကြောင်း**ကို ပစ္စယ, ဇနက အကြောင်းကို **သမုဋ္ဌာန်** ဆိုသည်မှတ်။ ကံသည် အဝေးမှ ထောက်ပံ့အပ်သော, ဥတုသည် ကိုယ်တိုင်ဖြစ်စေအပ်သော ရုပ်ကို **ကမ္မပစ္စယဥတုသမုဋ္ဌာနရုပ်** ဟူ၍ ဆိုအပ်၏။ ကမ္မဇရုပ်တို့၌ အကျွမ်းဝင်သော တေဇောဓာတ်တို့က ဥတုဇရုပ် တို့ကို ဖြစ်စေသည်အခါ ကံကို အဘိုးအေ၏သို့မှတ်။ တေဇောဓာတ်ကို အဘ၏ သို့မှတ်။ ၎င်းရုပ်ကို ကံ၏မြေး, ဥတု၏သား ဆိုအပ်သည် မှတ်။ ကြွင်းသော စိတ္တ-ပစ္စယ ဥတုသမုဋ္ဌာန် စသည် ဆိုရာ၌လည်း ဤနည်းတူမှတ်။

၎င်းတို့တွင် တခုတခုသော တေဇောက ဥတုဇရုပ်တို့ကို **လေးဆက်, ငါးဆက်** ဖြစ်စေသည်။ "တဆက်တဆက်၌ ၄၉-ကြိမ်စီဖြစ်စေသည်"ဟူရာ၌လည်း ရုပ်တို့ အသက်၏ ခဏငယ် ငါးဆယ့်တချက်ခန့် ရှိသည်တွင် ဥပါဒ်ခဏ၊ ဘင်ခဏတို့၏

ရုပ်ကို မဖြစ်စေနိုင်ရကား ထိုကိုကြဉ်၍ ကြင်းသော လေးဆယ့်ကိုးချက်သော ခဏငယ် အတိုင်း အရှည်မျှလောက်သော ကာလရှိသော တခုသော တေဇော ဓာတ် ဌီခဏမှ ၄၉-ကြိမ်တိုင်တိုင် ဥတုဇရုပ်တို့ကို ဖြစ်စေနိုင်သည်(တဆက်)။

ဤနည်းအတူ ၎င်း ၄၉-ခုသော ဥတုဇရုပ်တို့၌ အကျမ်းဝင်သော တေဇော ဓာတ်ပေါင်း ၄၉-ခုတို့တွင် တခုတခုသော တေဇောကလည်း ၄၉-ကြိမ်စီ ဥတုဇ ရုပ်တို့ကို ဖြစ်စေပြန်သည်။ (နှစ်ဆက်)

ဤ ၄၉-ခုပေါင်း ၄၉-လီအတိုင်းအရှည်ရှိသော ဥတုဇရုပ်တို့၌ အကျမ်းဝင် သော တေဇောဓာတ် ၄၉-ပေါင်း ၄၉ လီတို့တွင် တခုတခုသော တေဇောဓာတ် တို့ကလည်း ၄၉-ကြိမ်စီချည်း ရုပ်ကိုဖြစ်စေပြန်သည်။ (သုံးဆက်)

ဤနည်းအတူ သုံးဆက်မြောက်၌ရှိသော ၄၉-ခုပေါင်း ၄၉-လီတို့၏ ၄၉-ပြန် အတိုင်းအရှည်ရှိသော ဥတုဇရုပ်တို့၌ အကျမ်းဝင်သော ၄၉-ခုပေါင်း ၄၉-လီ တို့၏ ၄၉-ပြန် အတိုင်းအရှည်ရှိသော တေဇောဓာတ်ဟူသမျှတို့ကလည်း တခု တခုကလျှင် ၄၉-ကြိမ်စီချည်း ရုပ်တို့ကို ဖြစ်စေပြန်၏။ (လေးဆက်)

ငါးဆက်စသည် လာရာ၌လည်း ဤနည်းအတူ ရုပ်တို့၏ ဆက်နည်း,ပွါးနည်း တို့ကို အသေအချာ မှတ်အပ်၏။

ဥပမာကား–ဝိသာခါဒါယိကာမ၌ သားနှစ်ကျိပ်, မြေးလေးရာ, မြစ် ရှစ်ထောင် ပွါးသည်ဟူသကဲ့သို့ ဤ၌လည်း တခုသော ရှေးဦးအစ တေဇော ဓာတ်၏ သားကား အဋ္ဌကလာပ် ၄၉-တည်း။ ၎င်း ပဌမတေဇော၏ မြေးကား ယင်း ၄၉-ပေါင်း ၄၉-လီတည်း၊ ၎င်း ပဌမတေဇော၏ မြစ်ကား ယင်း ၄၉-ပေါင်း ၄၉-လီတို့၏ ၄၉-ပြန်တည်း။ ၎င်း ပဌမတေဇော၏ တိကား ယင်း ၄၉-ပေါင်း ၄၉-လီတို့၏ ၄၉-ပြန်အတိုင်း အရှည်ရှိသော ရုပ်အပေါင်းတို့၏ ၄၉-ခု တည်း။ ဤသို့မှတ်။

ဤမျှလောက်သော ဥတုဇရုပ်တို့ကို ပဌမ တေဇောဓာတ်၏ သား, မြေး, မြစ်, တိတို့ဟူ၍ ဆိုအပ်ကုန်၏။ ဤသို့သောနည်းဖြင့် ရုပ်ပွါးနည်း, ဆက်နည်း တို့ကို အသေအချာ မှတ်သားနိုင်ခြင်းသည် ရုပ်တို့၏ ဖြစ်ဟန်, ပျက်ဟန် မျှား ပြားဟန်ကို သိတတ်သော အားကြီးသော သုတမယဉာဏ်၏ အစွမ်းဖြင့်

ဘာဝနာမယဉာဏ် ထင်လွယ်ခြင်း အကျိုးရှိသည်။ အနတ္တ အမှုန့်အစု၏ အဖြစ် အလွန်ထင်ရှားခြင်း အကျိုးရှိသည်။ ထို့ကြောင့် ဤ [illegible]ပြီးသော နည်းကို အစဉ်မြဲသဖြင့် အလုံးစုံသော တေဇော, အလုံးစုံသော သြဇာတို့၏ ရုပ်ပွါးဟန် ဆက်ဟန် အခြင်းအရာတို့ကို နှလုံး၌ ရေးရေးထင်အောင် အောက်မေ့၍ ရုပ်ကို သိမ်းဆည်းတော်မူကြကုန်။

ထိုသို့ သိမ်းဆည်းသည်ရှိသော် အနတ္တ အမှုန့်စု၏အဖြစ် အလွန်ထင်ရှား လတ္တံ့၊ ဥဒယဗ္ဗယာနုပဿနာ၌ ပစ္စယတော ဥဒယဒဿနကား ဥပါဒ်, ဌိ, ဘင် သုံးပါးတို့၏ ဖြစ်ပေါ်လာခြင်းကို ရှုသည်။ ပစ္စယတော ဝယဒဿနလည်း ဥပါဒ်, ဌိ, ဘင်အားဖြင့် မဖြစ်မပေါ်လာသည်ကို ရှုသည် မြင်သည်မှတ်။

ခဏတော ဥဒယဒဿန ဟူသည်ကား ပစ္စုပ္ပန်ဖြစ်ဆဲ ဥပါဒ်ခဏကို ရှုသည်။

ခဏတော ဝယဒဿန ဟူသည်ကား ပစ္စုပ္ပန်ပျက်ဆဲ ဘင်ခဏကို ရှုသည် ဟူလိုသည်။

ဘင်္ဂါနုပဿနာ၌ ဘင်ဟူသည်ကား မုချအားဖြင့် ပစ္စုပ္ပန် နာမ်ရုပ်တို့၏ ဘင်တည်း။

သမ္မသနဉာဏ် ဟူသည်ကား ရူပက္ခန္ဓာမှ စ၍ ဇရာမရဏတိုင် လက္ခဏာ သဘောကို ပစ္စုပ္ပန်ကာလ အစရှိသော တဆယ့်တပါးသော အပြား အပေါင်း အားဖြင့် သုံးသပ်သတည်း။

ဥဒယဗ္ဗယဉာဏ် ဟူသည်ကား ပဋ္ဌာနအားဖြင့် မိမိ၏ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဆဲ ဖြစ်သော ပစ္စုပ္ပန် ရုပ်နာမ်တရားတို့၏ ဖြစ်ဟန် ပျက်ဟန်ကို ဆင်ခြင်သည်။

ဘင်္ဂဉာဏ် ဟူသည်ကား ပဋ္ဌာနအားဖြင့် မိမိ၏ ကိုယ်တွင်းသန္တာန်၌ ဖြစ်ဆဲ ပစ္စုပ္ပန် နာမ်ရုပ်တရားတို့၏ ဘင်ကိုသာ နှလုံးသွင်း၍ ဆင်ခြင်သည်။

ဤသည်လျှင် ၎င်းသုံးပါး အထူးတည်း။

ဘင်္ဂဉာဏ်မှစ၍ ရှေးဦးအစ နုသော မုစ္စိတုကမျတာဉာဏ် တိုင်အောင် ပွါးပုံ ဘာဝနာကာရ အထူးမရှိ။ ဘင်္ဂါနုပဿနာ နည်းအတိုင်းသာလျှင်

ပွါးအပ်သည်။ မထင်သေးလျှင် အကျယ်နည်း, အလွန်ပြဲပြဲထင်လျှင် အကျဉ်းနည်းကို ပွါးအပ်၏။

ရင့်သော မုစ္ဆိတုကမ္မတာဉာဏ်မှစ၍ အနုလောမဉာဏ်တိုင်အောင် ၎င်းဉာဏ်ကိုးပါးတို့၌လည်း ပွါးပုံ ဘာဝနာကာရကား မထူးလွန်း၊ အစဉ်သင့် အကျယ်, အကျဉ်းမျှသာ ထူးသည်။ ရံခါရံခါ အလွန်ထင်သည်ဖြစ်၍ အထက်သို့ တက်မည်ထင်လျှင် "အနိစ္စာ ဒုက္ခာ အနတ္တာ" ဟူ၍သာ အကျဉ်းမျှ ပွါးအပ်၏။ ရံခါရံခါ အထက်သို့ မတက်တည့်နိုင်ရှိခဲ့လျှင် ဆိုအပ်ခဲ့ပြီးသည်အတိုင်း အကျယ် ပွါးအပ်၏။ ဤမျှသာ ထူးသည်။

ဥပမာကား—မဟာသမုဒ္ဒရာ၌ မာလိန်မှုး သဘော်သား ကုန်သည်တို့၏ သမုဒ္ဒရာအတွင်း သဘော်လွင့်သွားရာ မေ့မြှုယှုဆောင်အပ်သော သမုဒ္ဒရာကာကမည်သော ကျီးငှက်သည် ရံခါရံခါ ကမ်းရှိရာသို့ လှမ်း၍ ပျံသွားခြင်း, ရံခါရံခါ ကမ်းရှိရာသို့ မရောက်မမြင် တည့်လျှင် မိမိနေရာ မာလိန်တိုင်ထိပ်၌ နားရ၍ အားယူပြန်ခြင်း ဤသို့ အလှည့်အလည်နားချေ, ပျံချေ ပြုဖန်များ၍ အကြင်အခါ ကမ်းကိုမြင်၏၊ ထိုအခါ ကမ်းရှိရာသို့ မရောက်မချင်း တဟုန်တည်း အပြင်းပျံ၍ နားသကဲ့သို့ ဤနည်းအတူ ရံခါရံခါ နိဗ္ဗာန်၌ အလွန် စေလှတ်သော, နိဗ္ဗာန်၌ အလွန်ကိုင်းရှိုင်းသော, တန္ဒီန္ဒ, တပ္ပေါဏ, တဂ္ဂရုစိတ်ဖြင့် အနိစ္စ အနိစ္စ အစရှိသည်ဖြင့် အကျဉ်းမျှ နှလုံးထားခြင်း, ရံခါရံခါသင်္ခါရုပေက္ခာဉာဏ်ဟူသော မာလိန်တိုင်ထိပ်၌ နား၍ ဖြည်းညှင်းသက်သာ အကျယ်အားဖြင့် နှလုံးသွင်းခြင်းကို ပြုခြင်း၊ ဤသို့ အလှည့်အလည် အကျဉ်း, အကျယ်နှလုံးသွင်းခြင်းမျှ ထူးသည် ဟူလိုသည်။

ဥပ္ပါဒ, ပဝတ္တိ, နိမိတ္တ, အာယူဟန, ပဋိသန္ဓိဟူသည်၌လည်း—

"ဥပ္ပါဒေါတိ ပုရိမကမ္မတော ဣဓ ပဋိသန္ဓိဝသေန နိဗ္ဗတ္တိ။ ပဝတ္တိတိ တထာ ပဝတ္တိ၊ နိမိတ္တန္တိ သင်္ခါရနိမိတ္တံ၊ အာယူဟနန္တိ အာယတိံ ပဋိ-သန္ဓိ ဟေတုကမ္မံ၊ နိဗ္ဗတ္တိတိ အာယတိံ ပဋိသန္ဓိဝသေန နိဗ္ဗတ္တိ"

အဋ္ဌကထာပါဋိ[1]။

၁။ ဝိသုဒ္ဓိ ၂-၂၈၆။ ပဋိသံ-ဋ္ဌ ၁-၂၄၂(ဆဋ္ဌမုန္နင့်မတူ)။

အဝိပွါယ်ကား— ဤဘဝ ပဋ္ဌိသန္ဓေဟောင်းသည် ဥပ္ပါဒ, ပဋ္ဌိဌန္ဒိနောင် ပဌမ ဘဝင်မှစ၍ စုတိတိုင်အောင် ရုပ်နာမ်တရားတို့၏ အစဉ်မပြတ်ဖြစ်ခြင်းသည် ပဝတ္တိ, လူ့စည်းစိမ် နတ်စည်းစိမ်ဟူ၍ သမုတ်အပ်သော ရုဂ စသည်တို့၏ အကြောင်းဖြစ်သော လောကီကာမဂုဏ်ဟု ဆိုအပ်သော သင်္ခါရတရားအပေါင်းသည် နိမိတ္တမည်၏။ နောင်ဘဝသစ်၏ အကြောင်း ကုသိုလ်ကံအကုသိုလ်ကံသည် အာယူဟနမည်၏။ နောင်ဘဝတို့၌ ရလတ္တံ့သော ပဋ္ဌိသန္ဓေသစ်သည် နိဗ္ဗတ္တိမည်၏ ဟူလိုသည်။

> မဂ်ဉာဏ်တို့၏ သစ္စာလေးပါးကို ထိုးထွင်းမြင်သိသည်ဟူရာ၌လည်း "စတုဗ္ဗိဓံ သစ္စေသု ဉာဏံ– သုတမယဉာဏံ, ဝဝတ္ထာနဉာဏံ, သမ္မသနဉာဏံ, အဘိသမယဉာဏန္တိ။ တတ္ထ ကတမံ သုတမယဉာဏံ? သံခိတ္တေန ဝါ ဝိတ္ထာရေန ဝါ စတ္တာရိ သစ္စာနိ သုတ္ဝာ ဇာနာတိ၊" ဣဒံ ဒုက္ခံ အယံ သမုဒယော၊ အယံ ဒုက္ခနိရောဓော၊ အယံ မဂ္ဂေါ" တိ၊ ဣဒံ သုတမယဉာဏံ။ ကတမံ ဝဝတ္ထာနဉာဏံ?သော သုတာနံ အတ္ထံ ဥပ-ပရိက္ခတိ ဓမ္မတော စ လက္ခဏတော စ "ဣမေ ဓမ္မာ ဣမသ္မိံ သစ္စေ ပရိယာပန္နာ၊ဣမဿ သစ္စဿ ဣဒံ လက္ခဏ"န္တိ သန္နိဋ္ဌာနံ ကရောတိ၊ ဣဒံ ဝဝတ္ထာနဉာဏံ။ ကတမံ သမ္မသနဉာဏံ? သော ဧဝံ ယထာနုပုဗ္ဗံ စတ္တာရိ သစ္စာနိ ဝဝတ္ထပေတ္ဝာ[1] ယာဝ ဂေါတြဘုဉာဏံ အနိစ္စတော ဒုက္ခတော အနတ္တတော သမ္မသတိ၊ ဣဒံ သမ္မသနဉာဏံ။ ကတမံ အဘိသမယဉာဏံ? လောကုတ္တရမဂ္ဂက္ခဏေ ဧကေန ဉာဏေန စတ္တာရိ သစ္စာနိ အပုဗ္ဗံ အစရိမံ အဘိသမေတိ "ဒုက္ခံ ပရိညာဘိသမယေန, သမုဒယံ ပဟာနာဘိ-သမယေန, နိရောဓံ သစ္ဆိကိရိယာဘိသမယေန, မဂ္ဂံ ဘာဝနာဘိသမ-ယေန အဘိသမေတိ"တိ၊ ဣဒံ အဘိသမယဉာဏန္တိ။

ပဋ္ဌိသမ္ဘိဒါမဂ်အဋ္ဌကထာပါဠိ (ပ၊ နှာ-၁၅၃) ဤပါဠိအတိုင်း မှတ်အပ်၏။

အဝိပွါယ် အကျဉ်းကား–ရှေးဦးအစ နားခ်ိ ကြားရ၍ သစ္စာလေးပါးကို သိမြင်ခြင်းသည် သုတမယဉာဏ် မည်၏။ **နားခ်ိ ကြားသိရသည်**အတိုင်း တဖန်

---

[1] ဝဝတ္ထပေတ္ဝာ အထ ဒုက္ခမေဝ ဂဟေတ္ဝာ ယာဝ ဂေါတြဘုဉာဏံ။ (ဆဋ္ဌမ)။

ထပ်၍ အနက်အဓိပ္ပါယ်ကို ကြံစည် မှတ်သားခြင်းသည် ဝေဝတ္ထာနဉာဏ် မည်၏။ ထိုသို့ မှတ်သားပြီးသည်အတိုင်း ဒုက္ခသမုဒယတို့ကို အဖန်တလဲလဲ လက္ခဏာ ရေးသို့ တင်၍ သုံးသပ်ခြင်းသည် သမ္မသနဉာဏ် မည်၏၊ သုံးသပ်ဖန်များ သဖြင့် မျက်စိလည် ပြေပျောက်သကဲ့သို့ သုံးသပ်သည်အတိုင်း ယုံယုံကြည်ကြည် တပ်တပ်ထင်ထင် မြင်သောအားဖြင့် သိခြင်းသည် မဂ်ဉာဏ်ဟု ဆိုအပ်သော အဘိသမယဉာဏ် မည်၏ ဟူလိုသည်။

ဤသည်လျှင် ပါရိသေသ ဂဏ္ဌိပဗ္ဗ ဝိနိစ္ဆယအမြှက်နှင့်ဟက္ခ ဘာဝနာကာရ, ဥပဌာနာကာရ, အာနိသံသာကာရ, ဥယျောဇနာကာရတို့ဖြင့် တန်ဆာ ဆင်၍ နားလည်ကြည်ညိုဘွယ် ပြအပ် ဆုံးဖြတ်အပ်သော ဝိပဿနာနယ ကဏ္ဍအပြီးသတ်။

ဤသို့လျှင် ဝိသုဒ္ဓိမဂ္ဂဒီပနီ အမည်ရှိသော အမတပါနရှုဘွယ်ကျမ်း ကမ္မဋ္ဌာ-နုဂ္ဂဟဝါရ၌ သမထနည်း, ဝိပဿနာနည်း နှစ်ပါးတို့ဖြင့် အရဟတ္တဖိုလ်, နိဗ္ဗာန် တိုင်ရောက်ပြအပ်သော အဋ္ဌိကကမ္မဋ္ဌာနဝါရကား ဤတွင်ရှေ့ အပြီးသတ် လတ်ပြီ။

"သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ" ပဋိညာဏ် အာဂမသုဒ္ဓိရှိတော် မူကြသည်အတိုင်း အလွန်ကြီးကျယ်များပြားလှစွာသော သံသာရဒုက္ခသမုဒ္ဒရာ ပင်လယ်အဝှန်းကို ကူးသန်းလွန်မြောက်လိုကုန်သော အရှင်မြတ်တို့သည် ပါဠိ အဋ္ဌကထာနည်း, လဒ္ဓေါပဒေသနည်းတို့ကို အစဉ်မှီ၍ အတ္တုက္ကံသန စသည် မယှဉ် ကြည်လင်သော သဒ္ဓါ, မေတ္တာစိတ်ဖြင့် ရေးသားပြည့်နှက်အပ်သော လှ, သဘော်, ဖောင်ယာဉ်ပမာ လွန်စွာအကျိုးများလတ္တံ့သော ဤအဋ္ဌိကကမ္မဋ္ဌာန်း ကို အဖန်ဖန် အထပ်ထပ် သုံးသပ်လေ့လာ နာယူမှတ်သား ပွါးများအားထုတ် တော်မူနိုင်ကြပါစေကုန်သတည်း။

ကျမ်းပြီးနိဂုံး

ဇာဂရာဘိဓာနယတိနာ စိတော၊ ကမ္မဋ္ဌာနုဂ္ဂဟဂန္ထော'ယံ။
နိဋ္ဌံ ပတ္တော အနန္တရာယော၊ မမ ပုညံ အာသဝက္ခယာဝဟံ။

သံသာရေ ဒိဋ္ဌဘယာနာ'ယံ၊ ဂန္ထော ဘဝိဿတေ လေဏော။
သန္တော မာနေန္တု တတော၊ အမတောဂဓ' မမတပါနေ' တံ။

ယယာ ခေါ သုနိဋ္ဌိတော အယံ၊ အနန္တရာယော ခေမိနော တထာ။
သဗ္ဗေ သတ္တာ ဘဝန္တု မေ၊ ရာဇာ ရက္ခတု သဗ္ဗတံ ဂရုံ။

(ရှေးကား မတ္တာသမဂ၊လယ်ကား အရိယာ၊နောက်ကား ဝေတာလီ။)

ဇာဂရာဘိဓာနယတိနာ၊ အမည်ရှိသော ရဟန်းသည်။ စိတော၊ ရေးသားပြုပြင်စီရင်စုထားအပ်သော။ အယံ ကမ္မဋ္ဌာနုဂ္ဂဟဂန္ထော၊ ကမ္မဋ္ဌာနုဂ္ဂဟ အမည်ရသော ဤကျမ်းသည်။ အနန္တရာယော၊ အန္တရာယ်ကင်းသည်ဖြစ်၍။ နိဋ္ဌံ၊ အဋ္ဌိက ကမ္မဋ္ဌာန်း စာစဉ်နှင်း ပြီးဆုံးခြင်းသို့။ ပတ္တော၊ ရောက်လတ်ပြီ။ မမ၊ ၏။ ပုညံ၊ သမထလမ်း ဝိပဿနာလမ်းကို ဖြောင့်တန်းစွာပြုလျက် နိဗ္ဗာန်တိုင်ရောက် ကမ္မဋ္ဌာန်းနည်းကို ရေးသားပြုပြင်စီရင်ရသော ကောင်းမှုသည်။ အာသဝက္ခ-ယာဝဟံ၊ အာသဝေါဟူ ရန်သူလွတ်မြောက် နိဗ္ဗာန်ရောက်အောင် ရွက်ဆောင်နိုင်သည်။ ဘဝတု၊ ဖြစ်ပါစေသတည်း။

အယံ ဂန္ထော၊ ဤသည်ကျမ်းသည်။ သံသာရေ၊ ၌။ ဒိဋ္ဌဘယာနံ၊ မြင်အပ်ပြီးသော ဘေးရှိကုန်သော အရှင်မြတ်တို့၏။ လေဏော၊ ကိုးကွယ်ပုန်းအောင်းရာ တမ္မူသည်။ ဘဝိဿတေ ဘဝိဿတိဝေ၊ ဖြစ်လတ္တံ့သလျှင်ကတည်း။ တတော၊ ထို့ကြောင့်။ အမတောဂဓ၊ အမြိုက်နိဗ္ဗာန်သို့ ရောက်စေတတ်သော။ တံ၊ အမတပါနံ၊ ဤအမတပါန ရှုဘွယ်ကျမ်းကို။ သန္တော၊ သူတော်မွန် အရှင်မြတ်တို့သည်။ မာနေန္တု၊ မြတ်နိုး နှစ်သက် စုံမက် ကြည့်ရှုတော် မူကြပါစေကုန်သတည်း။

အယ်ဂန္ဓေ၁၊ ဤအမတပါန ရှုဘွယ်ကျမ်းသည်။ အနန္တရာယော၊ ၍။ ခေါ်၊ စင်စစ်။ သုနီဠိတော ယထာ၊ ကောင်းစွာပြီး အောင်မြင်သကဲ့သို့။ တထာ၊ ထို့အတူ။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဣမေ သတ္တာ၊ တို့သည်။ ခေမိနော၊ ကိုယ်တွင်းကိုယ်ပ ဘေးရန်မယှဉ် ကင်းစင်ကုန်သည်။ ဟောန္တု၊ တည်း။ ဆုတော၊ ငါ၏ သာသနာ့ဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်သည်။ သဗ္ဗတ၊ မိမိဥစ္စာ ဖြစ်သော ဆယ်ပါးသော ရာဇဓမ္မ ကျင့်ဝတ်တရားကို။ ဂရု၊ အရှိအသေ။ ရက္ခတု၊ ကောင်းစွာ စောင့်ရှောက်နိုင်ပါစေသတည်း။

၁၃၄၀–ခု၊ နယုန်လဆုတ် ၉-ရက်။

သမ္မာဟတိနော်ဒနီ အဋ္ဌကထာနှင့် ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာတို့၌ အရိုးသုံးရာ ရေတွက်ပုံ

ပါဠိ	မြန်မာ	အရေအတွက်
ဟတ္ထဋ္ဌိ (ဝဲ-ယာ)	လက်ချောင်းရိုး	၆၄
ပါဒဋ္ဌိ (ဝဲ-ယာ)	ခြေချောင်းရိုး	၆၄
မုဒုအဋ္ဌိ	အရိုးနု	၆၄
ပဏ္ဍိကဋ္ဌိ (ဝဲ-ယာ)	ဖဒနာင့်ရိုး	၂
ဂေါပ္ဖကဋ္ဌိ (ဝဲ-ယာ)	ခြေဖမျက်ရိုး	၄
ဇင်္ဃဋ္ဌိ (ဝဲ-ယာ)	မြင်းခေါင်းရိုး	၄
ဇဏ္ဏုကဋ္ဌိ (ဝဲ-ယာ)	ပုဆစ်ရိုး (ဒူးဆစ်ရိုး)	၂
ဥရုဋ္ဌိ (ဝဲယာ)	ပေါင်ရိုး	၂
ကဋိဋ္ဌိ (ဝဲ-ယာ)	ခါးရိုး	၂
ပိဋ္ဌိကဏ္ဏကဋ္ဌိ	ကျောက်ဆစ်ရိုး	၁၈
ဖာသုကဋ္ဌိ (ဝဲ-ယာ)	နံရိုး	၂၄
ဥရဋ္ဌိ (ဝဲ-ယာ)	ရင်ရိုး	၁၄
ဟဒယဋ္ဌိ	နှလုံးရိုး	၁
အက္ခကဋ္ဌိ (ဝဲ-ယာ)	ညှပ်ရိုး	၂
ကောဋ္ဌဋ္ဌိ	ကျောက်ကပ်ရိုး (လက်ပြင်ရိုး)	၂
ဗာဟုဋ္ဌိ (ဝဲ-ယာ)	မောင်းရင်းရိုး	၂
အဂ္ဂဗာဟုဋ္ဌိ (ဝဲ-ယာ)	မောင်းဖျားရိုး	၄
ဂီဝဋ္ဌိ	လည်ရိုး	၃
ဟနုကဋ္ဌိ (အောက်-ထက်)	မေးရိုး	၅

အဋ္ဌိက ၁၁—ပ-မ-သ-စ

ပါဠိ	မြန်မာ	အရေအတွက်
နာသိကဋ္ဌိ	နှာခေါင်းရိုး	၁
အက္ခိဋ္ဌိ	မျက်ကွင်းရိုး	၂
ကဏ္ဏဋ္ဌိ (ဝဲ-ယာ)	နားရိုး	၂
နလာဋဋ္ဌိ	နဖူးရိုး	၀
မုဒ္ဓဋ္ဌိ	ထိပ်ရိုး	၁
သီသကပါလဋ္ဌိ	ခေါင်းခွံရိုး	၉

မှတ်ချက်။ ။"ကေကသ္မိ ပါဒေ ဒ္ဒေ ဂေါ့ပ္ပကဋ္ဌိနိ" ဟူသော ဝါကျ၌ "ကေကသ္မိ ပါဒေ"ဟူသော ပုဒ်တို့ကို သမ္မောအလို "ဒ္ဒေ ဇယ်ဋ္ဌိနိ"ဟူသော နောက်ဝါကျသို့ လိုက်စေ၍ရင်း၊ ဝိသုဒ္ဓိမဂ္ဂအလို "ဒ္ဒေ ဇယ်ဋ္ဌိနိ၊ ကေ ဇဏ္ဏကဋ္ဌိ၊ ကေ ဥရုဋ္ဌိ"တိုင်အောင် လိုက်စေ၍ရင်း ယောဇနာရမည်။

ညှိနှိုင်းချက်

ဤ အဋ္ဌကထာကြီးများလာ စာရင်းဌ "ဖနောင့်ရိုး" သာပါ၍ "တင်သားရိုး"မပါသော်လည်း အရိုးတို့ကို အကျယ်ပြရာ (သမ္မော နှာ၊ ၂၂ဖ၊ ၇။ ဝိသုဒ္ဓိ၊ ပ၊ နှာ-၂၄ဖ) တို့၌ "ကောဋ္ဌိယံ ဌိတံ အာနိသဒဋ္ဌိ အဓော မုခံ ကတ္တာ ဂဟိတ-သပ္ပဖဏ သဏ္ဌာနံ" ဟု တင်သားရိုးကို ထည့်သွင်းပြဆိုကြ၏။

ဤ အဋ္ဌိကကမ္မဋ္ဌာန်းကျမ်း (နှာ-ဂ)၌ အရိုးသုံးရာ ရေတွက်ရာတွင် "တင်သားရိုး" သာပါ၍ "ဖနောင့်ရိုး"မပါသော်လည်း အရိုးတို့ကို အကျယ်ပြဆိုရာ (နှာ-ဇ)၌ ဖနောင့်ရိုးကို ထည့်သွင်းပြဆိုထားသည်။ ထို့ကြောင့် ဤအဋ္ဌိကကမ္မဋ္ဌာန်းကျမ်းနှင့် အဋ္ဌကထာကြီးနှစ်စောင် အဆိုအမိန့် မဆန့်ကျင်ဟု သိအပ်၏။ ထိုပြင် အရိုးသုံးရာကျော်သည်ကိုလည်း မှတ်အပ်၏။

အဋ္ဌကကမ္ပဋ္ဌာန်းကျမ်း

မြတ်သာဒေါ်ယမ် အကျွေးစဉ် အညွှန်း

အကျွေးစဉ်	စာမျက်နှာ
[အ]	
အဂိရိယဒိဋ္ဌိကို စွန့်၏	၂၀
အကုသိုလ်စိတ်တို့ ဖြစ်ခြင်း အကြောင်း ၃-ပါး	၂၉
အကြောင်းအားဖြင့် ဥဒယကို မြင်သော် ကေတ္တနည်း ထင်၏	၆၉
အကြောင်းအားဖြင့် ဥဒယဗ္ဗယ ကို အကျယ်ရှုပုံပါဠိ	၆၁
အကြောင်အားဖြင့် ဥဒယဗ္ဗယ ကိုအကျယ်ရှုပုံ အနက်	၆၂
အကြောင်းအားဖြင့် ဥပါဒ်ခဏကို မြင်ဖန်များသော် ဝေဒနာ တာနည်း ထင်ရှား၏	၇၀
အဂ္ဂိရတ်သမား၏ စိတ်မပျက် သော လုံ့လကို ဥပမာတင် ၍ တိုက်တွန်းခြင်း	၇၇
အစ္ဆရိယံဝတ အဗ္ဘုတံဝတ	၁၁၂
အဗ္ဗတ္တာဟာရ	၁၆
အညတိတ္ထိယ	၂၃
အဠာဃန	၁၀၇

အကျွေးစဉ်	စာမျက်နှာ
[အ]	
အဋ္ဌကောဌာသ ဥဂ္ဂဟနိမိတ် ထင်စေရန် ပွါးပုံ	၈
အဋ္ဌကောဌာသ၌ ရအပ်သော အဌကလာပ် ရုပ် ၈-ပါး သရုပ်အဓိပ္ပါယ်	၁၉
အတာဏ, အလေဏ, အပရာ-ယဏ	၉၉
အတ္တတ္ထပရတ္ထ	၁၁၄
အတ္တဒိဋ္ဌိကို စွန့်၏	၂၀
အဓိမောက္ခ-သဒ္ဓါတရား	၂၅
"အဓိမောက္ခေ စ ပဂ္ဂါဟော" ဂါထာပါဠိအနက်	၇၈
အဓိသီလသိက္ခာသာသနာ တော်၁၀၆	
အနုမတဂ္ဂကာလ	၂၆
အနယဗျသန်	၉၂
အနတ္တအနက် ၃-ချက်ပြ ပါဠိ အနက်	၁၁၆၊ ၈
အနတ္တအနက် သုံးမျိုး	၅၆
အနတ္တလက္ခဏာ ပွါးပုံ မြန်မာလို ၁၁၉	

အကွာရာစဉ်		စာမျက်နှာ
	[အ]	
	အနာဂါမိ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ကို ပြဆိုခြင်း	၁၄၃
	အနာဂါမိမဂ် ပယ်အပ်သော တရားများ	၁၄၂
	အနိစ္စအနက် ၁၂-ချက်ပြ ပါဠိအနက်	၁၁၅၊ ၆
	အနိစ္စလက္ခဏာပွါးပုံ မြန်မာလို	၁၁၄
	အနိမိတ္တနိဗ္ဗာန် စသည်မည်ပုံ	၁၃၅
	အနိမိတ္တမဂ်	၁၃၅
	အနုပဿနာ ၇-ပါး အဓိပ္ပါယ်	ဂ၆
	အနုပဿနာဉာဏ် ၇-ပါး	၁၃၄
	အနုပဿနာ သုံးပါး	ဂ၆
	အနုမာနအားဖြင့် နိရောဓသစ္စာ ထင်၏	၆၇
	အနုမာနနေယျတ္ထအားဖြင့် သစ္စာ ၄-ပါးကို သိမြင်ခြင်း	၆ဂ
	အနုမာန ရမ်းဆ၍ သိအပ် သော နိဗ္ဗာန်	၁၀၆၊၇
	အနုလောမခန္တီမည်သော ဝိပဿနာ ဉာဏ်များ	၁၃၂
	အနုလောမခန္တီတိ နဝဝိပဿနာ ဉာဏာနိ မူကဲ့	၁၃၂
	အနုလောမဉာဏ် အမည်ရပုံ	၁၃၂
	အနုလောမဉာဏ် အရကောက်	၁၃၂

အကွာရာစဉ်		စာမျက်နှာ
	[အ]	
	အနုလောမဉာဏ် စသည်၌ ဘာဝနာကာရနည်း အထူး မရှိ	၁၂၉
	အနုလောမဉာဏ် စသည် ဖြစ်ပုံ	၁၂၉
	အနေသနမိစ္ဆာဇီဝ မြှုပ်နှံ	၉၂
	အပွနာစျာန်သို့ ရောက်၏	၁၅၊၁ဂ
	အပွဏိဟိတမဂ်	၁၃၅
	အပြိုင်းအပြိုင်း	၄၃
	အပါယဂတိမှ စိတ်ချရလောက် အောင် ခရီးရောက်သော အနုပဿနာ	၇၂
	အပုနာဂတ, အနဝသေသ	၉၂
	အဘယခေမ	၁၄၅
	အဘိသမယဉာဏ် မည်၏	၁၅ဂ
	အဘေဒနည်းအားဖြင့် "ပဋိသင်္ခါ နုပဿနာဉာဏ်"ဟု ဆိုရပုံ	၁၂၂
	အယောဃရ	၁ဝ၃
	အရတိ	၃ဝ
	အရတိရတိ သဟနတာဂုဏ်	၉၄
	အရတိရတိ သဟနတာဝိဂ္ဂိုဟ်	၉၄
	အရဟတ္တမဂ် ပယ်အပ်သော တရားများ	၁၄၃
	အရဟတ္တမဂ်, ဖိုလ်ကို ပြခြင်း	၁၄၃
	အရိုးစု ဥဂ္ဂဟနိမိတ် ထင်ပုံ	၁၄
	အရိုးစုပဋိဘာဂနိမိတ် ထင်ပုံ	၁၇

အကွေ့ရုစဉ်	စာမျက်နှာ
[အ]	
အရိုးစုပဋ္ဌိဘာဂနိမိတ် သန့်ရှင်းခြင်း	၁၅၊၁၇
အရိုးစုပရိကမ္မဘာဝနာ	၁၄
အရိုးစုတို့၏ အာသယ	၁၆
အရိုးတို့ကို ဥပမာသဏ္ဌာန်ဖြင့် ပြခြင်း	ဂ
အရိုးတို့၏ အဆင်း	၁၅
အရိုးတို့၏ အနံ့	၁၅
အရိုးတို့၏ဖြစ်ရာ သြကာသ	၁၆
အရိုးတို့၏ သဏ္ဌာန်	၁၅
အရိုးသုံးရာ ရေတွက်ပုံ	ဂ
အလမတိ ပပဉ္စေန	၁၅၂
အလုံးစုံသော နာမ်ရုပ်တို့၏ အကြောင်းမျိုး	၂၉
အလျှော်အားဖြင့် ဘင်္ဂါနုပဿနာ	ဂ၆
"အဝိဇ္ဇာ သမုဒယာ ကာယ-သမုဒယော" စသော ပါဠိတော်ကိုစဉ်၍ အကြောင်းရှာပုံ	၂ဂ
အသူတရာ	၄၃
အဟက်ံဝရ	၃၁
[အာ]	
အာဇီဝပါရိသုဒ္ဓိတရားအထူး	၉၂
အာဒါနနိက္ခေပ အစရှိသော	
[အာ]	
မာတိကာ ဂါထာကို နှလုံးထား၍ သတ္တကနည်းဖြင့် ပွါးပုံ	၅၂
အာဒါန နိက္ခေပနတော ဂါထာ အနက်	၅၂
အာဒိတ္တစောဋ, ဥက္ခိတ္တာသိကူ ပမာ	၁၅၂
အာဒီနဝဉာဏ်ကို ဆိုခြင်း	၁ဝ၁
အာဒီနဝဉာဏ် ဘာဝနာကာရနည်း အထူးမရှိ	၁ဝ၁
အာဒီနဝတော သမ္မသဏ္ဌော မဂ္ဂဲ	၁ဝ၅
အာမိသ သုံးပါး	၁၄ဝ
အာယူဟန	၁၁၁
အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်	၇၁
အာရဒ္ဓဝိရိယ နိဗ္ဗိဒါနုပဿီ ယောဂီပုဂ္ဂိုလ်	၁ဝ၉
အာဝဇ္ဇနုပေက္ခာ	၇၆
အာဝဇ္ဇန်း ကိရိယာတို့၏ အကြောင်း	၂၉
အာဝါသပလိဗောဓ, ဥတု-ပလိဗောဓ	၉၃
[ဣ]	
ဣဓ ပန ဘောဝတာ	၁၅၂
ဣမသ္မိံ ကာယေ ဣမံ အဋ္ဌိနာမ-ပဋိကူလောယေဝ မြန်မာပြန်	၁၄

အကွာရာစဉ်	စာမျက်နှာ
[၇-၅]	
ဣမသ္မိံ ကာယေ ဣမံ အဋ္ဌိနာမ ပဋိကူလံ မြန်မာပြန်	၁၄
ဣမေ ဓမ္မာ အတ္ထတောာ ကေံ ဗျဥ္ဇနမေဝ နာနံပါဋ္ဌ မူကဲ့	၁၂၂
ဣမေ ဓမ္မာ အဟုတ္ဝာ-အနတ္တာ အနက်	၆၄
ဣမေ နာမရူပိနော ဓမ္မာ-အနတ္တာ အနက်	၅၉
ဣမေ နာမရူပိနော ဓမ္မာ အဟု-တ္ဝာ အနတ္တာ အနက်	၆၀
ဣမေ သခါရာ အဟုတ္ဝာ အနတ္တာ အနက်	၁၃၉
ဣမေ သခါရာ ဥပ္ပဇ္ဇိတ္ဝာ အနတ္တာ အနက်	၁၃၉
ဣတ္ထာကာရ	၃၀
ဣန္ဒြိယ ဘာဝနာ	၃၀
ဣသ္သိ ဒုက္ခသစ္စာ ထင်၏	၆၇-ဂ
ဣသ္သိ သမုဒယသစ္စာ ထင်၏	၆၇
[၉]	
ဥဋ္ဌဋ္ဌိတသ္မိ အတိတိက္ခပညပုဂ္ဂိုလ်	၃
ဥစ္ဆေဒဒိဋ္ဌိကို ပယ်နိုင်၏	၆၉
ဥဒယတည်း	၅၉
ဥဒယဗ္ဗယ လက္ခဏာငါး	၅၉
ဥဒယဗ္ဗယဉာဏ်ကို အကြောင်း အားဖြင့်ရှုခြင်း	၆၀
[၉]	
ဥဒယဗ္ဗယဉာဏ် ဖြစ်စေခြင်းငှါ ပွါးမျှားပုံ	၅၉
ဥဒယဗ္ဗယဉာဏ် ဟူသည်	၁၅၅
ဥဒယဗ္ဗယတည်း	၅၉
ဥဒယဗ္ဗယဉာဏ်မှ အထက် ဝိပဿနာဉာဏ်ဟု ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိ မည်ပုံ	၁၃၃
ဥဒယဗ္ဗယာ နုပဿနာဉာဏ်၏ ကမ်း အရာ၌ တည်၏	၈၁
ဥဒကွန္ဓလပဝါဟ	၁၃၄
ဥပဋ္ဌာနာကာရ နည်းအားဖြင့် ပွါးပုံ(သမ္မသနဉာဏ်ထင်ဟန်)	၅၈
ဥပဋ္ဌာန ကောသလ္လသုံးပါး	၈၉
ဥပမာ ဥပမေယျ စပ်ဟပ်ပြ	၁၄၇
ဥပမာဝတ္ထု	၁၄၆
ဥပါဒ,ပဝတ္တိ,နိမိတ္တ,အာယူဟန, နိဗ္ဗတ္တိ ငါးပါးတို့ ကြောက် မက်ဖွယ် ထင်ပုံ	၁၀၃၊၁၁၁
ဥပါဒ,ပဝတ္တိ,နိမိတ္တ,အာယူဟန, နိဗ္ဗတ္တိတို့၏ အဓိပ္ပါယ်	၁၀၈၊၁၅၆၊၇
ဥပါဒေါဘယံ-ပဋိသန္ဓိဘယံ အနက်	၁၃၉
ဥပါဒေါ အာမိသံ-အနက်	၁၄၀
ဥပေက္ခာ လျစ်လျူရှုခြင်း	၂၆
ဥပ္ပေဂါပိတိ	၂၄

အကွေ့ရာစဉ်	စာမျက်နှာ
[ဥ–ဇ]	
ဥယျောဇဉ် စကားချပ်	၁၄၁
ဥဿုက္ကပဟာန	၉၃
ကေတ္တနည်း	၆၉
ကေတ္တ နည်းအားဖြင့် "ပဋ္ဌိသခ်ါ နုပဿနာဉာဏ်" ဟု ဆိုရပုံ	၁၂၃
ဝေါမမ္ပတ်ဝနည်း	၇၀
[ဩ–အိုင်]	
ဩဘာသ ဝေါတ္ထာန	၁၂
ဩက္ကန္တိကာပိတိ	၇၄
ဩဘာသ-အရောင်အလင်း	၇၂
ဩဘာသ စသည်ကိုစွဲ၍ တဏှာ မာန, ဒိဋ္ဌိ, ဥဒ္ဓစ္စ ဖြစ်ပုံ	၇၈
ဩဘာသော စေဝ ဉာဏော စ ဂါထာနှင့် အနက်	၇၈
ဩဝါဒ စကားချပ်	၁၀၀
အိုင်ကြီး ၇-အိုင်	၁၀၆
[က]	
ကလာပသမ္မသန ဆိုသည်	၁၅၃
ကလာပသမ္မသနနည်း မည်၏	၅၈
ကသိုဏ်းအရာ၌ ပဋ္ဌိဘာဂ-နိမိတ် ထင်သည်နှင့်တူသော ဥဒယဗ္ဗယ အာရုံ	၆၈၊၇၁
ကာမဋ္ဌပန ပဌမံ ဇာနိတ္ဝာ ပါဠိမူကဲ့	၁၂၂
[က]	
ကိရိယာစိတ်တို့၏ ဖြစ်ခြင်း အကြောင်း	၂၉
ကုသလော တိသု အနုပဿနာသု ဂါထာပါဠိ အနက်	၈၉၊၉၀
ကုသိုလ်စိတ်တို့၏ ဖြစ်ခြင်း အကြောင်း ၃-ပါး	၂၉
ကောဋ္ဌာသအစုကို အနုလောမ-ပဋ္ဌိလောမပွါးပုံ	၃
ကောဋ္ဌာသအစဉ်ကို အပြန်ပြန် ရှုတ်ခြင်းအကျိုး	၆
ကောဋ္ဌာသဥဂ္ဂဟနိမိတ် ထင်ပုံ	၆
ကောဋ္ဌာသ ပရိကမ္မနိမိတ်	၆
ကောဋ္ဌာသ ပဋ္ဌိဘာဂနိမိတ်ထင်ပုံ	၆
ကခ်ါဝိတရဏ ဝိသုဒ္ဓိဖြစ်စေရန် ဆင်ခြင်ပုံ	၂၂
ကမ္မပ္ပစ္စယ ဥတုသမုဋ္ဌာန ရူပ် ဟူသည်	၁၅၃
ကမ္မာကမ္မလောကအမှု	၉၄
ကွန်းထောက်နန်း	၁၃၇
ကိုယ်ခန္ဓာ ရူပကာယ၌ ဥပမာ ထင်ပုံ	၂၂
[ခ]	
ခဏအားဖြင့် ဥဒယဗ္ဗယကို မြင်ဖန်များသော် အနိစ္စ လက္ခဏာ ထင်၏	၇၁

အကွဲရာစဉ်	စာမျက်နှာ
[ခ]	
ခဏအားဖြင့် ဥဒယဗ္ဗယညာဏ် ထင်သည်ကို ပြပုံ	၆၅
ခဏအားဖြင့် ဥဒယဗ္ဗယညာဏ် ထင်သည်မှတ်	၆၆
ခယတော ဥဒယဒဿန	၁၅၅
ခယတော စသော ဥပဋ္ဌာန ကောသလ္လသုံးပါး အဓိပ္ပါယ်	၈၉
ခယတော ဝယဒဿန	၁၅၅
ခဏိကာပိတိ	၇၃
ခုဒ္ဒကာပိတိ	၇၃
ခေမာနဂရ	၁၄၇
ခန္ဓိပုဒ်၏ ဝိဂ္ဂဟ	၁၃၂
ခန္ဓဝါရ	၁၃၇
ခန္ဓာငါးပါးလုံးကိုပေါင်း၍ ဆင်ခြင်ပုံ	၃၄
ခန္ဓာငါးပါးကိုသာ အထပ်ထပ် ရှုသော်လည်း သင့်ရာ၏	၈၅
ခန္ဓာငါးပါး လက္ခဏာ ၅၀-ရအောင် ပွါးဟန်	၅၉
ခန္ဓာ၌ထင်လျှင် အာယတန, စသည် မထင် မရှိရာ	၈၅
ခပ်သိမ်းသော ပုဂ္ဂိုလ်တို့အား သင့်လျော်မည့် ကောဌာသ သုံးပါး	၇
ခိဋ္ဌာဒသကအရှယ်	၅၃
[ဂ]	
ဂေါတြဘူ၏အာဝရဏ်	၁၃၂
ဂေါတြဘူညာဏ်အရ	၁၃၂
ဂေါတြဘူညာဏ်ကို အနုလောမ ညာဏ်ဟု မခေါ်ရကြောင်း	၁၃၂
ဂေါတြဘူညာဏ်မည်ပုံ	၁၃၂
ဂန္ဓဝါ, ရသဝါ, သြဇဝါ	၁၀၉
[ဃ]	
ဃားပါးသော ပီတိနှင့်တကွ ဥဒယဗ္ဗယာနုပဿနာမယ ညာဏ် ဖြစ်ပုံ	၇၃
[စ]	
စတုကောဋ္ဌိက သုညတာ-နုပဿနာနည်းဖြင့် ရှုပုံ	၁၂၄
စတုရင်ဗလဝါယာမ	၄၅
စိတ္တဝိသုဒ္ဓိ	၁၉
စိတ်ဖြင့် မှတ်ခြင်း အကျိုး	၁၃
စိန္တာမယညာဏ်အရာ	၂၄
စိန္တာမယညာဏ်ဖြင့် အဖန်ဖန် ကြံစည်အောက်မေ့ပွါးများပုံ	၃၉
[ဆ]	
ဆကောဋ္ဌိကသုညတာ နုပဿနာ နည်းဖြင့် ရှုပုံ	၁၂၅
ဆရာတော်ကြီး၏ ပွါးနည်း	၃၄

အကွာရာစဉ်	စာမျက်နှာ
[ဆ-ဇ]	
ဆာယူပဂ, ပုပ္ပူပဂ, ဖလူပဂ	၁၀၈
ဆဒ္ဒန်ဆင်ဖြူ၏ မြေ၌ တည်သော ဥ-ဌာန	၁၀၆
ဆယ်ပါးသော အခြင်းအရာတို့ ဖြင့် ရှုပုံ	၁၂၆
ဇဂုစ္ဆာယန	၁၀၇
ဇီဝသညာ	၂၁
ဇီဝါကာရ	၃၀
ဇီဝိတနိကန္တိတဏှာ ပျောက်၏	၉၁
ဇစ္စန္ဓပဝိရ ဇစ္စုမ္ဘကာ	၁၁၂
ဇိဝှါယ တာလုံ အာဟစ္စ	၅၂၊၁၃၆
[စျ]	
စျာနလာဘီပုဂ္ဂိုလ်	၁၃၄
စျာန်မရမီ ဝိပဿနာသို့ ကူးပုံ	၁၉
စျာန်ရပြီး ဝိပဿနာသို့ ကူးပုံ	၁၉
[တ]	
တခုတခုသော တေဇောဓာတ်က ဥတုဇရူပ်တို့ကို ၄-ဆက်၊ ၅-ဆက် ဖြစ်စေပုံ	၁၅၃
တစီးတွင်း တစီးပွက်	၁၆
တဆဲ့နှစ်ပါးသော အခြင်းအရာ တို့ဖြင့် ရှုပုံ	၁၂၇
တပဟိုရ်ကာလ	၃၇
တရုဏဝိပဿကပုဂ္ဂိုလ်	၇၁
တေဘူမ္မက သခ်ၢိရတရား	၁၅
[တ-ထ]	
တိုက္ခပညာပုဂ္ဂိုလ်တို့ ပွါးများရန်	၂၅
တဂ္ဂရ, တန္ဒိန္ဒ	၈၈၊ ၁၄၄
ထာမဂတ အာရဒ္ဓဝိရိယ ဘက်ခြေ-ပဿီယောဂီ	၉၃
[ဒ]	
ဒိသာ၀ဝတ္ထာန	၁၂
ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ဟန်	၂၃
ဒိဗ္ဗစက္ခုပမာ လွန်စွာ ထင်နိုင်သော သတိအထူး	၇၆
ဒုက္ခအနက် ၂၇-ချက်ပြပါ၌ အနက်	၁၁၅၊၆
ဒုက္ခလက္ခဏာပွါးပုံ မြန်မာလို	၁၁၉
ဒ္ဒိကောဋ္ဌိက သုညတာနုပဿနာ နည်းဖြင့် ရှုပုံ	၁၂၃၊၄
ဒ္ဒတ္တိ သ ဝေယဂဝေ သတိ ဝမ္မဌာန်း သမထနည်းပွါးပုံ	၂
[ဓ]	
ဓမ္မဋ္ဌိတိဉာဏ်တို့ကို ရင့်စေရန် ပွါးအပ်သော ဘာ၀နာသည် ဝိပဿနာဉာဏ်တို့၏ ပရိကမ္မ ဘာ၀နာအရာ၌ တည်၏	၃၀
ဓမ္မဋ္ဌိတိဉာဏ်ဖြစ်စေရန် ပွါးနည်း	၂၃
ဓမ္မဋ္ဌိတိဉာဏ်ဖြစ်စေရန် ပွါးအပ် သော ဘာ၀နာသည် ဝိပဿနာ ဘာ၀နာသို့ ဝင်၏	၃၀

အကွောထုစဉ်	စာမျက်နှာ
[ဝ-နှ]	
ဝမ္မဝိစယ သမ္မောဇျင်	၂၅
ဝမ္မဋ္ဌိတိဉာဏ်	၁၅၃
နာနာရမ္မဏတို့ဌ် ဝိကွေ့ပြစ်၍	၁၃၇
နာနတ္တနည်း	၆၉
နာမရူပပရိစ္ဆေဒဉာဏ်	၁၅၃
နာမရူပပရိစ္ဆေဒဉာဏ် ထင်ဟန်	၂၃
နာမရူပပရိစ္ဆေဒဉာဏ် ထင်အောင် ပွါးပုံ	၂၁
နာမရူပပရိစ္ဆေဒဉာဏ်မှ စ၍ အစဉ် အတိုင်း မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖြစ်ဟန် ဝတ္ထုသာဓကဖြင့် ပြခြင်း	၁၄၆
နာမရူပပရိစ္ဆေဒဉာဏ်သည် ဝိပဿနာဉာဏ်တို့၏ ပရိကမ္မ-ဘာဝနာအရာ၌ တည်၏	၃၀
နာမရူပပရိစ္ဆေဒဉာဏ်သည် ဝိပဿနာဘာဝနာသို့ဝင်သည်	၃၀
နာမ်ရုပ်တို့ကို အချိန်ကာလနှင့် တွက်စစ်၍ အဒ္ဓါနည်း သန္ဓတိနည်းတို့ဖြင့် နှလုံး သွင်းပုံ	၄၆
နာမကွန္ဓာ၌ အဒ္ဓါသန္ဓတိအားဖြင့် ၁ ၊ ၁ ရသည်	၆၄
နာမကွန္ဓာ၌ ခဏအားဖြင့် နိဗ္ဗတ္တိတ လက္ခဏာရှိသော ဥဒယကို မရခြင်းအကြောင်း	၆၄

အကွောထုစဉ်	စာမျက်နှာ
[နှ]	
နိကန္တိတဏှာ	၁၅၁
နိကန္တိ-နှစ်သက်ခြင်း	၇၇
နိမိတ်	၁၁၁
နိဂ္ဂဟောဝါဒ	၁၁၄
နိဗ္ဗတ္တိ	၁၁၁
နိဗ္ဗာန်တံခါးဝ၌ တည်သော အနုပဿနာ	၇၂
နိဗ္ဗိန္ဒအားဖြင့် ထင်ဟန် ဥပဌာ-နာကာရကို ပြခြင်း	၁၀၅
နိဗ္ဗိန္ဒဉာဏ်ကို ဆိုခြင်း	၁၀၄
နိဗ္ဗိန္ဒဉာဏ်၌ ဘာဝနာကာရနည်း သီးခြားမရှိ	၁၀၄
နိရာသက်, နိဗ္ဘယ	၁၁၂ ၊ ၁၄၇
နိရာသက်, နိရှဿုက္က	၁၅၁
နိရာသက်ပါမောဇ္ဇရတိ	၁၄၄
နေသာဒ, ဝနေစရ	၁၀၆
နှလုံးဖြင့် ဦးစွာ အောက်မေ့ပြီးမှ နှုတ်ဖြင့် ရွတ်ရခြင်းအကျိုး	၃
နှလုံးဖြင့် မအောက်မေ့ဘဲ နှုတ်ဖြင့် ရွတ်ပွါးခြင်း အပြစ်	၃
နှလုံးသွင်း အခြင်းအရာ အခိုက် အတန့် အားဖြင့်သာ ထူး သောဉာဏ်များ	၁၀၄
နှစ်ပဟိုရ်ကာလ	၃၇
နှုတ်ဖြင့် ရွတ်ရခြင်းအကျိုး	၁၃

အကွာရာစဉ်	စာမျက်နှာ
[ပ]	
ပဋ္ဌိကူလသညာ	၁၃၃
ပဋ္ဌိကူလာယန	၁၀၂
ပဋ္ဌိပဒါဘာဝဒဿန ဝိသုဒ္ဓိ မည် သော ဝိပဿနာဉာဏ်မျိုး	၁၃၂
ပဋ္ဌိပတ္တိကျင့်စဉ်, ဘာဝနာပွါးစဉ်	၁
ပဋ္ဌိရူပ ဒေသဝါသ တည်းဟူ သော သာသနာ	၁၃၄
ပဋ္ဌိဘာဂနိမိတ်ထင်ရန် ကမ္မဋ္ဌာန်း ကို တန်ဆည်းပွါးပုံ	၁၅
ပဋ္ဌိစ္စသမุပ္ပါဒ် အနုလောမနည်း ဖြင့် ဓမ္မဋ္ဌိတိဉာဏ် တနည်း ပွါးပုံ	၂၅
ပဋ္ဌိစ္စသมุပ္ပါဒ် ပဋ္ဌိလောမ နည်း ဖြင့် ဓမ္မဋ္ဌိတိဉာဏ် တနည်း ပွါးပုံ	၂၃
ပဋ္ဌိညာဉ်	၁
ပဋ္ဌိသခ်ါနုပဿနာဉာဏ်ပုဒ်၏ ဝိဂြိုဟ်	၁၂၃
ပဋ္ဌိသခ်ါနုပဿနာဉာဏ်၌ ဘာ ဝနာကာရနည်း	၁၁၄
ပဋ္ဌိသခ်ါနုပဿနာ၌ ထင်ပုံ ဥပဌာနာကာရ	၁၂၁
ပဋ္ဌိသန္ဓေတည်သည်မှ ကောဒသမ သတ္တာဟ စသည်သို့ ရောက် သောအခါ၌ သုံးသပ်ပုံ	၅၀
ပဌမစျာန်မဂ် စသည်မည်ပုံ	၁၃၄

အကွာရာစဉ်	စာမျက်နှာ
[ပ]	
ပဘဝ	၁၃၄
ပရမီသွာ ဖန်ဆင်းသောကြောင့် ဖြစ်သည်မဟုတ်	၂၄
ပရိကံ, ဥပစာ, အနုလုံစိတ္တုပ္ပါဒ် တို့နှင့် ယှဉ်သောဉာဏ်	၁၃၂
ပရိကံ, ဥပစာ, အနုလုံဇောတို့၏ အာရုံ	၁၃၂
ပရိစ္ဆေဒ၀ဝတ္ထာန	၁၃
ပရိသဒူသက	၁၁၄
ပလာသအခါ	၅၅
ပ၀တ္တိ	၁၁၁
ပိတိ-နှစ်သက်ခြင်း	၇၃
ပုထုဇဉ်တို့ တရံတဆစ် မတွေ့ရစဘူး ထူးမြတ်လှသော စည်းစိမ်အထူး	၇၄၊၅
ပုရိသာကာရ	၃၁
ပုဒ္ဂရတရ	၁၃၀
ပုဒ္ဂရဘတ္တကာလ	၃၇
ပိုးဖလူပမာ	၁၁၂
ပဂ္ဂဟ-ဝီရိယ	၇၅
ပစ္စယအားဖြင့် ဥဒယကို မြင်ဖန် များသော် အနုတ္တလက္ခဏာ ပြဲပြဲထင်၏	၇၀
ပစ္စယအားဖြင့် ဥဒယဗ္ဗယကို မြင် ဖန်များသော် အဗျာပါရ နည်း ထင်၏	၇၀

အကွဲထုစဉ်	စာမျက်နှာ
[ပ]	
ပစ္စယအားဖြင့် ဥဒယဗ္ဗယဉာဏ် ထင်ခြင်းသို့ ရောက်ပြီမှတ်	၆၆
ပစ္စယတော ဥဒယဒဿနကား	၁၅၅
ပစ္စယတော ဥဒယာနုပဿနာ	၆၀
ပစ္စယတော ဝယဒဿန	၁၅၅
ပစ္စယတော ဝယာနုပဿနာ	၆၀
ပစ္စယနှင့် သမုဋ္ဌာန်အထူး	၁၅၃
ပစ္စယ ပရိဂ္ဂဟဉာဏ် ဖြစ်စေရန် ဆင်ခြင်ပုံ	၂၃
ပစ္စဝေက္ခဏာ ဝိထိကျပုံ	၁၃၆
ပစ္ဆာဘတ္တကာလ	၃၇
ပညာဘာဝနာ မည်၏	၃၀
ပညတ္တိသမတိက္ကမ	၁၅
ပဋိစ္စသမုပ္ပါဒ်နည်း, ပဋ္ဌာန်းနည်း ကို မှီး၍ သမ္မသနဉာဏ် အလွန်သန့်ရှင်းရန် သုံးသပ်ပုံ	၄၈
ပဏ္ဍုပလာသ	၅၅
ပလ္လင်အခါ	၅၅
ပဿဒ္ဓိ-ငြိမ်းအေးခြင်း	၂၄
ပိဿဏိုး ဖန်ဆင်းသောကြောင့် ဖြစ်သည်မဟုတ်	၂၄
ပုဗ္ဗဇ္ဇက် မူကွဲ	၈၉
ပေါက္ခရမိုးကြီး	၁၃၁
ပြတည်း	၁၄၄
ပြဲပြဲ	၇၀၊၈၈၊၁၂၊၂၈၊၁၅၆

အကွဲထုစဉ်	စာမျက်နှာ
[ပ-ဖ]	
ပ္ပါးပုံ ဘာဝနာကာရ မထူးသော ဉာဏ် ၅-ပါး	၁၅၅
ပ္ပါးပုံ ဘာဝနာကာရ မထူးလှ သော ဉာဏ် ၄-ပါး	၁၅၆
ဖရဏာပီတိ	၂၄
ဖလသမာပတ္တိဝိထိ၌ ဖိုလ်ဇော တို့၏ အာရုံ	၁၄၁
ဖလသမာပတ္တိဝိထိ၌ မနော ဒ္ဓါရာဝဇ္ဇန်း, အနုလုံတို့၏ အာရုံ	၁၄၁
ဖလသမာပတ္တိဝိထိ၌ ရှေ့နောက် ဘဝင်တို့၏ အာရုံ	၁၄၁
ဖလသမာပတ်မှ ထသည်မည်၏	၁၃၉
ဖိုလ်ဇော ဖြစ်သမျှ ဖလသမာ-ပတ် ချမ်းသာခံစားသည် မည်	၁၃၉
ဖြစ်ဆဲခဏအားဖြင့် ဥဒယကို ရှုဖန်မျှားသော် နာနတ္တ နည်းထင်၏	၆၉
[ဗ]	
ဗဟိဒ္ဓ အာဟာရ	၁၆
ဗောဇ္ဈင်ဘာဝနာ	၃၀
ဗျာပါရ	၂၀
ဗြဟ္မာဖန်ဆင်းသောကြောင့် ဖြစ်သည်မဟုတ်	၂၄

အကျဉ်းစုံ	စာမျက်နှာ
[ဘ]	
ဘယတုပဋ္ဌာနဉာဏ်, အာဒီနဝ ဉာဏ်, နိဗ္ဗိန္ဒဉာဏ် သုံးပါး အထူး	၁၀၄-၅
ဘယတုပဋ္ဌာနဉာဏ် ဥပဋ္ဌာနာ-ကာရနည်း	၉၇
ဘယတုပဋ္ဌာနဉာဏ် ဘာဝနာ-ကာရနည်း	၉၅
ဘဝ, ဂတိ, ယောနိ, ဝိညာဏဋ္ဌိတိ, သတ္တာဝါသဟူသော သုံးဆယ့် တဘုံ	၁၀၅
ဘာဝနာဘိရတဝိရိယဂုဏ်	၉၂
ဘာဝနာမယဂုသိုလ် အစွမ်း	၃၀
ဘေရဝါရမ္မဏ	၉၃
ဘင်ဉာဏ်ဟူသည်	၁၅၅
ဘင်ါနုပဿနာ အစစ်	ဂ၆
ဘင်ါနုပဿနာကို ပွါးလိုသူ ဥဒယဗ္ဗယာနုပဿနာကိုပင် ထပ်မံပွါးအပ်ကြောင်း	ဂ၁၊ ၂
ဘင်ါနုပဿနာဉာဏ်အကျိုး ရှစ်ပါး လင်္ကာ	၉၄
ဘင်ါနုပဿနာဉာဏ် ရခြင်း အကျိုးထူး ရှစ်ပါး	၉၀
ဘင်ါနုပဿနာနည်းအတိုင်း ပွါးအပ်သော ဉာဏ်များ	၁၅၅၊ ၆
ဘင်ါနုပဿနာ၌ ထင်ပုံ ဥပဋ္ဌာ-နာကာရကို ပြခြင်း	ဂ၇

အကျဉ်းစုံ	စာမျက်နှာ
[ဘ–မ]	
ဘင်ါနုပဿနာပွါးရာ ဘာဝနာ-ကာရနည်းကို ပြခြင်း	ဂ၁
ဘင်ါနုပဿနာ၌ ဘင်ဟူသည်	၁၅၅
ဘင်ါနုပဿီယောဂိတို့ အမြင်	၉ဂ
ဘင်ါနုပဿနေ ပညာ ဘယ-တုပဋ္ဌာနေ ဉာဏံ မူကွဲ	၉၅
ဘိတ္တမာနာနံ မူကွဲ	ဂ၇
မိမိနှင့် သင့်တော်မည့် ကောင်းသော ရွေးချယ်ပုံ ပွါးများပုံ	၆၊ ၇
မီးရှူးပမာ လွန်စွာ ထင်မြင် နိုင်သော သတိ	၇၅
မံသ ခန္ဓာ	၉ဂ
မဂ်ကိစ္စ ၄-ပါး ဥပမာများ	၁၃၅
မဂ္ဂဉာဏဒဿန ဝိသုဒ္ဓိမည်၏	ဂ၁
မဂ္ဂင်ဘာဝနာ	၃၀
မဂ်ဉာဏ်, ဖိုလ်ဉာဏ်အရ	၁၃၂
မဂ်ရပြီးသူတို့ ဆင်ခြင်ပုံ	၁၃၆
မဂ် ၄-ပါးကို အစဉ်အတိုင်း ရောဋ္ဌ ဥပမာများ	၁၄၄
မကုံဘူတ	၁၁၃
မဇ္ဈိမ ဝေသာတာပန် ဆိုရ လောက်သူ	၇၂
မန္ဒာဒဿကအရှယ်	၅၃
မုစ္စိတုကမျှတာဉာဏ် ဖြစ်ပုံကို ပြခြင်း	၁၀၇

အကွဲရုစဉ်	စာမျက်နှာ
[မ–ယ]	
မုဇ္ဇိတုကမျတာဉာဏ် သန်သန် ဖြစ်ခြင်းပင် ပဋ္ဌိသခ်ါနုပဿနာ ဉာဏ်မည်	၁၂၁၊၂
မုစ္ဆိတုကမျတာ, ပဋ္ဌိသခ်ါ, သခ်ါရု-ပေက္ခာ သုံးမည်ရ ဉာဏ်	၁၂၉
ယထာသဘာဝ	၁၄
'ယထာပုဗ္ဗဇ္ဇကံ ပဿေ' ဂါထာ ပါဠိ, အနက်	ဂ၉၊၉၀
[ရ]	
ရတိ	၃၀
ရုပ်တရားအားလုံးတို့၏ အကြောင်း	၂၉
ရုပ်တရားတို့၏ သေးဖွဲ့သိမ်မွေ့ပုံ	၁၂၀
ရူပကွန္ဓာ၌သာလျှင် အဒ္ဓါ, သန္တတိ, ခဏအားဖြင့် နိုဗ္ဗတ္တိတ လက္ခဏာရှိသော ဥဒယကို ရသည်	၆၄
ရှေးဓမ္မဋ္ဌိတိဉာဏ်ထက် အလွန် သန့်ရှင်းစွာ ထင်၏	၆၆
ရှစ်ပါးသော အခြင်းအရာတို့ဖြင့် ရှုပုံ	၁၂၅
[လ]	
လူသာမန်တို့မခံစားထိုက်သော တရားအထူး	၃၄
[လ–ဝ]	
လောကိမဂ္ဂသစ္စာကို သိသည် မည်၏	၆ဂ
လောကီ ဇာတသရ	၁၃၄
ဌင်း(နာမရူပပရိစ္ဆေဒဉာဏ် ထင်အောင်ပွါးရာ)၌ ဆင်ခြင်ရာသောနည်း	၂၁
လပ်လျှား	၂
ဝစသာ, ပန္ထသာ	၃
ဝယာဟည်း	၅၉
ဝယ၌ လက္ခဏာ ငါး	၅၉
ဝဝတ္ထာနဉာဏ်မည်၏	၁၅ဂ
ဝဝတ္ထပေတ္တာ ယာဝဂေါတြဘု ဉာဏ် မှုတ်ခဲ	၁၅၃
ဝါစုဂ္ဂတ	၁ဂ၁
ဝါဋ္ဋဗျဋ္ဌ	၂၅၊၃၁
ဝါဋ္ဋဗျဋ္ဌ, ပိသာစ	၆၃
ဝိပဿနာဉာဏ်၏ အခြေပကတူပ ဖြစ်သော ဘာဝနာမယ ကုသိုလ်အစုမ်း	၃၀
ဝိပဿနာဉာဏ်တို့၏ ပရိကမ္မ ဘာဝနာအရာ၌ တည်သော ဘာဝနာ	၃၀
ဝိပဿနာမယ ကကုဓဘဏ္ဍာ	၆၂
ဝိပဿနာမယ ပီတိပုဗ္ဗဂေါ	၁၀၆
ဝိပဿနာ ၄-ပါး	ဂ၆

အကွာရာစဉ်	စာမျက်နှာ
[ဝ]	
ဝိပဿနာလည်း အစစ်မဟုတ် မဂ်လည်း မမည်သောဉာဏ်	၁၃၃
ဝိပဿနုပက္ကိလေသ အမည် ရကြပုံ	၂၂
ဝိပဿနုပက္ကိလေသတို့ကို ဖျောက်ဖျက်ပုံ	၂၉
ဝိပဿနုပက္ကိလေသနည်း အားဖြင့် ပွါးပုံ	၂၂
ဝိပဿနုပက္ကိလေသ သုံးဆယ်	၂၈
ဝိပဿနုပက္ကိလေသ အကျဉ်း သံပေါက်လက်ခ	၈၁
ဝိပဿနုပေက္ခာ	၂၆
ဝိရောဓိပစ္စည်း	၂၀
ဝိသုဒ္ဓိ ၇-ပါး အရ	၁၃၃
ဝိတစ္ဆိတ အင်္ဂါရကာသုယော မှကဲ့	၁၀၁
ဝိရိယသမ္ဘောဇ္ဈင်	၂၅
ဝိရိယသမ္ဘောဇ္ဈင် ကိစ္စတပ်သော ပဂ္ဂဟ	၂၅
ဝေနေယျ	၁၄၄
ဝဏ္ဏဒသကအရှယ်	၅၃
'ဝတ္ထုသက်မနာ စေဝ' ဂါထာ ပါဠိအနက်	၈၅၊၆

အကွာရာစဉ်	စာမျက်နှာ
[သ]	
သကဒါဂါမိမဂ် အမည်ရပုံ	၁၄၂
သကဒါဂါမိမဂ်ဉာဏ်, ဖိုလ်ဉာဏ် ကို ပြခြင်း	၁၄၂
သကဒါဂါမိမဂ် ပယ်အပ်သော တရားများ	၁၄၂
သတိ-ထင်မြင်မှတ်သားမှု	၂၅
သတိပဋ္ဌာန် ကိစ္စတပ်သော သတိ	၂၆
သတိသမ္ဘောဇ္ဈင်	၂၅
သဘောအားဖြင့် မထူးလွန်း သော ဉာဏ်သုံးပါး	၁၀၄
သမထအရာ၌ ဥဂ္ဂဟနိမိတ် ထင်သည်နှင့် တူသော ဥဒယဗ္ဗယ အာရုံ	၆၆
သမုစ္ဆိန္နန	၁၃၃
သာမညကို ငဲ့လျှင် နပုံးထားမြဲ	၆၃
သိခါပတ္တ ဥဒယဗ္ဗယဉာဏ်	၁၃၃
သုခ-ချမ်းမြေ့ခြင်း	၂၄
သုတမယဉာဏ် မည်၏	၁၅၂
သောတာပတ္တိဖလသမာပတ် ဝင်စားပုံ အကျယ်	၁၃၂၊ ၉
သောတာပတ္တိမဂ် အမည်ရပုံ	၁၃၃၊၄
သောတာပတ္တိမဂ္ဂဝိထိ ကျပုံ	၁၃၂
သောတာပတ္တိမဂ် ပယ်အပ် သော တရားများ	၁၃၅

အကွာရာစဉ်	စာမျက်နှာ
[သ]	
သောတာပန်ပုဂ္ဂိုလ်တို့ ဖလ-သမာပတ် ဝင်စားခြင်း အကြောင်း	၁၃၆
သက္ကာယဒိဋ္ဌိ	၁၅၁
သခ်ါရပေက္ခာဉာဏ် ဥပဋ္ဌာန-ကာရနည်း	၁၂၈
သခ်ါရပေက္ခာဉာဏ် ကိစ္စကပ် လျှင် မုစ္စိတုကမ္ယတာဉာဏ်, ပဋိသခ်ါဉာဏ်ကိစ္စတို့နှင့် တကွ သုံးကိစ္စပြီး	၁၂၉
သခ်ါရပေက္ခာဉာဏ်၌ ဟာဝနာ-ကာရနည်း	၁၂၃
သစ္စာ ၄-ပါးတို့ဟုင် ဒုက္ခ, သမุဒယ နှစ်ပါးကိုသာ လက္ခဏာရေး တင်၍ပွါးပုံ	၈၄
သစ္စာ ၄-ပါးနှင့်တကွ ဥဒယဗ္ဗယ ထင်ရန် ပွါးပုံ	၆၆
သဏ္ဌာနဝဝတ္ထာန	၈
သတ္တသညာ	၂၁
သတ္တာကာရ	၃၀
သတ္တ သတ္တာဟ	၁၄၄
သတ္တာနုပဿနာ	၁၀၆

အကွာရာစဉ်	စာမျက်နှာ
[ဿ]	
သဒ္ဓါသမ္ပယုတ္တကုလပုတ္တ	၇
သပ္ပဘဝယောနိကတိ သတ္တာဝါသေသု သဘော-ဒကာ ပူကဲ့	၉၇
သပ္ပေသခ်ါရ ဒုနတ္တာအနက်	၅၇
သမ္ဘသနဉာဏ်	၁၅၃
သမ္ဘသနဉာဏ် အလွန် သန့်ရှင်း မြင်းသို့ ရောက်ရန် တနည်း သုံးသပ်ပုံ	၆၅
သမ္ဘသနဉာဏ် ဖြစ်စေရန် ပွါးနည်း	၃၁, ၅၇
သမ္ဘသနဉာဏ်မည်	၁၅၈
သမ္ဘသနဉာဏ်ဟူသည်	၁၅၅
သဿတဒိဋ္ဌိကို စွန့်နိုင်၏	၇၀
သဿတဒိဋ္ဌိ ပျောက်၏	၉၁
သုက္ခဝိပဿကပုဂ္ဂိုလ်	၁၃၄
[ဟ]	
ဟရုယန	၁၀၇
ဟိန္ဒူ||ဘုရားသုံးဆူ	၂၄

အကွာရာစဉ် ပြီး၏။

ပ-မ-သ-စ-၄၅-၁၁-၃-၇၈-၃၀၀၀။